www.burmeseclassic.com

# ဂျူး

# ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# ညမီးကျီး

အကဲဖြတ်ဒိုင်လူကြီးအဖွဲ့က အသံချဲ့စက်ဖြင့်အော်၍ သတိပေးကြေညာလိုက်၏။ 'အခုတစ်ခါ ယှဉ်ပြိုင်ဖို့အလှည့် ကျတာကတော့ ရွှေအင်သားအဖွဲ့ရဲ့ ညမီးကျီးဖြစ်ပါတယ်'။ လက်ခုပ်သံများ လက်ခေါက်မှုတ်သံများကို ကြားလိုက်ရသည်။ 'ရွှေအင်းသား'အဖွဲ့ကို အားပေးသူများလည်းပါမည်။ ညမီးကျီးဟူသော အမျိုးအစားအပေါ် အားရကျေနပ်စွာ အားပေးသူများလည်း ပါလိမ့်မည်။ တောင်ပေါ်ကွင်းပြင်တစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကား ကျပ်ညပ်နေသော ပရိသတ်သည် တဖြည်းဖြည်း စူးရှသိပ်သည်းလာသော အအေးဒဏ်ကို သတိမပြုမိသလိုပင်ဖြစ်သည်။ ဖွဲ့ကောင်းလှပါပေရဲ့ဟု စောက မှတ်ချက်ချမိသည်။ စောအနီးမှာရပ်နေသော စောယောကျ်ားသည် မီးပုံးပျံများစောင့်ကြည့်ခြင်းကို သိပ်စိတ်ဝင်စားပုံမရ။ ၁၅မိနစ်တခါလောက် လက်ပတ်နာရီကို ကြည့်နေ၏။

'အမြင့်ပေ ၆၀၊ ထိပ်ဝအကျယ် ၂၅ပေ ရှိပါတယ်၊ ချိတ်ဆွဲထားတဲ့ ယမ်းအလေးချိန်ကတော့ ပိဿာ ၄၀တိတိ ဖြစ်ပါတယ်'

ပရိသတ်က ဝေါခနဲအာမေဋိတ်သံ ပြုလိုက်ကြသည်။ ယမ်းပိဿာချိန်များသည့်အခါ ထိုမီးပုံးပျံကြီး ကောင်းကင်မရောက်မီ ပေါက်ကွဲခဲ့သော် ရရှိလာမည့်အန္တရာယ်သည် တော်တော်ကြီးမားမည်ဖြစ်သည်။ 'ကုန်ကျစရိတ် စုစုပေါင်းကျပ် နှစ်သိန်းတိတိ ဖြစ်ပါတယ်ခင်ဗျား' အဲဒီကုန်ကျစရိတ် ကျပ်နှစ်သိန်းရှိပြီး ယမ်းပိဿာချိန်၄၀ရှိသော မီးပုံးပျံကြီးကို မှိုင်းတိုက်နေကြပြီဖြစ်သည်။ မီးပုံးပျံကြီးကို မှိုင်းဝအောင် မီးရှို့မှိုင်းတိုက်နေချိန်မှာ ရွှေအင်းသားအဖွဲ့၏ ဖျော်ဖြေရေး တာဝန်ခံအဖွဲ့ငယ်က အိုးစည်ဗုံမောင်းများတီးခတ်ပြီး နောင်ဗေနောင်ဖြင့် ရိုးရာအက ကနေကြသည်။

စောသည် ပျော်ရွှင်စွာ တီးမှုတ်နေသူများ၊ မှိုင်းတိုက်နေသူများ၊ အလုပ်ရှုပ်စွာတက်ကြွနေကြသူများကို ခြေဖျားထောက်ကာ လူအုပ်နောက်မှကြည့်ရင်း အံ့သြနေသည်။ သြော် . . . ငွေနှစ်သိန်းကို လှလှပပမီးရှို့ပြဖို့ လူအင်အားတွေ အချိန်တွေ ဘယ်လောက်စတေးခဲ့ရပါသလဲ။ သူတို့ဘာအတွက်လုပ်နေကြတာလဲ။ အနုပညာအတွက် သက်သက်ပဲလား။ သူတို့အတွက်၊ သူတို့ဂုဏ်သိက္ခာအတွက်လည်းပါမှာပေါ့လေ။ ဒါဟာတစ်နည်းအားဖြင့် Performance Art တစ်မျိုးပဲ။

'စော... ပြန်ကြဖို့ကောင်းပြီထင်တယ်၊ နှစ်နာရီထိုးနေပြီ'

'ခဏလေး၊ ဒီတစ်လုံးကြည့်ပြီးရင် ပြန်မယ်'

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို 'မောင်'ဟူသော အသုံးအနှုန်းဖြင့်ဆက်ဆံလို့မရခဲ့သည်မှာ နှစ်နှစ်ကြာခဲ့တာလား၊ သုံးနှစ်ကြာခဲ့တာလား စော ကောင်းကောင်းမမှတ်မိတော့ချေ။ သူ့အတွက် စောသည် လူသားတစ်ယောက် မဟုတ်တော့ဘဲ ဇနီးအဖြစ်တီထွင်ခံထားရသည့် စက်ရုပ်တစ်ခုသာဖြစ်တော့သည်။ တစ်ခါတုန်းက အဲသည်စက်ရုပ်သည် ချစ်မြတ်နိုးတတ် ကြင်နာတတ်သော ဇနီးဖြစ်ခဲ့သတဲ့။ စော သူ့ကို ဘာကြောင့်များ ချစ်ခဲ့မိပါလိမ့်။ ညသန်းခေါင်ကျော်ကာလ၊ အမှောင်ထု သိပ်သည်းနေဆဲအချိန်မှာ စောသည် သူမယောကျ်ားအား စေ့စေ့စပ်စပ် မော့်ကြည့်လိုက်မိသည်။ စော သူ့ကိုဘာတွေချစ်မိခဲ့တာလဲ။ သူမျက်နှာမှာ၊ သူ့ဟန်အမူအရာမှာ စောချစ်ချင်စရာ ဘာမှကိုရှာမတွေ့ချေ။ စောကိုယ့်ကိုယ်ကို သဘောကျစွာ အသံထွက် ရယ်လိုက်မိ၏။ ဟုတ်ပြီ။

သူ့အမူအကျင့်ကရော။ ဇနီးအပေါ်ထားသည့် စိတ်သဘောထားကရော။ Bull Shit! လို့ပြောရမလား၊ Damn it! လို့ပဲပြောရမလား။ ဘယ်စကားလုံးက ပိုယဉ်ကျေးပါလိမ့်။

'ဘာရယ်တာလဲ စော'

သူမပို၍သာရယ်မိပြီး မီးပုံးပျံဆီကို အကြည့်ပြန်လွှဲလိုက်သည်။ မီးပုံးပျံကြီးက တဖြည်းဖြည်းပီပြင်လာပြီ။ တဖြည်းဖြည်း ဖောင်း၍ဖောင်း၍လာသည်။ တစ်ချက်တစ်ချက်တွင် မီးခိုးမှိုင်းများသည် မီးပုံးပျံထဲမှတဆင့် လေဝေ့ရာသို့ လွင့်နေသည်။ ကပြနေသူတို့က မမောနိုင်မပန်းနိုင် ကဆဲ။ တီးသူတို့ကလည်း တီးဆဲ။ အိုးစည်သံနှင့် မောင်းသံသည် လှပစွာ ရောနှောလျက် ကွင်းတစ်ခုလုံး ပျံ့လွင့်စိုးမိုးထားသည်။

စော သည်ကိုရောက်ခါစက အင်းသားနှင့်ပအိုဝ်းကို မခွဲခြားတက်ပေ။ အဝတ်အစားအရ သော်လည်းကောင်း၊ စကားပြောလေယူလေသိမ်းအရသော်လည်းကောင်း၊ အကဟန်အရသော်လည်းကောင်း အနည်းငယ်ကွဲပြားကြောင်း လေးငါးရက်နေပြီးမှ သိလာသည်။ နှစ်မျိုးလုံးဟာ စော အတွက် စိတ်ဝင်စားစရာချည်း ဖြစ်နေ၏။

'ပအိုဝ်းလေးတွေ လက်ချိုးတာက ဟော့ဒီလို ဟောဒီလို၊ သိပ်ချစ်စရာကောင်းတာပဲ' ဟု ကထိန်လှည့်လာသည့်ပွဲကို ရပ်ကြည့်ရင်းက အားကျလာပြီး သူတို့လက်ချိုးသလို ချိုးကြည့်ကာ ကကြည့်တော့ သူမယောကျ်ားက သူ့ကို ပြုံးမဲ့မဲ့ဖြင့် ရီသေး၏။

'စော . . . မင်းကိုယ့်ကိုမယူဘဲ ပအိုဝ်းတစ်ယောက်ကို ယူခဲ့ဖို့ ကောင်းတယ်လို့ တွေးနေပြီမဟုတ်လား'

တွေ့လား။ စော သူ့ကို မနှစ်မြို့ရခြင်းအကြောင်းများစွာထဲမှာ သူတစ်ပါးကို နာလိုခံချက်ဖြစ်အောင် ရိတတ်သည့် အကြောင်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အမယ် သူကသာ သူတစ်ပါးကို စသလို နောက်သလို ရိချင်ပေမယ့် သူ့ကို ရိသလိုလိုပြောလျှင် မချိအောင် နာကာ ဒေါပွတတ်သေး၏။

'ပအိုဝ်းတစ်ယောက်ကို ယူတာ၊ မယူတာ အသာထားလိုက်ပါလေ၊ ရှင့်ကိုတော့ ကျွန်မ ယူကို ယူခဲ့ဖို့ မကောင်းတာအမှန်ပဲ'

ထိုစကားကို မျက်နှာထားတည်တည်ဖြင့် ပြောမိတော့ သူ့မျက်နှာ မည်းခနဲ မှောင်သွားတာ အကြာကြီး။ သူ့စိတ်ကို သူထိန်းချုပ်ကာ စကားပြောဖို့ စက္ကန့်သုံးဆယ်လောက် အချိန်ယူလိုက်၏။ ထို့နောက်မှ မပြုံးချင်ပြုံးချင် 'အခုတော့ မင်းနောက်ကျသွားပြီ' ဟု အထက်စီးလေသံဖြင့် ပြောလေသည်။ စောလေ သူ့ကို မုန်းလိုက်တာ။ မုန်းလွန်းလို့လည်း စေ့စေ့ကြည့်ပြီး တစ်ခွန်းပဲ ပြန်ပြောမိသည်။

'ထင်သလား၊နောက်မကျသေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါသည်။ အိမ်ထောင်ရေးတစ်ခုကို ပြန်ပြင်ဖို့၊ သို့မဟုတ် ဖြိုခွဲပစ်ဖို့မှာ နောက်ကျတယ်ဆိုတာ မရှိပါ။ အခု နှစ်နှစ် သုံးနှစ်အတွင်း သူမ အချိန်ယူစဉ်းစားပြင်ဆင်နေသည်မှာ အိမ်ထောင်ရေးကို အဆုံးသတ်သင့်၊ မသတ်သင့် မဟုတ်ပါ။ အိမ်ထောင်ရေးကို နှစ်ဦးနှစ်ဖက် အနာတရကြီးကြီးကျယ်ကျယ် မဖြစ်ဘဲ လှပစွာ သိမ်မွေ့စွာ ဘယ်လိုအဆုံးသတ်ပစ်ရမလဲ ဟူသည့်အကြောင်းပင် ဖြစ်သည်။

'လေက အရှေ့တောင်အရပ်ကနေ အနောက်မြောက်အရပ်ကို တိုက်ခတ်နေတာဖြစ်ပါတယ်။ ပွဲကြည့်ပရိသတ်များ ခင်ဗျား . . . အနောက်မြောက်အရပ်မှာ မနေကြပါနဲ့ခင်ဗျား၊ မီးပုံးပျံ မှိုင်းဝနေပါပြီ ခင်ဗျား'

စောတို့ရပ်နေသည့်နေရာမှာ တောင်အရပ်တည့်တည့်ဖြစ်သည်။ အန္တရာယ်ကင်းမည့်ပုံ ပေါ်ပါသည်။ အနောက်ဘက်အရပ်၊ မြောက်ဘက်အရပ်မှာ စုပြုံရပ်နေကြသူများ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ သည်လိုတော့လည်း တွက်လို့မရနိုင်ပါ။ အခုမှ မီးပုံးပျံက မှိုင်းဝကာ ရပ်လုံးပီပြင်စွာ တက်ဖို့အရှိန်ယူနေဆဲ ဖြစ်သည်။ တစ်ခဏအတွင်းမှာပင် လေသည် အရပ်မျက်နှာပြောင်းကာ တိုက်ချင်တိုက်ပစ်လိုက်နိုင်၏။ ထိုအခါ စောတို့ရပ်နေရာနေရာသည် အန္တရာယ်ဇုန် ဖြစ်ချင်ဖြစ်သွားနိုင်သေးသည်။

'ရွှေအင်းသား မှိုင်းဝနေပါပြီခင်ဗျား၊ တက်လာပါတော့မယ်ခင်ဗျား၊ ယမ်းပိသာချိန် လေးဆယ်တိတိဖြစ်ပါတယ်ခင်ဗျား၊ မီးပုံးပျံလမ်းကြောင်းမှာ မနေကြပါနဲ့ခင်ဗျား'

ယမ်းပိသာချိန်၄၀သာ ပေါက်ကွဲလိုက်လို့ကတော့ . . .။ စော ပခုံးလေးသာ ကျုံ့မိ၏။ ဈေးဆိုင်တန်းများဆီမှ အသားကင်ရနံ့သည် ကွင်းပြင်ဆီကို လွင့်လာပြန်သည်။ ဆိုင်တန်းတွေဆီ လှည့်ကြည့်မိတော့ လူတွေနည်းနည်းကျဲသွားပြီ။ ဒါပေမယ့်နံနက်နှစ်နာရီထိအောင် စားသောက်သူများရှိနေဆဲ။ စောဖြင့် သည်လောက် ရှည်လျားများပြားလှသော ဈေးတန်းကြီးကို တစ်ခါမှ မတွေ့ဖူးပေ။ ဤကွင်းပြင်ရှိရာသို့ ရောက်ဖို့ ဘုရားစောင်းတန်း အုတ်လှေကားထစ်များမှ ဆင်းပြီးနောက် ထိုဈေးတန်းကို ထောင့်ဖြတ် ဖြတ်ယူနေရသည့်အချိန်တုန်းက စော၏ခြေထောက်တို့သည် မြေနှင့်ထိတစ်ချက် မထိတစ်ချက်ဖြစ်နေခဲ့၏။ ဆိုင်တန်းမျက်နှာစာတွေကိုကြည့်ပေမယ့် မမြင်ရ။ ဘေးမှာ၊ပတ်လည်မှာ စောလိုပင် ပွဲကြည့်ပရိသတ်၊ ပွဲဈေးတန်းလျှောက်ပရိသတ်တို့ဖြင့် အပြည့်မို့ ကြည့်လေရာရာမှာ လူမျက်နှာတွေ၊ မည်းနက်သော ဆံပင်တွေချည်း မြင်နေရသည်။ နည်းနည်းလူချောင်သည့်ဆိုင်တန်းများကို ဖြတ်မိမှ ဘာဆိုင်တွေလဲဆိုတာ မြင်ရသည်။ အခုလို နံနက်နှစ်နာရီ ချမ်းစိမ့်အေးစက်လှသည့် နှင်းမှုန်အောက်တွင် မီးပုံးပျံစောင့်ကြည့်လိုက်၊ အနီးအနားက ဆိုင်တွေဆီ သွားစားသောက်လိုက်နှင့် သည်ဒေသက လူတွေရဲ့ ဓလေ့ထုံးစံပဲနှင့်တူသည်။ စော အနေဖြင့် ချမ်းစိမ့်တုန်ခိုက်နေသည့် ကိုယ်ခန္ဓာကြောင့် ပူနွေးသည့် ကော်ဖီခါးခါးမွှေးမွှေးလေး တစ်ခွက်တော့ သောက်ချင်သား။ သို့သော် ဆိုင်တန်းဆီသွားနေတုန်း သည်မီးပုံးပျံ ကောင်းကင်ထက်ရောက်သွားသည်ကို မကြည့်လိုက်ရမှာလည်း စိုးရိမ်သည်။ နောက်ပြီး ဆိုင်မှာ ထိုင်မသောက်ချင်။ ကော်ဖီခွက်ကို လက်နှစ်ဖက်ကြားမှာ အုပ်ကိုင်ကာ ကော်ဖီ၏ အပူကို တစ်ကိုယ်လုံး စိမ့်ဝင်နွေးထွေးသွားအောင် ခံစားရင်း၊ လမ်းလျှောက်ရင်း သို့မဟုတ် မတ်တတ်ရပ်ကာ မီးပုံးပျံစောင့်ရင်း ကော်ဖီသောက်ချင်နေသည်။ သူမ၏ အတွေးကို မဟုတ်သေးဘူးဟုသိ၏။ တောင်ကြီးလို သန့်ရှင်းသပ်ရပ်သည့်မြို့မှာတော့ ကိစ္စမရှိပါ။ တခြားသာမန်မြို့ကြီးတွေမှာတော့ ပြန်ဆေးယူရသည့် ကြွေခွက်၊ ဖန်ခွက်တွေနှင့် ကော်ဖီလက်ဖက်ရည် ရောင်းချလျက်သားနှင့် အမှိုက်တွေ၊ ဘူးခွံတွေနှင့် ညစ်ပတ်ရှုပ်ပွနေခဲ့ပြီးပါပြီ။ သူမဆန္ဒရှိသလို ကော်ဖီကို တစ်ခါသုံးစက္ကူခွက်ဖြင့် ဟိုဟိုသည်သည်လမ်းလျှောက်ရင်း အလုပ်လုပ်ရင်း သောက်နိုင်ဖို့ စက္ကူခွက်ယဉ်ကျေးမှုတစ်ခု ခေတ်စားအသုံးများလာခဲ့လျှင် အပုံလိုက်အပုံလိုက်ဖြစ်လာမည့် တစ်ခါသုံးစက္ကူခွက်တွေကို မြင်ယောင်ကြည့်မိသည်။ မနည်းမနော ရှိမှာပဲ။ အိုးစည်ဗုံမောင်းသံက ပို၍ပို၍ ကျယ်လောင်မြိုင်ဆိုင်လာသည်။ လူတွေပို၍ပို၍ပင် တိုးဝှေ့လာကြသည်။ မီးပုံးပျံစတင်တက်နေပြီ။

အားပါးတရအော်ဟစ်သံများဖြင့် တစ်ခဏဆူညံသွား၏။



www.burmeseclassic.com

www.burmeseclassic.com

‘တို့အင်းဆားကွ’

အင်းသားဟု အသံမထွက်ဘဲ အင်းဆားဟု ခပ်ဝဲဝဲအသံထွက်ဖြင့် အော်ဟစ်အားပေးသံကို ကြားလိုက်ရသည်။ ဆိုင်းသံ ဗုံသံအောက်မှာ အိမ်လောက်ကြီးသည့် မီးပုံးပျံကြီးသည် ယိမ်းထိုးလျက် တရွေ့ရွေ့တက်လေသည်။ မီးပုံးပျံ၏အောက်မှာ စနစ်တကျချိတ်ဆွဲထားသော ယမ်းခွက်အမျိုးအမျိုးသည် ယိမ်းနွဲ့လျက် တွဲလောင်းပါသွားသည်။ မီးပုံးပျံကို မှိုင်းတိုက်ခဲ့သော သစ်လုံးကြီးများအား မီးစွဲလောင်လျက်သားနှင့် ငြိမ်းသတ်ဖို့ ကွင်းပြင်တစ်ဖက်သို့ အပြေးအလွှား သယ်သွားကြသည်။ ကွင်းပြင်တစ်ခုလုံး လူတွေရှုစိရှုစိဖြစ်နေကြသည်။

မီးပုံးပျံတစ်ခု ကောင်းကင်ကို လွတ်လွတ်ကျွတ်ကျွတ်တက်သွားဖို့ သူတို့အားလုံး တတ်စွမ်းသမျှ ကြိုးစားခဲ့ကြပြီးပြီ။ ကျန်သည့်အပိုင်းကတော့ ကံကြမ္မာ၏ အလုပ်ပဲဖြစ်သည်။ တစ်နည်းအားဖြင့် လေ၏အလုပ်ပေါ့။ လေသည် အရှိန်မှန်မှန်ဖြင့် မီးပုံးပျံကို အထက်မြင့်ရာသို့ တစ်လက်မချင်း တစ်လက်မချင်း သယ်သွားလိမ့်မည်ဟု မျှော်လင့်ရသည်။

လေ၏အကူအညီဖြင့် မီးပုံးပျံများ လွှတ်တင်သည့်အခါ အဖွဲ့သားအားလုံးကတော့ မီးပုံးပျံလွှတ်တင်ခြင်း အတတ်ပညာအရ တည့်တည့်မှန်မှန်တက်အောင် ထိန်းချုပ်လွှတ်တင်ကြတာချည်းပါပဲ။ တစ်စုံတရာ ချွတ်ချော်ပြီး ကောင်းကင်သို့မတက်ဘဲ မီးလောင်ပျက်စီးသွားရတာတွေလည်း ရှိနေခဲ့သည်။

မီးလောင်ပျက်စီးမှုချင်း အတူတူဆိုလျှင် ‘ညမီးကျီး’ အမျိုးအစားမီးပုံးပျံက မီးလောင်လျှင် ယမ်းပိသာချိန်များစွာ ပေါက်ကွဲလောင်ကျွမ်းမှာပဲဖြစ်သည်။ ပိုအန္တရာယ်ကြီးသည်ဟု ဆိုပါစို့။ အခုလွှတ်တင်နေကြသော မီးပုံးပျံများတွင် အမျိုးအစား နှစ်ခုကွဲပြား၏။ တစ်ခုက ‘စိန်နားပန်’ ဟုခေါ်သော အလှချိတ်ဆွဲ တန်ဆာဆင်ရုံသက်သက် မီးပုံးပျံအမျိုးအစား။ နောက်တစ်ခုက ‘ညမီးကျီး’ဟုခေါ်သော မီးရှူးမီးပန်းဖောက်သည့် အမျိုးအစား။

စော၏ ယခုနှစ်ညသုံးည မီးပုံးပျံကြည့်ရသည့် အတွေ့အကြုံအရပြောလျှင် ‘ညမီးကျီး’မီးပုံးပျံက ပို၍စိတ်လှုပ်ရှားစရာကောင်းသည်။ သူကကောင်းကင်အမြင့်သို့ရောက်သောအခါ တစ်ဆင့်ပြီးတစ်ဆင့် အမျိုးအစားကွဲပြားစွာ လှပစွာ ပေါက်ကွဲပြလေသည်။

ဘေးပတ်ဝန်းကျင်လေထုထဲ အမှောင်ထုထဲသို့ တည့်တည့်ထိုးဖောက်ဖြာထွက်သော မီးရှူးမီးပန်းများကတစ်ဆင့် ထို့နောက်ငါးကလေးတွေ ရေမှာ ကူးလွန့်ကူခတ်သလို လှုပ်ခနဲလှုပ်ခနဲဖြာထွက်သော မီးရှူးများကဆင့်၊ ထို့နောက် ခိုကလေးများ ပျံသန်းသွားသလို မီးရှူးမီးပန်းကလေးများ လေမှာဝေ့ဝဲပျံတက်ကာ လောင်ကျွမ်းစေသည့် ခိုပျံဟု အမည်ရသော ပေါက်ကွဲမှု အမျိုးအစားကလေးများက တစ်ဆင့်၊ ကောင်းကင်သို့ တောက်ပသောမီးပုံးပျံကြီး တက်နေသည့်အချိန်အတွင်း နောက်ထပ်ဆင့်ကဲဆင့်ကဲ ရောင်စုံဖြာထွက်သော မီးရှူးမီးပန်းလှလှများ၏ ပုံစံအမျိုးမျိုး၊ လှပဆန်းကြယ်မှုအမျိုးမျိုးကို စုစည်းရောနှောကာ မြင်ရကြည့်ရသည်မို့ ပြည့်စုံစွာ စိတ်လှုပ်ရှားစေတတ်သည်။

အဲသည် အဆင့်ဆင့်သော မီးရှူးမီးပန်းများကို စနစ်တကျလှပစွာ ပေါက်ကွဲအောင် တွက်ချက်ပြီး တပ်ဆင်ရသည့် အတတ်ပညာကလည်း တော်တော်ချီးကျူးဖို့ကောင်းပါသည်။

‘လေကြောင်း ပြောင်းသွားပါတယ်ခင်ဗျား၊ ပရိသတ်များ သတိထားကြပါ၊မီးပုံးပျံရဲ့အောက်တည့်တည့်မှာ မနေကြပါနဲ့ခင်ဗျား’

www.burmeseclassic.com

www.burmeseclassic.com

မီးပုံးပျံကြီးသည် ဘေးတိုက်ရွေ့လျားလျက် အကဲဖြတ်လူကြီးများ ထိုင်ကြည့်ရာ ပွဲကြည့်စင်၏ အနောက်ဘက်သို့ ယိမ်းထိုးပါသွားသည်။ လူတချို့ အော်ဟစ်ကာ ပြေးလွှားနေကြသည်။ မီးသတ်ကားသည် အဆင်သင့်စက်နှိုးကာ ကွင်းပြင်ဆီသို့ ဦးတည်ထားရာမှ စတင်မောင်းထွက်လေသည်။

'မီးသတ်ကားရဲ့ ရှေ့တည့်တည့်မှာ မနေကြပါနဲ့ခင်ဗျား၊ လွတ်ရာသို့ ရွှေ့ပေးကြပါခင်ဗျား'

မီးပုံးပျံကြီးဆီမှ အုန်းခနဲ ပေါက်ကွဲသံတစ်ချက်ကြားလိုက်ရသည်။ ဝေါခနဲ အော်ဟစ်သံများ ကြားရသည်။ စော၏ဘေးနားကလူတွေ အထိတ်တလန့်ပြေးရာ စောသည် ထိုလူအုပ်နှင့်အတူ ကပ်ငြိပြီးရွှေ့သွားသည်။

'စော . . .'

သူ့အသံသည် အထိတ်တလန့် အော်ဟစ်သော လူအုပ်အသံနှင့် ရောထွေးသွား၏။ စောတို့ရပ်နေသော ကွင်းပြင်သည် ညီညာသောမြေပြင်မဟုတ်။ အနည်းငယ်စောင်းနိမ့်သွားသော ဆင်ခြေလျှောမြေပြင်ဖြစ်သည်။ ထို့ကြောင့် ပြေးလွှားရင်းမှ အရှိန်မထိန်းနိုင်ဘဲ စော တစ်ချက်ခြေခေါက်ကာ လဲကျသွားသည်။ လူတွေသည် စော၏ခြေတွေ လက်တွေပေါ်သို့ အမှုမဲ့အမှတ်မဲ့ တက်နင်းပြေးကြ၏။ နာကျင်မှုနှင့် ထိတ်လန့်မှုပေါင်းစပ်ကာ လဲရာမှ ဖွတ်ထထိုင်ဖို့ကြိုးစားဆဲ လက်တစ်ဖက်က စော၏ပခုံးမှ ဆွဲညှစ်ကာ ထူမပေးလိုက်သည်။

'ကျေးဇူး'

ကျေးဇူးတင်စကားဆိုဖို့ အာရုံသိစိတ်ဖြင့် စကားစလိုက်ပေမယ့် ထိုသူက စောကို လက်မောင်းရင်းမှ တင်းတင်းဆုပ်ကာ သူ့နောက်ဘက်သို့ တွန်းပို့ပြီး အကာအကွယ်ပေးလိုက်သဖြင့် စကားစပြတ်သွားသည်။ ရပ်ရပ်သဲသဲလူအုပ်ကို ရှောင်ရင်း၊ မတ်တတ်ရပ်အတွန်းခံရင်း အမှောင်တစ်ဝက် အလင်းတစ်ဝက်အောက်မှာ မြင်လိုက်ရသော မျက်နှာကတော့ မျက်ခွံမို့မို့နှင့် နုနယ်သေးသော လူငယ်တစ်ဦး၏မျက်နှာပဲ။ ရှမ်းလား၊ အင်းသားလား၊ ပအိုဝ်းလား။ တောင်ပေါ်တိုင်းရင်းသားလူမျိုးမှန်းတော့ သိသည်။

'ကျေးဇူးတင်ပါတယ်'

ထိုစကားကို သူကြားပုံမရ။ သူ့အာရုံသည် သူ့လက်မောင်းမှ တင်းတင်းဆွဲဆုပ်ထားမိနေသော မိန်းမထံမှာ ရှိမနေတာ သေချာသည်။ သူ့အာရုံသည် တစ်ဖက်မှာ ပေါက်ကွဲပျက်စီးကာ မီးလောင်နေပြီဖြစ်သော မီးပုံးပျံကြီးထံ ရောက်နေသည်။ မြေပြင်အထက် ပေ၁၀၀၊ ၂၀၀မှာ ပေါက်ကွဲပျက်စီးခြင်းဖြစ်၍ မီးတောက်မီးလျှံများ နေရာအနှံ့မှာ ရှိနေသည်။ ကွင်းပြင်ရှိ ပရိသတ်သည်လည်း ကွင်းလယ်မှာ မရှိကြတော့ဘဲ ဘေးပတ်လည်မှာ ကပ်နေကြပြီ။ သစ်ပင်နှစ်ပင် မီးလောင်နေသည်။ ယမ်းနံများ မွှန်ထူနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးမှိုင်းများဖြင့် မှောင်နေ၏။ နောက်ထပ် ကြီးမားသောပေါက်ကွဲသံကြီးတစ်ခု ထပ်ကြားရပြန်သည်။ ထိုပေါက်ကွဲသံကြောင့် တိုင်းရင်းသားလူငယ်သည် သူမ၏လက်ကို လွှတ်လိုက်ပြီး မျက်နှာဆီလွင့်စဉ်လာနိုင်ဖွယ်မရှိသော မီးစ၊ ယမ်းစများကို ကာကွယ်ဟန်ဖြင့် လက်များကို မျက်နှာရှေ့ အမှတ်တမဲ့ ကာလိုက်လေသည်။ ထို့နောက် လူငယ်က ကြိတ်မနိုင် ခဲမရဟန်ဖြင့် တောက်တစ်ချက် ခေါက်သည်။

'သွားပြီကွာ'

လူငယ်သည် ရွှေအင်းသားအဖွဲ့ထဲမှ ဟုတ်ဟန်မတူပါ။ သို့သော် မီးပုံးပျံကြီး ပေါက်ကွဲပျက်စီးသွားသည့်အတွက် သူခံစားနေရဟန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီကောင်ကြီးသာ အောင်အောင်မြင်မြင်တက်သွားလို့ကတော့ ကြည့်လို့ကောင်းလိုက်မယ့်မြင်ကွင်း'

စောရဲ့အနီးမှ အားရပါးရ ညည်းညူလိုက်သံတစ်ခုကိုလည်း ကြားလိုက်ရသည်။ ပရိသတ်သည် ယခုအခါ ထိတ်လန့်တုန်လှုပ်မှုမှ လွတ်ကင်းခဲ့ပြီ။ စိတ်ဆင်းရဲမှု၊ နှမြောတသမှု၊ အားမလို အားမရဖြစ်မှုတို့နှင့် မီးပုံးပျံကြီးအား တဖွဖွ တသနေကြသည်။ ကံအားလျော်စွာ ပေါက်ကွဲမှုသည် ကွင်းတစ်ဖက်က ၄က်ပျောပင်အုပ်ဆီမှ ဖြစ်ပေါ်ခဲ့သဖြင့် ပရိသတ်ထဲမှ အသေအပျောက်လုံးဝမရှိခဲ့ဘဲ မီးဟတ်သူ၊ ဒဏ်ရာရသူ အနည်းငယ်မျှသာရှိခဲ့သည်။

'မီးပုံးပျံတိုင်းဟာ ကောင်းကင်ထိ တက်ချင်မှတက်နိုင်မှာပေါ့၊ အောင်မြင်မှုဆိုတာ ဒီလိုပါဘဲ၊ မျှော်လင့်တိုင်း မရကြပါဘူး'

တစ်ယောက်ယောက်က တစ်ယောက်ယောက်ကို အားပေးနေသံကြားရသည်။

သို့သော် ပွဲကြည့်စင်အခြေမှာတော့ အသံထွက် ငိုကြွေးနေသူတစ်ယောက်ရှိသည်။

'ဆယ့်ငါးရက်လုံးလုံးပါပဲ၊ ကျွန်မတို့ မနားမနေ အလုပ်လုပ်ခဲ့ကြတာ'

ငိုကြွေးနေသည့် လူငယ်လေးဘေးမှာ ခြေပစ်လက်ပစ်ထိုင်နေသော မိန်းကလေးက ရေရွတ်နေ၏။

'တခါတလေ ဒီလိုပါပဲ ငါ့ညီရာ၊ စိတ်ကိုဖြေပါ'

ယောကျ်ားခပ်လတ်လတ်တစ်ယောက်က ငိုနေသောလူငယ်၏ ပခုံးကို ပုတ်သည်။

'တခါတလေ . . . ဟုတ်လား၊ တနှစ်လုံးလုံး တည်ဆောက်လာခဲ့ရတဲ့ မျှော်လင့်မှုတွေထဲမှာ တစ်ခါတလေဆိုတာ ဘယ်နေရာမှ မပါခဲ့ဘူး'

'တစ်နှစ်မှာ တစ်ခါတည်းသာပါပဲ'

မကျေမနပ်ရေရွတ်သံကို ကြားရသည်။

စော သူ့ကို သွားဖျောင်းဖျချင်စိတ် ပေါ်နေ၏။

ချာတိတ်ရယ်၊ တစ်နှစ်မှာ တစ်ခါသာဆိုတဲ့ မျှော်လင့်မှုအောက်မှာ ဆုံးရှုံးရတာဟာ ဘဝမှာ တစ်ခါသာပါဆိုတဲ့ မျှော်လင့်မှုအောက်မှာ ဆုံးရှုံးရသလောက် မနာကျင်နိုင်ပါဘူးကွယ်၊ နောက်နှစ်ဆိုတာ ရှိပါသေးတယ်၊ အေးလေ . . . နောက်နှစ်အထိ အခြေအနေပေးလာခဲ့သေးရင်ပေါ့။

စော သူ့ကို ငေးစိုက်ကြည့်နေမိသည်။ မျှော်လင့်ချက်တွေ ပြိုကွဲပျက်စီးသွားသူတစ်ယောက်၏ မျက်နှာမှာ နာကျင်မှုတွေ အပြည့်ပါ၏

'စော'

သူမယောကျ်ား၏အသံ။ သူမလှည့်ကြည့်လိုက်သောအခါ လူတွေကြားမှာ တိုးဝှေ့လာနေသော သူမယောကျ်ားကို တွေ့လိုက်ရသည်။

'ရှာလိုက်ရတာ စောရယ်'

သူအနီးရောက်လာပြီး စော၏လက်တစ်ဖက်ကို လှမ်းဆွဲလိုက်သည်။

'ကိုယ်တို့ချင်းကွဲသွားရင် ဘယ့်နှယ့်လုပ်မလဲ၊မင်း ကိုယ့်လက်ကို တွဲထားခဲ့ဖို့ ကောင်းတယ်'

www.burmeseclassic.com

'ကျွန်မ ဟိုတယ်ဆီ ပြန်တတ်ပါတယ်'

'မင်းကို ပြောလိုက်ရင် အဲဒီအတိုင်းချည်းပဲ၊ လာ ပြန်ကြစို့၊ အေးလဲအေးလှပြီ၊ ခုဟာက ကံကောင်းလို့ မသေတာ'

ထို့နောက် သူသည် အငိုတိတ်စပြုနေပြီဖြစ်သော၊ အံတင်းတင်းကြိတ်ထားသော ရွှေအင်းသားလူငယ်ဆီ မျက်လုံးရောက်သွား၏။ ယောက်ျားတစ်ယောက်၏ အငိုမျက်နှာကို သူ မကြည့်ချင် မမြင်ချင်သလိုပင် မျက်နှာလွှဲလိုက်သည်။

'သနားပါတယ်နော်'

စော သူနှင့်အတူလိုက်လာရင်း ရေရွတ်မိတော့ သူက စောအား လိုက်လျောဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်သည်။

'အေးလေ . . . နှစ်သိန်းကြီးများတောင်'

စော သူ့ကို ဖျတ်ခနဲ မော့ကြည့်မိ၏။ ဒီဆုံးရှုံးမှုမှာ ငွေနှစ်သိန်းဟာ အဓိက မကျဘူး။ သို့သော် ဤခံစားချက်ကို သူ နားလည်မည့်ပုံမပေါ်ဖြင့် စော တိတ်တိတ်ပဲ နေလိုက်သည်။

'မအေးဘူးလား စော'

'အင်း . . . အခုမှ အေးမှန်းသိတော့တယ်'

'ကိုယ့်တော့ ခိုက်ခိုက်တုန်နေပြီ'

မနက်ဖြန် စောတို့ပြန်ကြတော့မည်။ ငါးရက်ကြာ ခွဲခွာထားခဲ့ရသော သမီးလေးဆီပြန်ကြတော့မည်။ သမီးလေအတွက် တိုင်းရင်းသားဝတ်စုံလေးတစ်ခု လက်ဆောင်ပါလာသည်။ သူမစိတ်မှတ်မထင် ပြုံးမိသွား၏။

'အခု ဆက်လက်ပြိုင်ပွဲဝင်မယ့်အဖွဲ့ကတော့ ဖိုးသာထူးအဖွဲ့ဖြစ်ပါတယ်၊ ဖိုးသာထူးအဖွဲ့ကလွှတ်တင်မယ့် မီးပုံးပျံအမျိုးအစားဟာလဲ ညမီးကျီး ပဲဖြစ်ပါတယ်'

သြော် . . . အခုဟာ ရိုးရိုးမီးပုံးပျံလွှတ်နေတာမဟုတ်။ ပြိုင်ပွဲလုပ်နေတာပါလားဟု သတိရသွား၏။ ရွှေအင်းသားအဖွဲ့၏ ဆုံးရှုံးမှုများမှာ ထင်တာထက် ပိုကြီးမားပါလိမ့်မည်။ အချိန်ကာလ၊ ငွေကြေး၊ ဂုဏ်သိက္ခာ၊ စည်းလုံးမှုအင်အား၊ ယုံကြည်ခံရမှုနာမည်၊ စိုက်ထုတ်လိုက်ရသည့်ခွန်အား၊ အားလုံးထက်ပို၍ ဆုံးရှုံးလိုက်ရသောအရာမှာ မျှော်လင့်ချက်ဖြစ်ပါလိမ့်မည်။

'ကိုယ်နားမလည်တာက ဒီငွေတွေကို မီးပုံးပျံလုပ်ပြီး မီးရှို့ပွဲကျင်းပတော့မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက်တော့ မီးလောင်ပေါက်ကွဲတာဟာ ဘာခံစားစရာရှိသေးလဲ၊ ကောင်းကင်အမြင့်ကျမှပဲ ပေါက်ကွဲကွဲ၊ မြေပြင်နီးနီးပဲ ပေါက်ကွဲကွဲ ပျက်စီးတာတော့ ပျက်စီးသွားတာပဲ၊ ဒါဟာ ဘာထူးခြားလို့လဲ၊ လူတွေ အသက်အန္တရာယ်မရှိရင် ပြီးတာပဲမဟုတ်လား၏

'ထူးခြားတာပေါ့'

'ဘာထူးခြားတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစောင်းတန်းရှိရာသို့လျှောက်လာရင်း စောသည် မီးပုံးပျံကွင်းပြင်ဆီသို့ တစ်ချက်ပြန်ကြည့်မိ၏။ တစ်ယောက်ယောက်က သည်အဖြေကို စောထက်ပို၍ ရှင်းပြပေးနိုင်ကောင်း ပေးနိုင်လိမ့်မည်။

'မီးပုံးပျံလွှတ်တယ်ဆိုကတည်းက တစ်ချိန်မှာတော့ ဆုံးရှုံးပျက်စီးမှာဆိုတာ မှန်ပါရဲ့။ အခုလိုညမီးကျီး မီးပုံးပျံမှာတော့ စိန်နားပန်ထက် မျှော်လင့်မှုပိုတယ်၊ စိန်နားပန်မှာက အောင်အောင်မြင်မြင် လွှတ်တင်ဖို့ တစ်ခုပဲ၊ ညမီးကျီးမှာက အောင်အောင်မြင်မြင်လွှတ်တင်နိုင်ဖို့က တစ်ဆင့်၊ မီးရှူးမီးပန်းလေးတွေ ကိုယ်လိုချင်သလို လှလှပပတစ်မျိုးပြီး တစ်မျိုးပေါက်ကွဲဖို့က နောက်တစ်ဆင့်၊ အခုလို ဘာမှမရလိုက်ဘဲ အလဲလဲအကွဲကွဲ ပျက်စီးဆုံးရှုံးသွားရတာက ရင်နာစရာကြီးပါ၊ ဘယ်သူမဆိုလေ ဂုဏ်သိက္ခာရှိရှိ လှလှပပလေး ပေါက်ကွဲအဆုံးသတ်သွားချင်တာချည်းပါပဲ'

စော၏ စကားကို သူသိပ်နားလည်ပုံမပေါ်ပါ။ စော ညံ့တာပဲဖြစ်ပါလိမ့်မည်။

'ကျွန်မလဲ ဘဝနဲ့ရင်းပြီး ညမီးကျီးမှ လွှတ်တင်တော့မယ်ဆိုရင် အထိတ်တလန့် အလဲလဲအကွဲကွဲတော့ အဆုံးမသတ်သင့်ဘူး၊လှလှပပ သိက္ခာရှိရှိလေး'

သူ ရယ်မောသည်။

'မီးပုံးပျံနဲ့ မင်းနဲ့ ဘာဆိုင်လို့လဲ'

'သမီးလေး မြန်မြန်ကြီးပြင်းစေချင်လှပြီ'

သူမ ညည်းညည်းကလေးပြောရင်း စကားကို အဆုံးသတ်လိုက်မိ၏။ လောကတစ်ခုလုံးမှာ သူမဂရုစိုက်ဆုံးအရာမှာ သမီးလေး၏ စိတ်ခံစားမှုပဲ ဖြစ်သည်။ ။

www.burmeseclassic.com

www.burmeseclassic.com

# ပြတိုက်မှ အပြန်

ပြတိုက်တစ်ခု၏ ခမ်းနားထည်ဝါမှုသည် လူတို့အား အံ့သြငေးမောစေလိမ့်မည်။ ဤပြတိုက်သည်ကား လူတစ်ချို့အား အံ့သြငေးမောစေ၏။ လူအချို့ကို သေးကွေးမှေးမှိန်စေ၏။ လူအချို့ကို သိမ်ငယ်စေ၏။ လူအချို့ကို လောဘတက်စေ၏။ လူအချို့ကို ပခုံးတွန့်စေ၏။ လူအချို့ကို ပျော်ရွှင်စေ၏။ လူအချို့ကို ပြုံးရယ်စေ၏။ အဝင်တံခါးပေါက်၏ လက်ယာဘက်တွင် ဝင်ကြေးကောက်ခံရာဌာန ရှိသည်။ ဤဌာနမှ ဝန်ထမ်းသည် မထူးခြားသော မျက်နှာထားဖြင့်သာ ဧည့်သည်တို့ကို လက်ခံ၏။ ဒေသသုံးငွေကြေး တစ်ဆယ်ဆိုသည်မှာ အလွန်နည်းပါးလှသဖြင့် ဝင်ကြေးသည် အံ့သြဖွယ်ရာပင် နည်းပါးသေးသည်။ လူလေးငါးယောက်အုပ်စု ဝင်လာသည်။ အဖွဲ့၏ခေါင်းဆောင်သည် ကျသင့်ငွေကို ကမ်းပေးပြီးနောက် မိမိ၏ အမည်၊နေရပ်လိပ်စာနှင့် မှတ်ပုံတင်နံပါတ်တို့ကို စာရင်းစာအုပ်တွင် ကိုယ်တိုင်ရေးသားဖြည့်စွက်ရသည်။ မှန်ကောင်တာနောက်မှ ဝန်ထမ်းသည် အေးဆေးစွာပင် လက်မှတ်ပေးခြင်း၊ ငွေအမ်းခြင်းအမှုကိုပြုလေသည်။ နောက်ထပ်စောင့်နေသည့်ဧည့်သည်များ မရှိ။ မည်သူမျှလည်း အလျင်လိုခြင်းမရှိ။ အားလုံးသည် နေသားတကျ အေးအေးဆေးဆေး၊ ဖြည်းဖြည်းမှန်မှန်ပင် ဖြစ်သည်။ ဧည့်သည်များသည် အတော်အသင့်သေးငယ်သော အိတ်တချို့ကို မိမိနှင့်ယူဆောင်သွားခွင့် ရှိသည်။ ပြခန်းအဝင်တွင် အစစ်အဆေးမရှိ။ အချက်ပြကိရိယာတို့ဖြင့် ဧည့်သည်၏ ကိုယ်ခန္ဓာကို စစ်ဆေးခြင်းမရှိ။ ဤနိုင်ငံသည် အေးချမ်းသော နိုင်ငံဖြစ်သည်။ ဧည့်သည်တို့သည် အစစ်အဆေးမခံရ၍ ကျေနပ်နှစ်သိမ့်ကြ၏။ ဝန်ထမ်းတို့သည် စစ်ဆေးခြင်းအမှုကိစ္စကို ပြုလုပ်ရန်မလိုသဖြင့် လူရောစိတ်ပါ သက်သာစွာကျေနပ်နှစ်သိမ့်ကြ၏။ ဤပြတိုက်ကား အဝင်မှစ၍ လူတို့ကို ကျေနပ်နှစ်သိမ့်မှု ပေးစွမ်းနိုင်လေသည်။

လက်မှတ်သိမ်းသော ဝန်ထမ်းသည် ဧည့်သည်တို့အား အကဲခတ်ခြင်းဖြင့် မိမိ၏ငြီးငွေ့မှုကို ဖယ်ရှားနိုင်သည်။ ဧည့်သည်အမျိုးမျိုးသည် ပုံစံအမျိုးမျိုးဖြင့် အောက်ဆုံးပြခန်းသို့ ဝင်ရောက်ကြ၏။ မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းထားသော ကျေးလက်ဒေသမှ ဧည့်သည်များသည် တက်ကြွသောမျက်နှာထား၊ ကျီးကြည့်ကြောင်ကြည့် မျက်လုံးအကြည့်များဖြင့် ဝင်လာကြသည်။ သူတို့သည် အုပ်စုလိုက် လာကြလေ့ရှိ၏။ အဝင်တွင်လည်း အချင်းချင်း စကားပြောဆိုမှုကို ခဏရပ်တန့်ကာ လက်မှတ်ကို ရိုသေစွာထုတ်ပေးကြ၏။ ဝန်ထမ်းများ ပြုံးရယ်ကြ၏။ ဝန်ထမ်းက လက်မှတ်ကို တစ်ဝက်ဆုတ်ယူပြီး ပြန်ပေးအပ်သည်ကို ခပ်ရို့ရို့လက်ခံကြ၏။ ထို့နောက်စောစောက စကားကို တစ်ပိုင်းတစ်စပြန်ဆက်ပြီး အထဲဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

အတွင်းပိုင်းရောက်သောအခါမှာကား အားလုံးသည်သတိထားသည့် အနေအထားဖြင့် နံရံကို စတင်ရှာဖွေကြည့် ရှု့လေသည်။ ကလေးများသည် မိမိတို့သိသော သင်ပုန်းကြီးအက္ခရာစာလုံးများကို မြင်သောအခါ ပျော်ရွှင်ကြသည်။ မှတ်စုစာအုပ်နှင့်ဖောင်တိန်ကို လက်မှကိုင်၍ ဝင်လာကြသူများလည်း ရှိသည်။ အများအားဖြင့် လူငယ်ပိုင်းအမျိုးသမီး အမျိုးသားကလေးများဖြစ်သည်။ အဝတ်အစား အဆင်အပြင် ဣန္ဒြေရသည်။ သို့သော်ခေတ်မီသည်။ ဟန်အမူအရာ သွက်လက်သည်။ စူးစမ်းသောမျက်လုံးဖြင့် အရာရာကို သတိအနေအထားကြည့်တတ်သည်။ သူတို့သည်တစ်ယောက်ချင်းလည်း လာရောက်တတ်သည်။ နှစ်ယောက်တွဲလျက်လည်း လာရောက်တတ်သည်။ သုံးယောက်ထက်လည်း မပိုတတ်ကြ။ ပြခန်းထဲရောက်မှ တစ်ယောက်ကို တစ်ယောက်မြင်တွေ့ပြီး ရင်းနှီးစွာ နှုတ်ဆက်ကြသည်လည်း ရှိသည်။ သူတို့စကားပြောသည့်အခါ ဒေသသုံး ဘာသာစကားနှင့် နိုင်ငံရပ်ခြားဘာသာစကားများ ရောညှပ်သုံးတတ်ကြသည်။ နိုင်ငံရပ်ခြား ဘာသာစကားများမှာလည်း လူအမျိုးမျိုးကိုလိုက် အမျိုးမျိုးသုံးနှုန်းကြသည်။ သူတို့ကိုမြင်လိုက်လျှင်ပင် ဧည့်လမ်းညွှန်အလုပ်ဖြင့် အသက်မွေးသူများဟု ချက်ချင်းသဘောပေါက်နိုင်သည်။ မိမိတို့တာဝန်ယူရမည့် နိုင်ငံခြားသားဧည့်သည်များအတွက် ကြိုတင်ပြင်ဆင်ရန် ရောက်လာကြခြင်းဖြစ်နိုင်သည်။ နိုင်ငံခြားဧည့်သည်များ မေးသမျှကို မိမိတို့ ပိုင်နိုင်ကျွမ်းကျင်စွာ ဖြေဆိုနိုင်ဖို့လိုသည်မဟုတ်လား။ နောက်ပြီး နိုင်ငံခြားဧည့်သည်များသည် စစ်စစ်ပေါက်ပေါက် မေးခွန်းများကို ရှာကြံ၍ မေးတတ်သည်မဟုတ်လား။

မှတ်စုစာအုပ်ကိုယ်စီနှင့် ကျောင်းဝတ်စုံဝတ် ကျောင်းသားကျောင်းသူများလည်း လာကြသည်။ လူသုံးလေးဆယ်ခန့် သို့မဟုတ် လေးငါးဆယ်ခန့်လည်း ဖြစ်တတ်သည်။ ဆရာမတစ်ယောက်မှ သုံးယောက်အထိ အုပ်ထိန်းသူအဖြစ် လိုက်ပါကြ၏။ ကလေးများသည် အရာရာကို စိတ်ဝင်စားစွာ မေးမြန်းကြ၏။ ဆရာမတို့ ဖြေနိုင်သည်လည်း ရှိ၊ မဖြေနိုင်သည်လည်းရှိလေသည်။ ဤအရာသည် ပေစာ ဤအရာသည် ပုရပိုက်စာ၊ ဤအရာသည် ကျောက်စာ စသည်ဖြင့် ဖြေနိုင်ကြသည်။ ရေအိမ်ဆိုတာဘာလဲ ကလေးငယ်တစ်ယောက်က မေလျှင် အိမ်သာကို ခေါ်တာပေါ့ကွယ်ဟု အလွယ်တကူဖြေနိုင်၏။ သို့သော် အဆောင်တိုင်းမှာ ဘာဖြစ်လို့ အိမ်သာတစ်ခုစီမရှိရသလဲ ဟူသည့်အမေးကိုတော့ ဆရာမ မဖြေနိုင်ပေ။ နန်းတော်၏ အဆောက်အအုံ အဆောင်အခန်းပုံစံငယ်များကို စစ်စစ်ပေါက်ပေါက် ရှာဖွေလျှင် ကလေးများအတွက် မေးခွန်းတွေ တစ်သီကြီးထွက်လာတတ်၏။ ဆရာမ ဦးနှောက်ခြောက်ရလေသည်။ တစ်ခါတစ်ခါ ကျောင်းသားကလေးတစ်ယောက်က ဝင်၍ဖြေသည်။

'ဒီနားက အဆောင်သုံးလေးခုက လူတွေအားလုံး ဟောဒီအိမ်သာကိုပဲ သုံးကြတယ်၊ ငါတို့ကျောင်းလိုပေါ့ကွ၊ ခုနှစ်တန်းရော ရှစ်တန်းရော အိမ်သာအတူတူပဲ'

'ဘုံစနစ်ကို ထိန်းသိမ်းတဲ့သဘောပဲ'

ကလေးတို့သည် အထူးအဆန်းဝေါဟာရများကို ဆရာမအား မေးမြန်း၏။

'ဖြတိုက်ဆိုတာ ဘာလဲ'

ရှေးနန်းသုံးဝေါဟာရ ဗဟုသုတကို စိတ်မဝင်စားသည့် ဆရာမဆိုလျှင် မဖြေနိုင်ပေ။ တချို့ ဆရာမကတော့ အလွယ်တကူပင် ဖြေလေသည်။

'ဖြတိုက်ဆိုတာ လူပျိုတွေ နေရတဲ့အဆောင်တော်ကို ခေါ်တာပေါ့၊ အဲဒီကို ဘုရင်ကြွလာရင် ထိုင်ဖို့ အမှုစီရင်ကြားနာဖို့ ပလ္လင်တစ်ခု ထားတတ်တယ်။ အဲဒီပလ္လင်ပုံစံကို ဟိုဘက်ခန်းထဲမှာ မင်းတို့တွေ့ခဲ့ကြပြီးသား၊ ဘယ်သူမှတ်မိသလဲ'

www.burmeseclassic.com

www.burmeseclassic.com

ကလေးများကို မေးခွန်းပြန်မေးလျှင် ကလေးများ ကသိကအောက်ဖြစ်သွားကြသည်။ ဘယ်သူမျှမဖြေနိုင်။ တစ်ယောက်က လှစ်ခနဲပြန်ပြေးပြီးကြည့်သည်။ သို့သော် များပြားလှသော ပလ္လင်ပုံစံငယ်တွေထဲမှာ မြတိုက်ဆောင် ပလ္လင်ကို အလွယ်တကူမရှာနိုင်ပေ။ နောက်ဆုံးတော့ ဆရာမပဲ ဖြေပေးရသည်။

'ဂဇာသန ပလ္လင်လေ'

'သြော် . . . '

ကလေးများ ကျေနပ်သွားကြသည်။ အဖြေကို သိသွားကြ၍မဟုတ်။ မိမိတို့အား မေးထားသည့် မေးခွန်းကို ဖြေရန်မလိုတော့သောကြောင့် ဖြစ်သည်။

သမိုင်းနှင့်အတိတ်ကို စိတ်ဝင်စားသော ခေတ်ပညာတတ် လူငယ်လူကြီးများကတော့ လေ့လာစပ်စုလိုစိတ်ဖြင့် လာကြသည်။ အဆိုးမြင်ဝါဒီနှင့် အကောင်းမြင်ဝါဒီနှစ်မျိုးနှစ်စားအပြင် ဟာသမြင်ဝါဒီအမျိုးအစားတစ်ခုပါ ထပ်ဖြည့်လျှင် ရနိုင်လိမ့်မည်။ လူတစ်ယောက်၏စကားကို တစ်ခွန်းနှစ်ခွန်း နားထောင်ပြီးလျှင် လူအမျိုးအစားကို သတ်မှတ်နိုင်သွားလိမ့်မည်။

'သြော် . . . ဘုန်းတန်ခိုးအာနုဘော်ကြီးလိုက်တဲ့ ရွှေနန်းရှင်ပဲ၊ ပလ္လင်ထိပ်မှာ နဝရတ်ကိုးသွယ် ရတနာတွေ စီခြယ်လို့၊ သိကြားတွေ နတ်တွေက စောင့်ရှောက်လို့၊ ရာဇပလ္လင်ရဲ့ အောက်ခုံက ခြသေ့်တွေကို ကြည့်ပါဦး၊ ရန်ကို နှိမ်နင်းနိုင်မယ့် နိမိတ်ပေါ့၊ အဲဒါ ကေသရာဇာခြသေ့်မင်းတွေ . . . ခမ်းနားပါ့ မြင့်မြတ်ပါ့၊ တို့အရှင်တို့ဘုရင်တွေ'

ဤစကားမျိုးကိုတော့ အကောင်းမြင်ဝါဒီများက တမ်းတစွာ ရေရွတ်ကြသည်။

'သဥ္ဓာလီ . . . သဥ္ဓာလီနဲ့ ငါကြားဖူးနေတာ ကြာပြီကွ၊ လက်စသတ်တော့ ကုလားထိုင်ကို ခေါ်နေတာကိုး၊ ဒါနဲ့ အဲဒီ ကတ္တီပါဆိုဖာမှာ ဘာလို့အလယ်တည့်တည့်ကနေ ဘုကြီးရှိနေတာလဲ၊ မင်းသိလား'

'ဘယ်သိမလဲကွ'

ထို့နောက် လူငယ်တစ်စု ခပ်ကျိတ်ကျိတ် ရယ်မောကြသည်။ အဆိုးမြင်ဝါဒီလူတစ်ယောက်က ထိုအုပ်စုကို မျက်မှောင်ကြုတ်ကြည့်ပြီး သတိပေးတားမြစ်သည်။

ဆင်စွယ်ကုလားထိုင်တစ်ခုကိုမြင်လျှင် အကောင်းမြင်ဝါဒီက ကနုတ်ထွင်းလက်ရာများ၏ အသေးစိတ် လုပဆန်းကြယ်မှုကို ရင်သပ်ရှုမော ချီးကျူးသည်။ အဆိုးမြင်ဝါဒီသမားကတော့ ကုလားထိုင်နောက်မှီ၊ လက်တင်၊ ခြေထောက် စသည်တို့ကို တစ်ခုချင်းစေ့စပ်သေချာစွာ တွက်ချက်စစ်ဆေးပြီးနောက် ဆင်ခြောက်ကောင်ထက် မနည်းဘူးကွ ဟုရေရွတ်သည်။ ဟာသမြင်ဝါဒီသမားကတော့ ဆင်စွယ်နှင့် ပတ်သတ်၍ နောက်ပြောင်စရာမရှိလျှင် ကုလားထိုင်အောက်တည့်တည့်မှ ရေထည့်ထားသည့် ဖန်ခွက်ကို နောက်ပြောင်ရယ်မောသည်။

သမင်ချိုကုလားထိုင်တစ်ခုကို ပြထားသည်ဆိုပါစို့။ အကောက်အကွေး အချိုးအစား ဆင်တူသော သမင်ချို ၁၅ခုဖြင့် ထုလုပ်ထားသည်ဟု စာတန်းရေးသားထားပါလျက် တချို့က မယုံသင်္ကာစွာ ရေတွက်ကြည့်ကြသေး၏။ ဦးချို ၁၄ခုသာ အလွယ်တကူတွေ့ပြီးနောက် အပြစ်မြင်သည့်မျက်နှာထားဖြင့် '၁၄ခုတည်းပါ' ဟုရေရွတ်ဆဲ၊ တစ်ယောက်က 'အောက်မှာ ကန့်လန့်ထောက်ထားတာ တစ်ခုကွ၊ ဟောဟိုမှာ' ဟုညွှန်ပြလိုက်တော့မှ ငြိမ်သက်သွားလေသည်။ ဒါတောင်မှ သမင်၁၅ကောင်လား၊ သမင်ရှစ်ကောင်လား ငြင်းခုံကြသေးသည်။ နောက်ဆုံး ရှစ်ကောင်သမားက အနိုင်ရသွားသည်။

www.burmeseclassic.com

အီဂျစ်နိုင်ငံက ပြတိုက်တွင် မံမီရုပ်အလောင်းများကို ဆေးစိမ်ပြီး အစစ်အမှန်အတိုင်းပြသထားသည်။ ဤပြတိုက်မှာတော့ အလောင်းသယ်ယူသည့် အသုဘခေါင်းအဖုံး ရွှေချည်ထိုးအဝတ်ကို ပြသထားလေသည်။ ရွှေနန်းတော်နှင့် သတ်ဆိုင်သည့်တော်ဝင်မိသားစုများ၏ အခေါင်းဖုံးဟုလည်း စာတန်းရေးထိုးထားသည်။ ဧည့်သည်အားလုံးကို ဆွဲဆောင်နိုင်သောပစ္စည်းတစ်ခုဖြစ်သည်။ ထုထည်ကြီးမားသော အကြောင်းက တစ်ခု၊ နောက်တစ်ခုက ထိုမှန်သေတ္တာကို အပေါ်ကတင်ထားခြင်းဖြစ်သည်။ ထိုသုံးလုံးဆက်ခုံသည် ဧည့်သည်များကို ချက်ချင်းဆွဲဆောင်နိုင်၏။ အချင်းချင်းငြင်းခုံကြပြန်သည်။ အဘယ်ကြောင့် အောက်ခုံတစ်ခုတည်းကို အသုံးမပြုသလဲ၊ အကြောင်းမှာ အပေါ်က ပြသထားသည့်ပစ္စည်းက ကြီးမားလွန်းသောကြောင့်ဖြစ်ရမည်။ မဟုတ်နိုင်။ ခုံကြီးကြီးတစ်ခု မပြုလုပ်ရသေး၍ ယာယီသဘောဖြင့်အသုံးပြုထားခြင်းဖြစ်ရမည်။ မဟုတ်ဘူး . . အားလုံးမှားတယ်။ ခုံထဲမှာ လူတစ်ယောက်ကို ခိုးဝင်ပြီး ဖောက်ထွင်းမှာစိုးလို့ အသေးသုံးခုကို ဆက်ထားရတာ။ သို့သော် ဘယ်သူမှ အဖြေမသိကြ။ ပြတိုက်စောင့် သို့မဟုတ် ပြခန်းတာဝန်ခံကို မေးမြန်းဖို့လည်း စိတ်မကူးကြ။ အကြောင်းမှာ သူတို့သည် ဤအခေါင်းဖုံးမှန်သေတ္တာထက်ပို၍ စိတ်ဝင်စားစရာကောင်းသော ပစ္စည်းတချို့ကို တွေ့သွား၍ဖြစ်သည်။ မှန်သေတ္တာ၏နောက်မှာ နံရံနှင့်ကပ်လျက် နေရာကျဉ်းကျဉ်းကလေး ရှိသည်။ အမှတ်တမဲ့ငုံ့ကြည့်လိုက်ရုံနှင့် ထိုနေမှာ ရှိသည့်ပစ္စည်းသုံးလေးမျိုးကို တွေ့မြင်ကြရသည်။ ပန်းပင်ရေလောင်းသည့် ရေပန်းကရား၊ ဂုန်နီအိတ်ကြမ်း စသည့်အပိုင်း တပ်ထားသည့်ကြမ်းသုတ်ပစ္စည်းနှင့် တံမြတ်စည်းကြမ်း စသည်တို့ဖြစ်သည်။

'ဒီပစ္စည်းတွေဟာရော ဘယ်နှစ်ရာစုခေတ်က ပစ္စည်းတွေဖြစ်နိုင်မလဲ'

တစ်ယောက်က ရတနာပုံခေတ်ဟု ဖြေသည်။ တစ်ယောက်က အင်းဝခေတ်ဟု ဖြေသည်။

'ဒီပစ္စည်းစတိုင်တွေကြည့်ရတာ အဲဒီလောက် နောက်မကျဘူးကွ၊ ဒါ သရေခေတ္တရာခေတ်'

ရိုးသားပုံရသော အဘိုးကြီးတစ်ယောက် သူတို့စကားဝိုင်းထဲ ဝင်လာပြီး အကူအညီပေးလိုက်သည်။

'ဒါနှစ်ဆယ်ရာစုပစ္စည်းတွေ ငါ့တူရဲ့'

ထိုအခါ သူတို့ပြုံးစေ့စေ့ဖြင့် နောက်ဆုတ်သွားကြလေသည်။ မိန်းကလေးနှင့် ယောကျ်ားလေးစုံတွဲများ ဤနေရာသို့ အလာကျဲသည်။ လာပြန်လျှင်လည်း တစ်ယောက်နှင့်တစ်ယောက် အမြင်မတူကြပေ။ မိန်းကလေးက ရှေးခေတ်က ဝတ်လဲတော်အဆောင်အယောင်များကို ကြည့်ပြီး ပခုံးတွန့်သည်။

'မိဖုရားရဲ့ ဝတ်စုံဟာ တော်တော်လေးမလားဟင် မောင်'

'ရွှေချည်ငွေချည်နဲ့ ရတနာတွေစီထားတာပဲ . . . လေးမှာပေါ့၊ ဘာလဲ . . . မင်းဝတ်ချင်လို့လား'

'အို . . . မဝတ်ချင်ပါဘူး၊ ဂေါက်ဂတ်ကြီးနေမှာ၊ စာတွေထဲမှာ ဖတ်ဖူးတာတော့ အဲဒီဝတ်စုံကို ဝတ်ဖို့ ချွတ်ဖို့ အထိန်းတော်တွေ ဝိုင်းမ၊ သယ်ရတယ်လို့ပြောတာပဲ၊ ဒီအထိန်းတော်တွေရဲ့ စရိတ်က သေးမှာ မဟုတ်ဘူးမောင်ရဲ့'

'ဩော် . . . ငါ့မိန်းမနှယ် အ၊ လိုက်တာ၊ အဲဒီစရိတ်က မင်းကုန်စရာမလိုဘူးလေကွာ'

ယောကျ်ားလေးဖြစ်သူ စိတ်ဝင်စားသည်က မှန်သေတ္တာထဲမှ လှပသော ငွေဓားအိမ်နှင့် စလွယ်များ ဖြစ်သည်။ ငွေဓားအိမ်မှာ ထွင်းထုထားသော ပန်းခက်ပန်းနွယ်များနှင့် ဓားရိုးမှစာများကို စိတ်ဝင်စားစွာ လိုက်ဖတ်သည်။ မိန်းကလေးက တစ်ခုခုကို စိတ်ဝင်စားစွာပြောချင်လှပြီ။ ယောကျ်ားလေးက သူစိတ်ဝင်စားရာ မှ မျက်လုံးမလွှဲနိုင်သေး။ တစ်ခါ မိန်းကလေးက ခပ်လှမ်းလှမ်းမှာရောက်နေခိုက် ယောကျ်ားလေးက တစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com

အထူးအဆန်းပြချင်သည်။ မိန်းကလေးက မျက်နှာရှုံ့မဲ့ပြောင်ပြကာ ထွက်သွားသည်။ သူတို့နှစ်ယောက် စိတ်ကသိကအောက်ဖြစ်ရလေသည်။

တစ်ခါတုန်းကတော့ ဤပြတိုက်မှအပြန်တွင် ချစ်သူစုံတွဲတစ်တွဲ ထာဝရကွဲကွာသွားခဲ့ကြဖူးသည်။ ကောင်လေးက ရှေးဟောင်းသုတေသနနှင့် သမိုင်းကို စိတ်ဝင်စားသူ၊ လေ့လာသူ သို့မဟုတ် ပညာရှင်ဖြစ်ဖို့ စာသင်နေသူဖြစ်ပြီး ကောင်မလေးက မြို့တော်၏ ခမ်းနားသော စတိုးဆိုင်ကြီးများကိုသာ စိတ်ဝင်စားတတ်သူ။ သူတို့နှစ်ယောက် ဘာသာစကားချင်းမတူ၊ တန်ဖိုးထားမှုချင်းမတူ၊ အငြင်းပွားကြ ရန်ဖြစ်ကြပြီး ရှေ့ဆက်လက်တွဲဖို့ မဖြစ်နိုင်မှန်း သဘောပေါက်သွားကြလို့ဖြစ်မည်။ သို့မဟုတ် ကောင်လေးက လောကကို ပေါ့ရှပ်ရှပ်ဖြတ်သန်းလိုသူ၊ ပညာကို တန်ဖိုးထားရကောင်းမှန်းမသိသူ၊ ကောင်မလေးက ရိုးရာနှင့် ထိန်းသိမ်းမှုကို လေးစားသူ။ တစ်ယောက်၏ လေးစားမှု၊ တန်ဖိုးထားမှုကို တစ်ယောက် ပြက်ရယ်ပြုရယ်မောရင်းက တဖြည်းဖြည်း အလေးအနက်ဖြစ်လာ၊ နောက်ဆုံးတော့ လမ်းခွဲဖို့ အဖြေထွက်သွားကြလို ဖြစ်မည်။ ဘယ်လိုပဲဖြစ်ဖြစ် ပြတိုက်ဆိုသည်မှာ တွေးခေါ်လိုသူအား အတွေးအခေါ်တွေ ထုတ်ပေးရာ ကျောင်းတစ်ခုဖြစ်သည်။

နိုင်ငံခြားသားများကတော့ ပြတိုက်ကို မရောက်မဖြစ် ရောက်ရမည့်နေရာဟု သတ်မှတ်တာ များသည်။ အထပ်တိုင်းကို တက်ကြည့်ချင်သည်။ စိတ်ညစ်ရသူက ဧည့်လမ်းညွှန်ဖြစ်သည်။ သူသည် အရင်တစ်ပတ်ကလည်း တခြားဧည့်သည်အုပ်စုနှင့် လာရောက်ပြသ ရှင်းလင်းခဲ့ပြီးပြီ။ ဟိုးယခင်တစ်ပတ်ကလည်း တခြားသော ဧည့်သည်အုပ်စုနှင့် လာခဲ့ရပြီးပြီ။ သူ့အတွက် ဤလှေကားထစ်များကို တက်ရန် မတက်ကြွတော့ပြီ။ ထပ်ကာတလဲလဲ ခြေလှမ်းများ . . . တတ်နိုင်လျှင် သူ အောက်ထပ်မှာ နေခဲ့ချင်သည်။ သို့သော် သူ့မှာ တာဝန်ရှိသည် မဟုတ်လား။ သူသည် သိပ်စိတ်မပါသည်ကို အပြုံးတုဖြင့် ဖုံးကွယ်၍ ပြောပြီးသားစကားများကို ထပ်ပြောပြန်လေသည်။

နေရာအခက်အခဲကြောင့် ဧည့်သည် ကိုယ်လက်သန့်စင်ခန်းနှင့် အိမ်သာများကို တစ်ထပ်စီတွင် ခွဲခြားထားရာ အောက်ဆုံးမြေညီထပ်တွင် 'နိုင်ငံခြား အမျိုးသားများအတွက်သာ'၊ ပထမအထပ်တွင် 'နိုင်ငံခြား အမျိုးသမီးအတွက်သာ' စသည်ဖြင့် ခွဲခြားသတ်မှတ်ထား၏။ ဒေသခံအမျိုးသမီးများအတွက်ကတော့ အမြင့်ဆုံးအထပ်ဖြစ်သော စတုတ္ထထပ်မှာ သတ်မှတ်ပေးထားသည်။ အမျိုးသမီးများက အမျိုးသားများထက် ပိုခြေလှမ်းသွက်ကြသည် မဟုတ်လား။ အချို့ဒေသခံဧည့်သည်များက ဤခြားနားမှုကိစ္စကို နားမလည်ပေ။ တကယ်တော့ ဤကိစ္စသည် လွယ်လွယ်လေးသာဖြစ်သည်။ ဒေသသုံးငွေကြေးတစ်ဆယ်နှင့် နိုင်ငံခြားသုံးငွေ ငါးဒေါ်လာမှာလည်း ကွာခြားသည်။ ဒေသခံလူများ အသုံးပြုလေ့ရှိသည့် အိမ်သာပုံစံနှင့် နိုင်ငံခြားမှာ အသုံးပြုလေ့ရှိသည့် အိမ်သာပုံစံလည်း မတူ။ အစစအရာရာခြားနားသည် မဟုတ်လား။ သည်တော့ ခြားနားမှုဟာ ဘယ်လောက် ရှင်းလင်းသွားပါသလဲ။ သည်မျှခြားနားပေးသည်ကိုပင် ကိုယ်လက်သန့်စင်ခန်းများသို့ ဝင်ရောက်သူ နည်းပါးလှသည်။

ပထမထပ်သို့ တက်ပြီးလျှင် ဧည့်သည်များသည် ချောမွတ်စွာလှပသော ကြွေပြားခင်းကြမ်းပြင်နှင့် လှေကားထစ်များကို ငုံ့ကြည့်၍ တက်ကြသည်။ အလွန်ကို ချောမွတ်လှပါသည်။ ဖုန်၊သဲနှင့်ရေတို့ကို အလွယ်တကူသုတ်သင်ရှင်းလင်းနိုင်မည်။ သို့သော် မိုးရာသီတွင် ဧည့်သည်များ ခြေချော်မှာ စိုးရိမ်ရလေမလား။ မဖြစ်နိုင်ပါ။ ဤပြတိုက်သို့ လာသူများသည် မည်သူမျှ မိုးရေထဲတွင် လမ်းလျှောက်မလာကြပါ။ ဖိနပ်များ အလွန်အကျွံစိုစွတ်မနေပါ။ အဆင်ပြေသွားပါလိမ့်မည်။ နောက်ပြီး လှေကားလက်ရန်းတွေရှိသည်။ ချော်စရာ လုံးဝအကြောင်းမရှိပါ။

ပထမအထပ်တွင် အလယ်၌ ခန်းမကျယ်ကျယ်ကွက်လပ်တစ်ခု၊ ဧည့်သည်များ စုပြုံတိုက်ဆိုင်နေလျှင် အချို့ဧည့်သည်များ ဤဧည့်ခန်းတွင် မတ်တတ်ရပ်နိုင်သည်။ ခုံတန်းလျားတွင် အချို့ထိုင်၍ အနားယူနိုင်သည်။ ဟိုဘက်မှာ အခန်းတစ်ခု၊ သည်ဘက်မှာ အခန်းကျယ်တစ်ခု။ သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ပြီးခေတ်ပြခန်းများ

www.burmeseclassic.com

ဖြစ်သည်။ သမိုင်းတင်ပြီးခေတ် ပြခန်းမှာ ဧည့်သည်များ စိတ်အဝင်စားဆုံးနေရာသည် မင်းခမ်းတော်များ ပြသည့်အခန်းဖြစ်သည်။

ရွှေအစစ်များဖြင့် ပြုလုပ်ထားသည့် ရတနာစီခြယ်သည့် မင်းသုံးထီးနန်းသုံးအဆောင်အယောင်များဖြင့် သဖြင့် မသမာသူ သူခိုးဓားပြရန်ကို ကြောက်ရပါသည်။ ထို့ကြောင့် မှန်သေတ္တာများကို အသုံးပြုခြင်းသည် မလုံခြုံပါ။ ထို့ကြောင့် သံတိုင်များဖြင့် တံခါးသော့ခတ်ပိတ်၍ရသော အခန်းကျဉ်းများတွင် ကတ္တီပါစ ခင်းလျက် ပြသထားသည်။ လျှပ်စစ်မီး ရိုးရိုးမီးသီးတစ်ခုစီ။ ပို၍အားကောင်းသော ဆလိုက်မီးတစ်ခုစီ တပ်ဆင်ပေးထားသည်။ မီးခလုတ်များသည် ဧည့်သည်လက်လှမ်းမီသည့်နေရာမှာ ရှိ၏။ မိမိစိတ်တိုင်းကျ အလင်းရောင်ဖြင့် ချီးကျူးငေးမောအားကျနိုင်သည်။ လောဘတက်သူများလည်း ရှိသည်။ အချို့နိုင်ငံများ၏ အဖိုးတန်ရတနာရွှေငွေပစ္စည်းများထားသည့်အခန်းကို ဖောက်ထွင်းခိုးယူမှုများ မကြာခဏဖြစ်ပွားလေ့ရှိသော်လည်း ဤနိုင်ငံမှာတော့ ဖောက်ထွင်းမှုမရှိပါ။

သူတို့ဆီတွင် ညနေပြတိုက်ပိတ်ချိန်တွင် ဧည့်သည်များနှင့်အတူ ပြန်မသွားကြသော သူခိုးများ၊ ဖောက်ထွင်းဝိဇ္ဇာများသည် ပြခန်းထဲက ပုန်းကွယ်စရာ အခန်းတစ်ခုခု၊ ရေချိုးခန်း ၊ အိမ်သာသို့မဟုတ် မှန်သေတ္တာအောက်က ခုံများတွင် ဝင်ရောက်နေထိုင်ခဲ့ကြသည် ဆို၏။ နောက်တစ်နေ့နံနက် ပြတိုက်ဖွင့်ချိန်အထိ နာရီပေါင်းများစွာ အချိန်ရသည်ဖြစ်ရာ သီချင်းတအေးအေးနှင့်ပင် ပစ္စည်းများ ထုခွဲ ဖောက်ထွင်းယူနိုင်လေသည်။ နောက်တစ်နေ့ လုံခြုံရေးအစောင့်များ မလာမီ ပစ္စည်းယူဆောင်ပြီးဖြစ်နိုင်သည်။ သို့သော် ဤပြသနာကို ပူစရာမလို။ ဧည့်သည်တစ်ယောက်ချင်းအားလည်း အချက်ပြကိရိယာ လက်နက်ပစ္စည်း စစ်ဆေးရန်မလို။ အဘယ်ကြောင့်ဆိုသော် ဤနိုင်ငံသည် ငြိမ်းချမ်းသောနိုင်ငံ၊ လောဘဒေါသနည်းသော နိုင်ငံ၊ ကိုယ်ကျင့်တရားသိက္ခာ တည်ကြည်သောနိုင်ငံမို့ ဖြစ်သည်။ ဤအလုပ်မျိုးကိုဖြင့် စိတ်ကူးထဲတောင် ထည့်ကြ မည်မထင်ပါ။ သို့သော် ဖြစ်နိုင်လျှင်တော့ အရာရာကိုသည့်ထက်ပို၍ ဂရုစိုက်စစ်ဆေးကြရန် သင့်သည်ဟု တချို့ဧည့်သည်များ ထင်မြင်ချက်ပေးကြ၏။

လက်ယာမင်းခမ်းတော် ၁၃ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၃ပါးကို ပြသထားသည်။ အချို့ဧည့်သည်များသည် သန်လျက်ကို စိတ်ဝင်စား၏။ တချို့က သားမြီးယပ်ကို စိတ်ဝင်စားသည်။ ခြင်္သေ့ရုပ်ခံသော ရစ်မြွောင့် ကွမ်းခွက်မှာ အလွန်လှပပါသည်။ 'မေးထောက်'၏ရှေ့တွင် ဧည့်သည်များ ပထမမျက်မှောင်ကြုတ်ကြ၏။ ထို့နောက်ပြုံးရယ်ကာ နားလည်သွားကြသည်။ လူငယ်များက သဘောကျစွာ အသံထွက်ရယ်မောကြလေသည်။ ရွှေဖြင့်ပြုလုပ်ထားသော ရတနာစီခြယ်သည့် 'ပြတို့'ဟူသော အိုးကိုကြည့်၍ နားမလည်သူများကို နားလည်သူတစ်ယောက်က ရှင်းပြသည်လည်းရှိဖူးသည်။

'အဲဒါထွေးခံ ဒါမှမဟုတ် ထွေးအင်းဆိုတဲ့ စကားအသုံးပဲ၊ အဲဒီအိုးခွက်ဟာ လက်ဆေးရေ၊ နှုတ်ဆေးရေ၊ ဝါးဖက်၊ ငါးရိုး သားရိုးခံရတဲ့ခွက်ပေါ့'

အိုး . . . ကြီးကျယ်ခမ်းနားလှပါလား။ ရွှေနှင့်ပတ္တမြားတို့ကို ငေးမောအားကျသူလည်းပါသည်။ တစ်ဖက်က သမိုင်းမတင်မီခေတ် ပြခန်းကိုတော့ ဧည့်သည်များ သိပ်ကြာကြာမနေပေ။ အားကျရမည့် ပစ္စည်းများ မရှိသောကြောင့်ဖြစ်သည်။ သို့သော် လူငယ်အမျိုးသားအချို့ကတော့ ကျောက်လက်နက်ပစ္စည်းများ နှင့် သံခေတ်ကြေးခေတ် လက်နက်များကို စိတ်ဝင်စားကြည့်ကြသည်။

'ဟော့ကောင်တွေ ဒီမှာ လာကြည့်စမ်း၊ ကျောက်ပုတီးတဲ့. . . ဘယ်လိုလူကများ ဒါကို စိတ်ပုတီးလုပ်ခဲ့ပါလိမ့်'

အားလုံးဝိုင်းလာကြသည်။ တစ်ယောက်က အရင်စ၍ရယ်မောသည်။

www.burmeseclassic.com

'မင်းဘိုးအေ . . .ဒါကလည်ပင်းဆွဲတဲ့ ပုတီးလိုမျိုးအဆင်တန်ဆာပစ္စည်းကွ၊ အလှပြင်တဲ့ ပစ္စည်း'

သို့သော် တစ်ယောက်ကတော့ သဘောမတူပေ။

'ဒီလောက်ကြီးမားတဲ့ ပုတီးကို ဆွဲရမယ်ဆိုရင် အဲဒီမိန်းမဟာ ဗလတောင့်မှ ဖြစ်မယ်ကွ၊ အဲဒီခေတ်ကလူတွေ တော်တော်ထွားကျိုင်းကြပုံရတယ်'

ကလေးမတစ်ယောက် ရေသောက်ချင်၍ တအီအီပူဆာနေသည်။ သူတို့အုပ်စုမှာ ရေဘူးပါမလာကြပေ။ လင်မယား နှစ်ယောက် ရေဘူးမယူလာသည့်ကိစ္စအတွက် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေသည်။

'ဒါဖြင့် ပြန်ဆင်းကြမလား'

'မင်းဆင်းပြီး ရေရှာတိုက်လိုက်ပေါ့၊ ငါ အပေါ်ထပ်တွေ ကြည့်နှင့်မယ်၊ မင်းတို့ စိတ်ဝင်စားမှာ မဟုတ်ပါဘူး'

မိန်းမသည် သူ့ယောကျ်ားပြောသလို ပြခန်းထဲက ပစ္စည်းတွေကိုစိတ်မဝင်စားလို့ပဲလား၊ သမီး၏ရေငတ်မွတ်မှုကို မကြည့်ရက်လို့ပဲလားမသိ၊ကလေးကို လက်ဆွဲ၍ လှေကားမှ ပြန်ဆင်းသွားလေသည်။ ဘေးမှာရှိနေသော စုံတွဲကလေးက ဤအဖြစ်ကိုမြင်သည်။

'တွေ့လား မောင်တို့ယောကျ်ားတွေဟာ တော်တော်အတ္တကြီးတယ်'

'ဟ ဘာဆိုင်လို့လဲ'

'ကလေးရေငတ်တာဟာ မိန်းမရဲ့တာဝန်၊ ငါကတော့ လောကကြီးကို အဓိကပြုပြင်ပြောင်းလဲရမှာမို့ အရေးကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ ပြခန်းကို ငါဆက်ကြည့်မယ်၊ မင်းက ကလေးကိုထိန်း . . . ဟုတ်တယ်မဟုတ်လား၊ ဒါ အတ္တပေါ့'

အမျိုးသားငယ်က မျက်မှောင်ကြုတ်သည်။ အမျိုးသမီးလေးက မျက်စောင်းဖြင့် ကြည့်၏။

'ဘာလဲ. . . မဟုတ်ဘူးလို့ ငြင်းမလို့လား'

'မငြင်းပါဘူး၊ အမှန်က မိန်းမက ဒီကိုလိုက်ကို မလာသင့်တာ၊ အိမ်မှာပဲ ကလေးထိန်းနေရမှာကွ၊ အခုဟာက ကိုယ့်အလုပ် မဟုတ်တာကို လိုက်လုပ်နေတာကိုး'

အမျိုးသမီးက မျက်လုံးပြူး၍ အံကြိတ်သည်။

'ကြည့်စမ်း ၊ ဒါအတည်ပြောနေတာလား'

'ဟာ . . . ဒါမင်းကိုပြောနေတာမဟုတ်ဘူး၊ ဟိုမိန်းမကို ပြောတာ၊ ကိုယ့် မိန်းမက အဖိုးတန်မိန်းမပဲ၊ ပညာရှင်အဆင် လေ၊ မင်းကတော ဒီနေရာကိုလာရမှာပေါ့၊ ကိုယ်တို့ကလေးရရင် ကိုယ်က အိမ်မှာကလေးထိန်း နေခဲ့မှာပေါ့'

ထိုစကားသည် လိမ်ညာစကားဟု သိသာပါလျက် အမျိုးသမီးလေးက ယုံကြည်သော အပြုံးဖြင့် ကျေအေးသွားလေသည်။ တကယ်ယုံကြည်တာလား၊ ယုံကြည်ဟန်ဆောင်တာလား သူမသာလျှင် သိပေလိမ့်မည်။ ဒုတိယထပ်သို့ ကျောင်းသူကျောင်းသားကလေးများက အရင်ပြေးတက်သွားကြသည်။

'ဆရာမ . . . ဆရာမ . . . ဝါဂီနစ်ဆိုတာ ဘာလဲဟင်'

www.burmeseclassic.com

ဆရာမသည် သူသိသော စကားဖြစ်၍ ပိုင်နိုင်တက်ကြွစွာ လျင်မြန်စွာ ဖြေလေသည်။

'ဝါဂီနစ်ဆိုတာ အဆို၊အက၊အတီးအမှုတ်ပညာကို ခေါ်တာကွဲ့၊ ဒီအခန်းထဲမှာ မင်းတို့ဟာ တူရိယာပစ္စည်းမျိုးစုံကိုတွေ့ရမယ်'

အခန်းထဲသို့ ဝင်ဝင်ချင်း ပထမဆုံးခံစားချက်သည်ကား လေအေးစက်၏ အေးမြလန်းဆန်းမှုအရသာ ပင်ဖြစ်သည်။

'ဟား . . . ကောင်းလိုက်တာ၊ အခန်းတိုင်း ဘာဖြစ်လို့ ဒီလိုမဟုတ်တာလဲ ဆရာမ'

'အဲ . . .'

ဤမေးခွန်းသည် ဆရာမ မဖြေနိုင်သော မေးခွန်းဖြစ်သည်။ အခန်းသည် ဂီတခန်းပီသစွာ ဂီတသံဖြင့် ဖုံးလွှမ်းနေ၏။ ကလေးတစ်ချို့ ခပ်တိုးတိုးလိုက်ညည်းရင်း ရွှင်မြူးလာသောကြောင့် ဆတ်တောက်ဆတ်တောက် လမ်းလျှောက်လေသည်။

အမျိုးသားငယ်က သူ့ဇနီးအား တစ်ချက်လှမ်းကြည့်သည်။ အမျိုးသမီးလေးက ရယ်၏။

'ပြတိုက်ကို ပစ္စည်းလှူလို့ ရလားဟင်. . . မောင်'

'အိုး . . . ရမှာပေါ့၊မင်းက ဘာလှူချင်လို့လဲ'

'စိန်ဗေဒါရဲ့ တီးလုံးကက်ဆက်ခွေ'

အမျိုးသားက အလေးအနက်မျက်နှာအဖြစ် ချက်ချင်းပြောင်းသွား၏။

'ဒီအခန်းက ဂီတသံမလိုပါဘူး၊ ဒီအခန်းတွေမှာ စပီကာတပ်ထားတာက အသံသွင်းတိပ်ခွေနဲ့ ပစ္စည်းတွေအကြောင်း ရှင်းပြဖို့လိုအပ်တဲ့အချိန်မှာ ဖွင့်ပေးဖို့ပါပဲ၊ အခုဟာက တခြားပါ၊ နေ့လယ်နေ့ခင်း ဝန်ထမ်းတွေ တစ်ခဏ အပန်းဖြေနည်းတစ်ခုဖြစ်မှာပါ၊ မင်းက မသိတတ်ရန်ကော၊ ဒါဆိုရင် ပညာရှင်အဆင့်ကနေ ဖြုတ်ပစ်လိုက်မယ်'

သူတို့နှစ်ယောက်သည် ပဉ္စရူပ ပတ္တလားရှေ့သို့ ရောက်သွားသည်။

'မောင် ဒီဥစ္စာ ငါးအမြီးမှ ဟုတ်ရဲ့လား'

'မသိဘူးလေ၊ ဘာဖြစ်လို့လဲ၊ ငါးအမြီးလား'

'ဟုတ်တယ်၊ဒါဘယ်ခေတ်က လက်ရာပါလိမ့်'

ထို့နောက် အမျိုးသမီးလေး၏ မျက်လုံးက ခန်းမအလယ်မှ ဆိုင်းဝိုင်းဆီရောက်သွား၏။ မျက်လုံးများ တောက်ပသွားသည်။

'အဲ. . . အဲဒါမှ ငါးအမြီး မောင်ရဲ့၊ ဟောဟိုမှာ'

သူတို့နှစ်ယောက်သည် အရုပ်ကို အသေအချာကြည့်ကြသည်။

'ပဉ္စရူပဟာ မြင်းခြေထောက်တစ်ဖက်၊ တိုးခြေထောက်တစ်ဖက် ရှိသတဲ့ မောင်ရဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဒါက သမင်ချိုလား'

သူမ ခပ်သွဲ့သွဲ့ ရယ်မောလျက် ငြင်းသည်။

'မဟုတ်ဘူး၊ စာဆိုအရတော့ တိုးကောင်ရဲ့ ချိုတဲ့'

'တိုးကောင်ဆိုတာ တိုးနရားကို ပြောတာလား'

အမျိုးသမီးက ပခုံးတွန့်၍ ခေါင်းယမ်းကာ ရယ်မောသည်။

'ကြိုးနှစ်ချောင်းတည်းနဲ့ အသံမြည်တယ်ပေါ့နော် ဆရာမ'

ကလေးတစ်ယောက်၏ အမေးကို ဆရာမက ခပ်ဝါးဝါးဖြေ၏။

'အေး . . . မြည်လို့ဖြစ်မှာပေါ့ကွယ်'

ဘယ်လောက်များ ရှင်းလိုက်ပါသလဲ။ မိကျောင်းတူရိယာမှာ ကြိုးသုံးကြိုးတပ်ထားသည်ကို တွေ့ပြန်တော့ ကလေးတစ်ယောက်က ကိုင်ကြည့်ဟန်ပြင်၏။ တစ်ယောက်က မကိုင်ရဘူးဟု တားမြစ်သည်။ ကောင်လေး လက်တွန့်သွားသည်။

'ကျွန်တော် ကိုင်ကြည့်ချင်တယ်'

ကလေးက သူ့ဆန္ဒကို ထုတ်ပြောသော်လည်း မည်သူမျှ မလိုက်လျောချေ။ ဤသည်မှာ တင်းကျပ်သော စည်းကမ်းဖြစ်သည်။

ကျေးလက်အနုပညာပြခန်းထဲသို့ ခုန်ပေါက်၍ဝင်သွားသော ကျောင်းသားကလေးများအား ဆရာမက 'ရှူး . . . တိုးတိုး၊ မဆူရဘူး' ဟု တားမြစ်သံသွဲ့သွဲ့ဖြင့် ညည်းသည်။ ကလေးတို့၏ ပထမဦးဆုံး ခံစားချက်မှာ ပူအိုက်လှောင်ပိတ်ခြင်းဖြစ်သည်။

'ကလေးတို့ . . . ဒေါင်းလန်းဆိုတာ ဟောဒါပဲ၊ မြင်ဖူးအောင် ကြည့်ထားကြ'

ထို့နောက် ဆရာမသည် ကျေးလက်သရုပ်ဖော်သီချင်း တစ်ပိုင်းတစ်စကို ခပ်တိုးတိုးရေရွတ်ပြ၏။ 'လက်ရည်တစ်ပြင်တည်း နီးဒေါင်းလန်းတွေနဲ့ ဝိုင်းဖွဲ့ကာ စားကြတယ်တဲ့၊ အဲဒီခေတ်တုန်းက သူငယ်ချင်းတွေ မိသားစုတွေအားလုံး ဒီဒေါင်းလန်းမှာ ထမင်းဟင်းတွေပုံထည့်ပြီး ဝိုင်းစားကြတယ်၊သူ့လက်က နယ်တဲ့ဟင်းရည်က ကိုယ့်ဘက်ကျ၊ ကိုယ့်လက်က နယ်တဲ့ . . . '

အားလုံးဝိုင်းရယ်ကြလေသည်။ ဘူးသီးခြောက်ရေဘူးများကို ဆရာမက ညွှန်ပြပြီး ရှင်းပြ၏။ ကလေးတို့သည် စိတ်ဝင်စားစွာ နားထောင်ကြသည်။

ကျေးလက်ဒေသနှင့် နယ်မြို့ကလေးများကို မရောက်ဖူးသော မြို့တော်သူမြို့တော်သား ကျောင်းသားကလေးများသည် ဤပြခန်းထဲတွင် လက်ဖြင့်ခတ်သော ရက်ကန်းစင်များကို မြင်ကြရသည်။ လှေကြီးများရပ်နားရန်အသုံးပြုသော ပစ္စည်းအဖြစ် သစ်သားဖြင့်ပြုလုပ်ထားသော ကြီးမားသည့် ကျောက်ဆူးကြီးကို မြင်ကြရသည်။ ကြီးမားသော သစ်သားတစ်ပြားတည်း ထုလုပ်ထားသည့် လှည်းဘီးပြား ဝိုင်းကြီးကို မြင်ကြရသည်။ သူတို့ ပို၍စိတ်ဝင်စားသော အရာမှာ ရှေးခေတ်က အုန်းခြစ်နှင့် သံပုရာရည်ညှစ် ကိရိယာဖြစ်၏။ အုန်းခြစ်သည် ဝမ်းလျားမှောက်နေဟန် သူငယ်တော်ရုပ် သစ်သားပန်းပု၏ ပါးစပ်မှာ တပ်ဆင်ထားသော သံခြစ်ဖြစ်သည်။ သံပရာရည်ညှစ်ကိရိယာကတော့ တော်တော်လက်ဝင်မည့် ခမ်းနားသော သစ်သားကိရိယာကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဦးခေါင်း ထုလုပ်ထားသည်။ ဆင်၏ပါးစပ်နေရာမှာ သံပရာသီးထည့်ပြီး အပေါ်မှ နှိပ်ချပစ်ရမည့်ပုံရှိသည်။ အောက်တည့်တည့်မှာ သံပရာရည်ကျစေလိုသည့် ခွက်ကို ခံထားရုံသာ ဖြစ်၏။ ကလေးများသည် ဤထူးဆန်းသော ကိရိယာကိုမြင်သည့်အတွက် အလွန်ဝမ်းမြောက်ကြ၏။ သံပရာသီးခြမ်းကလေးတစ်ခုကိုပင် အဲသည်အထဲ ယခုချက်ချင်းထည့်ပြီး လက်တွေ့ ညှစ်လိုစိတ် ပေါ်လာကြသည်။ ခုန်ဆွခုန်ဆွနှင့် ဆင်နှာမောင်းကလေးအနီးမှ မခွာနိုင်ဘဲဖြစ်နေ၍ ဆရာမကပင် အခြားနေရာများကို ကြည့်ရန် ခေါ်ယူရ၏။

'ပန်းဆယ်မျိုးဆိုတာ ကလေးတို့ သိကြရဲ့လား'

ကလေးတို့သည် စာတွေ့အားဖြင့် ပန်းဆယ်မျိုးကို ကောင်းကောင်းသိကြပါသည်။ ကလေးတို့စာတွေ့သိထားသော ပန်းဆယ်မျိုးကို ယခုအခါ ဆရာမသည် ပုံစံများဖြင့် လက်တွေ့ ပြသရှင်းလင်းနိုင်လေသည်။ ကြေးတို့သွန်းသော ပန်းတဉ်းအတတ်ပညာ၏ပုံတူနမူနာအဖြစ် ကလေးတို့သည် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို မြင်ကြရသည်။ ပန်းယွန်းအဖြစ် မြင်ဖူးနေကျ ယွန်းပစ္စည်းအသုံးအဆောင်များကို တွေ့ရသည်။ လက်တွေ့မမြင်ဖူးသော ပန်းပဲပစ္စည်းများကို အရိပ်အမြွက်မြင်တွေ့ရသည်။ ပန်းချီနှင့် ပန်းတိမ်ကိုတော့ ကလေးတိုင်း သိလေသည်။ ပန်းရန်သည်ကား ယနေ့ခေတ်မြို့တော်ကြီးတွင် နေရာတကာ ကလေးတို့ မြင်တွေ့နေရသော ကွန်ထရက်လုပ်ငန်းတိုက်တာအဆောက်အအုံ တစ်ပိုင်းတစ်စများတွင် မမြင်ချင်အဆုံး ပေါ်များလှ၏။

နောက်တစ်ထပ်တက်ရသောအခါ ကလေးတို့၏ ခြေလှမ်းသည် စောစောကလောက် သွက်လက်တက်ကြွမှု မရှိတော့ပေ။ ဓာတ်လှေကားအကြောင်းကို စဉ်းစားစပြုလာကြသည်။ ဓာတ်လှေကားသည်ကား တည်ဆောက်ဆဲဟု သိရသည်။ အထပ်တိုင်းတွင် ဓာတ်လှေကားပေါက်ကို အင်္ဂတေတစ်ပိုင်းတစ်စနှင့် သံချောင်းထောက်တိုင်များပါဝင်လျက် မြင်တွေ့နေရပြီ။ သို့သော် မပြီးစီးသေးပေ။ ကိစ္စမရှိပါ။ လှေကားဖြင့်တက်ရခြင်း၊ ဆင်းရခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်စေပါသည်။ တစ်စုံတစ်ယောက်သည် ပြင်သစ်နိုင်ငံရှိ လုဗ်ပြတိုက်အကြောင်းကို စပ်မိစပ်ရာပြောဆိုနေသည်။ သူသည်ပြင်သစ်နိုင်ငံသို့ မကြာသေးမီက သွားရောက်ခဲ့သည်ဟု သူ့စကားများအရ သိနိုင်သည်။

'အီဂျစ်နိုင်ငံက စဖင့်က်စ်ရုပ်တုကြီးတွေ၊ အီဂျစ်ကနေ ဖြိုပြီးလက်ရာမပျက် ရွှေ့လာတဲ့ ရှေးဟောင်းတံတိုင်းတွေ၊ မံမီတွေ'

'ပြင်သစ်က ဝယ်ထားရမှာပေါ့နော်'

'မဟုတ်ဘူး၊ သိမ်းပိုက်လာတာ'

ထိုအခါ ဘေးကအဖော်သည် နှုတ်ဆိတ်သွားပြီး စဉ်းစားဟန်ဖြင့် ခဏတွေသွား၏။ သီဟာသနပလ္လင် ကို အိန္ဒိယပြည်ပြတိုက်မှတစ်ဆင့် ပြန်ရထားခြင်းဖြစ်သည်။ စစ်ရှုံးသူထံမှ စစ်နိုင်သူက သိမ်းပိုက်ခြင်းသည် အလယ်ခေတ်နှင့်ခေတ်နှောင်းတွင် မထူးခြားသောထုံးစံဖြစ်သည်မှာ မှန်၏။ သို့သော် အီဂျစ်နိုင်ငံသည် ပြင်သစ်နိုင်ငံကို စစ်ရှုံးခဲ့ဖူးသလား၊ သူမမှတ်မိ။ သူသည် ကမ္ဘာ့သမိုင်းကို ပြန်တွေးကြည့်နေသောကြောင့် ဆက်ပြောသောစကား၏ အပိုင်းအစများကို လျှံသွားသည်။

'ကျောက်ဆစ်ရုပ်ကြီးတွေ၊ ပလတ်စတာရွှံ့စေးရုပ်တုကြီးတွေ လူ့အရပ်မကမြင့်တဲ့ ငန်းရုပ်ကြီးတွေဗျ၊ အသားအကြော ဆံပင် ကိုယ်ခန္ဓာတည်ဆောက်ပုံက တကယ့်လူအတိုင်းအသေးစိတ် သရုပ်မှန်ပဲ၊ မိုက်ကယ်အင်ဂျလို၊ ရိုဒင်'

ပန်းချီခန်းမဆောင်ထဲသို့ ဝင်ရောက်သောအခါ ပတ်ဝန်းကျင်အနေအထား နည်းနည်းပြောင်းသွားသဖြင့် နားထောင်သူသည် သတိနည်းနည်းဝင်လာ၏။ သူ့ဘေးမှ ပြင်သစ်ပြည်၏စကားများကို သူပြန်ကြားနေရသည်။

www.burmeseclassic.com

'ပန်ချီကားတစ်ချပ် တစ်ချပ်ဟာ ဟောဟိုနံရံကြီးအပြည့်စာလောက်ရှိတာ'

ထိုစကားအရောက်တွင် ပတ်ဝန်းကျင်ကလူတချို့သူ့ဘက်သို့ လှည့်ကြည့်ကြ၏။

'ရွှေချည်ထိုး ပန်းချီတွေကို နံရံကြီးမှာ သုံးခု လေးခုထက် ပိုချိတ်လို့မရဘူး၊ ကြီးလွန်းလို့၊ သမိုင်းသရုပ်ဖော်အသေးစိတ်လက်ရာတွေနော်'

ထိုစကားအဆုံးတွင် ကျောင်းသားကလေးအများစုအုပ်စု သူတို့အနီးသို့ရောက်လာကြသည်။

'ဒါဖြင့် မိုနာလီဇာပန်းချီကားကိုရော ခင်ဗျားကြည့်ခဲ့ရမှာပေါ့နော်၊ ဘယ်နှယ့်နေလဲ . . . အကြီးကြီးလား'

'ဟော . . . သေးသေးလေးဗျ၊ ဘာရှိလိမ့်မတုံး၊ ဟောဟို ပန်းချီကားလောက်ပဲ၊ သစ်ထွင်းကနုတ်ဘောင်နဲ့ ကွပ်ထားတယ်၊ ကျုပ်တော့လှတယ်မထင်ပါဘူးဗျာ။ ဒီပန်းချီကား ဘာကြောင့် ဒီလောက်ချီးကျူးခံရပါလိမ့်လို့ ကျုပ်အသေအချာလေ့လာတာပဲဗျ၊ ဘာမှ မခံစားရဘူး'

ထို့နောက် သူတို့သည် ကုန်းဘောင်ခေတ်နှောင်း ပန်းချီကားတစ်ခုရှေ့သို့ ရောက်သွားကြသည်။

'နေပါဦး၊ ဟောဒီကပန်းချီကားနဲ့တူတဲ့ ပန်းချီကားတစ်ခု ကျုပ်ဟိုတယ်ကြီးတစ်ခုမှာ တွေ့ဖူးတယ်၊ ဟောဒီပုံလိုပဲ၊ အိမ်ထောင်ဦးစီးဂုဏ်သရေရှိ ယောကျာ်းဘေးမှာ မိန်းမနှစ်ယောက်နဲ့၊ မိန်းမတစ်ယောက်က ရင်ဟင်းလင်းဖွင့်ထားတယ်၊ ဒီလိုပဲ ပွင့်ပွင့်လင်းလင်းကြီးလေ'

ပန်းချီကား၏ နောက်ခံတွင်(ခပ်ဝေးဝေးမှ) လမ်းတစ်ခု သစ်ပင်စုစု၊ တိုက်အိမ်သုံးလုံးကို မြင်ရသည်။

'ဒါပေမယ့် ဟောဒီပန်းချီကားကတော့ အစစ်ပါဗျာ၊ ဒီမှာကြည့် . . .ဆွေးမြည့်နေတဲ့ အဝတ်စအနားလေးတွေ၊ မနည်းဖြစ်အောင် ကြိုးစားကပ်ထားရတာ'

ကျောင်းသားတစ်ယောက်က ဆရာမအား မေ့ကြည့်၏။

'ဆရာမ . . . သူကမိန်းမနှစ်ယောက်ရှိလား'

'အို . . .မဟုတ်ဘူးကွဲ့၊ ဟောဒီဘက်က လုံလုံခြုံခြုံနဲ့ ခံ့ခံ့ထည်ထည်က ဇနီး၊ ဟောဒီဘက်က မိန်းမကတော့ ကလေးနို့တိုက်ဖို့ ငှားထားတဲ့ မိန်းမ နို့ထိန်းပေါ့ကွယ်'

ပန်းချီခန်းတွင် ပန်းချီကားများကို အသေးစိတ်လေ့လာနေသော နိုင်ငံခြားဧည့်သည့်အုပ်စုတစ်စု ရှိနေသည်။ သူတို့သည် ပြတိုက်ကိုပြောင်းပြန်အနေအထားဖြင့် လှည့်ပတ်ကြ၏။ ပထမဆုံးသူတို့သည် မြေညီထပ်ကိုမကြည့်ဘဲ အထက်ဆုံးစတုတ္ထထပ်ထိတက်လာခဲ့ကြသည်။ စတုတ္ထထပ်တွင် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းနှင့် ဗုဒ္ဓဆင်းတုတော်များ ပြခန်းကို ကြည့်ပြီးနောက် ယခုအခါ အောက်တစ်ထပ်ဖြစ်သော တတိယထပ်သို့ ရောက်လာခြင်းဖြစ်သည်။ သူတို့သည် ပြောင်းပြန်ကြည့်လျှင် လူအများနှင့် ဆန့်ကျင်ဘက်ဖြစ်သဖြင့် လူရှင်းလင်းမည်ဟု ယူဆကြလေသည်။ တိုင်းရင်းသားဝတ်စုံများပြခန်းတွင် တိုင်းရင်းသားလူမျိုးစုအားလုံး၏ အရပ်အမောင်း ကိုယ်ဟန်နှင့် မျက်နှာကျပုံများ တစ်ထပ်တည်းတူနေသဖြင့် သူတို့အံ့သြခဲ့ကြပြီးပြီ။ ရှင်းလင်းပြသူက ဧည့်လမ်းညွှန်က ဤပလတ်စတာရုပ်တုများသည် တိုင်းရင်းသားတို့၏ မျက်နှာသွင်ပြင်ကို ကိုယ်စားပြုခြင်းမဟုတ်ကြောင်း၊ ဝတ်စုံများသည်သာ တိုင်းရင်းသားဝတ်စားဆင်ယင်မှု ရိုးရာကို ကိုယ်စားပြုကြောင်း ပြောပြရသည်။ ပဒေါင်လူမျိုးများသည် အဘယ်ကြောင့် လည်ပင်းတွင် သတ္တုကွင်းများ ပတ်ရပါသနည်းဟု

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်စားကြ၏။ ဧည့်လမ်းညွှန်သည် သင့်တော်သော သဘာဝကျသော အဖြေတစ်ခုကို ချက်ချင်းပေးခဲ့သည်။

'အမျိုးသမီးတွေဟာ တောထဲကို ဟင်းစားရှာဖို့၊ ထင်းခုတ်ဖို့၊ ယာခုတ်ဖို့ သွားကြရတယ်။ ဒီတောနက်ထဲမှာ ကျားတွေ အလွန်ပေါများတယ်၊ ကျားရဲ့ သတ်ဖြတ်ဆွဲကိုက်မှုကို ရုတ်တရက် မခံရအောင် ကာကွယ်တဲ့သဘောမျိုးနဲ့ စတင်ဝတ်ဆင်ခဲ့တာဖြစ်ပါတယ်၊ နောက်တော့ ဒါကို အဆင်တန်ဆာတစ်ခုအနေနဲ့ ဝတ်ဆင်တဲ့ ရိုးရာဖြစ်သွားတာပါပဲ'

ပြတိုက်သည် ညနေ၃နာရီ ၃၀မိနစ်တွင် ပိတ်ပါသည်။ ပိတ်ချိန်နီးလာသည့်အခါ လူများ ခပ်သွက်သွက်ခပ်လောလော ဖြစ်လာသည်။ တချို့ပစ္စည်းများကို သူတို့ ခပ်ရှန်းရှန်းကြည့်ကြ၏။ ပြင်သစ်ပြည်က လုဗ်ပြတိုက်ဆိုသည်က နဝမမြောက်လူဝီဘုရင်လက်ထက်ကတည်းက ၁၂၂၆ခုနှစ် မှာကတည်းက နန်းစံခဲ့သော နန်းတော်ကြီးဖြစ်သည်။ ယခုထက်တိုင် မပျက်မယွင်း တည်ရှိနေသော နန်းတော်ဟောင်းကြီးကို ပြတိုက်အဖြစ် အသွင်ပြောင်းထားခြင်းဖြစ်သည်။ အလယ်ခေတ်ယဉ်ကျေးမှုအရ အန္တရာယ်ကို ကာကွယ်ရန် ခိုင်ခံအောင်၊ လုံခြုံအောင် ဆောက်ခဲ့သော နန်းတော်ကြီးဖြစ်သည်။ မည်မျှကြီးကျယ်ခမ်းနားလိုက်မည်ကို စိတ်ကူးဖြင့် မှန်းဆကြည့်နိုင်ပါသည်။

မည်သို့ဆိုစေ ဤပြတိုက်သည် လူမျိုးနှင့်ယဉ်ကျေးမှုကို ကိုယ်စားပြုရန် အတတ်နိုင်ဆုံး ဖန်တီးထားသောနေရာဖြစ်သည်။ တောင်ငူခေတ်၊ ဟံသာဝတီခေတ်တို့မှ နန်းတော်တိုင် သို့မဟုတ် နန်းတော်မုခ်ဦးတိုင်ဟောင်းများကို အပိုင်းအစအဖြစ် ပြသထားသည်ကို မြင်တွေ့ခြင်းဖြင့်သာ ကျေနပ်ရသည်။ နန်းတော် အကောင်အထည်လိုက်မပျက် ကြွင်းကျန်ရစ်မည်ဆိုလျှင် မည်မျှကောင်းလိုက်လေမလဲ။ အဟောင်းကို ထိန်းသိမ်းခြင်းအတတ်ပညာနှင့် အနုပညာကို လူတိုင်းနားလည်စေရန် ပြတိုက်တစ်ခုက စွမ်းဆောင်နိုင်လိမ့်မည်ဖြစ်သည်။ ပြတိုက်သို့နေ့စဉ်လာရောက်ကြည့်ရှုသော ပြည်သူများသည် ဤပြတိုက်မှ ပြတိုက်အတတ်ပညာကိုမရကြသည့်တိုင် အဟောင်းကို တန်ဖိုးထားခြင်းဖြင့် အသစ်ကို တိုးတက်စေခြင်းဟူသော ပညာရပ်ကိုတော့ နားလည်ကောင်းနားလည်ပေလိမ့်မည်။

ဒရောသောပါး ပြေးဆင်းနေကြသော ကျောင်းသားကလေးများအား ဆရာမက လိုက်ပါထိန်းသိမ်းရင်း ဆွေးနွေးမေးမြန်းဖို့ ကြိုးစားသည်။

'ရေဆာတယ်ဆရာမ၊ ရေဘယ်သွားသောက်ရမှာလဲဟင်'

ဆရာမ ပို၍စိတ်ညစ်သွားသည်။ ရေဘူးသယ်ခဲ့ဖို့ ဆရာမမေ့လာသည်။ နောက်တစ်ခါလာရလျှင်တော့ ရေဘူးသယ်ခိုင်းရမည်ဟု ဆရာမ မှတ်ထားလိုက်၏။

ကလေးအားလုံး ကျောင်းကားရှိရာသို့ အပြေးအလွှားသွားကြ၏။ ကလေးတို့၏ခြေလှမ်း သွက်လှသည်။ အချို့ဧည့်သည်များသည် ခြေလှမ်းနှေးကွေးကြ၏။ တချို့က လှမ်းမှန်းမသိ လှမ်းကြသည်။ ဇနီးမောင်နှံစုံတွဲကလေးသည် တိုင်းဆဆင်ခြင်သော မျက်နှာ အမူအရာဖြင့် ခပ်ဖြည်းဖြည်းပြန်ထွက်လာသည်။ ကလေးရေဆာသဖြင့် အပြင်ထွက်ရသောဇနီးသည် သည် သူ့ခင်ပွန်းကို အခဲမကျေသောမျက်နှာနှင့်ကြည့်ဆို၏။ ခင်ပွန်းသည် သမီးငယ်ကို ကောက်ယူပွေ့ချီလိုက်သည်။ ကျေးလက်တောသူတောင်သားများသည် အံ့ဩသော မျက်နှာများ မပြေပျောက်သေးဘဲ လက်ဟန်ခြေဟန်ဖြင့် အားရပါးရစကားပြော၍ ပြန်လာသည်။ နိုင်ငံခြားသား ဧည့်သည်အုပ်စုများ သူတို့ကို စောင့်နေသည့် သစ်လွင်တောက်ပသော ကားများပေါ်သို့ အသီးသီး တက်ကြချိန်တွင် တချို့ဒေသခံ ဧည့်သည်များသည် ပြတိုက်အပြင်သို့ ခြေကျင်လျှောက်သွားနေကြသည်။ ဘတ်စ်ကားမှတ်တိုင်သည် သိပ်မဝေးလှပါ။ သူတို့၏ခြေလှမ်းများကို သူတို့ရေတွက်ခြင်းဖြင့် ညောင်းညာမှုကို မေ့ပျောက်ထားနိုင်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


ယခုအချိန်မှစ၍ သူတို့သူတို့ ဧည့်သည်များထဲမှ အချို့သူတို့တွင် တွေးခေါ်ရာတွေ ရကုန်လိမ့်မည်။ အချို့သူတို့တွင် အတွေးအခေါ်များ ပြောင်းလဲကုန်လိမ့်မည်။ အချို့ အားရကျေနပ်လိမ့်မည်။ အချို့ အားမလို အားမရ ဖြစ်ကြမည်။ အချို့ မျိုးချစ်စိတ်ဓာတ် အပြည့်အဝရသွားကြလိမ့်မည်။ ဧည့်သည်၏မူလအနေအထားနှင့် လက်ခံနိုင်စွမ်းရည်ပေါ်မှာ မူတည်ပေလိမ့်မည်။

သေချာသည်ကတော့ ပြတိုက်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်သည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## သစ်တစ်ပင်ကောင်း

လောကပတ်ဝန်းကျင်သည် တိတ်ဆိတ်စွာ ငြိမ်းချမ်းလျက်ရှိသည်။ အေးစိမ့်စွာလည်း လန်းဆန်းလျက်ရှိသည်။ ရွာကလေးသည် ဘေးပတ်ဝန်းကျင်တွင် တောင်တန်းများ၊ သစ်ပင်အုပ်စုကြီးများ ကာရံထားသောကြောင့် ခရီးသွားလာရေး အနည်းငယ်ခက်ခဲသော ဒေသဖြစ်သည်။ ထို့ကြောင့်လည်း ဤရွာကလေးတွင် လူနေအိမ်ခြေ အလွန်ကျဲပါးသည်။ ပြည်မမှဧည့်သည်များ အရောက်အပေါက်နည်းသည်။ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော သူ့လိုရဟန်းသံဃာများ လာရောက်လည်ပတ်ခြင်း နည်းဟန်တူသည်။ ရွာရှိလူဦးရေ၏ တစ်ဝက်ခန့်သည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ကျန်တစ်ဝက်ထဲမှ တစ်ချို့သည် မိရိုးဖလာကိုးကွယ်မှုဖြစ်သော နတ်ပူဇော်ကိုးကွယ်ခြင်းကို အမွေထိန်းသိမ်းထားဆဲ၊ ကျန်တချို့သည် ဗုဒ္ဓဘာသာဆိုသည်ကို ကြားဖူးနားဝ ရှိနေသူများဖြစ်သည်။

ဤရွာတွင် ပထမဦးဆုံးသောဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကို လွန်ခဲ့သည့် ရှစ်နှစ်ကမှ စတင်တည်ထောင်ခဲ့ရသည်။ သူသည်ထိုဘုန်းကြီးကျောင်း၏ ဒုတိယမြောက် ကျောင်းထိုင်ဘုန်းကြီးဖြစ်သည်။ အင်္ဂလိပ်ခေတ်ကတည်းက ခရစ်ယာန်သာသနာပြုဘုန်းကြီး၏ စွန့်စားစွာ စည်းရုံးသာသနာပြုခဲ့သော အကျိုးကျေးဇူးကြောင့် ရွာသားများသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။ သို့သော် နတ်ကိုးကွယ်သော အုပ်စုလည်း ကျန်နေသေးသည်။ သူ့အရင် ဤကျောင်း၏ ကျောင်းထိုင်ဘုန်းကြီးသည် ဗုဒ္ဓဘာသာဝင်ရွာများကဲ့သို့ ဆွမ်းခံခြင်းအမှုကို ပြုလုပ်၍မရခဲ့ပေ။ ရွာသားများသည် ဘုန်းကြီးတစ်ပါးကို ဆွမ်းလောင်းဖို့ ကပ်လှူဖို့ ဟူသည့်အသိတရားနှင့် ဝေးကွာလှသည်။ သူတို့အမြင်တွင် ဤဘုန်းကြီးသည် မိမိတို့ကဲ့သို့ ထမင်းဟင်းချက်စားရန် ဘာကြောင့်ဝန်လေးနေပါသနည်း။ မိမိတို့မှာ အမဲလိုက်ခြင်း၊ ပျားဖွတ်ခြင်း၊ သစ်ခုတ်ခြင်း၊ သီးနှံစိုက်ပျိုးခြင်းတို့ကို အလှည့်ကျဆောင်ရွက်နေသည်ဖြစ်ရာ ဘုန်းကြီးအား ထမင်းဟင်းချက်ပေးရန် အချိန်မရှိ၊ ဤဘုန်းကြီးသည် ထမင်းဟင်းချက်ပေးမည့် ဇနီးမယား သားသမီးမရှိအပ်လျှင် တပည့်လက်သားတော့ ရှိရပေမည်။ ဤအမြင်မျိုးကို ဘုန်းကြီးထံ စကားပေါက်အောင် သူတို့ကြိုးစားခဲ့ရသည်။ ဘုန်းကြီးကလည်း ဤအမြင်မျိုးကို ဖြေရှင်းရန်အတွက် သူတို့စကားကို နားလည်အောင် ကိုယ့်စကားကို သူတို့နားလည်အောင် သင်ယူကြိုးစားခဲ့ရ၏။

ဘုန်းကြီးပျံလွန်တော်မူပြီးနောက် ဒုတိယကျောင်းထိုင်ကိုယ်တော်အဖြစ် သူဤရွာကလေးသို့ ရောက်လာသောအခါ အခြေအနေသည် ယခင်ကလို ခက်ခဲခြင်းမရှိတော့ပေ။ ရှစ်နှစ်တိတိ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးတစ်ပါး၏ တစ်ကိုယ်တည်းနေထိုင်မှု၊ ရွာသားများအပေါ် ကူညီစောင့်ရှောက်မှု၊ ပညာသင်ကြားပေးမှု၊ နေမကောင်းမကျန်းမာလျှင် ကုသပြုစုမှု စသည်တို့ကို ရွာသားများ အနည်းအကျဉ်း လက်ခံတတ်လာခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်တွင် သူရောက်လာရသည်ဖြစ်ရာ သူ့အတွက် သာသနာပြုခြင်းသည် မူလဘုန်းတော်ကြီးလောက်တော့ ပင်ပန်းခက်ခဲခြင်း မရှိပေ။

ရွာသားထဲမှ လူခပ်ရွယ်ရွယ်တစ်ယောက်သည် မူလဘုန်းတော်ကြီး၏ ကပ္ပိယအဖြစ် ထမင်းဟင်းချက်ပေး၊ ဘုန်းကြီးဝေယျာဝစ္စကို ပြုစုပေးနေခဲ့သည်မှာ နှစ်နှစ် သုံးနှစ်ခန့်ရှိနေပြီဟု သိရသည်။ ထိုသူ့နာမည်မှာ သူသိသလောက်အသံထွက်ပြီး ဦးကျုံတန်ဖြစ်သည်။ ရဝမ်လူမျိုးအနွယ်ဖြစ်သည်။ မြန်မာစကား အတော်အသင့် ပြောတတ်လေသည်။

ရွာသားများသည် အများစုမှာ အမဲလိုက်ခြင်းဖြင့် ဟင်းစားရှာဖွေကြသည်ဖြစ်ရာ ရလာသောအမဲအား ခွဲဝေဖြတ်တောက်ပြီး ဘုန်းကြီးကျောင်းသို့ လာပို့လေ့ရှိသည်။ တစ်ခါတစ်ခါ ဘုန်းကြီးနှင့်တိုက်ရိုက်တွေ့၊ တစ်ခါတစ်ခါ ဘုန်းကြီးနှင့်မတွေ့လျှင်လည်း ဘုန်းကြီးကျောင်းမီးဖိုချောင်ထုပ်တန်းမှာ ထိုအမဲပေါင်ကို ချိတ်ဆွဲထားခဲ့လေ့ရှိသည်။

'အဲဒီမှာ အမဲတစ်ပေါင်ပေးခဲ့ပြီ၊ ချက်စားပေတော့' ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဘုန်းကြီးဆိုသည်မှာ ကိုယ်တိုင် ထမင်းဟင်းချက်ပြုတ်စားကြသူများ မဟုတ်ကြောင်း ဘုန်းတော်ကြီးက ရှင်းပြသည်ကို သူတို့နားမလည်နိုင်ပေ။ ကပ္ပိယမရှိခင်က ထိုဟင်းစား အမဲပေါင်ကိစ္စမျိုးသည် ဘုန်းတော်ကြီးအတွက် ဖြေရှင်းရန် တော်တော်ခက်ခဲသော ပြဿနာဖြစ်သည်။ ဘုန်းကြီးကျောင်းဝင်းနောက်ဘက်ခြံမြေတွင် သီးနှံစိုက်ပျိုးခြင်း၊ ထိုသီးနှံကို တခြားစားကုန်ဖြင့် လဲလှယ်ခြင်း စသည်တို့ကို ဘုန်းတော်ကြီးကိုယ်တိုင် ပြုလုပ်ခဲ့ရဖူးသည်။

ယခုအခါမှာတော့ သူသည် ကပ္ပိယရှိသော ဘုန်းကြီးကျောင်းတွင် ဆွမ်းကိစ္စအတွက် သိပ်အခက်အခဲမရှိဘဲ သာသနာပြုခွင့်ရနေပြီ။ ရွာထဲတွင် ဗုဒ္ဓဘာသာ အိမ်ခြေ လေးငါးခြောက်အိမ်ရှိပြီဖြစ်၍ သူဆွမ်းခံနိုင်ပြီ။ ရွာထဲက ကလေးများကို သူသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ စသည်တို့ကို သင်ကြားပေးခွင့်ရပြီ။ ဗုဒ္ဓအကြောင်းကို ပုံပြင်တစ်ပုဒ်ပြောသလို ညစဉ် ပြောပြနိုင်ဖို့ သူသည် ဒေသခံတိုင်းရင်းစကားကို သင်ကြားတတ်မြောက်ခဲ့ပြီ။

အင်မိုင်ခမြစ်ဟု ဖြစ်ပေါ်မလာမီ အရင်းအမြစ်ဖြစ်သော နန့်တမိုင်ချောင်းကြီး၏ ကမ်းပါးဘေးတွင် သူ၏ဘုန်းကြီးကျောင်းကို တည်ဆောက်ထားသည်ဖြစ်ရာ ချောင်းရေစီးသံ၊ သစ်ကိုင်းသစ်ရွက်တို့၏ တိုးတိုက်လှုပ်ခတ်သံ၊ ကျေးငှက်များ အော်မြည်သံ၊ တောတိရစ္ဆာန်ငယ်ကလေးများ၏ ပြေးလွှားအော်မြည်သံတို့ဖြင့် ပတ်ဝန်းကျင်သည် သာယာချမ်းမြေ့လှပါသည်။ချောင်းကမ်းပါးထိပ်မှာ သစ်ပင်၊ဝါးပင် အရိပ်၌ ငြိမ်သက်စွာ ထိုင်လျက် ရေစီးသံကို နားထောင်သည့်အခါတိုင်း ပါရဂူ၏ 'သိဒ္ဓတ္ထ' ဝတ္ထုထဲမှ သိဒ္ဓတ္ထကို သူသတိရမိသည်။ ကြည်လင်လှသောရေသည် လျင်မြန်စွာကြမ်းတမ်းစွာစီးဆင်းလေသည်။ ကျောက်တုံးကျောက်ဆောင်များနှင့် ရေစီးထိတွေ့ရာ အရပ်တို့၌ ရေသည် ရေမှုန်ရေပန်းများအဖြစ် ကမ်းပါးဆီသို့ပင် ဖွာလွင့်ဝဲပျံလျက်ရှိသည်။ ဤအရပ်သို့ ရောက်လာခဲ့မိသောကြောင့် မိမိကိုယ်ကို ထပ်ကာထပ်ကာ ကျေနပ်ရောင့်ရဲမိသည်။

သူသည် အသက်၁၁နှစ်သားအရွယ်တွင် ရွာရှိ မူလတန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်ခဲ့၏။ သူ့ဇာတိမှာ ရေနံချောင်းမြို့နယ်၊ ဘုရားကန်းကျေးရွာအုပ်စုအပိုင် ရွာသစ်ကလေးကျေးရွာဖြစ်သည်။ စတုတ္ထတန်းအောင်မြင်ပြီးသောအခါ နှစ်နှစ်လောက် အဖေ့လယ်တွင် ကူညီလုပ်ကိုင်ပေးပြီး ၁၃နှစ်သားအရွယ်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်ကျောင်းဆရာတော်ထံမှာ ရှင်သာမဏေအဖြစ် ခံယူခဲ့သည်။ ဆရာတော်မှည့်ခေါ်မှတ်အပ်သော ရှင်သာမဏေဘွဲ့မှာ 'ဇနက' ဖြစ်သည်။

'အင်္ဂါသား မောင်ဇံဆိုတော့ ဘွဲ့အမည် 'ဇနက'ပေါ့ကွဲ့'

ဤဘွဲ့အမည်ကို သူအလွန်နှစ်သက်ပါသည်။ ဘုရားအလောင်းမဟာဇနက္ကမင်းကို သူအလွန်သဘောကျခဲ့ဖူးသည် မဟုတ်လား။ ဆရာတော်ဦးသောဘိတ၏ ကျောင်းမှာ နေထိုင်ရင်း အငယ်တန်း၊ အလတ်တန်းတို့ကို အောင်မြင်ခဲ့၏။ ထို့နောက် ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်မှာ စာသင်ရင်း အကြီးတန်း အောင်မြင်ခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ထိုနှစ်က အကြီးတန်းအောင်လိမ့်မည်ဟု သူလုံးဝမျှော်လင့်မထားခဲ့ပေ။ အလွန်ခက်ခဲပြီး များပြားလှသော ဤကျမ်းစာများကို တစ်နှစ်တည်း ကျက်မှတ်အာဂုံဆောင်နိုင်မည်ဟု သူမထင်မှတ်ခဲ့။ နှစ်နှစ်လောက်တော့ ဖြေယူရမှာပဲဟု သူထင်ခဲ့သည်။ ကံကောင်းထောက်မစွာပင် သူနှစ်ချင်းပေါက်အောင်မြင်ခဲ့သည်။ သူသည် အောင်စာရင်းကို သိရစဉ်က လူငယ်ပီပီ ဟန်မဆောင်နိုင်လောက်အောင်ပင် ပျော်ရွှင်သွားခဲ့၏။ မိမိနေသော ရွှေလရောင်ကျောင်းကြီးပေါ်မှာ နှစ်ပတ်သုံးပတ်လောက် ကျွမ်းထိုးပစ်လိုက်ချင်စိတ်ကို မနည်းအောင့်အီးမျိုသိပ်ခဲ့ရသည်။ အဖေနှင့် အမေသည် သူ့အတွက် ကျေနပ်ဂုဏ်ယူမဆုံးရှိခဲ့သည်။ အသက်၂၀ပြည့်သည့်အခါ ဥယျာဉ်ကျောင်းတိုက်၌ ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ ထိုအချိန်မှာလည်း သူ၏ရဟန်းဘွဲ့အမည်သည် အရှင်ဇနကပင် ဖြစ်၏။ ရွာမှ ကျောင်းထိုင်၏လက်ထောက်အဖြစ် သူဆက်လက်နေထိုင်ရန် အဖေနှင့်အမေက ဆန္ဒရှိခဲ့သော်လည်း သူကမဟာဓမ္မာစရိယအထိ အောင်ချင်သည်။ စာတက်ပုဂ္ဂိုလ်ဖြစ်ချင်စိတ်ကို ချိုးနှိမ်၍ မရခဲ့ပေ။

'ဒကာကြီး . . . ကျုပ်ရန်ကုန်မှာ စာသွားသင်မလို့' ဟုအဖေ့အား အသိပေးသောအခါ အဖေသည် သူ့အား မတားမြစ်ရက်သဖြင့် သဘောတူခဲ့၏။

ရန်ကုန်မှာ စာသွားသင်ခြင်းဟူသော အမှုကိစ္စသည် လွယ်မယောင်နှင့် အလွန်ခက်ခဲကြမ်းတမ်းလှလေသည်။ အသိမိတ်ဆွေဘုန်းကြီးဟူ၍မရှိသောကြောင့် ရန်ကုန်မှာ ကျောင်းတစ်ကျောင်းကျောင်း၌ နေထိုင်ခွင့်ရရန် ရက်ပေါင်းများစွာ ကြိုးစားရှာဖွေခဲ့ရသည်။ ဘုန်းကြီးကျောင်း တော်တော်များများသို့ သူသွားရောက်ချဉ်းကပ်ခဲ့သည်။ သူ့အား မည်သည့်ကျောင်းကမှ လက်မခံနိုင်ပေ။ ဝါဆိုလပြည့်နေ့သို့ ရောက်ခါနီးလေး ကျောင်းတစ်ကျောင်းမှ မရသေးသဖြင့် ရင်ပူလေဖြစ်လာသည်။ ရန်ကုန်လာမိတာ မှားပြီဟုလည်း ကိုယ့်ကိုယ်ကို နောင်တရမိ၏။ အဖေပေးလိုက်သော ချွေးနှီးစာစုဆောင်းငွေ ကလည်း ကုန်လုပြီ။ ကျောင်းတစ်ကျောင်းမှ မရဘဲ ဝါဆိုသွားလျှင် သူဘာလုပ်ရမည်နည်း။ နေဝင်က နေထွက် သူသည် တစ်လမ်းဝင်တစ်လမ်းထွက် မြို့နယ်ပေါင်းစုံသို့ လျှောက်ရလေသည်။ ဘုရားရှင်တော်မြတ်၏ ဂုဏ်ကျေးဇူး၊ ဆရာတော်ရှင်မြတ်များ၏ ဂုဏ်ကျေးဇူး၊ မိဘနှစ်ပါး၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့လျက် သူသစ္စာဆိုမိသည်။

'တပည့်တော်သည် မြတ်စွာဘုရားရှင်ထားရစ်တော်မူခဲ့သော ဗုဒ္ဓဒေသနာတော်ကို လေးနက်ကြည်ညိုစွာ ယုံကြည်သက်ဝင်မိပါ၏။ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်တည်တံ့စေရန်နှင့် ပြန့်ပွားစေရန် ကိုယ်စိတ်နှစ်ဖြာဖြင့် အားထုတ်ကြိုးပမ်းပါမည်၊ သာမဏေဘဝ၊ ရဟန်းဘဝတို့တွင် ဗုဒ္ဓသာသနာ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်၊ ဤမှန်သောသစ္စာစကားကြောင့် တပည့်တော်ခိုလှုံနိုင်စရာ အရိပ်တစ်ခုခုကို တွေ့ရလိုပါ၏အရှင်ဘုရား'

သူ၏သစ္စာကို သမ္မာဒေဝနတ်မြတ်များ ကြားခဲ့သည် ထင်၏။ သူသည်ဝါဆိုလပြည့်နေ့မတိုင်မီ နှစ်ရက်အလို၌ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကျောင်း၌ နေထိုင်ခွင့်ရခဲ့သည်။ အလွန်စည်းကမ်းကြီးသော ကျောင်းဖြစ်သည်။ ငယ်စဉ်က သူဆည်းပူးခဲ့သော ဗေဒင်နက္ခတ်ပညာကြောင့် တစ်ကြောင်း၊ ဥပုသ်သီလပေးရာတွင်

www.burmeseclassic.com

www.burmeseclassic.com

တည်ငြိမ်စွာ ဟောပြောတတ်ခြင်းကြောင့်တစ်ကြောင်း သူ့တွင် ဆွမ်းခံအိမ်မရှားပါးခဲ့ပေ။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ပညာသင်ရန် ဝင်ခွင့်အောင်မြင်သောအခါ သူ့ဆွမ်းဒကာ ဒကာမများ စိတ်မကောင်းခြင်းတစ်ဝက်၊ သူ့အတွက် ဝမ်းသာခြင်းတစ်ဝက်ဖြင့် နှုတ်ဆက်ကြလေသည်။

'စာအုပ်စာတမ်းဖိုး ကုသိုလ်ပြုပါရစေဘုရား'ဟု တချို့က ဝတ္ထုငွေ ကပ်လှူကြသည်။

သာသနာ့တက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုစဉ်ကလည်း အောင်မြင်လိမ့်မည်ဟု မမျှော်လင့်ရဲပေ။ တစ်နှစ်တစ်နှစ်တွင် သံဃာ အပါးတစ်ထောင်ဖြေလျှင် ငါးဆယ်ခန့်သာ အောင်မြင်သည်ဖြစ်ရာ ငါးရာခိုင်နှုန်း သာ အောင်မြင်သောစာမေးပွဲဟု ပြောရမည်။ ထိုငါးရာခိုင်နှုန်းတွင် မိမိပါဝင်လိမ့်မည်ဟု မည်သူမျှ မျှော်လင့်ရဲသည်မဟုတ်။ ထို့ကြောင့် ဖြေသာဖြေရသည် စိတ်က ခပ်ထင့်ထင့်ပင်ဖြစ်၏။ အကြီးတန်းအောင်မြင်ပြီး၍ ဆယ်ဝါထက် မပိုရဟူသောစည်းမျဉ်းနှင့် ကိုက်ညီနေသောကြောင့်တစ်ကြောင်း၊ နိုင်ငံရပ်ခြားသို့ သာသနာပြုစေလွှတ်ခြင်း ခံရမည့်အခွင့်အရေးကို မျှော်လင့်သောကြောင့်တစ်ကြောင်း ရသော်ရှိ မရသော်ရှိ ဖြေကြည့်မည်ဟု စာရင်းပေးသွင်းလိုက်ခြင်းဖြစ်သည်။

ကံကောင်းထောက်မသည်လား၊ နှစ်ပေါင်းများစွာ လေ့လာဆည်းပူး၍ အာဂုံဆောင်နိုင်သော ဉာဏ်ရည်ကြောင့်ပဲလား၊ နှစ်မျိုးလုံးနှင့် ညီညွတ်၍ပဲလားမသိ၊ သူအောင်မြင်ခဲ့သည်။ နှုတ်ဖြေမေးသော ဆရာတော်ဘုရားတို့၏ ဣန္ဒြေသည် သူ့အားရင်တလှပ်လှပ်တုန်စေခဲ့၏။ တစ်ညလုံးလုံး အိပ်ရေးပျက်ထား၍ ကျိန်းစပ်နေသော မျက်လုံးတို့သည် သူ့အားမူးမိုက်ဝေဝါးစေ၏။ မျက်နှာကြက်ပန်ကာ၏ တရွေ့ရွေ့လည်ပတ်သံသည် သူ့ရင်ထဲအထိ မြည်နေအောင် ကျယ်လောင်လှသည်ဟု ထင်မိသည်။

'ကိုယ်တော်နာမည်က ရှင်ဇနကဗောဓိ ဟုတ်သလား'

'မှန်ပါဘုရား'

'ဗောဓိက ဘာကြောင့်ထည့်ရသလဲ၊ အကြောင်းရှိသလား'

'မှန်ပါ၊ တပည့်တော်တို့ကျောင်းတိုက်မှာ ဘွဲ့အမည်ဆင်တူ ဇနကတွေ သုံးပါးရှိပါတယ်ဘုရား၊ ဇနကချင်းကွဲပြားအောင်လို့ တပည့်တော်သီတင်းသုံးတဲ့ ဗောဓိကျောင်းရဲ့ အမည်ကို နောက်ကထည့်လိုက်ရတာပါ အရှင်ဘုရား'

'ကောင်းပြီ၊ ဗောဓိရဲ့အနက် ဘယ်နှစ်မျိုးသိသလဲ'

မိမိယူထားသော အမည်နှင့်ပတ်သက်၍မေးလိုက်သောအခါ ထိုပထမဆုံးမေးခွန်းကြောင့် သူ့ရင်ထဲတွင် ပေါ့ပါးသွားလေသည်။ အဘိဓာန်ကို နှုတ်ငုံအာဂုံဆောင်ထားသောကြောင့် ဗောဓိ၏အနက်အဓိပ္ပာယ်လေးမျိုးကို (သဗ္ဗညုတဉာဏ်တော်မှစ၍ ညောင်ပင်အထိ) သူ သွက်လက်စွာဖြေနိုင်ခဲ့၏။

'ဒါဖြင့် ကိုယ်တော့်နာမည်မှာ ဘယ်အနက်နဲ့ ဗောဓိကိုယူသလဲ'

'ညောင်ပင်ဆိုတဲ့အနက်ကို ယူပါတယ်ဘုရား'

'ဘာကြောင့်လဲ'

သူသည် အနည်းငယ်ရှက်သွေးဖြင့် ခပ်သွက်သွက်ဖြေမိ၏။

www.burmeseclassic.com

www.burmeseclassic.com

'သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားရတယ်လို့ အဆိုရှိတော့ တပည့်တော်ရဲအရိပ်အာဝါသဟာ ဗုဒ္ဓသာသနာတော်ကို ခိုလှုံချင်တဲ့ ဝေနေယျသတ္တဝါတွေအတွက် အေးငြိမ်းမှုကို ပေးနိုင်ချင်တဲ့ အနက်အဓိပ္ပာယ်နဲ့ပါ ဘုရား'

ဣန္ဒြေကြီးသော ဆရာတော်၏မျက်နှာတော်ကို မဝံ့မရဲ ဖူးမြော်လျက် လျှောက်ထားသောအခါ ဆရာတော်၏ မျက်လုံးများ ပြုံးယောင်သန်းသွားလေသည်။

နောက်ဆရာတော်တစ်ပါးက သူ့အား စူးစူးစိုက်စိုက်အကဲခတ်လျက် မေးခွန်းထပ်မေးသည်။

'ကိုယ်တော်အရင် အဲဒီထိုင်ခုံမှာ ထိုင်သွားတဲ့ သံဃာဟာ ကိုယ်တော့်ကို ပဋ္ဌာန်းရဲ့ ဘယ်ပစ္စည်းနဲ့ ကျေးဇူးပြုသွားသလဲ'

သူ အနည်းငယ် ဦးနှောက်ခြောက်သွားခဲ့၏။ နှစ်ဆယ့်လေးပစ္စည်းကို စိတ်ထဲမှလျင်မြန်စွာ အနက်အဓိပ္ပာယ်တွေ စဉ်းစားယူရသည်။

ဥပနိဿယပစ္စယော၊ အညမညပစ္စယော၊ မဟုတ်သေးပါဘူး။ သိပ်ကြာကြာစဉ်းစားနေ၍မကောင်းပေ။ သူသည်ဆုံးဖြတ်ချက်ကို မြန်မြန်ချ၍ မြန်မြန်လျှောက်ထားလိုက်၏။

'သူထွက်သွားပြီးမှ တပည့်တော်ဝင်လာထိုင်ရတာဆိုတော့ မရှိခြင်းနဲ့ အကျိုးပြုတဲ့အတွက် နတ္ထိပစ္စည်းနဲ့ပါဘုရား'

ဆရာတော်များ တစ်ပါးမျက်နှာကို တစ်ပါးအကြည့်ချင်းဆုံလိုက်ကြပြီး ပြိုင်တူ ခေါင်းညိတ်လိုက်လေသည်။

သူသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ လေးနှစ်တိတိ တက်ရောက်ပညာသင်ကြားရသည်။ မင်းကွန်းဆရာတော်အရှင်မြတ်ဘုရား၏ ပံ့ပိုးကူညီမှုကြောင့် တက္ကသိုလ်သည် အလွန်အဆင့်မြင့်ခဲ့သည်။ သံဃာတစ်ပါးစီ နေထိုင်ရသောအခန်းကလေးများသည် လိုအပ်သည့် ပရိဘောဂပစ္စည်း အသင့်ရှိ၏။ ဘာသာရပ်ခုနစ်ခု၏ သင်ခန်းစာများ အလွန်များပြားလှသဖြင့် သူတို့အားလုံး အလွန်ပင်ပန်းခက်ခဲစွာ ကြိုးစားသင်ယူရသော်လည်း နေထိုင်စားသောက်မှုမှာ အလွန်အဆင်ပြေ သောကြောင့်တစ်ကြောင်း၊ စာချမေ့ကထိကပါမောက္ခဆရာတော်များ အသင်ပြကောင်းမွန်သောကြောင့် တစ်ကြောင်း စိတ်ချမ်းသာခဲ့ကြပါသည်။ အုပ်ချုပ်သူဆရာတော်ဘုရား၏ ဘုန်းတန်ခိုးအပေါ်မှာ သင်တန်းကျောင်း၏ စည်ပင်ဝပြောမှုအပြောင်းအလဲက မူတည်နေသည်။ ကြည်ညိုကိုးကွယ်ဆည်းကပ်မှု များသည့်အခါ ကျောင်းဖွံ့ဖြိုးမည်။ အရည်အချင်းအလွန်ပြည့်သော သင်တန်းပို့ချသူ ဆရာတော်များနှင့် အင်အားပြည့်မည်။ ဒါက လောကနိယာမတရားအတိုင်းဖြစ်လေသည်။

✦ ✦ ✦

သင်တန်းဆင်းပြီး အောင်စာရင်းထွက်ပြီးသောအခါ ကချင်ပြည်နယ် ရေခဲတောင်တန်းများ၏ ခြေရင်းရှိ ဤရွာကလေးသို့ တာဝန်အရ ရောက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအတွက် မိမိ၏ကိုယ်ခန္ဓာတစ်ခုလုံးကို စွန့်လွှတ်ပေးဆပ်မည်ဟု သစ္စာဆိုထားခဲ့သော်လည်း တကယ်တမ်း နယ်မြေဒေသ ကြမ်းတမ်းခက်ခဲသော ဤတောင်တန်းဒေသမှာ နေထိုင်သီတင်းသုံးရသည့်အခါ မိမိသစ္စာပျက်ချေမည်လားဟု မကြာခဏ စိုးရိမ်မကင်းဖြစ်ခဲ့ရ၏။ မိမိတို့ မြန်မာစကားကို နားမလည်သော ရွာသားများနှင့် သူတို့ဘာသာစကားကို နားမလည်သော မိမိ၏အကြား ဆက်သွယ်ရသည်မှာ တော်တော်ခက်ခဲ၏။ ဗုဒ္ဓဘာသာဝင် အနည်းငယ်သာရှိသော ဤရွာကလေးတွင် အစိုးရက ဆွမ်းဆန်တော်အဖြစ် လှူဒါန်းလိုက်သော ကျပ်တစ်ထောင်ဖြင့် လာရောက်အသက်ရှင်ရခြင်းသည် မနိုင်မနင်း ဝန်ထုပ်ဝန်ပိုးတစ်ခုသာဖြစ်၏။ တစ်ရွာနှင့်တစ်ရွာ သွားလာရေးအတွက် ကိုယ့်ခြေထောက်မှ တစ်ပါး အားကိုးစရာယာဉ်မရှိ။

နန့်တမိုင်ချောင်းနှင့် ချောင်းလက်တက်များကို ဖြတ်ကူးရာတွင် အများအားဖြင့် အသုံးပြုကြသည်မှာ ကြိမ်ဖြင့်ပြုလုပ်သော ကြိုးတံတားများဖြစ်သည်။ တချို့တံတားများတွင် နင်းလျှောက်သည့်ကြမ်းခင်းမှာ ကြိမ်နှစ်ချောင်း သုံးချောင်းသာ ခင်းထားသည်။ အောက်မှာက ကျောက်တုံးများကြားမှ ကြောက်မက်ဖွယ်အသံဖြင့်အော်၍ စီးဆင်းနေသော ချောင်းရေစီး။ မြေပြန့်သားတစ်ယောက်အတွက် ကြီးမားသော စွန့်စားမှုတစ်ခုပင်ဖြစ်သည်။ တစ်နှစ်တာဝန်ပြီးဆုံးပြီးနောက် သူရွာသို့ သက်ဆုံးတိုင်နေဖို့သွားမည်ဟု ပြောသည့်အခါ စာသင်ဖက် သူငယ်ချင်း သံဃာတချို့က ကရုဏာဒေါသဖြင့် အပြစ်တင်ကြသည်။

'ကြည့်ကြသေးတာပေါ့ကွာ၊ ရွာသားတွေပဲ ဗုဒ္ဓဘာသာဝင်ဖြစ်လာမလား၊ ဇနကပဲ မာလက ဈာန်ကြွမလား စောင့်ကြည့်ရသေးတာပေါ့'

သူတိတ်ဆိတ်စွာပင် ပြုံးနေခဲ့ပါသည်။ သံဃာတော်များ ကျင့်သုံးရမည့် ဝိနည်းတို့ကို သူတတ်နိုင်သမျှ လိုက်နာပြီး သိက္ခာတည်ကြည်စွာ ကျင့်ကြံပြုမူခဲ့သည်။ ပညာဗဟုသုတများကို မိမိတတ်နိုင်သမျှ ပေးဝေငှခဲ့သည်။ ဗုဒ္ဓ၏သားတော်ရဟန်းဆိုသည်မှာ ဤကဲ့သို့ ခြိုးခြံနေထိုင်သူ၊ ဤကဲ့သို့ ကရုဏာရှိသူ၊ ဤကဲ့သို့ သီလစောင့်ထိန်းသူဟု တစ်ချိန်ချိန်မှာ ရွာသားတွေ နားလည်လာရမည်။ မိမိသည် ဤရွာအတွက် ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ ဤရွာကို ကျေးဇူးပြုသူ၊ အကျိုးရှိစေသူဟု အားလုံးက လက်ခံလာစေရမည်။ ဤ ဖွဲ့သတ္တိကိုရရန် သူသည် သူ၏သစ္စာကို ထပ်ကာထပ်ကာ အာရုံပြုရွတ်ရလေသည်။ ယခုအခါတွင် ဦးဇနကဟူသော ဘွဲ့အမည်သည် ရွာသားများအတွက် စကားထဲတွင် ထည့်ပြောရသည့် အမည်ဖြစ်လာပြီဟု သူသိရသည်။ လပြည့်လကွယ် ဥပုသ်ရက်များတွင် ဥပုသ်ဆောက်တည်သည့် ဆွမ်းဒကာ ဒကာမများ၏ ဘေးတွင် စပ်စုတတ်သော အခြားကလေးသူငယ်များ မကြာခဏပါလာတတ်သည်။ ထိုကလေးများကို သူသည် မေတ္တာဖြင့် နူးညံ့စွာ စကားပြောဆက်သွယ်ကြည့်သည်။ အပြစ်ကင်းစင်လှသော ကလေးတို့သည် သူ့သင်္ကန်းစကို တအံ့တဩ ထိတို့ဆုပ်ကိုင်ကြည့်ရင်း အချင်းချင်း လျင်မြန်သောအသံထွက်များဖြင့် စကားပြောလေသည်။ သူသည် ကလေးတို့အားဗုဒ္ဓဝင် ရုပ်စုံစာအုပ်ကို ဖွင့်ပြလျက် ဗုဒ္ဓ၏ဖြစ်စဉ်ကို အခွင့်သင့်တိုင်း ပုံပြင်သဖွယ်ပြောပြသည်။ ပန်းချီဆရာကြီးဦးဘကြည်၏ ပေပြစ်စွာ ခမ်းနားသော ရုပ်စုံသရုပ်ဖော်ပုံများကို ကလေးများ စိတ်ဝင်စားကြပါသည်။

တစ်နှစ်တိတိ ကျောင်းထိုင်ဘုန်းကြီးအဖြစ် လက်တွေ့ သာသနာပြုပြီးနောက် ဤရွာသို့ပင် မိမိဆုံးဖြတ်ချက်ဖြင့် ထပ်မံလာရောက်ခဲ့သည်မှာ ထိုကလေးများ၏ အပြစ်ကင်းစင်သော မျက်လုံးများကြောင့် ဖြစ်သည်။

ထိုမျက်လုံးများ၏ အေးချမ်းမှုဖြင့် တည်ငြိမ်စေလိုသည်။ ယုံကြည်ခြင်းဖြင့်လည်း တောက်ပစေလိုသည်။ ကရုဏာဖြင့်လည်း နူးညံ့စေလိုသည်။ သူတို့၏ နှလုံးသားကလေးများကိုကား ရေခဲတောင်တန်းကြီးမှ ဆွတ်ဆွတ်ဖြူသော နှင်းများလိုပင် ဖြူစင်သန့်ရှင်းစေလိုသည်။

www.burmeseclassic.com

ရင်မှဖြစ်သော ထိုစေတနာကို မိုင်ပေါင်းများစွာ ဝေးကွာလှသောဇာတိရွာကလေးမှ မိခင် ဖခင်နှစ်ပါး ကြည်လင်စွာ သာခုခေါ်ကြလိမ့်မည်ဟု သူယုံကြည်ပါသည်။

♟ ♟ ♟

www.burmeseclassic.com

www.burmeseclassic.com

## အချစ်ရဲ့အလှ အချစ်ရဲ့အရသာ

သူ အိပ်ပျော်သွားပြီ။ သို့မဟုတ်လည်း သူ အိပ်ပျော်လုဆဲဆဲ ဖြစ်နေပြီ။

ကျွန်မ ပန်းချီဆွဲချင်သည်။ ကျွန်မအတွက် ကိုယ်ဟန်ပြပေးဖို့ ဘယ်တုန်းကမှ သဘာဝမတူခဲ့သော ယောကျ်ားသည် ယခုအခါ ပန်းချီဆွဲခံရန် အကောင်းဆုံးကိုယ်ဟန်အနေအထားဖြင့် အဆင်သင့်ရှိနေပြီ။ အနီးမှာလည်း ထောက်စင်မှာ ချိတ်ထားသော အဖြူရောင်ကင်းဘတ်စ်က အဆင်သင့်ရှိနေသည်။ ကျွန်မ လိုအပ်သမျှမှာ အိပ်ရာပေါ်မှ ထထွက်လာပြီး ကင်းဘတ်စ်ရှေ့မှာ ထိုင်လိုက်ရုံပဲဖြစ်သည်။ သို့သော် ကျွန်မသည် စိတ်ထဲကသာ ရွေ့လျားလျက် တကယ့်ကိုယ်ခန္ဓာက သည်အတိုင်း လဲလျောင်းနေမိသည်။ ပန်းချီစုတ်တံကို ကိုင်ရမည့် ကျွန်မ၏ညာလက်သည် သူ့ပခုံးစွန်းပေါ်မှာ ပက်လက်တင်လျက်ရှိသည်။ လက်ချောင်းကလေးတွေ၏ အပြင်ပိုင်းသည် သူ့ပခုံးစွန်းကို ထိကပ်လျက်ရှိသည်။ သူ့ပခုံးစွန်းသည် အံ့သြစရာ ကောင်းလောက်အောင် ချောမွေ့နေ၏။ နောက်ပြီး ချွေးစို့ပြီး အေးစက်စွာနူးညံ့နေသည်။ ထိုနူးညံ့အေးစက်သည့် အတွေ့ကလေးထံမှ ကျွန်မ မခွာချင်ပါ။ အနည်းဆုံး ကျွန်မ၏ လှုပ်ရှားမှုကြောင့်တော့ သူနိုးမသွားစေချင်ပါ။ ခဏကြာလျှင် သူ ဟိုဘက်သို့ စောင်းပစ်တော့မည်။ အဲသည်အခါကျမှပဲ ကျွန်မလက်နှင့် သူ့ပခုံးစွန်း ဝေးကွာချင် ဝေးကွာပါ စေတော့။

သူ့ညာဘက်လက်က သူ့ရင်ဘက်ပေါ်မှာ တင်နေသည်။ ခေါင်းက ခေါင်းအုံးပေါ်မှာ မရှိဘဲ မွေ့ရာနှင့် ခေါင်းအုံး၏ အစပ်မှာ ရှိသည်။ ထို့ကြောင့် ခေါင်းငဲ့စောင်းလျက်ရှိသည်။ ထိုအခါ ကိုယ်ခန္ဓာသည် ပန်းပုရုပ်တစ်ခုလိုပင် ပြေပြစ်စွာ လိမ်နွဲ့လျက်ရှိသည်။ အဲသည်ကိုယ်ခန္ဓာသည် ပန်းချီဆရာတစ်ယောက်၏ ကင်းဘတ်စ်ရှေ့တွင် ငြိမ်သက်စွာ တည်ရှိနေသည်ဆိုတော့ ပန်းချီဆွဲရန် ဘယ်လောက် အဆင်ပြေလိုက်ပါသလဲ။ ထိုအတွေးမျိုး ကျွန်မတွေးမိသည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီ။ ဒါကြောင့်လည်း အိပ်ရာမဝင်မီ ကင်းဘတ်စ်ကို အဆင်သင့်ရွှေ့ထားခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုအထိအကောင်အထည်မဖော်နိုင်ခဲ့ပါ။ သည်နေ့ညလည်း အကောင်အထည်ဖော်နိုင်မည် မထင်ပါ။

လူတစ်ယောက် အိပ်ပျော်နေစဉ် သူ့ခွင့်ပြုချက်မရဘဲ ပန်းချီဆွဲခြင်းသည် ထိုသူ၏ အခွင့်အရေးကို ချိုးဖျက်ခြင်းပင်ဖြစ်သည်။ သည်လိုပဲ ကျွန်မခံစားရသည်။ ထိုသူက ပန်းချီဆရာ၏ ခင်ပွန်းသည်ဖြစ်နေစေဦး တော့၊ ဤအချက်နှင့် အကျုံးဝင်သည်ဟု ကျွန်မထင်သည်။

ဘောင်ကြက်ထားသော ကင်းဘတ်စ်အလွတ်ကို အိပ်ရာဘေးမှာ ထားသည့်ပထမဆုံးညတုန်းက သူ ကျွန်မကို မယုံသင်္ကာဖြင့် မေး၏။

'အဲဒါကြီးက ဘာလုပ်ဖို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မလိမ်ညာဘဲ အမှန်အတိုင်း ဖြေခဲ့သည်။

'ရှင်အိပ်ပျော်သွားရင် ရှင့်ကို ပန်းချီဆွဲမလို့'

'ဟာ . . . ဒီမိန်းမ'

သူ တော်တော်ရှက်သွားခဲ့ပါသည်။

'ကျွန်မ ရှင့်ကိုပန်းချီဆွဲချင်နေတာ ကြာလှပြီ'

'မဆွဲရပါဘူး'

'ဆွဲမှာပဲ၊ ရှင့်ကို ကျွန်မပိုင်တယ်'

'မင်း ငါ့ကို အဲဒီနည်းမျိုးနဲ့ မပိုင်ပါဘူး'

'ပိုင်တယ်၊ လင်မယားဆိုတာ တစ်ယောက်ကို တစ်ယောက် ဘာမဆိုပိုင်တယ်'

'မင်း ငါ့ကိုတခြားကိစ္စသာ ပိုင်ချင်ပိုင်မယ်၊ ပန်းချီဆွဲခွင့်တော့ မပိုင်ဘူး'

'အေးလေ၊ ပိုင် မပိုင် ကြည့်သေးတာပေါ့'

အဲသည်နေ့က သူ့ခမျာ ချက်ချင်းအိပ်ပျော်တတ်သူဖြစ်ပါလျက် အိပ်မပျော်အောင် ဇွတ်အတင်း ထိန်းချုပ်ထားရသည်။ မှေးခနဲ အိပ်ပျော်သွားပြီး ဘယ်လောက်မှမကြာမီ လန့်နိုးလာခဲ့၏။ သူ့ဘေးမှာ လဲလျောင်းနေဆဲဖြစ်သော ကျွန်မအား အိပ်ချင်မူးတူးမြင်သွားသောအခါ စိတ်ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး သူ့ခေါင်းကို ပြန်ပစ်ချကာ အိပ်ပျော်သွားသည်။ သူသည် ပန်းချီဆွဲခံရန် တော်တော်မနှစ်မြို့သူပါကလားဟု အဲသည်ညကမှ ကျွန်မ သိသွားခဲ့ရပါသည်။ ကျွန်မယောကျ်ားသည် ရုပ်ရည်ချောမောသူမဟုတ်ပါ။ သူရုပ်ရည်က အနည်းငယ်ကြမ်းတမ်းသည်ဟုပင် ပြောနိုင်သည်။ မျက်လုံးက ကျွန်မငယ်စဉ်က စိတ်ကူးယဉ်ခဲ့သည့် ချစ်သူတစ်ယောက်၏ မျက်လုံးတွေလို မည်းနက်စူးရှခြင်းမရှိ။ ညိုသည်ဆိုရုံလေး ညိုသည့် ကြည်လဲ့လဲ့မျက်လုံးများ ဖြစ်သည်။ မျက်တောင်ကလည်း ခပ်ပါးပါး၊ နှာခေါင်းက နှာတံမြင့်ပြီး နှာအိုးကြီးသည်။ ပါးစပ်က ကျယ်ကျယ်၊ ပန်းနုရောင်နှုတ်ခမ်းတွေ ဘာတွေ စိတ်ကူးယဉ်ခဲ့ဖူးသော ကျွန်မသည် ဘာဖြစ်လို့ နှုတ်ခမ်းအရောင်နှင့် အသားအရောင် တစ်ညီတည်း ဖြစ်နေသော သူ့ကို ချစ်မိခဲ့ပါလိမ့်။

သူကတော့ ကျွန်မကို မယုံသင်္ကာဖြင့် မေးတတ်သည်။

'မင်းဟာ ငါ့ကို ချစ်လို့ယူခဲ့တာမှ ဟုတ်ရဲ့လား၊ ပန်းချီဆွဲခံမယ့် မော်ဒယ်လ် အဖြစ် အပိုင်ဝယ်လိုက်တာများလား'

နေရာတကာ သူ့အားပန်းချီဆွဲချင်နေသော ကျွန်မကို သူ မယုံသင်္ကာဖြစ်မည်ဆိုလည်း ဖြစ်စရာပါပဲ။ ကျွန်မသည် သူ မီးဖိုမှာ ချက်ပြုတ်လုပ်ကိုင်နေသည်ကိုလည်း ပန်းချီဆွဲဖို့ ကြိုးစားဖူး၏။ ဘယ်သူမှ မသိသော လျှို့ဝှက်ချက်တစ်ခုမှာ သူ ဟင်းချက် အလွန်ကောင်းသည်။ သူမီးဖိုချောင် ဝင်နေသည့်အခါ ကျွန်မ ခပ်လှမ်းလှမ်းမှ မကြာခဏ စောင့်ကြည့်ဖူးသည်။ အဲဒါ တကယ့် ပန်းချီကား တစ်ချပ်ပဲ ဖြစ်၏။

www.burmeseclassic.com

ကျွန်မအရပ်နှင့် တိုင်းပြီး ချုပ်ထားသော ခါးစည်းအဝတ်သည် သူနှင့် တော်တော်ကြီးကို တိုနေ၏။ ထိုခါးစည်းကို သူစည်းသည့်အခါ အနီကွက်အဆင်အသွေးသည် ထွားကျိုင်းသော ယောကျ်ားကြီးနှင့် ကိုးရိုးကားယားကြီး ဖြစ်နေတော့သည်။ ယောကျ်ားတစ်ယောက်ကို မီးဖိုခါးစည်းအဝတ်ဖြင့် မြင်ယောင်မကြည့်ဖူးသောကျွန်မသည် သူ့အား ထိုပုံစံဖြင့် ပထမဆုံးအကြိမ်မြင်ဖူးသည့်အခါ ခွက်ထိုးခွက်လန် ရယ်မိပါသည်။ သို့သော် ခဏအကြာတွင် သူ မီးဖိုထဲမှာ လှုပ်ရှားဆောင်ရွက်နေသည့် မြင်ကွင်းကို ကျွန်မ ငေးမောကြည့်နေမိတော့သည်။

ကျွန်မ မီးဖိုချောင်က နံရံကပ် ဗီရိုအမြင့်များသည် ကျွန်မအတွက် ခုံနှင့်တက်၍ ဖွင့်ကိုင်ရ ပစ္စည်းယူရပေမယ့် သူ့အတွက်တော့ သူ့အရပ်နှင့် တိုင်းထားသလိုပဲ ကွက်တိဖြစ်နေသည်။ ဗီရိုတွေကို ဖွင့်လိုက် ပိတ်လိုက်၊ လက်ဆေးကန်ဆီသွားလိုက်၊ မီးဖိုဆီသွားလိုက်၊ အသီးအရွက်တွေကို လှီးချွတ်လိုက် ရေဆေးလိုက် နှင့် သူအလုပ်ရှုပ်နေပုံမှာ တော်တော်ခမ်းနား၏။

သူချက်ပေးသော ပထမဆုံးဟင်းကို စားပြီးသည့်အခါ သူမီးဖိုချောင်ဝင်လျှင် ကျွန်မတို့နှစ်ယောက်အတွက် ပိုအဆင်ပြေမည်ဟု ကျွန်မတို့ ဆုံးဖြတ်လိုက်ကြတော့သည်။

ယခုလိုအချိန်မျိုးမှာ ကျွန်မအိပ်မပျော်တတ်သည်မှာ ကျွန်မ၏ အားနည်းချက်ပဲဖြစ်သည်။ ယခင်ကတော့ ညအိပ်မပျော်လျှင် ကျွန်မ ပန်းချီကားတွေဆွဲလို့ ပြီးစီးတတ်သည်။ အိပ်မပျော်ခြင်း အတွက် ကျွန်မ ဘယ်တုန်းကမှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့ပေ။

အခုတော့ အနေအထားတွေအားလုံး လွဲကုန်ပြီ။

သူ့အား ပန်းချီဆွဲဖို့ စိတ်ကူးသည့် အချိန်မှစပြီး ညတွေ ညတွေမှာ ပန်းချီမဆွဲနိုင်တော့တာဘဲ ဖြစ်သည်။ သူ့ကို ပန်းချီမဆွဲရမချင်းလည်း ကျွန်မနေလို့ထိုင်လို့ ဖြောင့်မှာ မဟုတ်ဘူး ထင်သည်။ ကျွန်မသည် ငယ်စဉ်ကတည်းက လုပ်ချင်သည့်အလုပ်တစ်ခုခုကို မလုပ်ရလျှင် စိတ်သည် လွတ်လပ်မှုမရှိဘဲ တစ်ခုခုနှင့် ငြိနေသလို ခံစားရသည်။

ယခုလည်း ကျွန်မသည် သူ့ခန္ဓာကိုယ်နှင့် ငြိနေသည်ဟု ဆိုရပါမည်။ ကျွန်မသူ့ကို လက်ထပ်ခဲ့သည်မှာ အချစ်အတွက်လား၊ ဘဝအတွက်လား၊ သူပြောသလို ပန်းချီဆွဲခံမည့် ကိုယ်ဟန်ပြမော်ဒယ်တစ်ယောက်ကို ပိုင်ဆိုင်ချင်စိတ်အတွက်လား . . . ကျွန်မ မသိပါ။

ကျွန်မ သူ့ကို ချစ်သည်။

သူသည် တရားသူကြီးတစ်ယောက်ဖြစ်သောကြောင့် ကျွန်မဘဝအတွက် ငွေကြေးကအစ လုံခြုံမှုရှိကောင်းရှိနိုင်တာလည်း မှန်သည်။

သူ၏ကြမ်းတမ်းသောရုပ်ရည်နှင့် နူးညံ့သော မျက်လုံး၊ နူးညံ့သော အပြုံးတို့၏ တွဲဖက်မှုကို ကျွန်မ တအံ့တသြစိတ်ဝင်စားမိတာလည်း မှန်သည်။

ကြည့်စမ်းပါ။

စားပွဲတင် မီးအုပ်ဆောင်းမှ ဖြူပြာပြာမီးရောင်သည် သူ့ကိုယ်ခန္ဓာအပေါ်ပိုင်းကို ဖြာကျလျက်ရှိသည်။ ပျော့အိသော ခေါင်းအုံးနှင့် စောင်းငဲ့နေသော သူ့မျက်နှာ၊ အချစ်ဖြင့် စိုလက်သော သူ့လည်တိုင်၊ သူ့ပခုံးစွန်းနှင့် ညာဘက်လက် တင်ထားသော သူ့ရင်ညွန့်ပိုင်း၊ သူ့ခါးဆီတွင် တစ်ပိုင်းတစ်စ ပြေလျော့စွာ တင်နေသော ဖြူဖွေးသည့် ချည်စောင်ပါးပါး။ ဤအရာအားလုံးသည် ပန်းချီဆရာတစ်ယောက်ရှေ့တွင် ပြည့်စုံသော အနုပညာ ဖြစ်သည်။

www.burmeseclassic.com

ထိုအနုပညာကို မြင်ရသည့်အချိန်တိုင်းမှာ ပန်းချီအဖြစ် ကင်းဘတ်စ်အပေါ် တင်ချင်စိတ်ဖြင့် စေ့စေ့စပ်စပ် ကြည့်မိသည်။ သူ တစ်ချိန်ချိန်မှာတော့ ပန်းချီဆွဲခံဖို့ ခွင့်ပြုလာပါလိမ့်မည်။

အိမ်ရှေ့လမ်းမှာ ဆိုင်ကယ်တစ်စီး မောင်းသွားသံကြားရသည်။ ထို့နောက် ပတ်ဝန်းကျင်သည် တိတ်ဆိတ်သွားပြန်၏။ ကျွန်မသည် ဖွင့်ထားသော မျက်စိကို အသာမှိတ်လိုက်သည်။ ကျွန်မ အိပ်ပျော်ဖို့ ကြိုးစားတော့မည်။

ထိုအချိန်မှာ အရောင်များကို စတင်မြင်လာခြင်းဖြစ်သည်။

အနီရောင်ရင့်ရင့်စိုစို၊ ထိုအရောင်ကို ပထမတော့ သွေးဟု ထင်လိုက်သေး၏။သို့သော် သွေးမဟုတ်ပါ။ စိုစွတ်သည် မှန်၏။ စေးပျစ်သည် မှန်၏။ သို့သော် သွေးမဟုတ်ပါ။ သူ့လက်ထဲမှာ ရဲနေအောင် စွန်းထင်းနေသောအရာသည် သွေးမဟုတ်လျှင် ဘာပါလိမ့်။ သူပြုံးနေသည်။ ရဲရဲနီစွာ စေးပျစ်သောအရာဖြင့် စွန်းထင် နေသောလက်ညှိုးကို ကျွန်မဆီသို့ ညွှန်လိုက်၏။ ထိုအနီရောင်သည် မွှေးပျံ့သော ရနံ့ရှိသည်။ ထိုလက်ညှိုးက ကျွန်မနှုတ်ခမ်းနှင့် လာထိ၏။ ကျွန်မပြုံးမိသည်။ အဲဒါ ခရမ်းချဉ်သီးဆော့စ်တွေ ဖြစ်သည်။ သူ ကျွန်မအား မကြာခဏစိတ်လိုလက်ရ ပြင်ဆင်ကျွေးမွေးသော အစားအစာများထဲတွင် ခရမ်းချဉ်သီးဆော့စ်လည်း ပါသည်။

'အစ်ဇာဘယ်လ်အာလန်ဒေး ကပြောတယ် မိန်းမရဲ့၊ တကယ်ကောင်းတဲ့ ဆော့စ်ဟာ အမြင်အားဖြင့် ဆွဲဆောင်မှုရှိရမယ်တဲ့၊ ကိုယ်ချစ်တဲ့ ချစ်သူတစ်ယောက်ရဲ့ မျက်နှာလို ကိုယ့်မျက်လုံးတွေကို ညှို့ငင်နိုင်ရမယ် ပေါ့ကွာ၊ နောက်ပြီး အရသာကလဲ အနမ်းတစ်ခုလိုပဲ ချိုမြိန်ရမယ်တဲ့၊ နောက်ပြီး ဆော့စ်ရဲ့ စေးပျစ်တဲ့ အရည်ဟာ နူးညံ့ချောမွေ့ရမယ်၊ သူရဲ့ အနံ့ကလဲ ပျံ့လွင့်ကူးစက်မသွားနိုင်အောင် ထူးခြားတဲ့ သီးသန့်အနံ့ရှိရမယ်တဲ့၊ ကိုယ့်ချစ်သူရဲ့ အသားအရေပေါ်က အနံ့မျိုးပေါ့'

သူ စိတ်လိုလက်ရ ပြောနေသည်။

'မီးဖိုထဲမှာ ချက်ပြုတ်လုပ်ကိုင်ဖို့ ဝါသနာပါတဲ့ ယောကျ်ားတစ်ယောက်ကို ယူရလိမ့်မယ်လို့ ကျွန်မဖြင့် ဘယ်တုန်းကမှ မထင်ခဲ့ဖူးဘူး'

ကျွန်မ တအံ့တသြ ပြောမိသည်။

'အာရှတိုက်သားတွေကလွဲရင် ယောကျ်ားတွေ တော်တော်များများ မီးဖိုချောင်နဲ့ ရင်းနှီးပါတယ်ကွ'

ဟုတ်တယ်၊ မီးဖိုချောင်နဲ့ ရင်းနှီးတဲ့ ယောကျ်ားတွေဟာ ချစ်စရာလည်း သိပ်ကောင်းပါတယ်။ ထိုစကားကို ကျွန်မစိတ်ထဲကသာ ပြောမိခြင်းဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ အိပ်ပျော်သွားလို့ပဲ ဖြစ်သည်။ ထို့နောက် ကျွန်မသည် အစိမ်းရောင်များဆီသို့ လွင့်မျောပါသွားသည်။ ကျယ်ပြန့်သော မြက်ခင်းပြင်ကြီးများ ဖုံးလွှမ်းနေသည့် တောင်ကုန်းမြင့်များဖြစ်သည်။ ထို့နောက် တောအုပ်စိမ်းစိမ်းများ၊ ထို့နောက် စိုက်ခင်း စိမ်းစိမ်းများ၊ ထိုမှတဆင့် ကျွန်မသည် လွင့်မျောသွားကာ တစ်နေရာတွင် အဆုံးသတ်သွား၏။ ထိုနေရာသည် သူ့ရင်ခွင်ဖြစ်သည်။ သူ့ရင်ခွင်သည် ဘာဖြစ်လို့ အစိမ်းရောင်တွေ ဖြစ်နေရတာလဲ။ လတ်ဆတ်သော၊ စိုစွတ်သော၊ နူးညံ့သော အစိမ်းရောင်။

'ရှင်က ဘာဖြစ်လို့ အစိမ်းရောင်ကြီး ဖြစ်နေရတာလဲ'

ကျွန်မ မေးမိသည်။

www.burmeseclassic.com

'မင်းအတွက် အမြဲတမ်း အာဟာရဖြစ်နေဖို့ ကိုယ့်ရင်ခွင်က အစိမ်းရောင်စိုက်ခင်း ဖြစ်နေရမှာ မဟုတ်လား'

'စိုက်ခင်းလား ၊ ဒါဆို ကျွန်မ ခူးလို့ရတာပေါ့နော်'

ကျွန်မ မုန့်ညင်းရွက်ကို ကြိုက်သည်။ ကိုက်လန်ကို ကြိုက်သည်။ ပဲရွက်ကို ကြိုက်သည်။ နံနံပင်ကို ကြိုက်သည်။ အားလုံး အစိမ်းရောင်။ သို့သော် ကျွန်မ စတော်ဘယ်ရီသီးကိုလည်း အလွန်ကြိုက်ပါသည်။

'ဒီလိုပဲ တစ်သတ်လုံး စိမ်းနေမှာလားဟင်' ကျွန်မ မေးမိသည်။

သူကပြုံးသည်။

'စိမ်းလည်း စိမ်းတယ်၊ ဝါလဲ ဝါတယ်၊ နီလည်း နီတယ်၊ ဒါက မင်းကို ထားတဲ့အချစ်ကသာ ပြုပြင်ပေးနိုင်တယ်'

ဟုတ်ပါရဲ့။ အရောင်ဆိုတာ တစ်ရောင်ကနေ တစ်ရောင်သို့ ပြောင်းရတာ မလွယ်လှပါ။ သူ့ရင်ခွင်ကတော့ ကျွန်မအတွက်ဆို စိမ်းရာမှဝါ၊ ဝါရာမှနီ၊ နီရာမှလည်း ဖြူနိုင်ပါသတဲ့။

'စမ်းကြည့်မယ်'

'စမ်းကြည့်ပေါ့'

ကျွန်မ သူ့အား အသံမထွက်ဘဲ စိတ်ထဲကသာ ပြောလိုက်၏။

'စတော်ဘယ်ရီတွေ ဖြစ်ပေးနိုင်မှာလား . . . ကဲ '

ကျွန်မလက်နှင့် ထိမိသော သူ့ရင်ညွန့်သည် နွေးထွေးကာ နူးညံ့သည့် စတော်ဘယ်ရီသီးများ ဖြစ်သွားသည်။ ကျွန်မသည် ကလေးတစ်ယောက်လိုပင် တအံ့တသြ ရယ်မောပျော်ရွှင်မိသည်။

'ကြည့်စမ်း . . . သိပ်လှတာပဲ၊ စားလို့ သိပ်ကောင်းမှာပဲနော်'

သူကပါ ရယ်မောသည်။

'အဲဒါ အချစ်ပဲ'တဲ့။

'အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူကို တစ်ခုခု စိတ်အရသာ ကိုယ်အရသာ၊ စိတ်ပြည့်စုံမှု ကိုယ်ပြည့်စုံမှု ပေးနိုင်မှ အချစ်ဖြစ်တယ်'

ကျွန်မ၏ ပါးစပ်ထဲသို့ သူက စတော်ဘယ်ရီတစ်လုံး ခွံကျွေးသည်။ ဘုရားရေ . . . ။ ကျွန်မစားဖူးသမျှ စတော်ဘယ်ရီသီးများအနက် သူ့ရင်ခွင်မှ ထွက်သောအသီးက စားလို့အရသာ အရှိဆုံးဖြစ်သည်။ ရနံ့ကလည်း ထူးခြားစွာ မွှေးပျံ့နေသည်။ အရသာကလည်း အချဉ်နှင့် အချိုကို မျှတစွာ ရောစပ်ထားသည့် အရသာ။ နူးညံ့လိုက်သည်ကလည်း ကျွန်မ၏ နှုတ်ခမ်းဖျား လျှာဖျားမှာ ဘယ်တုန်းကမှ မရရှိခဲ့ဖူးသော နူးညံ့စိုစွတ်မှုဖြစ်သည်။

'မင်း ကျေနပ်ရဲ့လား'

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

'အဲဒါကို မင်းက ပန်းချီဆွဲချင်စိတ် ပေါ်လား'

ကျွန်မ စိတ်ရှုပ်ထွေးသွားသည်။

'ဘာကိုလဲ'

'စတော်ဘယ်ရီသီးကို မင်းစားလို့ အရသာကို သိပ်ကျေနပ်နေတဲ့အချိန်မှာ မင်း စတော်ဘယ်ရီသီးကို ပန်းချီဆွဲချင်စိတ် ပေါ်လားလို့မေးတာ'

'ဟင့်အင်း . . . စားချင်နေတာပဲ'

'အဲဒီလိုပဲ ဖြစ်ရမှာပေါ့'

သူ့အမူအရာကို ကြည့်ရသည်မှာ ပြဿနာ၏ အဖြေတစ်ခုခုကို ရသွားသလိုပဲ။ ဘာလဲတော့ ကျွန်မ မသိပါ။

'ဒါပေမယ့် ပန်းချီဆရာတစ်ယောက်က သူ့မျက်လုံးကို ဆွဲဆောင်သမျှ အရာအားလုံးကို ပန်းချီရေးချင်တာပဲ'

'အဲဒါဘာကြောင့်လဲ'

'ဘာကြောင့်လဲဆိုတော့ သူ့စိတ်ထဲမှာ သိမ်းဆည်းထားသလို ပန်းချီကားအဖြစ် လွှဲပြောင်းသိမ်းဆည်းထားချင်လို့များလား၊ ဒါ . . . တစ်နည်းအားဖြင့် ကိုးကွယ်မှုတစ်ခုလဲ ဖြစ်လိမ့်မယ်၊ အလှကို ကိုးကွယ်တဲ့ သဘော၊ စိတ်အာရုံနဲ့ ကိုးကွယ်သလို ကိုယ့်ရဲ့ အနုပညာနဲ့လဲ ကိုးကွယ်တဲ့ သဘောထင်တယ်'

'ကိုယ်မင်းကို မေးမယ်၊ အဲဒီလို ပန်းချီအဖြစ် ပြောင်းလဲခံစားလိုက်ပြီးရင် မင်းရင်ထဲမှာ ပေါ့သွားမှာပေါ့'

'ပေါ့သွားတာပေါ့၊ ကိုယ်လုပ်ချင်ရာ လုပ်လိုက်ပြီးပြီပဲ'

'ဒါဖြင့် မင်းရဲ့စိတ်အာရုံက ဒီမူရင်းအရာပေါ်မှာ သိပ်တွယ်ငြိတော့ဘူးပေါ့'

သူဘာပြောချင်ပါလိမ့်။ သူပြောချင်တာကို ကျွန်မသိနေသလိုပဲ။

'ရှင် ဘာကို ပြောချင်တာလဲ'

'ကိုယ်က မင်းကိုယ့်ကို နည်းနည်းမှ မလျှော့ဘဲ ချစ်နေစေချင်တာ'

'ကျွန်မ ရှင့်ကို တစ်သတ်လုံး ချစ်နေမှာပဲ'

'ဒါပေမယ့် . . . '

သူ တစ်ခုခုကို စိတ်ပူပင်ဟန်လျက်ရှိသည်။

'ဒါပေမယ့် ဘာဖြစ်လဲ'

'ဒါပေမယ့် အချစ်ဆိုတာ သီးသန့်ထူးခြားမှုတစ်ခုပဲ၊ သီးသန့်အရသာတစ်ခုပဲ၊ အဲဒါကို တခြားဘယ်အရာအဖြစ်မှ ပုံစံပြောင်းလို့မရဘူး'

'ဘယ်သူက ပုံစံပြောင်းဖို့ ပြောနေလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com

'မင်းပြောနေတယ်လေ၊ မင်းကိုယ့်ကို ပန်းချီဆွဲချင်တယ် ပန်းချီဆွဲချင်တယ်နဲ့ ခဏခဏပူဆာနေတယ်လေ၊ အဲဒါမင်းက ကိုယ့်အချစ်ကို ပန်းချီကားအဖြစ် ပုံစံပြောင်းပစ်ချင်နေတာ မဟုတ်ဘူးလား'

'ဟော်တော် . . . ဘယ်လိုအမြင်မျိုးပါလိမ့်'

ကျွန်မစိတ်ပျက်လက်ပျက် ဖြစ်သွားသည်။ သူက စိတ်ရှည်စွာ ပြုံးနေဆဲ။

'မင်းကိုယ့်ရဲ့ ကိုယ်ခန္ဓာကို ပန်းချီဆွဲချင်တာလား၊ ကိုယ်ရဲ့ အချစ်ကို ပန်းချီဆွဲချင်တာလား'

ကျွန်မ ဘယ်လိုဖြေရင် သူ့ဆီက ဘာအမြင်တွေ ထွက်လာဦးမှာလဲ။

'ကျွန်မ မသိဘူး'

'အချစ်ကို ဆွဲချင်တာ ဖြစ်မှာပါ'

'ရှင်က ဘယ်လိုလုပ်ပြီး အတိအကျပြောနိုင်တာလဲ'

'ဟ . . . ကိုယ်ခန္ဓာကိုပဲ ပန်းချီဆွဲချင်မှတော့ မင်းကိုယ့်ကို လက်ထပ်စရာတောင် အကြောင်းမရှိဘူးလေ'

ဟုတ်များ ဟုတ်လေသလားမသိပါ။

'ဒီမယ်မိန်းမ . . . မြဲမြဲမှတ်ထား၊ အချစ်ရဲ့ အရသာကို မင်းဘယ်တော့မှ ပန်းချီနဲ့ သရုပ်မဖော်နိုင်ဘူး'

ကြည့်စမ်း၊ ဒါ ကျွန်မ၏ အနုပညာကို သူစော်ကားလိုက်တာပဲ။ ကျွန်မ မျက်လုံးအစုံကို ပြန့်ခနဲဖွင့်ကြည့်လိုက်သည်။ ကျွန်မ၏ဘေးတွင် သူအိပ်မောကျနေဆဲဖြစ်၏။ သူ့ဦးခေါင်းသည် ခေါင်းအုံးပေါ် ပြန်ရောက်နေပြီ။ သူ့ညာဘက်လက်က သူ့ရင်ဘတ်ပေါ်မှာ ရှိဆဲ။ သူ့ဘယ်ဘက်လက်က ကျွန်မ၏ ဦးခေါင်းနောက်ဘက်မှာ။ ကျွန်မ သူ့လက်ပေါ်မှာ ခေါင်းအုံးပြီး အိပ်ပျော်သွားမိပုံရသည်။ သူ့လက်တွေ ကျင်နေရောပေါ့။

ကျွန်မ အသာလေး ခေါင်းထောင်ထလိုက်သည်။ ကျွန်မ ခေါင်းအောက်မှာ ရှိနေသော သူ့ဘယ်ဘက်လက်ကို နေသားတကျ ပြန်ထားပေးလိုက်သည်။ ခုတင်ပေါ်မှ ကျွန်မဆင်းလိုက်သည့် အချိန်တွင် တိုင်ကပ်နာရီမှ နာရီထိုးသံ သုံးချက် ကြားလိုက်ရ၏။ အခုလို အချိန်မျိုးမှာ လိမ္မော်ရည်တစ်ခွက်လောက် သောက်ရလျှင်ကောင်းမည်။

ကျွန်မ ခြေလှမ်း လှမ်းလိုက်သည့်အခါ ထောက်တိုင်၏ ခြေထောက်နှင့် ခလုတ်တိုက်မိ၏။ ထောက်တိုင်လည်း မလဲကျပါ။ ကျွန်မလည်း လဲကျမသွားပါ။ သို့သော် ကြမ်းပြင်ပေါ်မှာ ထောက်တိုင် ရွေ့လျားသွားသံက နည်းနည်းကျယ်လောင်သွား၏။

'မင်း ဘာလုပ်နေတာလဲ'

ကျွန်မ လှည့်ကြည့်လိုက်သောအခါ သူသည် ခေါင်းအုံးပေါ်တွင် မေးတင်လျက် ဝမ်းလျားမှောက်ရင်း ကျွန်မကို ကြည့်နေသည်။ သူ့ မျက်လုံးတွေက မယုံသင်္ကာမျက်လုံးတွေ။ အိပ်ချင်မူးတူးဖြစ်နေသော မျက်လုံးတွေ။ အားစိုက်၍ ဖွင့်ကြည့်နေရသော မျက်လုံးတွေ . . . ။

ကျွန်မသူ့ကို ပြုံးပြလိုက်သည်။

'ဘာမှမလုပ်ဘူး။ ဒီထောက်တိုင်ကြီးကို ဒီနားမှာ ကိုးကန့်လန့်ဖြစ်နေတာ မကြည့်ချင်လို့ နေရာရွှေ့မလို့'

www.burmeseclassic.com

www.burmeseclassic.com


ပြောပြောဆိုဆို ကျွန်မကင်းဘက်စ်အလွတ် ချိတ်ထားသော ထောက်တိုင်ကို မ,၍နေရာရွှေ့လိုက်သည်။ အခန်း၏ တစ်ဖက်နံရံနှင့် ကယ်နိုင်သမျှ ကပ်ထားလိုက်ခြင်းဖြစ်သည်။

'ကျေနပ်ပြီလား'

ကျွန်မမေးတော့ သူပြုံးသည်။

'ကောင်းတယ်'

'ကျွန်မ လိမ္မော်ရည် သွားယူမလို့၊ ရှင်သောက်ဦးမလား'

'ကောင်းသားပဲ'

သို့သော် သူ့မျက်နှာကို ခေါင်းအုံးနှင့် ပြန်အပ်လိုက်ပြန်သည်။ ကျွန်မသိပါသည်။ ကျွန်မပြန်ဝင်လာသည့်အခါ သူအိပ်ပျော်နေပြီဖြစ်လိမ့်မည်။ ။

***

www.burmeseclassic.com

www.burmeseclassic.com

## အသက်ရှည်ရှည် ခင်ခင်မင်မင်

ကျွန်မ အဘွားကြီးဖြစ်နေပြီတဲ့။ ကျွန်မခင်ပွန်းက ခဏခဏစနောက်တက်သည်။ ဟုတ်များ ဟုတ်နေပြီလား မသိ။ ကျွန်မ၏အတွေးတွေ တော်တော်ခေါင်နေပါသည်။ သားသမီးနှင့် ပတ်သက်လျှင် ခေတ်မီရမည့် ကျွန်မအတွေးတွေသည် အမြဲပဲ ခေတ်နောက်ကျတတ်၏။ အခုကိုပဲ ကျွန်မက သမီးငယ်ကို အိပ်ရာဝင်ပုံပြင်တွေ ပြောပြချင်လှပြီ။ သမီးက ကြော်ငြာတွေ ကြည့်ကောင်းနေဆဲ။

'ရှာကြည့်လိုက်ဦး . . . ရှာကြည့်လိုက်ဦး . . . ရှာကြည့်လိုက်ဦး . . . ' တဲ့။

သမီးက လိုက်၍ဆိုလိုက်သေးသည်။

ကျွန်မ ပင့်သက်ရှိုက်မိ၏။ ရုပ်မြင်သံကြားအပေါ် ကလေးတွေသည်လောက် စွဲလမ်းနေတာကို ကျွန်မ မကြိုက်ပါ။ ကလေးတွေတီထွင်ဉာဏ် ကွန့်မြူးရမည့်အချိန်မှ မရှိတော့ဘဲ။ ရုပ်မြင်သံကြားမှ ပြသမျှ ကြည့်နေသော ကလေးတစ်ယောက်သည် သူ့ကိုယ်ပိုင် တီထွင်ဉာဏ်ဖြင့် အသုံးပြုရမည့်ကိစ္စတွေ နည်းကုန်မှာ အမှန်ပဲ။ ရုပ်မြင်သံကြားအစီအစဉ်တွေမှာ ကလေးတွေအတွက် သင့်တော်သည့် ပြကွက်မျိုးဘယ်နှစ်ခု ပါနိုင်မှာ မို့လို့လဲ။ ကြော်ငြာတွေထဲမှာတောင် ကလေးတွေကြည့်ဖို့ မသင့်တော်သည့် ပြကွက်တွေက အများကြီး။ ကလေးတွေအတွက် တီဗီလိုင်းတစ်လိုင်း သီးသန့်ထားပေးရင် မကောင်းဘူးလား။ ပညာပေးအစီအစဉ် လုံးဝမဟုတ်သော ဖျော်ဖြေရေးအစီအစဉ်ပေါ့လေ။ အင်း... ကျွန်မအတွေးတွေ ခေါင်နေပြန်ပြီထင်ပါရဲ့။ ဘယ်နှစ်နှစ်အရွယ် ကလေးတွေအတွက် ကျွန်မက တောင်းဆိုမိနေတာလဲ၊ အသက်ဆယ်နှစ်ကျော်ပြီးသွားသော သားကြီးအတွက်လား၊ အသက်ငါးနှစ်ထဲဝင်ခါစ သမီးအတွက်လား။ ဘယ်နှစ်လိုင်း ထားပေးရမှာလဲ။ ကျွန်မ တစ်ယောက်တည်း ပြုံးမိသည်။

**Science World** အစီအစဉ်မျိုး၊ **Discovery** အစီအစဉ်မျိုးတွေ ခဏခဏ လွှင့်ထုတ်စေချင်တာတော့ အမှန်ပဲ။

ကျွန်မတို့ ငယ်ငယ်တုန်းကဖြင့် တီဗွီမဆိုထားနှင့်၊ ကက်ဆက်တောင်မပေါ်သေး။ ညနေကျောင်းပြန် ချိန်မှာ ခဏနားပြီး ကစားကြသည်။ မူလတန်းအရွယ်တုန်းကများ ကျူရှင်ဆိုတာတောင် မကြားဖူးခဲ့ပါဘူး။ ထုပ်ဆီးတိုးတမ်း၊ ခွက်ခေါက်တမ်း၊ ဘုတ်ဒီထိုးတမ်း၊ ဘောလုံးပစ်တမ်း၊ ရွှေစွန်ညိုဝဲတမ်း ကစားနည်းတွေ စုံလှသည်။ ညစာထမင်းစားချိန်မှာ တစ်ခါတစ်ခါ အကဲပို၍ အိမ်နီးချင်းသူငယ်ချင်းလေးတွေနှင့် ထမင်းအတူစား ချင်လျှင် စားခွင့်ရတတ်သေး၏။ ကျွန်မတို့အိမ်က ခြံဝင်းလည်းကျယ်၊ ကလေးညီအစ်မသုံးယောက်လည်း ရှိနေတော့ အိမ်မှာလာ၍စုစားလေ့ရှိပါသည်။ အိမ်ရှေ့က ကွပ်ပျစ်ကြီးပေါ်မှာ လူခြောက်ယောက်လောက်စုပြီး ထမင်းစားရတာ

www.burmeseclassic.com

www.burmeseclassic.com

အလွန်ထမင်းမြိန်သည်။ သူ့ဟင်း ကိုယ့်ထဲထည့်ပေး၊ ကိုယ့်ဟင်း သူ့ထဲထည့်ပေး၊ တစ်ယောက်နှင့် တစ်ယောက် မျှဝေခံစားကြကာ ရင်းနှီးချစ်ခင်လှသည်။

အခုခေတ်မှာတော့ ကလေးတွေအတွက် သူငယ်ချင်းဆိုသော အဓိပ္ပာယ်ကိုပင် မေ့ကုန်ကြပြီလား မသိ။

'ချစ်ပုံ့လေးရေ . . . အိပ်ကြစို့သမီးရယ်၊ ကိုကိုတောင် အိပ်သွားပြီ'

သမီးက မအိပ်ချင်သေးပါ။ တီဗွီဖန်သားပြင်ပေါ်က အရုပ်များကို ငေးမောနေဆဲ။ တီဗွီဂိမ်းကစားဖို့ အမြဲတမ်းတက်ကြွလှသော သားက စိတ်ပျက်လက်ပျက် အိပ်ရာဝင်သွားခဲ့ပြီ။ ကိုယ်ပိုင်တီထွင်ဉာဏ် ဟူသော စကားပြောတိုင်း သားက ကျွန်မအား ခေါင်းမာစွာ ငြင်းလေ့ရှိ၏။ သားတို့ကစားသော တီဗွီဂိမ်းတွေဟာ ကလေးတစ်ယောက်အတွက် တီထွင်ဉာဏ်ကို ရင့်သန်စေသည်ဆိုပဲ။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ကျွန်မ၏သားသမီးတွေကို လူသားပီသစွာ နူးညံ့တတ်၊ ခံစားတတ်၊ မျှဝေတတ်စေချင်သည်။

'သမီး တီဗွီပိတ်ရအောင်နော်'

သမီးလေး ကြည့်နေသော ကြော်ငြာများကို ကျွန်မ ဖွတ်ပိတ်ပစ်လိုက်သောအခါ သမီးက စိတ်ကောက်ဖို့ နှုတ်ခမ်းစူနေပြီ။

'သမီးကို မေမေက ကြယ်လေးတွေပြန့်ကျဲနေတဲ့ ကောင်းကင်ကြီးအကြောင်း ပြောပြမယ်လေ'

ကြယ်စုံသော ညဉ့်၏မိုးကောင်းကင်အပြည့်ကို သမီးတစ်ခါမှ စောင့်မကြည့်ဖူးသေးဘူး။ သမီး၏ညကောင်းကင်သည် မြို့ပြကောင်းကင်ဖြစ်သည့်အပြင် အိမ်ပေါ်ထပ် အိပ်ခန်းပြတင်းပေါက်မှ လှမ်းကြည့်ရင်း မြင်ရသည့် တစ်ဝက်တစ်ပျက်ကောင်းကင်သာ ဖြစ်သည်။ ထိုမြင်ကွင်းကိုပင် ခြင်ထောင်ဇာခံပြီး မှ အေးအေးဆေးဆေးကြည့်နိုင်၏။ သည်မြို့မှာက ခြင်တွေ ပေါလွန်းလှသဖြင့် ခြင်ထောင်အတွင်းမှ မဟုတ်လျှင် နေရတာ မအေးဆေးပါ။

'မေမေတို့ရွာမှာ ခြင်မရှိဘူး' ဟု သမီးကိုပြောလျှင် သမီးမယုံနိုင်ချေ။ တကယ်တော့ သဲမြေလွှမ်းသည့် ကျွန်မတို့ရွာတွင် ရေမှန်သမျှ ဘယ်တုန်းကမှ အိုင်ထွန်းခဲ့သည် မဟုတ်ချေ။

သမီးကို ခြင်ထောင်ထဲသို့ ချော့ခေါ်လာသည့်အချိန်တွင် သားအဖနှစ်ယောက် ဟိုဘက်ခုတင်မှာ အိပ်ပျော်လျက်ရှိပြီ။

'မနက်ကျ သမီးတို့ကျောင်းမီအောင် စောစောထရဦးမှာ မဟုတ်လား သမီးရဲ့'

မနက်ရှစ်နာရီအထိ အိပ်ချင်တတ်သော သမီးလေးအဖို့ ကျောင်းမီအောင် စောစောထရသည့်အဖြစ်ကို စိတ်ညစ်လှပြီဟု ကျွန်မ သိပါသည်။

'မေမေကလည်း ဘာဖြစ်လို့ ဒီမြို့သစ်မှာ လာနေတာလဲ၊ မြို့ထဲပဲ နေလိုက် ပြီးရော'

မူကြိုအရွယ် သမီးက ကလေးကြီးတစ်ယောက်လို ဂျီကျတတ်သေး၏။

'မြို့ထဲမှာနေရင်...'

'မြို့ထဲမှာနေရင် ပုံ့ပုံ့နောက်ကျမှ ထရင်လဲ ကျောင်းမီမှာပေါ့ မေမေရဲ့၊ ဆိုင်ကယ်ကြီးနဲ့ အကြာကြီးသွား နေစရာမလိုတော့ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com

သြော . . . ကျွန်မသမီးက ကျိုးကြောင်းဆက်နွယ်မှုဆိုတာကိုတော့ သိနေသားပဲ၊ သမီး၏ ဆင်ခြင်ဉာဏ်တွေ၊ တီထွင်ဉာဏ်တွေအတွက် ကျွန်မသိပ်တော့ စိတ်မပူသင့်ဘူး ထင်ပါရဲ့နော်။ ကျွန်မသဘောကျစွာ ရယ်မောမိပါသည်။

'မေမေ ငယ်ငယ်ကဆိုရင် သမီးတို့ထက် ဆိုးတာပေါ့၊နေ့တိုင်းအစောကြီး ထပြီး ကျောင်းသွားရတာ သမီးရဲ'

ကျွန်မငယ်စဉ်ဘဝက နေ့စဉ်ဖြတ်သန်းမှုကို သမီးအားပုံပြင်သဖွယ် စီကုံးဖွဲ့နွဲ့၍ ပြောပြရဦးမှာပေါ့။

'မေမေတို့ရွာမှာ အလယ်တန်းကျောင်းမရှိဘူး၊ဒီတော့ ကျောင်းရှိရာ ရေနံချောင်းကို အစောကြီး ထသွားမှ ကျောင်းမီတာ၊ ရွာနဲ့ကျောင်းနဲ့က အဝေးကြီးပဲ၊ အဝေးတကာ့အဝေးကြီးပဲ၊ သမီးကျောင်းထက်တောင် ဝေးသေးတာပေါ့၊ ဘတ်စ်ကားမရှိ၊ ဆိုင်ကယ်မရှိ၊ စက်ဘီးရှိရင်တောင် စီးမရဘဲ တွန်းနေရတဲ့အချိန်က များတယ်၊ သဲချောင်းအကျယ်ကြီးကို ဖြတ်ရသေးတာ သမီးရဲ့၊ ခြေလျင်လျှောက်မှ လူသက်သာသေးတယ်၊ သဲထဲမှာ ခြေကျင် ရုန်းရတာ'

သမီး၏ ကျောကုန်းလေးကို ဖွဖွပွတ်သပ်၍ ပုံပြောသည့်လေသံမျိုးနှင့် ခပ်တိုးတိုးပြောမိသည်။ သမီးက မျက်တောင်လေး စင်းကာ နားထောင်စပြုလာပြီ။

'သဲချောင်းဆိုတာမျိုးက မိုးရွာတဲ့အချိန်ကလွဲရင် ရေမရှိတတ်ဘူးလေ၊ သဲပြင်ကအကျယ်ကြီးပေါ့၊ အဲဒီသဲပြင်အကျယ်ကြီးထဲမှာမှ ချောင်းသေးသေးတွေ ဖြစ်နေတာ၊ ချောင်းလေးတွေက ရေတော့သိပ်မနက်ဘူး ပေါ့၊ တချို့ချောင်းက ခြေမျက်စိလောက်ရေနက်၊ တချို့ကတော့ ခြေသလုံးလောက် နစ်အောင် ရေများတာပေါ့၊ ချောင်းရေထဲ ဖြတ်လိုက် သဲထဲပြန်ရုန်းလိုက်ပေါ့ သမီးရယ်၊ သဲချောင်းကြီးလွန်ပြီးတော့ ရွာတွေကို ဖြတ်ရပြန်တာ'

'ပင်ဝနော် မေမေ'

'ကျွန်မ ခဏခဏပြောပြသည့် ရွာအကြောင်းကို သမီးစိတ်ဝင်စားပုံရသည့်အတွက် ကျွန်မ အမြဲလိုလို ကျေနပ်မိပါသည်။

'မေမေတို့ရွာက ပင်းဝပေါ့သမီးရဲ့၊ သဲချောင်းကြီး နာမည်က ပင်းချောင်းလေ'

'ပုံ့ပုံ့ သိပါတယ်'

'အဲဒီ ပင်ချောင်းလွန်တဲ့အခါ ဘုရားကုန်းရွာကို ရောက်ရော၊ ဘုရားကုန်းရွာပြီးတဲ့အခါ ရွာသစ်ကြီး၊ ပြီးတော့ ရွာသစ်ကလေး၊ ညောင်ပင်သာ၊ ဖောင်းကတော၊ ထိန်ချောင်း၊ ကျောင်းကုန်း၊ ပြီးတော့မှ သပြေတန်းကျောင်းကို ရောက်တာ'

'မေမေ မညောင်းဘူးလား'

'ညောင်းတာပေါ့ သမီးရယ်၊ ပညာကို လိုချင်လွန်းတော့ အညောင်းခံပြီး ကျောင်းတက်ရတဲ့ အဖော်တွေ ဘေးမှာ အများကြီး၊ သူငယ်ချင်းတွေနဲ့ စကားပြောရင်း စရင်းနောက်ရင်း ရယ်ရင်းနဲ့ပဲ ရောက်မှန်းမသိ ရောက်ရတာပေါ့၊ လမ်းမှာတွေ့တဲ့ ကျောက်ခဲလေးတွေ ကောက်ပြီး သစ်ပင်တွေဆီ ပစ်လို့ရသေးတယ်၊ ကိုင်းတောတွေထဲ ပစ်လို့ရသေးတယ်၊ အိမ်တွေကို ထိမှာ မပူရဘူး၊ သစ်ပင်တွေက အများကြီး၊ တစ်ဖက်မှာ တောင်ကမ်းပါးယံအမြင့်ကြီးတွေ၊ တစ်ဖက်မှာက မြစ်ရေတက်ချိန်မဟုတ်ရင် ယာခင်းတွေ ကိုင်းခင်းတွေ သမီးရဲ့'

www.burmeseclassic.com

www.burmeseclassic.com

မျက်စိတဆုံး လှမ်းမြင်နိုင်သော ဧရာဝတီမြစ်ကမ်းဘေးက ကျွန်းသောင်ခုံတွေ ယာခင်းတွေကို သမီးမြင်ဖူးစေချင်လိုက်တာ။

'အံ့မယ် . . . လမ်းတလျှောက်မှာ တွေ့သမျှတောပန်းတွေကို ခူးနိုင်သေးတာ၊ ပန်းတွေကလဲ ရောင်စုံပဲ သမီးရယ်၊ သိပ်လှတာပဲ၊ ခွေးသေးပန်းဆိုတာက အပြာရောင်လှလှလေးတွေ၊ တိုက်ပန်းကတော့ ပန်းရောင်၊ ခေါင်းလောင်းပန်းက အဝါရောင်၊ ဆယ့်နှစ်ရာသီပန်းက လိမ္မော်ရောင်၊ စိန်နားပန်ဆိုတဲ့ ပန်းကတော့ အပွင့်သေးသေးရောင်စုံလေးတွေ စုစုပြီး ပွင့်တတ်တာ၊ နားကပ်ပန်းဆိုတာ ရှိသေးတယ်၊ နားကပ်လေးတွေကို ခပ်ပြားပြား ပွင့်ဖတ်အသားထူထူ အပွင့်သေးသေးလေးတွေပေါ့၊ ခူးပြီး တံတွေးဆွတ် နားမှာ ကပ်ထားရင် တကယ့်နားကပ်လေးလိုပဲ'

သမီးလေးဘဝမှာ ပန်းတွေ လိုက်ခူးလို့ ပျော်ရွှင်ရသည့် ခံစားမှုကို တစ်ခါမှ မရရှာသေးပါ။ ကျွန်မတို့ ခြံထဲမှာ ပန်းပွင့်တွေကို သမီးက ခူးချင်သည်။ သူ့အဖေက ဟန့်တားထားသည်။ ကျွန်မနှင့် သူ့အဖေ မကြာခဏ စကားများရသည်။

'ပန်းဆိုတာ ခူးဖို့မဟုတ်ရင် ဘာအတွက်လဲ မောင်ရဲ့' သိသိကြီးနှင့် ကျွန်မ ရန်စကားပြောမိသည်။

'အလှကြည့်ဖို့ပေါ့ကွ'

'အဲဒီအလှဆိုတာက သမီးလေးပျော်ရွှင်မှုထက် ပိုပြီးအရေးပါလို့လား'

သူ့အဖေမရှိသည့်အချိန်မှာ ကျွန်မကတော့ သမီးအား ပန်းခူးခွင့်ပေးလိုက်တာပါပဲ။ တောပန်းကလေးတွေ၏ စိမ်းစိမ်းမွှေးသော ရနံ့ကို သမီးမခံစားဖူးသေးဘူး။ တောလမ်းတစ်ခု၏ တောပန်းဖြင့်မွှေးမြလတ်ဆတ်သော လေကို သမီးလေး မရှူဖူးသေးဘူး။

'နည်းနည်းလောက်မောရင် ညောင်ပင်ကြီးတွေရဲ့ အောက်မှာ ခဏထိုင်နားအမောဖြေကြတာပေါ့၊ ဧရာမ ညောင်ပင်ကြီးတွေ သမီးရဲ့၊ မေမေတို့ အိမ်ဝင်းထက်တောင် ကျယ်သေးတယ်၊ ဖားလျားကျနေတဲ့ နွယ်ကြိုး မုတ်ဆိတ်ကြီးတွေက မြေကြီးတောင် ထိတယ်၊ အမြစ်ဆုံကြီးတွေက မြေပေါ်မှာ ပေါ်လို့၊ အဲဒီညောင်မြစ်ကြီး တွေပေါ်မှာ မေမေတို့ ထိုင်ကြတာပေါ့၊ တစ်ခါတစ်ခါ ဖိုးလမင်းက သီချင်းဆိုသေးတယ်၊ သူ့အသံက အရမ်းကောင်းတာ'

ကျွန်မပြောပြလွန်း၍ သမီးသည် ဖိုးလမင်းဟူသော ကျွန်မ၏ ငယ်သူငယ်ချင်းလေးကို သိနေပြီ။ ဖိုးလမင်းဆိုဆိုနေတတ်သော သီချင်းများဟု ကျွန်မ ခဏခဏဆိုညည်းမိသော သီချင်းများကို ရင်းနှီးနေပြီ။ သမီးတို့ စကားအရတော့ တောသီချင်းတွေပေါ့လေ၊ ထိုတောသီချင်းတွေထဲမှ သမီးသိပ်ကြိုက်သောသီချင်းမှာ 'လက်ရည်တစ်ပြင်တည်း' ဖြစ်သည်။ ထိုသီချင်းက ရုပ်ရှင်ပြကွက်လေးတွေလို အာရုံထဲ မြင်ယောင်လာအောင် ပင် ပုံပြောခြင်းအတတ်ပညာ၊ သရုပ်ဖော်ခြင်း အတတ်ပညာနှင့် ဂီတကို ပေါင်းစပ်ဖွဲ့နွဲ့ထားသောကြောင့်ပဲ ဖြစ်လိမ့်မည်။ နောက်တစ်ကြောင်းကတော့ သမီးငယ်ငယ်ပီစိကွေးလေးအရွယ်ကတည်းက သမီးကို ပွေ့ချီကာ ချော့သိပ်တိုင်း ကျွန်မဆိုညည်းမိသောကြောင့် ဖြစ်လိမ့်မည်။

ဟော့ . . . သူငယ်ချင်းရေ . . . တို့နယ်ပယ်တွင် မိုးသက်ကယ်ဆင်ရုစ်ခွင်က မည်း . . . မိုးရွာမလိုလို နဲ့ပဲ . . . ညီညွတ်ရေးနဲ့ အသက်ရှည်ရှည်ခင်ခင်မင်မင် . . . လက်ရည်တစ်ပြင်တည်း . . . ရှေးကတော့ ပိုချစ်ကြတယ် . . .

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ သမီးကို ချော့သိပ်ရင်း ကျွန်မလွမ်းရသော ကျွန်မ၏ဇာတိရွာကလေးသို့ သီချင်းဖြင့် တစ်ခေါက်သွားလည်ခြင်းဖြစ်ပါသည်။

*တောရွာသူတို့ အိမ်မယ် . . . မြန်ဖွယ်ပါ့ ထမင်း . . . မိုးမျှော်ငရုတ်သီးထောင်းနဲ့ . . . ကိုဘိုကေရယ် . . . ဒေါင်းလန်းကြီးရဲ့ အလယ် . . .*

တစ်ခါတစ်ခါ စိတ်လိုလက်ရရှိလျှင် ဒေါင်းလန်းဆိုတာကို သမီးသိအောင် ပြောပြချင်နေပြန်၏။ သမီးတို့ သားတို့ ကလေးတွေမဆိုထားနှင့်၊ တချို့ ခပ်ပေါ့ပေါ့နေတတ်သော လူငယ်ကလေးတွေပင် ဒေါင်းလန်း ကို ကောင်းကောင်းမသိကြပေ။ ယခုခေတ် အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးတွေ ကြောက်နေရသည့်ခေတ်မှာ တော့ ဒေါင်းလန်းအသုံးကို ဆရာဝန်တွေ ရှုတ်ချကြမည် သေချာ၏။

အဲသည်တုန်းက နှီးဒေါင်းလန်းဆိုတာ ရှိခဲ့ဖူးတယ်။ ဒေါင်းလန်းနဲ့ ထမင်းစားကြတဲ့ ဓလေ့ဟာ အေးအတူပူအမျှ အရာရာကို မျှဝေတဲ့ ဓလေ့ပဲဟု သားနှင့် သမီးကို ပြောပြလျှင် သူတို့ ရယ်မောကြမလား မသိ။ နှီးကို လင်ပန်းကြီးသဖွယ်ဖြစ်အောင် ရက်လုပ်၊ စစ္စေးသုတ်ထားသည့် ယွန်းထည်အဖြစ် သမီးကလေး မြင်သာအောင် ရှင်းပြရင်း အိမ်မှာရှိသော ယွန်းလင်ပန်းလေးကို ဥပမာပြ စက္ကူဖြူတစ်ရွက်နှင့် ခဲ့တံကိုကိုင် သားသမီးအတွက်တော့ ကျွန်မက ပန်းချီဆရာမလည်း ဖြစ်ခဲ့သေးသည်။

'မေမေတို့ ထမင်းစားဖူးတဲ့ ဒေါင်းလန်းကြီးက ခြေထောက်မပါဘူး၊ ဟောဒီလိုမျိုး သမီးရဲ့၊ အဲဒါကို ကြမ်းပြင်ပေါ်ချ သူငယ်ချင်းတွေ ဝိုင်းထိုင်၊ ပြီးတော့ ကုန်းပြီးစားကြရတာ'

'ဟင် . . . '

သမီးက နှာခေါင်းရှုံ့သောအခါ ကျွန်မရယ်မောမိသည်။ သမီးလေး ဘယ်နှစ်သက်ပါ့မလဲ။ သမီးက ထမင်းစားလျှင် ပန်းကန်ပြားကိုတောင် တစ်နေ့နှင့်တစ်နေ့ စိတ်တိုင်းကျ ရွေးစားချင်သည့် ကလေး။ သည့်နေ့ မစ်ကီးမောက်စ်ရုပ်ပုံနဲ့ ပန်းကန်၊ သည်နေ့ စင်ဒရဲလား ရုပ်ပုံနဲ့ ပန်းကန် အဲသည်လိုမျိုး။ သမီးလေး မမီလိုက် သော သူ့ဘွားဘွား ကျွန်မအမေသာ ဒါကိုမြင်လျှင် ညည်းတို့ခေတ်ကျမှ ပဲအေ . . . ဟု ရယ်မောလိမ့်မည်။

'မိုးမျှော်ငရုတ်သီးဆိုတာ သိပ်စပ်တာ သမီးရဲ့။ အပင်မှာ ငရုတ်သီးလေးတွေ သီးတဲ့အခါ မိုးပေါ်ကိုထောင်ပြီး သီးတာ၊ မိုးကောင်းကင်ကို မျှော်ကြည့်နေကြသလိုပဲ'

အဲသည်အချက်ကြောင့် 'မိုးမျှော်'ဟုခေါ်သလား၊ တခြားအကြောင်းရင်းတစ်ခုကြောင့် ခေါ်သလား မသိ၊ နာမည်နဲ့တော့ တော်တော်လိုက်လေသည်။

'အဲဒီငရုတ်သီးထောင်းကို ဒေါင်းလန်းရဲ့ အလယ်မှာထား၊ ဟိုလူကနှိုက် ဒီလူကနှိုက် ရှူးရှူးရှဲရှဲ နေအောင် စား၊ ချွေးတွေတောင်ထွက်လို့ ရှိမှာနော် သမီး'

ကျွန်မ ငယ်ငယ်တုန်းက မိုးကလေးညိုညိုမှာ အဲသည်သီချင်းသံကို ကြားရလျှင် ဘာကိုလွမ်းမှန်းမသိ လွမ်းမိ၏။

www.burmeseclassic.com

www.burmeseclassic.com

မိုးမျှော်ငရုတ်သီးထောင်းဆိုတာကလည်း မိုးကလေးညိုညို၊ ဒါမှမဟုတ်၊ မိုးအေးအေးစိုစိုစွတ်စွတ် ချမ်းချမ်းမှာ စားဖို့အလွန်သင့်တော်သည် မဟုတ်လား။ သီချင်းသံကို ကြားလိုက်ရုံနှင့်ပင် ငရုတ်သီးစိမ်းမီးကင်ထောင်းရနံ့ကလေး မွှေးလာခဲ့သေးတာ။ သီချင်းထဲမှ မပါပေမယ့် ကျွန်မတို့ ညီအစ်မတွေ ခဏခဏ စားခဲ့ရ သော၊ ကြိုက်လည်းအလွန်ကြိုက်သော ယခုအခါ သမီးတို့အဖေက ဟင်းမမှတ်သဖြင့် ကျွန်မ မစားရတာ ကြာပြီဖြစ်သော ခရမ်းချဉ်သီးပန်ထွေဖျော်အကြောင်းကို သမီးအား တိုင်တည်ပြောပြရသည်။

'ခရမ်းချဉ်သီး ပန်ထွေဖျော်လုပ်ဖို့ ခရမ်းချဉ်သီးကို ပြုတ်ရင်လဲရပါရဲ့၊ ဒါပေမယ့် မီးဖုတ်တာက ပိုမွှေးတာသမီးရဲ့၊ မေမေတို့ ငယ်ငယ်တုန်းက ထမင်းချက်ရင် ထင်းမီးနဲ့ ချက်တာ၊ မီးကျီးခဲ ရဲရဲပေါ်မှာ ခရမ်းချဉ်သီးတွေ ထည့်မီးဖုတ်တာ၊ မွှေးနေတာပဲ'

ခရမ်းချဉ်သီးသာမက ခရမ်းချဉ်စိုက်ခင်းတွေအကြောင်းပါ ဖြည့်စွက် ပြောမိ၏။

'တစ်ခါတုန်းကတော့ လူကြီးတွေ တားထားတဲ့ကြားက ခရမ်းချဉ်သီးကို ကူဆွတ်မိတယ် သမီးရဲ့၊ ခရမ်းချဉ်အရွက်မှာရော၊ အသီးရဲ့ အညှာဖတ်လေးတွေမှာရော အမွေးနုနုဆူးမျှင်လေးတွေ ပါတယ်၊ အဲဒီအမွေး တွေနဲ့ ထိမိရင် ယားတော့တာပဲ၊ မေမေက စိုက်ခင်းထဲမှာ တစ်ကိုယ်လုံးယားလာတာပေါ့၊ လူကြီးတွေ ပြောစကား နားမထောင်မိလို့လေ၊ မှတ်ထားနော်သမီး . . . လူကြီးက ကလေးကို ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ တားတယ်ဆိုတာ ကောင်းစေချင်လို့၊ ဒုက္ခမတွေ့အောင်လို့ စေတနာနဲ့ ပြောတာ၊ နားထောင်ရတယ် . . .သိလား'

'သမီး မလုပ်ရဘူး'ဟု တားမြစ်တိုင်း ကျွန်မအား ခံတန်တန်၊ သို့သော် မဝံ့မရဲမျက်နှာပေးကလေးဖြင့် 'လုပ်မှာပဲ'ဟု ချွဲနွဲ့တတ်သော သမီးကို တစ်လက်စတည်း သတိပေးရ၏။

'ယာခင်းထဲကိုလိုက်ရတာ မေမေဖြင့် အရမ်းပျော်တာပဲ၊ မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်၊ ကြည့်လေရာရာမှာ စိုက်ခင်းတွေ၊ အထက်မှာက အပြာရောင်မိုးကောင်းကင်နဲ့ တိမ်လိပ်တိမ်ပန်းကြီးတွေ၊ အောက်ဘက်မှာက အစိမ်းရောင် စိုက်ခင်းတွေကြားထဲကရောင်စုံအသီးအပွင့်တွေ အကွက်လိုက် အကွက်လိုက် ဆေးခြယ်ထားသလိုပဲ၊ ခရမ်းချဉ်သီးစိုက်ခင်းမှာ အစိမ်းနဲ့အနီ၊ ခရမ်းသီးစိုက်ခင်းမှာ အစိမ်းနဲ့မရမ်းရောင်၊ ဒေါနပန်းခင်းတွေဆိုရင် နောက်ထပ် အစိမ်းရောင်တစ်မျိုး သိပ်လှတယ်၊ လေကလဲ မွှေးနေတာပဲ'

မြောင်းပုပ်နံ့ကို သမီးသိသည်။ လူတွေ၏ ကိုယ်နံ့ချွေးနံ့ကို သမီးသိသည်။ လက်ဖက်ရည်ဆိုင် အကြော်ဆိုင်တွေမှ ဆီကြော်နံ့ကို သမီးသိသည်။ ဓာတ်ဆီနံ့ကို သမီးသိသည်။ ကားတွေ ဆိုင်ကယ်တွေ၏ အိပ်ဇောပိုက်မှ ထွက်သည့် မွှန်ထူသည့် မီးခိုးနံ့ကို သမီးသိသည်။ ယာခင်းနှင့် ကွင်းပြင်ဆီကလာသည့် မွှေးပျံ့ပျံ့ရနံ့ကိုတော့ သမီး မသိသေးပါ။ ယာကန်သင်းရိုးပေါ်မှာ မတ်တတ်ရပ်ရင်း ယာခင်းထဲမှ ဖြတ်သန်းတိုက်ခတ်လာသော လေပြည်လေညင်းကို သမီးလေး မရှုဖူးသေးဘူး။

*မိုးတိမ်ယံကာကွယ် . . . ယာလယ်ပြင်လမ်းမှာလေ . . . ထန်းပင်ထန်းလက် ထန်းရွက်တွေက အသွယ်သွယ်ပါမောင်ရယ်. . . မြရင်တို့ရွာ ရိုးရာဇာတိနွယ် . . . ညြော် . . . လမ်းစဉ်လမ်းဆက် လမ်းမျက်စိ တောင်မှ လည်ပါတယ်နော်ကွယ် . . . ပျို့ရဲ့ညို့နွဲ့ . . . ကြိုလှည့်ပ့ါ ဆံကေသွယ် . . .*

မြရင်တို့ရွာ . . . တဲ့။ အားရဂုဏ်ယူစွာ သီဆိုလိုက်သည့် အသံကို ကျွန်မနားထဲမှာ စွဲလမ်းလှသည်။ မမြရင်တို့ရွာလား၊ နန်းတော်ရှေ့ဆရာတင်တို့ ရွာလား။ သူတို့လည်း လွမ်းပေမှာပေါ့။ ကျွန်မတို့ရွာမှာတော့ ရွာအဝင်မှာ ထန်းပင်ကြီးက သိပ်လှသည်။ အပင်မြင့်မြင့်မှ တွဲလောင်းကျနေသော စာဗူးတောင်းလေးတွေလည်း ရှိသည်။ ကောက်ရိုးနှင့်မြက်ခြောက် ရောစပ်ရပ်ကာ ဆောက်လုပ်ထားသည့် လက်သမားဆရာ စာကလေးတွေ၏ အိမ်လေးတွေပေါ့လေ။ ထိုစာဗူးတောင်းကလေးတွေက နှစ်ပေါင်းများစွာ တည်မြဲနေခဲ့သည်။ ထိုစာဗူးတောင်း

www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေကို ချစ်လွန်းလို့ ကျွန်မမှာ သွားသွားမော့ကြည့်ရတာ အမောသား။ ထိုစာဗူးတောင်းကလေးတွေကို သမီး မြင်ဖူးစေချင်သည်။

ရွာထိပ်က မန်ကျည်းပင်ကြီး၏ အောက်မှာတော့ သောက်ရေအိုးစင်ကလေး ရှိသည်။ ပင်ချောင်းသဲပြင်ကြီးကို ရုန်းလာရသော လူအတွက် အမောပြေသောက်စရာ ရေအေးအေးလေးပေါ့။ ရေအိုးစင်အောက်က သဲမြေစိုစိုမှာ စပါးပင်စုစုသေးသေးလေးတွေ စိမ်းမြလို့၊ ပို၍ပို၍ ရင်အေးစရာ။

အဲသည် သောက်ရေအိုးစင်မှာ လက်ကိုင်ရိုးတပ် အုန်းမှုတ်ခွက်လည်း ရှိခဲ့ဖူး၊ တစ်ဆင့်တက်၍ ပြောင်လက်နေသော ဒန်ပါးပါး ရေခွက်လည်း ရှိခဲ့ဖူး၊ သောက်ရေအိုးဖုံးကလည်း မြေရေအိုးဖုံးမှ ကြွေရည်သုတ် သံပန်းကန်ပြားအထိ အဆင့်တက်ခဲ့သည်။ ခွက်တွေ ၊ ပန်းကန်ပြားတွေကို ရေအိုးစင်တိုက်နှင့် တွဲချည်ထားစရာမလိုခဲ့။ ဘယ်သူမှလည်း ယူဖို့စိတ်မကူးခဲ့။ လူမျိုးတစ်ရာ့တစ်ပါး ကိုင်၍ သောက်သောရေခွက်ကို ကျွန်မတို့ မောမောနှင့် ကျေးဇူးတင်စွာ သောက်ခဲ့ကြဖူးသည်။ ရွံ့ရှာရကောင်းသည်ဟု မသိခဲ့။ ရောဂါတွေ ကူးစက်လေမလားဟုလည်း အတွေးမရောက်ခဲ့ချေ။ အဲသည် သောက်ရေကို ချောင်းထဲက လက်ယက်တွင်းမှာ စိတ်ရှည်ရှည်ခပ်ယူရတာ ဖြစ်သည်။

စိတ်ရှည်သော ကျွန်မက ကျွန်မတို့အိမ်အတွက် သောက်ရေခပ်သွားသည့်အခါတိုင်း ဖိုးလမင်းအတွက်ပါ ရေစောင့်ခပ်ပေးခဲ့သည်။ တစ်ခါတစ်ခါ သဲကျင်းသေးသေးလေးထဲရေ အတက်နှေးလျှင် ကျောင်းစာအုပ်ကလေးယူသွားပြီး ရေစောင့်ရင်း စာကျက်နိုင်သေး၏။ ကျွန်မတို့ ရေချိုးရန် ရွာ၏အနောက်တောင်ထောင့်က ရေတွင်းကြီးဆီကို သွားကြလျှင်တော့ ဖိုးလမင်းက ကျွန်မတို့ ရေချိုးဖို့ ရေငင်ပေးမြဲဖြစ်သည်။ အဲသည့်ရေတွင်းကြီးကို 'ကမ္ဘာတွင်း'ဟုခေါ်ကြသည်။ ဘယ်လောက်ပဲ နေပူနေပါစေ ကမ္ဘာတွင်းက ရေဖြင့်တစ်ပုံး လောင်းချိုး လိုက်ရလျှင် အေးမြလန်းဆန်းသွားလေ့ရှိပါသည်။ သုံးရေခပ်ဖော်၊ ရေချိုးဖော်၊ ယာခင်းထဲသို့ ထမင်းချိုင့်ပို့ဖော် သူတို့တွေကပဲ ကျောင်းသွားဖော်ဖြစ်ခဲ့သည်။ ကျွန်မတို့ဘဝက အလွန်အေးချမ်း ပျော်ရွှင်စရာကောင်းသည်။

ထိုသူငယ်ချင်းလေးတွေ ဘယ်ဆီကိုများ ရောက်နေကြပါလိမ့်။

*ချောင်းပေါ်မှာ . . . ဖြတ်လာရှာတဲ့ ပုတတ်ကလေးတွေ နီကျင်ကျင်ရယ် . . . နွယ်ကြိုးမျှင်နဲ့သွယ် . . . သြော် . . . ငယ်မူမဖျောက်နိုင်ဘု ပျော်လောက်ဖွယ် မယ်ရင်ရယ် . . . လွမ်းပါဘိတယ် . . . ပျို့ ဇာတိနွယ် ပျို့တို့ ဇာတိနွယ် . . .*

ပုတတ်ကလေးတွေကို ကျွန်မတို့ နွယ်ကြိုးမျှင်နဲ့ မသွယ်ခဲ့ဖူးသော်လည်း တစ်စုတစ်ဝေးကြီးမို့ ပျော်စရာကောင်းမှာ အမှန်ပါပဲ။ ကျွန်မတို့က ပုစဉ်းလေးတွေတော့ ဖမ်းဖူးသည်။

'မေမေတို့တွေ ပုစဉ်းဖမ်းကြတာ အရမ်းပျော်စရာကောင်းတာပဲ သမီးရဲ့၊ ပုစဉ်းလေးတွေက ချဉ်ပေါင်ပွင့်တွေနားမှာ တဝဲလည်လည်ဖြစ်နေပြီဆို မေမေတို့က ခြေဖွနင်းပြီး တိတ်တိတ်ကလေး စောင့်ကြည့်နေတာ၊ ပုစဉ်းလဲ နားရော ပုစဉ်းတောင်ပံလေးတွေက စုသွားတာကိုး၊ အဲဒီတောင်ပံလေးတွေကို လက်ညှိုးနဲ့ လက်မကြားမှာ အသာညှပ်ယူပြီး ဖမ်းလိုက်တာပေါ့၊ ခြေသံလုံရမယ်၊လက်သွက်ရမယ်၊ သိမ်မွေ့ရမယ်၊ မေမေတို့များ ပုစဉ်းလဲ ဖမ်းတတ်ပ၊ လိပ်ပြာလဲ ဖမ်းတတ်ပ၊ ပြီးရင် ဖန်ပုလင်းတွေထဲ ထည့်၊ ခဏ

www.burmeseclassic.com

အဖုံးလေးအုပ်ပြီး အလုကြည့်တတ်သေးတာ၊ ပုစဉ်းတွေက အမျိုးမျိုး သမီးရေ၊ ပုစဉ်းပြာဆိုတာက မရမ်းပြာရောင် သိပ်လှတာပဲ၊ ပုစဉ်းအသေး၊ အလတ်၊ အကြီး အို . . . စုံနေတာပဲ၊ ဖိုးလမင်းရယ်၊ ကြွေရုပ်ရယ်၊ မေမေရယ်ပေါ့၊ တစ်ခါတုန်းက ပုစဉ်းဖမ်းရင်းနဲ့ လက်မှာ ခူကောင်ကိုက်ခံရလို့ မေမေ့မှာ ငိုရသေးတာ'

ကျွန်မငိုတော့ သူငယ်ချင်းတွေက ကျွန်မကို ချော့မော့ကာ အိမ်ပြန်ခေါ်လာကြသည်။ ထိုသူငယ်ချင်းလေးတွေသည်ပင် ကျောင်းအပြန် ချောင်းရေကျနေလျှင် တစ်ယောက်လက်ကို တစ်ယောက်တွဲ၍ အားပေးမာန်တင်းရင်း ချောင်းအကျယ်ကြီးကို ဖြတ်ခဲ့ကြစဉ်က ရဲဘော်ရဲဘက်တွေ ဖြစ်ခဲ့သည်။ နန်းတော်ရှေ့ဆရာတင်၏ချောင်းက ဘယ်လိုနေမလဲ မသိ။ ကျွန်မတို့၏ ပင်းချောင်းကတော့ တစ်ခါ တစ်ခါ ရေကျလျှင် တော်တော်ကြောက်စရာကောင်းပါသည်။

အရှေ့မြောက်အရပ်မှ မည်းမှောင်ကာ ရွာချသော မိုးဆိုလျှင် ပင်းချောင်းရေစီးကြမ်းတမ်းကာ ရေလျှံလေသည်။ ထိုအချိန်မျိုးတွင် ရေတွေ တဝေါဝေါလိမ့်ဆင်းလာသည်မှာ ကြောက်စရာပင်။ အဲသည်အချိန်မျိုးမှာ ကျွန်မတို့ ကလေးတစ်သိုက်သည် ကျောင်းလွယ်အိတ်လေးတွေကို ပိုက်ကာ ဘုရားကုန်းအခြေက အကြော်တဲ ကလေးအောက်မှာ စုထိုင်မိုးခိုကာ ချောင်းရေနည်းသွားသည်အထိ စောင့်နေရတတ်သည်။ နည်းနည်းအရဲကိုးကာ အိမ်အပြန်အလျင်လိုချင်သော ကလေးတို့အား လူကြီးတွေက ဟန့်တားကာ စောင့်ရှောက်ကြပ်မတ်ရ၏။ ကျွန်မတို့ အုပ်စုကတော့ အန္တရာယ်ကင်းပြီဆိုမှ စိတ်ချရတော့မှ ဖြတ်ကူးလေ့ရှိသည်။ အဓိကကတော့ ကျွန်မ၏ အသည်းငယ်မှုကြောင့်ပါပဲ။ ကျွန်မက ရေနည်းနည်းနက်လျှင် ကြောက်တတ်သည်။ တွန့်ဆုတ် တွန့်ဆုတ်နှင့် နောက်ကျန်နေချင်သည့် ကျွန်မကို သူတို့တွေက အလယ်မှာထား၍ လက်ချင်းတွဲချိတ်ကာ ချောင်းကူးရ၏။

'တစ်ခါမှာတော့ မေမေက ချောင်းကူးရင်းနဲ့ ရေစီးတာကို ကြည့်ရင်းကြည့်ရင်း မူးလာတယ်၊ ကိုယ့်ကိုယ်ကို မူးနေမှန်း မသိသေးခင်မှာ ယိုင်လဲသွားတာပေါ့ သမီးရယ်၊ အတွဲနဲ့ တန်းစီပြီး ဖြန့်လျှောက်ကူ ကြတာမို့ မေမေယိုင်တော့ သူငယ်ချင်းတွေပါ ယိုင်ကုန်တာပေါ့၊ မေမေကြောက်လိုက်တာ ငိုတောင်ယူရတယ်၊ မေမေငိုတော့ ဖိုးလမင်းက အဖြစ်မရှိဘူး ဘာဘူးနဲ့ ငေါက်သေးတယ်၊ ဒါပေမယ့် နောက်ဆုံးတော့ သူကပဲ မေမေ့ကို သူ့ကျောပေါ်မှာ ကုန်းပိုးပြီး ချောင်းကူးတော့တာပဲ သမီးရယ်၊ မေမေ့ကို သူက မျက်စိမှိတ်ထားတဲ့၊ အောက်ကရေပြင်ကို ငုံ့မကြည့်နဲ့၊ ဒီအတိုင်းမျက်စိမှိတ်ပြီး လိုက်ခဲ့တဲ့၊ မေမေကလဲ သူငယ်ချင်းကို ကုန်းစီးရ တာရက်ပေမယ့် ကြောက်လွန်းတော့ မရက်နိုင်တော့ဘူး၊ မျက်စိမှိတ်ပြီး သူ့ကျောပေါ်မှာ လိုက်လာရတာပဲ'

သူငယ်ချင်းတွေသည် ကျွန်မရက်မည်ဟု သိသဖြင့် ရယ်မောစနောက်ခြင်းပင် မပြုကြပါ။ ကျွန်မအား စိုးရိမ်မကင်း မျက်လုံးများဖြင့် စောင့်ကြည့်ခဲ့ကြရုံသာ ဖြစ်သည်။ သူငယ်ချင်းဆိုတာ အဲဒါပဲပေါ့ သမီးရယ်။ အဲသည် ချောင်းပြင်သည် နွေရာသီမှာတော့ မဆုံးသော သဲကန္တာရကြီးလို ကျယ်ပြန့်ဖြူဖွေးနေတတ်ပြန်၏။ သဲကန္တာရမဟုတ်သော ကျွန်မတို့ချောင်းပြင်သည် ဆောင်းရာသီမှာတော့ ကြက်သွန်စိုက်ဖို့ မြေဩဇာ ကောင်းလှသော မြေကြီးလည်း ဖြစ်ခဲ့သည်။

'ကြက်သွန်ခင်းတွေမှာ ကြက်သွန်ပင်တွေက သမီးရဲ့ ရင်ဘတ်လောက်တောင် မြင့်တယ်ကွယ်၊ စိမ်းစို နေတာပဲ၊ ကြက်သွန်မိတ်ကို သိတယ်မဟုတ်လား'

ကြက်သွန်စိုက်ချိန်၊ ကြက်သွန်နုတ်ချိန်တို့တွင် ချောင်းပြင်မှာ လူတွေစည်ကားလျက် ပျော်ပွဲစားထွက် ကြသလိုပဲ။ ထမင်းထုပ်တွေ ဖြည်စားကြ၊ ဘူးသီးခြောက်ရေဘူးမှ ရေကို မော့သောက်ကြ၊ သီချင်းတွေ အော်ဆိုကြ . . . ဘယ်လောက်များ ရင်းနှီးချစ်ခင်လိုက်ကြသလဲနော်။

*သြော် . . . ငယ်မူမဖျောက်နိုင်ဘု ပျော်လောက်ဖွယ် မယ်ရင်ရယ် . . . လွမ်းပါဘိတယ်၊ ပျို့ဇာတိနွယ် . . . နှစ်တိုင်းဆက်ထွန် ကြက်သွန်ခင်းရဲ့ အလယ် . . . ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင် . . . လက်ရည်တစ်ပြင်တည်း . . . ရှေးကတော့ ပိုချစ်ကြတယ် . . .*

www.burmeseclassic.com

တစ်ယောက်ရဲ့ ကြက်သွန်က တစ်ယောက်ထက် ပိုကြီးသည်။ အထွက်ကောင်းသည်ဟု မနာလိုခြင်း မရှိ။ စိုက်ခင်းတစ်ခုနှင့် စိုက်ခင်းတစ်ခု ကူညီနေကျ၊ တိုင်ပင်နေကျဖြစ်သည်။ ဖိုးလမင်းတို့ စိုက်ခင်းဘက်မှာ ရေနည်းလျှင် ကျွန်မတို့ စိုက်ခင်းဘက်မှ ရေကို ဖောက်ပေးလိုက်တာပါပဲ။ ကြက်သွန်နုတ်ချိန်၊ ဖြတ်ချိန်တို့မှာလည်းစည်းစည်းလုံးလုံး၊ မြို့က ပွဲရုံတွေဆီ လှည်းဖြင့် တိုက်တော့လည်း စည်းစည်းလုံးလုံး။ အိမ်တစ်အိမ်မှာ ခေါင်မိုး မိုးလျှင် ဘယ်ကလက်သမားမှ မရှိ၊ အိမ်နီးချင်း ယောကျ်ားတွေက ဝိုင်းမိုးပေးကြတာပါပဲ။ အဲသည်အချိန်မှာ ပဲလွန်းစေ့ဖြင့် ပေါင်းထားသော ကောက်ညှင်းဖြူပေါင်းနှင့် ယင်ပေါင်စာ ငါးကြော်လေးတွေနှင့်၊ ရေနွေးကြမ်းနှင့် အမယ် . . . ငါးရံ့ခြောက်ဖုတ်တောင် ရေနွေးမြည်းဖို့ တည်ခင်းကြသေးသည်။

‘ဖိုးလမင်းတို့က စောပြီးကြက်သွန်ဖြတ်ရင် မေမေတို့က သူတို့ခြံထဲသွားပြီး ကြက်သွန်ဖြတ်ပေးကြတယ်၊ တစ်တောင်းကို တစ်မတ်ပိုက်ဆံရတယ်’

‘တစ်မတ်ဆိုတာ ဘယ်လောက်လဲ မေမေ’

‘တစ်မတ်ဆိုတာ နှစ်ဆယ့်ငါးပြားပေါ့ သမီးရယ်၊ တစ်ကျပ်ရဲ့ လေးပုံ တစ်ပုံပေါ့’

တစ်ကျပ်ကိုပင် သိပ်မသိနိုင်သော သမီးအား တစ်မတ်ဆိုတာ ဘယ်လိုလဲဟု ရှင်းပြရဦးမည်။ မနက်ဖြန်ကျမှ ကျွန်မစုသိမ်းထားသည့် အကြွေစေ့ထုပ်ကို ပြန်ရှာရဦးမည်။ အခုတော့ သမီးအိပ်ပျော်သည်အထိ ပုံပြင်ကို ဆက်ပြောချင်သေးသည်။

သည်နှစ်နွေရာသီရောက်လျှင်တော့ သားနှင့်သမီးကို ခေါ်လျက် ကျွန်မတို့ရွာသို့ အလည်သွားဖြစ်အောင် သွားလိုက်ဦးမယ်။ သူတို့အဖေ မလိုက်နိုင်လျှင်လည်း ထားခဲ့လိုက်တော့မည်။ မြို့ပြက ကလေး၏ဘဝသည် ကျေးရွာက ကလေးတွေ၏ဘဝထက် ဘယ်နေရာမှာ ပို၍ကောင်းသည်၊ ဘယ်နေရာမှာ ပို၍ဆိုးသည်ဆိုတာ သားတို့ သမီးတို့ သိချင်မှာပဲ။ ရုပ်ဝတ္ထုပြည့်စုံမှုက ပို၍သာသည့်အချက်များ ရှိသလို စိတ်ပြည့်စုံမှုက ပို၍သာသည့် အချက်များကိုလည်း သားတို့ သမီးတို့ သိစေချင်သည်။ အဓိကကတော့ လူ့ဘဝမှာ သူငယ်ချင်းဆိုတာမျိုးဟာ ဘာကိုခေါ်တာလဲဟု သိစေချင်လှသည်။

ရွာရောက်လျှင် ဖိုးလမင်းတို့ ကြွေရုပ်တို့ကို တွေ့မှ တွေ့ရပါ့မလား။ ရှိကြမှာပါ။ သားသမီးတွေနှင့် ပျော်ရွှင်နေကြသည့် မိသားစု နှစ်စုဖြစ်လိမ့်မည်။ ဒါမှမဟုတ် မိသားစု တစ်ခုတည်းပဲလား . . . ။

ထိုအတွေးကို ယခုမှ ကျွန်မတွေးမိ၏။ ကျွန်မအတွေးကို ကျွန်မ ပြန်၍သဘောကျသွားကာ အသံထွက်၍ ရယ်မိသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ထဲမှာ မောင့်ကို ထားရစ်ခဲ့

နင့်အပြုံးကြောင့် ငါ့ကိုယ်ငါ ရှက်သွားတယ်ဆိုရင် နင်အံ့သြမိမလားမသိဘူး။ တကယ်ကို ငါရှက်သွားတယ်။ အမှန်က နှစ်နှစ်တောင် ကြာခဲ့ပြီပဲ။ ဒီလောက်ကြာမှတော့ တစ်ဖက်က ပြောင်းလဲတဲ့ အခြေအနေကို လိုက်ပြီး ငါ့ဘက်ကလဲ ပြောင်းလဲသင့်တာပေါ့။ အနည်းဆုံးဟာ.. နင်ပြုံးပြလိုက်တဲ့ အပြုံးမျိုးလေးကိုတော့ ငါတုံ့ပြန်နိုင်ဖို့ သင့်တာပဲ။ ဒါပေမယ့် နင်ပြုံးသလို ငါမပြုံးတတ်ဘူး။ ဒီအတွက် ငါ့ကိုယ်ငါ ရှက်တယ်။

နင့်အပြုံးမှာ ငါ.. ဘာအရိပ်အယောင်ကိုမှ မတွေ့လိုက်ဘူး။

သံယောဇဉ် အရိပ်အယောင်ကိုလည်း မမြင်၊ ကြင်နာရိပ်ဆိုတာလည်း မတွေ့၊ တမ်းတတဲ့ အနေအထားမျိုးလည်း မရှိ၊ လွမ်းရိပ်ဆိုတော့ ဝေးရော။ ငါ ချီးကျူးပါတယ်။ ဒါလောက်သန့်စင်တဲ့ အပြုံးမျိုးကို ပြုံးနိုင်လို့ နင့်ကို ငါချီးကျူးပါတယ်။

ငါ နင့်ကို တွေတွေဝေဝေ ကြည့်ရင်းက ပြန်ပြုံးပြဖို့ ကြိုးစားလိုက်ပါသေးတယ်။ ပြုံးတော့ ပြုံးလိုက်တာပဲ။ ဒါပေမယ့် ငါသိလိုက်ပါတယ်။ ငါ့နှုတ်ခမ်းတွေ လှုပ်သွားကြပေမယ့် အပြုံးတစ်ခု ဖြစ်မသွားဘူးဆိုတာ။ အဲဒီလို သိလိုက်တဲ့ အချိန်မှာပဲ ဝမ်းနည်းမှုနဲ့အတူ ရှက်ကြောက်မှုကိုပါ ငါခံစားလိုက်ရတယ်။ ငါ့ရှေ့မှာ လာရပ်တဲ့ နင့်ကို မကြည့်ရဲသလို ဖြစ်နေတယ်..။

အမှန်ကတော့ နင့်ကို အဝေးကတည်းက မြင်ပြီးသားပါ။

ဟို... အဝေးကတည်းက နင်မှန်းသိပြီးသားပါ။ ငါ ဘယ်လို မေ့နိုင်မှာလဲ။ ဒီလို လမ်းလျှောက်ဟန်၊ ဒီလိုပုံစံကို ငါ ဘယ်လိုလုပ်ပြီး မေ့နိုင်မှာလဲ။

နင်လမ်းလျှောက်တဲ့ပုံက တစ်မျိုး။ မျက်နှာကို ခပ်ပင့်ပင့် ကြော့ကြော့လေး လျှောက်တာမျိုးမှ မဟုတ်ဘဲ။ နင်က မျက်နှာကို အမြဲတမ်း ငုံ့ထားတာနော်။ ညာဘက်ကို ခေါင်းငဲ့ထားတော့ ဖြန့်ချထားတဲ့ ဆံပင်တွေက ညာဘက်မှာ ပိုရှည်နေသလို ထင်ရတယ်။ ထဘီကို ညာဘက်ခါးမှာ လာညှပ်ထားပြီး ညာလက်ကလည်း ထဘီဘေးအနားကို ခပ်လျော့လျော့ ဖိထားတတ်တယ် မဟုတ်လား။ နင့်ထဘီက အရှမ်းရှည်တာပဲ။ ခြေမျက်စိဖုံးတာထက်တောင် ကျော်ချင်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကို နွဲ့တာလည်း မဟုတ်ဘဲနဲ့ ယိုင်ယိုင်လေး လျှောက်တတ်တဲ့ နင့်ဟန်ကိုလေ.. ငါဘယ်တော့မှ မေ့မှာ မဟုတ်တော့ပါဘူး။

ဒီတော့လဲ.. ဟို.. အဝေးမှာကတည်းက နင်မှန်းသိလိုက်တယ်။ နှစ်နှစ်လောက် မမြင်ရတဲ့ နင့်သဏ္ဌာန်ကို မြင်လိုက်ရတော့ ငါ့ရင်ထဲမှာ ဘယ်လို ဖြစ်သွားမှန်းမသိဘူး။ အမှန်အတိုင်းဆိုရင် နင့်ကို ငါမတွေ့ချင်ဘူး။ မတွေ့ချင်ဘူးဆိုတာမှာလဲ နင့်ကိုတွေ့ရင် ခံစားလိုက်ရမယ့် ဝေဒနာကို ငါကြောက်လို့ပါပဲ။

ဒါပေမယ့် ဘယ့်နှယ်လုပ်မလဲ..။

ငါ ရပ်နေရာကနေ့ ရှေ့ဆက်လျှောက်ရင် နင်နဲ့ပိုနီးမယ်။ နောက်ကိုလည်း လှည့်သွားလို့ မဖြစ်ဘူး။ ဖူးစာကုန်းဆိုတာက လာလမ်း အပြန်လမ်း ဒီတစ်လမ်းပဲရှိတဲ့ မြစ်ကမ်းပါးကြီး မဟုတ်လား။ ငါ နောက်ဆုတ်သွားလို့မှ မဖြစ်ဘဲ။ အပြန်လမ်းကို ဆက်လျှောက်ဖို့ကျတော့ နင်က လျှောက်လာနေပြီ။

ဘာလုပ်ရမှန်း မသိတဲ့အတူတူတော့ ရပ်နေလိုက်တာဟာ အကောင်းဆုံးပဲလေ။

နင်ငါ့ကို အဝေးတုန်းက လှမ်းမြင်မှာ မဟုတ်ပါဘူး။ နင်က လမ်းလျှောက်ရင် နင့်ရှေ့နှစ်ကိုက်လောက်က မြေပြင်ကိုပဲ ငေးနေတတ်တယ် မဟုတ်လား။ ငါကတော့ ပြန်မယ်လို့ လမ်းဘက်ကို ခြေစ,ထားတဲ့သူ။ ဒီတော့ ငါကပဲ စ,မြင်တယ်။

နင်တော့မသိဘူး။ ငါတော့ မြင်မြင်ချင်း တုန်လှုပ်သွားတာပဲ။ နင့်ဆီက မျက်နှာလွှဲပြီး ရှေ့က မြက်ပင်လေးတွေကို ငေးကြည့်နေမိတာ..။ နင် ငါ့မြင်ကွင်းထဲ ရောက်လာတဲ့ထိပဲလေ။

ငါ့ကို လှမ်းမြင်ရင် နင်လာလမ်းကိုများ ပြန်လှည့်မလားလို့ ပထမ တွေးမိသေးတယ်။ ဒါပေမယ့် နင်က ပညာရှိပဲ။ လူမိုက်အလုပ်ကို မလုပ်ဘူးဆိုတာ တွေးမိပါတယ်။

စ,မြင်လိုက်တုန်းက ဆုံရင် ပြုံးပြရမလား၊ ဘယ်လို ပြုံးရမလဲ .. စဉ်းစားထားတယ်။ စဉ်းစားလို့ မရဘူး။ နင်ကတော့ တော်ပါတယ်ဟာ။ သွားရင်းဟန်လွှဲ မိတ်ဆွေပြုံးနဲ့တောင် ငါ့ကို နှုတ်ဆက်တတ်နေပြီပဲ။

“တစ်ယောက်တည်းလား...”

ကြည့်စမ်း..။ ငါ့ရင်ထဲမှာ ဘယ်လိုဖြစ်သွားမယ်ဆိုတာ နင်တွေးမိရဲ့လား။ မေးရက်လိုက်တာ။ နင်ပဲ ငါ့ကို တစ်ယောက်တည်း ထားပစ်ခဲ့တာမို့လား။

ဒီတစ်ခါတော့ ခေါင်းညိတ်ဖြစ်ပါတယ်နော်။ နင့်ကို ကျေးဇူးတင်ပါတယ်။ ငါနှုတ်ဆက်ရခက်၊ အပြုံးရခက်နေတဲ့ ဒီအချိန်မှာ နင်က စ,နှုတ်ဆက်လို့။ (ရင်လဲနာရပါတယ်)

‘တစ်ယောက်တည်းလား’လို့ မေးခံရတဲ့ ဝေဒနာဟာ တစ်ယောက်တည်း ထားခဲ့လို့ ခံရတဲ့ ဝေဒနာနဲ့ မထူးပါဘူးဟာ။ ရင်နာနာနဲ့ နင့်ကိုငေးနေတဲ့အချိန်မှာ ငါ့လက်ဖျားတွေ အေးစက်လာလို့ ငါ့လွယ်အိတ်ကို တင်းတင်း ဆုပ်ကိုင်လိုက်ရတယ်။

တုန်ယင်နေတဲ့ ငါ့အထက်နှုတ်ခမ်းကြောင့်လား..။

ဝေဒနာရိပ်လွှမ်းနေတဲ့ ငါ့မျက်လုံးကြောင့်လား..။

ဟန်လုပ်ပြီး ခပ်မော့မော့ရပ်နေပေမယ့် ယိုင်နွဲ့နေတဲ့ ငါ့ဟန်အစစ်ကို နင်တွေ့သွားလို့လား..။

www.burmeseclassic.com

လွယ်အိတ်ကိုပဲ ဖိဆုပ်ထားတဲ့ ငါ့လက်တွေကတစ်ဆင့် လှုပ်ရှားနေတဲ့ ငါ့စိတ်ကို ရိပ်မိသွားလို့လား‥ ကွဲကွဲပြားပြားတော့ မသိဘူး။ အဲဒီထဲက တစ်ခုခုကြောင့်ပဲ ထင်တယ်။ နင့်အပြုံးက မှိန်သွားတယ်။ နောက်ပြီး ငါ့အထင်က သံယောဇဉ်ရိပ်ကလေးကိုလဲ နင့်မျက်လုံးမှာ တွေ့လိုက်ရသလိုပဲ။

ဒီနှစ်နှစ်အတွင်းမှာ နင့်ပုံစံကလဲ ဘာမှ မပြောင်းလဲပါလား။

ဆံပင်ကို အရင်တုန်းကလိုပဲ နဖူးပေါ်က အားလုံးသိမ်းပြီး နောက်ကိုလှန်ထားတယ်။ နင့်နဖူးက အလျင်လို ရှင်းနေတုန်းပဲ။ နားသယ်စပ် နှစ်ဖက်ဆီမှာတော့ အလျင်လို ဆံပင်တွေက အုပ်ပြီးကျနေတယ်။ မျက်ခုံးကလဲ ခပ်ပါးပါး ခပ်မျှင်မျှင်ပဲ။ အလျင်ကလိုပါပဲ။ ဘာကိုမှ ထပ်ဖြည့်ဆွဲထားတာ မရှိပါဘူး။ အို‥ ဘာမှကို မပြောင်းလဲသေးပါဘူးလေ။ ပြောင်းလဲတာကတော့ အချိန်တွေရယ်၊ နင့်သဘောထားတွေရယ်။

သြော်‥ ကြည့်ပါဦး‥။

နင့်ဆံပင်မှာ စကားပွင့် ဖြူဖြူလေးကလဲ အရင်လိုပါဘဲလား။ စကားပွင့်လေးကို ငါငေးနေမိတာ အကြာကြီးပဲ။ နင်ကလဲ ငါ့ကို ငေးနေပါတယ်။ နင်ဘာတွေ တွေးနေမလဲ။

ငါ့ပုံစံ ဘာမှ မပြောင်းလဲသေးတာကို နင်တွေးနေမှာပေါ့‥။

ငါ့ဆံပင်ကို အရင်လို ညာဘက်က ခွဲထားသလား နင်ကြည့်မယ်။

အင်္ကျီ လက်ကို ကြယ်သီးမတပ်ဘဲ အရင်လို ဖိုးရိုးဖားရား ချထားလား‥ နင်ကြည့်မယ်။

အပေါ်ဆုံး ရင်ဘတ်ကြယ်သီးကို အရင်လိုဖြုတ်ထားသလား‥ နင်ကြည့်မယ်။

လွယ်အိတ်ကို အရင်လို ပခုံးစလွယ်သိုင်း လွယ်သေးသလား‥ နင်ကြည့်မယ်။

“ဖြေနိုင်တယ်မဟုတ်လား”

စကားပွင့်လေးဆီကနေ့ နင့်မျက်နှာဆီကို အကြည့်ပြောင်းလိုက်ရတယ်။ ပြီးခဲ့တဲ့ ဆယ်တန်းစာမေးပွဲကို ရည်ရွယ်ပြီး မေးလိုက်တယ်ဆိုတာ ငါသိပါတယ်။ ငါ့ရင်ထဲမှာ စူးရှသွားတယ်။ ဘာဖြစ်လို့နာတာလဲ။ ငါ့ကိုယ်ခန္ဓာက သိပ်သေးငယ်သွားသလိုပဲ။ ကမ္ဘာမြေကြီးက အကြီးကြီး၊ ငါက သေးသေးလေးရယ်။ ငါ့အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ဖိကိုက်မိတယ်လို့ ထင်လိုက်တယ်။ ငါ့ခန္ဓာကိုယ်က သွေးတွေ ပူလာတယ်လို့ ထင်ရတယ်။

အကြာကြီး ငေးကြောင်နေရင် မကောင်းတတ်လို့ ခေါင်းကို ဖြည်းဖြည်း ယမ်းပြလိုက်တာပါ။ နင်ဘာဖြစ်လို့ မျက်လွှာချသွားတာလဲ။ ဘာဖြစ်လို့ ပင့်သက်ရှိုက်လိုက်တာလဲ။ ငါဆယ်တန်းမဖြေနိုင်လို့ စိတ်မောစရာ နင့်မှာ မရှိတော့ဘူးဘဲ။

သြော်‥ ငါ နင့်ကို တစ်ခွန်းမှ စကားမပြောရသေးဘူးနော်။

“ကျောင်းက ဘယ်နှစ်ရက်ပိတ်တာလဲ”

ဒီမေးခွန်းကို ငါ ခက်ခက်ခဲခဲ မေးရတယ်ဆိုတာ နင်‥ သိမှာပါ။

“သုံးလ‥ ဖိုင်နယ်ဖြေပြီးလို့ ပိတ်လိုက်တာ”

“ဘယ်နှစ်နှစ်ရောက်ပြီလဲ”

www.burmeseclassic.com

"အခုပြန်တက်ရင် သ၃ဒ်အမ်–ဘီ တတိယနှစ်"

တစ်ဖက်ကို တစ်ဖက် ဆုပ်ကိုင်ထားတဲ့ နင့်လက်ချောင်းလေးတွေကို ငါငေးနေမိတယ်။ လက်သည်းက တိတိရိရိကို ကိုက်ဖြတ်ထားတာတွေ့လို့ အရင်လိုပဲ ဆိုတာ သိလိုက်ရပြန်တယ်။

ဟောဒီဖူးစာကုန်းမှာပဲ ဟောဒီဆည်းဆာချိန်မှာပဲ.. အဲဒီလက်ချောင်း ဖြူဖြူလေးတွေကို ငါ ဆုပ်ကိုင်ရင်း လမ်းလျှောက်ခဲ့ရဖူးတယ်။ နင့်လက်လေးတွေက နွေးနွေးလေး.. ပျော့နွဲ့နွဲ့လေးတွေ။ အဲဒီအနွေးဓာတ်လေးဟာ ခုထိ မပြယ်သေးဘူးဆိုရင် နင်ယုံပါ့မလား၊ နင်ပန်နေကျ စကားပန်းရနံ့လေးဟာလဲ ငါ့ဆီမှာ အမြဲပျံ့သင်းနေတယ်ဆိုရင် နင်ယုံပါ့မလား။

"နင်... သိပ်ပိန်သွားတယ်၊ နေမကောင်းဘူးလား.."

ပိန်တယ်။ အို... ငါ့ကို ပိန်တယ်လို့ အထူးသတိထားမပြောကြတာ နှစ်နှစ်တောင် ရှိသွားပြီပဲ။ ဒီနှစ်နှစ်အတွင်း ငါပိန်သွားတယ်လို့ မှတ်ချက်ချတာ နင်က ပထမဆုံးပဲ။

"ကောင်းပါတယ်.."

"ကျန်းမာရေးကိုလည်း ဂရုစိုက်ဦး..နော်၊ လူက တအားကို နွဲ့သွားတာပဲ"

ဩော်.. နင်တောင် ဆရာဝန်မကြီး ဖြစ်တော့မယ်။ အရင်လို အခြေအနေမျိုးသာဆိုရင်တော့.. 'ဆေးကုပေးမယ့်သူ ရှိသားပဲ'လို့ ပြုံးစပ်စပ်နဲ့ ပြောမိမှာပဲ။

ခုတော့ ဘယ်လိုပြောရမလဲ။ နှုတ်ခမ်းတင်းတင်းစေ့ပြီး အတိတ်ကစကားသံတွေကို ဖွတ်မေ့ပစ်နေရပါတယ်။

"စိတ်ဆိုးသွားလားဟင်၊ ငါက.."

"အို.. မဟုတ်ပါဘူး"

ကြည့်ပါဦး။ ဒီမျက်လုံးလေးတွေပေါ့ ငါ့ဒေါသတွေကို ချေမွပစ်ခဲ့တာ။ အဲဒီလိုပဲ ဝေ့ကြည့်လိုက်ရင် ငါ့ရင်ထဲက ဒေါသတွေဟာ ဘယ်ရောက်ကုန်မှန်း မသိတော့ဘူး။

တကယ်ဆို.. ငါနင့်ကို ဘယ်လောက် နာကျည်းသင့်သလဲ။

မပြောမဆိုနဲ့ သစ်စိမ်းချိုးချိုးခဲ့တာ ဘယ်သူလဲ..၊ စာတွေ တစ်စောင်မှ မပြန်ဘဲ လတွေ အများကြီး နှိပ်စက်ထားခဲ့တာ ဘယ်သူလဲ..၊ စိတ်မချလွန်းလို့.. မနေနိုင်လို့ မန္တလေးထိ လိုက်လာရတဲ့သူကို 'မယုံလို့လား..'ဆိုပြီး စိတ်ကောက်ခဲ့တာ ဘယ်သူလဲ..။ မန္တလေးကို မလာရဘူး နင်ပဲ အမိန့်ထုတ်ခဲ့တယ်။ ငါ နောက်ထပ်တစ်နှစ် ထပ်ကျမှာ စိုးလို့ပေါ့လေ..။

ငါ မန္တလေးက ပြန်လာတော့ရော နင်စာလှမ်းရေးခဲ့လို့လား။

နင် ကျောင်းခဏပိတ်လို့ ရေနံချောင်းကို ပြန်ရောက်တဲ့အချိန်မှာ လာနေကျ နေရာကို လာဖို့ ပျက်ကွက်ခဲ့တာလဲ.. နင်ပဲ။ သုံးရက်ဆက်တိုက် မလာလို့ အကျိုးအကြောင်းမေးတော့ မျက်နှာစိမ်း ခြယ်ထားတာ ဘယ်သူလဲ။

www.burmeseclassic.com

ငါ ဆေးတက္ကသိုလ် မရောက်နိုင်မှန်း သိလျက်နဲ့ ဆရာဝန်ဖြစ်အောင် ကြိုးစားခိုင်းခဲ့တဲ့ နင့်စေတနာကို ငါကြောက်ပါတယ်၊ ငါ ပန်းချီဆရာ၊ ကဗျာဆရာ ဖြစ်ချင်မှန်း အစကတည်းက နင်သိလျက်နဲ့… နောက်ပြီး… အို… ဒါတွေဟာ လမ်းခွဲဖို့ အကြောင်းရှာတာတွေပဲဆိုတာ အဲဒီတုန်းက မသိခဲ့တာ ငါ ညံ့လို့ပေါ့။ နင့်ကို ငါယုံခဲ့တာကိုး။

နင်ပြန်ခါနီးမှာ ငါ့ဆီက နင့်စာတွေ ပြန်တောင်းခဲ့တာလေ.. ငါ ဘယ်တော့မှ မမေ့ဘူး။

ကြည့်ပါဦး။ ခုရပ်နေရင်းကို ဘာဖြစ်လို့ ရင်နာလာရတာလဲ။ ဒီအကြောင်းတွေ ပြန်စဉ်းစားရင် ငါ့ရင်က ဘာဖြစ်လို့ လှိုက်လာရတာလဲ။ နှစ်နှစ်ဆိုတဲ့ အချိန်ဟာလဲ ငါ့ဒဏ်ရာကို မကုစားနိုင်ခဲ့ပါလား။

အို.. ငါ နင့်ကို အကြာကြီး ကြည့်နေမိတာပဲ။ ငါ့မျက်စိ လွှဲပစ်သင့်တာ ငါသိပါတယ်။ ဒါပေမယ့် နင့်မျက်နှာပေါ်ကနေ အကြည့်ကို မဖယ်နိုင်ဘူး။

ငါ့ရင်ခွင်ထဲကနေ ဘယ်သူမှ လုမပြေးနိုင်အောင် တအားဖက်ပြီး ကာထားချင်တယ်၊ နင့်ကို ဘယ်မှ မသွားအောင် လုပ်ထားချင်တယ်၊ မစိမ်းရဘူး… မပြေးရဘူး…လို့ အောင်ပစ်ချင်လိုက်တာ။ ဟောဒီလွယ်အိတ်ကလေးထဲ နင့်ကို ထည့်ထားလို့ ရရင် သိပ်ကောင်းမှာ။ ဘယ်သွားသွား မခွဲဘူး။

အို… ငါဘာတွေလျှောက်တွေးနေတာလဲ။

ငါ့ လွယ်အိတ်ထဲမှာ နင်ရှိနေပါတယ်၊ တကယ်။

နင့်ပုံတူ ပန်းချီလေ။ နှစ်ခုတောင်မှပဲ။ အခုနေ ထုတ်ပြလိုက်ရင် ဘယ်လိုနေမလဲ။

"ပန်းချီ.. ဆွဲ.. ဆွဲသေးလား.."

ကြည့်စမ်း…၊ ငါ့အတွေးနဲ့ နင့်အတွေးနဲ့ ဆင်လိုက်တာ။ စိတ်ချင်း ဆက်သွယ်တာလား၊ လူချင်းပြန်နီးဖို့ နိမိတ်လား။

ခေါင်းကို အသာညိတ်ရင်း လက်က ဘယ်လိုရောက်သွားလဲ မသိဘူး။ လွယ်အိတ်ထဲက ခဲပုံတူတစ်ပုံ၊ ရေဆေးနဲ့ တစ်ပုံ.. နင့်ပုံတူ နှစ်ခုကို ထုတ်ပြမိတော့တာပဲ။

မပြုံးတပြုံး နင့်နှုတ်ခမ်းပါးလေး ဝိုင်းသွားတာ ငါသတိထားမိတယ်။

နင့်မျက်လုံးလေးတွေ ဝေသွားတာ ငါသိတယ်။

နင့်ကိုယ်လုံး နွဲ့နွဲ့လေး ယိုင်သွားတာ ငါသိလိုက်တယ်။

"အို.." တိုးတိုးကလေး ရေရွတ်သံကို ငါကြားလိုက်ပါတယ်။ ငါ့ကို ငေးကြည့်နေတဲ့ အကြည့်ထဲမှာ သံယောဇဉ်ကို ငါမြင်ပြီ။ ခင်တွယ်မှုကို ငါမြင်ပြီ။ တမ်းတမှုကိုလည်း ငါပြန်တွေ့ပြီ။ နောက်ပြီး.. နောက်ပြီးတော့ အလွမ်းတွေ အများကြီး ငါတွေ့လိုက်ပြီလေ။

အို.. နင့်အကြည့်က ငါ့ကို ရင်ခုန်စေတယ်။ နင်လဲ ရင်ခုန်နေတယ် မဟုတ်လား။ ပန်းချီစာရွက်တွေကို ကိုင်ထားတဲ့ နင့်လက်ချောင်းလေးတွေ တုန်ယင်နေတာ ငါမြင်တယ်။ ငါ့ကို ငေးရာကနေ ငါ့ဘယ်ဘက်ကို လှမ်းငေးလိုက်တဲ့ နင့်မျက်လုံးမှာ မျက်ရည်ဝေ့ဝေ့ကိုလဲ ငါ မြင်လိုက်ရပါတယ်။ နင်ငေးရာကို ငါ လှမ်းကြည့်မိတယ်။

ဖြုန်းဆို ရင်က ဟာသွားတယ်။

www.burmeseclassic.com

နေရာဟောင်း..၊ ဟုတ်တယ်နော်..၊ ကမူထိပ်လေးလေ။ နင်နဲ့ငါနဲ့ ဟိုအတိတ်တုန်းက အတူထိုင်ခဲ့ကြတဲ့ နေရာလေးပါ။

ဒီကမူလေးကို ကြည့်ပြီး ဘာဖြစ်လို့ လက်ဖျားတွေ အေးလာရပြန်တာလဲ၊ တစ်ကိုယ်လုံးက ဘာဖြစ်လို့ ပျော့ခွေသွားရတာလဲ။ နမြောတမ်းတတဲ့ ဝေဒနာပဲ ထင်ပါရဲ့။ ငါ့ရင်ထဲမှာ ပျံ့နှံ့ကုန်ကြပြီ။ နင်နဲ့ ငါနဲ့ အကြည့်ချင်း ပြန်ဆုံကြတယ်။ နောက်.. နောက်တော့...။

နင်ကပဲ ခြေလှမ်း စ,တာလား.. ၊ ငါကပဲ အလျင် ခြေလှမ်းစတာလား မသိဘူး။ ဘယ်သူက အလျင်ဦးသလဲ မပြောတတ်ဘူး။ သိလိုက်တာက နင်နဲ့ငါ နှစ်ယောက်လုံး ကမူစွန်းလေးဆီကို သွားနေမိတယ် ဆိုတာပဲ။ အဲဒီရောက်တော့လဲ နှစ်ယောက်သား ရှိန်းတိန်းတိန်းနဲ့ပဲ ခပ်ခွာခွာ ထိုင်လိုက်မိကြတယ်။

နင် ခေါင်းငုံ့ထားတယ်။ နင့်ဆံပင်တွေက ခါးတောင် ကျော်နေပြီပဲ။ နက်မှောင်ပြီး ဖွာနေတယ်။ လှလိုက်တာဟာ။ နက်မှောင်တဲ့ နောက်ခံပေါ်မှာ အဖြူရောင် ပန်းပွင့်လေးက ထင်းနေတာပဲ။

နင် ဘာဖြစ်လို့ ငြိမ်နေတာလဲ။ နင်လဲ ငါ့လိုပဲ အပျော်လေးတွေ ပြန်တွေးနေမှာပဲနော်။ ပျော်ရတဲ့ အချိန်လေးတွေက တစ်သက်လုံး ပြန်မရောက်နိုင်တော့ပါလား။ တို့တွေဟာ သူစိမ်းပြင်ပြင် ဖြစ်နေကြပြီနော်။ ဒါတွေဟာ အိပ်မက်မက်နေတာဆိုရင် ဘယ်လောက်ကောင်းမလဲ။ မဖြစ်နိုင်မှန်းတော့ သိနေပါတယ်လေ။ ငါ အမျိုးမျိုး တောင်းပန်တဲ့ကြားက နင် ခြေစုံကန်သွားတာကိုး။

နင့်ကို ငါ စိမ်းစိမ်းကားကားကြီး ပြောပစ်ချင်တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က မပြောလိုက်ရတဲ့ စကားတွေကို အားရပါးရ ပြောချင်တယ်။ ဖြစ်နိုင်ရင်တော့လေ.. နင့်ပခုံးနှစ်ဖက်ကို တအားဆုပ်ကိုင်ပြီး ဆောင့်ဆောင့်လှုပ်ရင်း မေးလိုက်ချင်ပါတယ်။

"နင် ဘယ်လို လုပ်ပစ်ခဲ့တာလဲ..."လို့။ ဟောဒီ ဖူးစာကုန်းမှာတင်မက ရေနံချောင်းတစ်မြို့လုံး လွှမ်းသွားလောက်တဲ့ အသံနဲ့ ကုန်းအော်ပစ်လိုက်ချင်တယ်။ နင်သိပ်ဆိုးပါလား။ ဆင်ခြေရဖို့အတွက် ငါချစ်တဲ့ကဗျာနဲ့ ပန်းချီကို ဝေဖန်ခဲ့၊ စွန့်လွှတ်ခိုင်းခဲ့တာလေ။

ဟိုတုန်းက ငါကဗျာရေးတာ၊ ပန်းချီဆွဲတာကို နင်မသိဘူးလား။

ဟောဒီ ဖူးစာကုန်းမှာရော... ၊ ကျောင်းခန်းထဲမှာရော...၊ ကျောင်းဝိုင်းထဲက တမာပင်အောက်မှာရော... ငါ့လွယ်အိတ်ထဲက ငါ့ကဗျာတွေ ဖတ်ခဲ့တာ နင်မဟုတ်ဘူးလား။ ငါ့ပန်းချီတွေ ကြည့်ခဲ့တာ နင်မဟုတ်ဘူးလား။ ဟိုတုန်းကတော့ နင်ပဲ ငါ့ကဗျာတွေကို ငါ့ကို ချစ်သလို ချစ်ပါတယ်ဆို။ ဟိုမှာ ဒုတိယလူကို ရပြီးကာမှ ငါ့ကဗျာကို နင်မုန်းတတ်တာပါဟာ။

ဘာပဲဖြစ်ဖြစ် ငါ့ဒေါသက ဘယ်တော့မှ ကြာကြာမခံခဲ့ရဘူး။

ဒီပွဲက လူမိုက် လူမိုက်ချင်း တွေ့ကြတဲ့ပွဲမှ မဟုတ်ဘဲ၊ ပညာရှိနဲ့ လူမိုက်ပဲလေ။

မျက်ရည်လည်နေတဲ့ မျက်လုံး ဝိုင်းဝိုင်းလေးတွေရယ်၊ မဲ့တဲ့တဲ့လေး မဟတဟဖွင့်ထားတဲ့ နင့်နှုတ်ခမ်းလေးတွေရယ်က ငါ့ဒေါသတွေကို ချေဖျက်ပစ်ခဲ့တယ်။ ဒါတင်မကဘူး၊ နင့်မျက်နှာထားလေးနဲ့ နင့် အကြောင်းပြချက်လေးတွေကြောင့် ငါ့ကိုယ်ငါ တိုင်နဲ့ ခေါင်းနဲ့ ဆောင့်ပြီး အပြစ်ပေးလိုက်ရမလိုလို ဖြစ်ခဲ့တယ်။ ငါ့ကိုယ်ငါတောင် ဇဝေဇဝါ ဖြစ်ခဲ့ရတယ်။ နင့် မျက်တောင်ကော့တွေပေါ်မှာ ခိုတွဲနေတဲ့ မျက်ရည်စတွေဟာ ငါ့နာကျည်းချက်တွေကို တစစီဖွဲ့ပစ်ခဲ့တယ်။

www.burmeseclassic.com

နင့်အကြောင်းပြချက် တစ်ခုကတော့ဟာ လွန်လွန်းပါတယ်။ ငါအတန်းပညာမှာ ညံ့တာ နင်လဲအသိ။ ငါ့ကိုနင်ပဲ စာပြပြပေးခဲ့ရတာ။ ဒီလိုကောင်က ဘယ့်နှယ်လုပ်ပြီး ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်နိုင်မှာလဲ။ ပန်းချီသမား... ကဗျာသမားပဲ ဖြစ်ဖို့ရှိတာပဲ။ မဖြစ်နိုင်တာကိုမှ နင်က ရွေးပြီး တိုက်တွန်းခဲ့တာကိုး။

နင့်အမေ ဂုဏ်မက်တာ ငါသိပါတယ်။ နင့်အမေလိုပဲ နင်မက်လိမ့်မယ်လို့ အစက မတွေးခဲ့မိတာ ငါ့အမှားပါပဲ။ နင်ကတော့ "အမေ သဘောတူလို့" ပေါ့။ နင့်သဘောကလဲ အတန်းတူ၊ အရည်အချင်းတူ လူကိုမှ မက်မောခဲ့တာပဲ မဟုတ်လား။

အို... အားလုံးဟာ နင့်သဘော တစ်ခုတည်းနဲ့ ပြီးသွားခဲ့တာပဲ။ ငါ့ ဆန္ဒတစ်ခုမှ မပါခဲ့ရဘူး။ နင့်ရှေ့ရောက်ရင် ငါ ခေါင်းယမ်းတဲ့ အတတ်ပညာကိုတောင် မေ့မေ့သွားရပါတယ်။ တခြားလူတွေရှေ့မှာက ကျောက်တုံး ဖြစ်ချင်ဖြစ်မယ်... နင့်ရှေ့မှာတော့ ငါက ဖယောင်းပါ။ ငါက နင့်ရဲ့ ရုပ်သေးရုပ်ပဲဟာ..။ နင်ကြိုးဆွဲသလို ငါက ကခဲ့ရတာ။

အေးလေ.. ခံခဲ့ရတုန်းကတော့ ခံခဲ့ပြီးပြီ။ ခုအချိန်မှာတော့ နင့်ရုပ်သေးရုပ် မဖြစ်ချင်ပါဘူး။

အမှန်ကတော့ ဟောဒီနေရာမှာ အတူယှဉ်တွဲထိုင်ဖို့ မသင့်ဘူး။ ငါထွက်သွားနိုင်ရင် အကောင်းဆုံးပါပဲ။ နင့်မျက်နှာ ညှိုးမှာလဲ စိုးတယ်။ နင့်မျက်နှာညှိုးကို ဟိုတုန်းကတည်းက ကြောက်ခဲ့တဲ့ ကောင်ပါဟာ။

ပန်းချီစာရွက်တွေကို ကိုင်ထားတဲ့ နင့်လက်ခုံလေးကို ငေးရင်း ရင်ထဲမှာ တင်းကျပ်လာပြန်ပြီ။ ဖြူနုနေတဲ့ နင့်လက်ခုံလေးကို ဖွဖွလေး ဆုပ်ပြီး နင့်မျက်နှာလေးကို တမေ့တမော ငေးနေရတဲ့ အချိန်လေးတွေဟာ လွန်ခဲ့ပြီနော်။ ငါထင်ပါတယ်.. နင့်လက်မှာ ရှင်မတောင် သနပ်ခါးနဲ့လေး သင်းနေဆဲ ဖြစ်မှာလို့။

ရင်ထဲမှာ နာကျင်လာတယ်။

ပြောစမ်းပါဦး ဆေးကျောင်းသူကြီးရဲ့။ ဘာနဲ့မှ မခိုက်မိဘဲနဲ့ အဲဒီဘယ်ဘက်ရင်က ဘာဖြစ်လို့ လှိုက်လှိုက်ပြီး နာတာလဲ။ နှလုံးဆီက နာမှန်းတော့ သိပါရဲ့။ နင့်မျက်နှာလေး ငေးရုံနဲ့ နှလုံးက ဘာလို့ နာရတာလဲ။ ငါ့လည်ချောင်းတွေကရော ဘာဖြစ်လို့ ခြောက်သွေ့လာရတာပါလိမ့်။

ငါ နှမြောနေတယ်... တမ်းတနေတယ်။ ဟုတ်တယ်၊ နင် ငါ့အနားမှာ ရှိနေပေမယ့် နင့်ကို အောက်မေ့နေတယ်ဟာ။ နင့်ကို လွမ်းနေတယ်။ ယုံရဲ့လား.. နင့်ကို ငါလွမ်းနေတယ်။

"ရော့.."

နင်လှမ်းပေးတဲ့ ပန်းချီပုံနှစ်ခုကို ယူလိုက်တော့ နင့်လက်နဲ့ ငါ့လက် ထိမိတယ်။ ဘယ်သူ့လက်က ပိုအေးစက်နေလဲ ငါမသိဘူး။ စာရွက်ကလေးတွေကို လွယ်အိတ်ထဲ ထည့်ပြီးတော့ ငါ့လက်ကို ငါပြန်ငေးမိတယ်။

သြော်... လက်သန်းမှာလေ၊ ဘယ်ဘက် လက်သန်းမှာလေ အဖြူစင်းကြောင်းလေးကို အရစ်လိုက် မြင်နေရတုန်းပဲ။ အဲဒါ လက်စွပ်ရာလေးလေ။ နင်နဲ့ငါ့ရဲ့ အချစ်နေ့က နင်ပေးခဲ့တဲ့ ကျောက်စိမ်းလက်စွပ်ရဲ့ သင်္ကေတလေး။ မနှစ်ကမှ စာနဲ့လှမ်းတောင်းလို့ ပြန်ပေးခဲ့ရတဲ့ လက်စွပ်ရဲ့ အရာအလေးပါ။ အခု... အဲဒီလက်စွပ်ကလေးက အခုဆို...။

သြော်.. ပြီးတော့ နင့်လည်ပင်းမှာ ဆွဲကြိုးကလေးလဲ မမြင်ပါလား။ ဆွဲကြိုးမျှင်မျှင်လေးလေ... နင်နဲ့ငါ့ဇာတ်လမ်းကလေး စပြီးတဲ့နောက် လော့ကတ်သီးလေးနေရာမှာ သင်္ကေတတစ်ခု လဲပြောင်းတပ်ထားခဲ့တဲ့ ဆွဲကြိုးလေး။ ငါ့နာမည် အစ စာလုံး အင်္ဂလိပ်အက္ခရာ အင်(န်)ကို အမှတ်တရ လုပ်ပြီး ဆွဲခဲ့ပါရော။ အဲဒီဆွဲကြိုးလေး မမြင်ပါလား။ လွှင့်ပစ်လိုက်ပြီလား။ အင်းလေ... အဖြစ်နိုင်ဆုံးကတော့ အင်(န်)စာလုံးအစား

www.burmeseclassic.com

အက်(စ်)စာလုံး လဲတပ်ထားတာ ဖြစ်မှာပေါ့။ အို… ဒါက ငါ့အရေးမှ မဟုတ်ဘဲ။ ငါနဲ့ နင်နဲ့ ဘာမှမှ မဆိုင်ဘဲ။ မဆိုင်တော့ပါဘူးလေ။

ငါ့နှုတ်ခမ်းတွေ ခြောက်သွေ့နေတယ်။ ရင်က ဟာပြီးမှ ပူလောင်နေတယ်။

ဆေးလိပ်သောက်မယ်.. လို့ အမှုမဲ့ အမှတ်မဲ့တွေးပြီး လွယ်အိတ်ထဲက ဒူးယားတစ်လိပ်ရယ်.. မီးခြစ်လေးရယ် ထုတ်လိုက်တယ်။

နှုတ်ခမ်းပေါ်မှာ ဆေးလိပ်လေးကို ရွရွတင်လိုက်တုန်း..။

"ဆေးလိပ်တွေ သိပ်မသောက်နဲ့ဟာ" တဲ့။ နင့်အသံပါ။ နင့်ဆီက လာတာ မဟုတ်မှန်းတော့ သိပါတယ်။ ဘယ်ကပါလိမ့်။ ဟောဒီမီးခြစ်ကလေးကပဲ ထင်တယ်။

ဒီမီးခြစ်ကလေးဟာလဲ နင်နဲ့ငါ့အတွက် အမှတ်တရ ပစ္စည်းလေးပါ။

သစ်သားမီးခြစ်ပိန်ပိန်လေးနဲ့ မီးခြစ်ခြစ်နေရတဲ့ ငါ့အဖြစ်ကို နင်ကြည့်ပြီး လက်ဆောင်ပေးခဲ့တဲ့ အချစ်မီးခြစ်လေး။ နင့်အချစ်က ဟောင်းပြီး ပျက်သွားပေမယ့် နင့်လက်ဆောင်လေးက မပျက်သေးပါဘူး။ ငါ ငိုင်နေမိတာ ဘယ်လောက်ကြာသလဲ မပြောတတ်ဘူး။ ငါ့ဘေးကကပ်ပြီး အသံတစ်ခု ကြားလိုက်ရတယ်။ နင့်ဆီကပါ။ ထိန်းချုပ်ထားရင်းက ပွင့်ထွက်လာတဲ့ အသံမျိုး။

အို…။

နင်… ငိုနေတယ်။

ဟုတ်ပါတယ်။ ငါမျက်စိ မမှားပါဘူးနော်။ ငါ့ နားကြားလဲ မလွဲပါဘူး။ နင်ငိုနေတာပါ။ ငါ့လက်ထဲက မီးခြစ်ကလေးကို ငေးရင်း နင်ငိုနေတာပါ။

ငါ့တစ်ကိုယ်လုံးဟာ မြေကြီးနဲ့ တအား ကပ်ဖိခံထားရသလိုပဲ။ ငါ ဘာဖြစ်သွားတာလဲ။ ငါ မယုံတာထင်တယ်။ ဟုတ်တယ်… ငါမယုံဘူး။ နင်ငိုနေတာလို့ ငါဘယ်လို ယုံရမှာလဲ။ လောကကြီးဟာ ဘာတွေဖြစ်ကုန်ပြီလဲ။ အို… မယုံပါဘူး… မဖြစ်နိုင်ဘူး။

ဒါပေမယ့် နင့်မျက်ရည်တွေဟာ ငါ့ရင်ကိုလာပြီး အပူပေးနေတယ်။ ငါ့နှလုံးသားကို ဆတ်ဆတ်ခါအောင် ဆွဲယမ်းနေတယ်။ ကြာရင်တော့ ပူလွန်းလို့ ကျွမ်းရချည်ရဲ့ကွယ်။ ငါဘာလုပ်ရမှာလဲ ပြောပါဦး။ ဆံပင်က ကပိုကရိုကြားထဲက နင့်မျက်နှာ နွမ်းနွမ်းလေးဟာ ဟောဒီကမ္ဘာမှာ အင်အား အကြီးဆုံးပဲ သိလား..။ တုန်ယင်နေတဲ့ နင့်နှုတ်ခမ်းပါးလေးကို ငါ မကြည့်ရက်ဘူး။

"မငိုနဲ့ အချစ်ရယ်…" လို့ မျက်ရည်သုတ်ပေးရင်း ချော့ရမလား…။ နင့်မျက်နှာပေါ်က ဆံနွယ်စတွေကို လက်နဲ့ အသာအယာဖယ်ပေးရင်း နှစ်သိမ့်ရမလား၊ နင့်မေးစေ့လုံးလုံးလေးကို လက်နဲ့ အသာပင့်တင်ရင်း နဖူးလေးကိုပဲ ဖွဖွနမ်းလိုက်ရမလား။ ငါ့မှာ နင့်အငိုကို ချော့ပိုင်ခွင့်ရောရှိရဲ့လား။

ကြည့်ရင်း… ကြည့်ရင်း ငါ့မျက်စိထဲမှာ ဝေဝါးလာတယ်။ မျက်လုံးက စိုစွတ်လာတယ်။ နင့်ကိုယ်ပေါ်က အစိမ်းနုရောင်ဟာ ပိုဖျော့ပြီး ဝါးသွားတယ်။ အို… ငါ့နှုတ်ခမ်းထောင့်စွန်းတွေက ငါထိန်းလို့မရအောင် တုန်လှုပ်နေပြီလား။ နောက်ပြီး.. ငါ အသက်မှ ရှူမိရဲ့လား…။ ငါ့ နှလုံးခုန်သံရော ရပ်သွားသလား။

ငါ့ကိုယ်ငါ သတိရတဲ့အချိန်မှာ ငါ နင့်လက်ကို ဆုပ်ကိုင်ထားမိပြီ။ အို… မဟုတ်ဘူး… မဟုတ်ဘူး။ နင်က ငါ့လက်ကို ဆုပ်ထားတာမဟုတ်လား။ အို… မသိပါဘူးလေ။ ဘယ်သူ့လက်က ဘယ်သူ့လက်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆုပ်ထားတာလဲ မသိပါဘူး။ ငါ့ရှေ့က မြက်ခင်းပေါ်မှာ ဒူးယားစီးကရက်လေးရယ်၊ မီးခြစ်ကလေးရယ်.. လွတ်ကျနေကြတယ်။

မီးခြစ်ကလေးပေါ်မှာ ငါးလေးနှစ်ကောင် မျက်နှာချင်းဆိုင်နေကြတယ်။

အို... ဒါပေမယ့်... သူတို့ တစ်ကောင်နဲ့တစ်ကောင် ဦးတည်ရာဘက်တူရဲ့လား။ ဆန့်ကျင်ဘက်ကို ဦးတည်နေကြတယ်နော်။ ကြည့်ပါဦး.. သူတို့က ဦးတည်ရာမှ မတူဘဲ။ ဒါကိုရော.. နင်သတိထားမိရဲ့လား။

"နိုင်.."

ငါ့ တစ်ကိုယ်လုံး လေထဲမှ မြောက်သွားသလိုပဲ။ ရင်ထဲကတော့ ဟာနေတယ်။ 'နိုင်...'တဲ့လား။ နင် ငါ့ကို 'နိုင်'လို့ ခေါ်သေးတယ်နော်။ ခေါ်နိုင်စွမ်းရှိသေးတယ်နော်။

နင့်အကြည့်ကို ငါ နားမလည်တာ အမှန်ပါ။ နင့်မျက်လုံးက ငါ့ဆီမှာ မဟုတ်ဘူးထင်တယ်။ ငါ့ကိုတော့ ကြည့်နေတယ်လေ။ တစ်မျိုးပဲ။ ငါ့ကို ကျော်ပြီး ငေးနေသလိုပဲ။ နင် ဘာတွေ တွေးနေတာလဲ။ နင် ဘာကို ပြောချင်နေတာလဲ၊ တစ်ချက်တစ်ချက် ရှိုက်လိုက်တဲ့ နင့်ရှိုက်သံလေးတွေက ငါ့နှလုံးကိုသာ လာဆောင့်နေတယ်။

"ပြောလေ.. ငါ နားထောင်နေပါတယ်"

နင့် နှုတ်ခမ်းတွေကို တင်းနေအောင် စေ့ထားတယ်။ နောက်ပြီး.. နင် သက်ပြင်းချလိုက်တယ် မဟုတ်လား။

နင့်ကို ကြည့်နေတဲ့ ငါ့အကြည့်ထဲမှာ မျှော်လင့်ရိပ်တွေ ပါသွားမယ်လို့ ငါထင်တယ်။ ငါ့ရင်ထဲမှာရှိတဲ့ တမ်းတမှု ဆန္ဒကို နင်လဲ နားလည်ပါလိမ့်မယ်။ နင့်မှာလဲ တွယ်တာစိတ်တွေ ရှိမှာပါ။ ဒါပေမယ့် မန္တလေးမှာက...။

အို... ငါ့ခေါင်းက ဘာဖြစ်လို့ မူးသွားရတာလဲ။ ကြည့်ပါဦး။ နင်ဘာလုပ်တာလဲ။ အခု နင်ဘာလုပ်နေတာလဲ။ နင်က ဒီလိုပဲလား။ နင့်စိတ်က နီးရာကို ယိမ်းတတ်သလား။

နင့်လက်ကို လွှတ်လိုက်မိတဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ။ ငါကြောက်တယ်ဟာ။

"နိုင်ရယ်.."

နင် ဘာလို့ ညည်းတာလဲ။ ငါ့ကိုရော ဘယ်လို အဓိပ္ပာယ်နဲ့ ကြည့်တာလဲ။ နင့်ကို ငါသနားတယ်။ ငါဆိုတဲ့ ကောင်က နင့်မျက်ရည်တစ်ပေါက်ကို ပေါက်ကွဲတတ်တဲ့ ဗုံးတစ်ခုလို ကြောက်တတ်ခဲ့တဲ့ ကောင်မဟုတ်လား။ ငါ့ရင်တွေ အရမ်းခုန်နေပြီ။ နင်ပြောချင်တာကို မြန်မြန်ပြောလိုက်ပါလား။

"ငါ့ကို.. ခွင့်လွှတ်ပါ"

အို.. နင် ငါ့ကို တောင်းပန်တယ်။ ငါနင့်ကို ဘယ်တုန်းကမှ အပြစ်မဆိုခဲ့ပါဘူးဟာ။ ငါ အမြဲတမ်း ခွင့်လွှတ်ထားတာပဲ။ တောင်းပန်စရာ မလိုပါဘူးဟာ။ တောင်းပန်မယ့်အစား အကြောင်းစုံကို ငါ့ကို ပြောပြရင် သိပ်ကောင်းမှာ။ ငါ့အပေါ်မှာ အလျင်လို စိတ်မျိုး ထားနိုင်မယ်လား။

"ဟိုတုန်းကအတွက်ရော၊ အခု ငို.. ငိုမိတဲ့အတွက်ရော"

"ဟင်.."

www.burmeseclassic.com

www.burmeseclassic.com


ငါ ဘာနားလည်ရမှာလဲ၊ ဘယ်လို နားလည်ရမှာလဲ။ ငါ့ပါးစပ်က တစ်ခုခု ပြောနိုင်ရင်ကောင်းမယ်။ ဘာမှ မပြောနိုင်ဘူး။ ဘာဖြစ်နေတာပါလိမ့်။

"ငါသွားတော့မယ်"

ငါ့ တစ်ကိုယ်လုံး အေးစက်သွားတယ်။ ဟုတ်မှ ဟုတ်ရဲ့လား၊ နင်ပြောလိုက်တာမှ ဟုတ်ရဲ့လား။

'သွားတော့မယ်' ဟုတ်လား။ သြော်… နောက်ဆုံးတော့ တစ်ယောက်တည်းဟာ တစ်ယောက်တည်းပါပဲလား။ နင် ငါ့အနားက ထသွားလိုက်ပြီထင်တယ်။ ဝေးသွားတဲ့ နင့်ခြေသံကို ငါ ကြားနေရသလိုပဲ။ ဒါပေမယ့် သနပ်ခါးနံ့လေးကတော့ ငါ့ အနားမှာ ကျန်ခဲ့ပါရော။ နင့်ရှိုက်သံလေးတွေလဲ ငါ့အနားမှာ ကျန်ခဲ့ပါရော။

လောကကြီးဟာ ရှိသင့်တာထက် ပိုမှောင်သွားတယ်။ ငါ့ရင်ထဲမှာလည်း ရှိသင့်တာထက် တစ်ခုခု ပိုလာသလိုပဲ။ အို.. မဟုတ်ပါဘူး။ လိုတာ..။ ရှိသင့်တာထက် တစ်ခုခု လိုတာ။ နင့်ကို ငါ ပြန်လှည့်ကြည့်ချင်တယ်။ နင်လဲ ငါ့ကို တစ်ချက်ဖြစ်ဖြစ် ပြန်လှည့်ကြည့်မယ်လို့ ထင်တယ်။ အခုနေ.. နင် ဝေးဝေးရောက်ဦးမှာ မဟုတ်ဘူး။ ငါ လှမ်းခေါ်မယ်လေ။

"မိမွန်ရေ…"လို့ အော်လိုက်မယ်။ နင်လဲ ငါ့ခေါ်သံကို စောင့်နေမယ် မဟုတ်လား။ ခေါ်သံကြားရင် တအားပြန်ပြေးလာမှာ.. နော်။

အို.. မခေါ်ဘူး.. လှည့်မကြည့်ဘူး.. လှမ်းမခေါ်ဘူး။

လက်နှစ်ဖက်နဲ့ ပွေ့ထားတဲ့ ဒူးနှစ်ခုပေါ်မှာ မျက်နှာကို တအား မှောက်ချလိုက်တယ်။ နင့်ဘက်ကို မျက်နှာလှည့်မိမှာစိုးလို့။ စိုစွတ်လာတဲ့ မျက်စိတွေကိုလည်း ဖွတ် မှိတ်ပစ်လိုက်တယ်။ နင့်သဏ္ဌာန်လေးကိုချည်း မြင်နေရမှာစိုးလို့။

အောက်နှုတ်ခမ်းကို သွားနဲ့ဖိပြီး ကိုက်ထားလိုက်တယ်။ 'မသွားပါနဲ့'လို့ အကျယ်ကြီး အော်လိုက်မိမှာစိုးလို့။ ငါ့အသံတွေကိုလည်း ထိန်းချုပ်ထားလိုက်တယ်။

ကဲ.. မအော်ဘူး၊ လှမ်းမခေါ်ဘူး။

တအားကြီး စူးရှပြီး နာကျင်လာတဲ့ရင်ကိုတော့ ဒူးနှစ်ဖက်နဲ့ အတင်းဖိထားလိုက်တယ်။ သွားပါ မိမွန်ရယ်၊ ဟို… အဝေးထိအောင်သာ သွားလိုက်ပါတော့။

www.burmeseclassic.com

www.burmeseclassic.com

## ငါးမျှားခြင်း

ငါးမျှားခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ငါးရဖို့ မဟုတ်ပါ။ ဤနေရာသည် တစ်မြို့လုံးတွင် အေးဆေးတိတ်ဆိတ်သော နေရာဖြစ်သည်။ ထို့အပြင် သစ်ရိပ် ဝါးရိပ်ဖြင့် အုပ်ဆိုင်းထူထပ်သော နေရာလည်း ဖြစ်သည်။ မြို့၏ အစွန်အဖျားရှိသော တောအုပ်ဘေးတွင် နက်ရှိုင်းသော ရေကန်တစ်ခု ရှိနေသည်မှာ သူ့အတွက် အားတက်စရာပင် ဖြစ်သည်။ ထိုရေကန်တွင် ငါးများ ရှိနေသည်မှာလည်း သူ့အတွက် ကံကောင်းခြင်းပင် ဖြစ်သည်။ သူသည် နှစ်တော်တော်များများပင် ငါးမျှားခြင်းနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ပထမဆုံးအကြိမ် ဒီနေရာသို့ ငါးလာမျှားစဉ်က သူ့အသက် ၄၈နှစ်သာရှိသေး၏။ ယခု သူ့အသက် ငါးဆယ့်လေးနှစ်ရှိပြီ။ သူသည် ဖြောင့်မတ်ရိုးသားသော အထက်တန်းစာရေးကြီးဖြစ်၏။ ကောက်ကွေ့မှု၊ လှည့်ပတ်မှုကို မုန်းတီးသူ၊ လိုက်လျောညီထွေနေခြင်းနှင့်လည်း မရင်းနှီးသူ၊ မှန်ကန်စွာ ပြုမူဆောင်ရွက်တတ်သူ ဖြစ်၏။

သူ့အိမ်သည် ဤရေကန်နှင့် မိုင်ဝက်လောက် ဝေးသော နေရာတွင် ရှိသည်။ ရုံးဆင်းသည်နှင့် တစ်ပြိုင်တည်း အိမ်ပြန်ရောက်၊ လက်ဆွဲအိတ်ချကာ ငါးမျှားတံနှင့် ကိရိယာ တန်ဆာပလာများ ယူဆောင်လျက် ဤနေရာသို့ ထွက်လာနေကျဖြစ်၏။

လမ်းတစ်လျှောက်တွင် ဈေးဆိုင်ကလေးများ၊ လက်ဖက်ရည်ဆိုင်များ၊ အကြော်အလှော်ဆိုင်များကို ဖြတ်သန်းလာခဲ့ရသည်။ ရယ်မောသံများ၊ စကားသံများ၊ နွားနို့ညှီနံ့များ၊ လက်ဖက်ခြောက်နံ့များ၊ ဆီကြော်ညှော်နံ့များကို သူနည်းနည်းမျှ စိတ်မဝင်စားပါ။ သူစိတ်ဝင်စားသည်က အုပ်ဆိုင်းသော တောအုပ်နှင့် ရေကန်ကြီးသာ ဖြစ်သည်။ ပူအိုက်သော နွေရာသီများတွင် အဝတ်အစားတွေကို သစ်ပင်အောက်မှာ ပုံထားပြီး ရေဆင်းချိုးနိုင်သေး၏။ အေးစိမ့်ချမ်းမြေ့သော ဆောင်းရာသီများတွင် သစ်ရွက်ခြောက်များကို မီးရှို့ပြီး မီးလှုံနိုင်သေး၏။ မိထားသောငါးများကို ကင်၍ စားနိုင်သေး၏။ ဤလောက် သူ့အတွက် နားခိုစရာကောင်းသော နေရာ ဘယ်မှ မရှိပါ။

သူ့တွင် သူ့ဩဇာမတည်သော သားနှစ်ယောက်ရှိသည်။ အဝတ်အစား အသစ်အဆန်းမှန်သမျှ မက်မောသော သမီးတစ်ယောက် ရှိသည်။ သူလုပ်ကိုင်သမျှကို အပြစ်ရှာအပြစ်မြင် တဖျစ်တောက်တောက် ညည်းညူဆူပူတတ်သော ဇနီးတစ်ယောက်ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကတော့ သူသည် တက်ကြွသော လူငယ်တစ်ယောက် ဖြစ်ခဲ့သည်။ အောက်တန်းစာရေး ရာထူးမှ အထက်တန်းစာရေး ရာထူး တက်ခွင့်ရရန် အလွန်မျှော်လင့် ပျော်ရွှင်ခဲ့သည်။ လက်ထပ်ခြင်း၊ အိမ်ထောင်သားမွေးပြုခြင်းသည် လူ့လောကဝတ္တရား၊ မဖြစ်မနေ ဆောင်ရွက်ရမည့် အရာများဟု ယူဆကာ ထိုအရာများအတွက် ပြင်ဆင်ခဲ့သည်။ သူသည် အရာရာကို ရိုးရိုးရှင်းရှင်းသာ တွေးတတ်သည်။ ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးတော့လည်း ပျော်ရွှင်ခဲ့၏။

www.burmeseclassic.com

တကယ်တော့ အိမ်ထောင်ရေးဆိုသည်မှာ သူလိုလူမျိုးအတွက် မဖန်တီး မပြုလုပ်သင့်သော အရာတစ်ခုသာ ဖြစ်ကြောင်း နှစ်ပေါင်းများစွာ နောက်ကျပြီးမှ သူသိခဲ့သည်။ အိမ်ထောင်ပြုခြင်း၏ နောက်တွင် မလိုချင်သော ဗီဇစရိုက်များ ပါလာသည့် သားသမီးများလည်း မွေးတတ်သေးကြောင်း သူ ယခုမှ သိသည်။ ထို သားသမီးများ လိမ္မာရေးခြားရှိဖို့၊ ပညာတတ်ကျွမ်းဖို့ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ဖို့ကို သူ ဘယ်လိုမှ မတတ်နိုင်ဘဲရှိနေသည်။

သမီးကြီးသည် ရုပ်ရည် သင့်တင့်၏။ အလှအပကို အလွန်အကျွံ မက်မော၏။ ငယ်ရွယ်စဉ်ကတည်းက ပညာထက် အလှပြင် ပစ္စည်းကိရိယာများကို ပိုပြီး တန်ဖိုးထားတတ်၏။ အတန်းထဲတွင်စာမေးခံရပြီး မဖြေနိုင်ခြင်းထက် ဆံပင်တွင် ကလစ်ရောင်စို မဆိုးနိုင်ခြင်းကို ပိုပြီး ရှက်၏။ ဆယ်တန်းကျပြီး ရပ်ကွက်ဈေးကလေးတွင် ကုန်စိမ်းရောင်းသော အလုပ်ကို သမီးလုပ်သောအခါ သူ မအံ့သြသော်လည်း ဖခင်ကို ခြေရာတိုင်းလာသောအခါ သူအံ့သြမိသည်။ ဖအေရှေ့မရှောင်၊ မအေရှေ့မရှောင် တစိမ်းယောကျ်ားကလေးများနှင့် ရင်းရင်းနှီးနှီး ပုတ်လိုက် ခတ်လိုက် နေတာကို သူအံ့သြမိသည်။ ဆုံးမပြုပြင်ဖို့ ကြိုးစားတိုင်း လူမှုဆက်ဆံရေးကို အဖေ နားမလည်ပါဘူးဟုပြောခံရသောအခါ သူရှက်လာ၏။ ဗိုင်းကောင်းကျောက်ဖိ ရှက်ကြောက်တတ်သော သမီးမိန်းကလေးကို လိုချင်သော ဖခင်သည် ရဲတင်းကလက်သော သမီးကိုသာ ရခဲ့၏။

ဝပ်ရှော့တွင် အလုပ်လုပ်သည့် သားကတော့ တစ်မျိုး၊ ရုပ်ရည်ကလေး သင့်တင့်တာကို အခွင့်ကောင်းယူလျက် မိန်းကလေးများနှင့် ရှုပ်ယှက်ခတ်နေ၏။ ထိုသားကြောင့် သူ မကြာခဏ ရပ်ကွက်လူကြီးအိမ် ရောက်ရ၏။ သမီးရှင်များ၏ လက်ညှိုးထိုး မာန်မဲမှုကို မကြာခဏ ခံရ၏။ မိန်းကလေးများကို ဖျက်ဆီးသူ ဟူသော နာမည်ပျက်ရနေသည့် သားကို လမ်းမှန်ပြုပြင်ပြောင်းလဲပေးဖို့ သူကြိုးစားဖူးသည်။ 'အဖေကလဲ ဘာမှ မသိဘဲနဲ့၊ ဒါကျွန်တော့်အပြစ်ချည်းမဟုတ်ဘူးဗျ၊ သူတို့ကကို အလိုတူအလိုပါတွေ' ဟု ပြန်ပြောတာကို နားထောက်လျက်က ပါးစပ်အဟောင်းသား ဖြစ်နေခဲ့ရသည်။ ကိုယ်ကျင့်တရားအကြောင်းဆွေးနွေးဖို့ ကြိုးစားတိုင်း သူအရှုံးပေးခဲ့ရသည်။ သားသမီးမကောင်း မိဘခေါင်းဟု စကားပုံရှိသော်လည်း သူ့ဇနီးကြောင့် စကားပုံအသစ်ဖြစ်၏။ သားသမီးမကောင်း ဖခင်ခေါင်း ဟူသော ပုံစံမျိုး ဖြစ်နေအောင် သူ့ခေါင်းပေါ် ပုံကျနေခဲ့သည်။ ဤကိစ္စအားလုံးမှာ သူ့တာဝန်သာ ဖြစ်သည်... တဲ့။ သူ ခေါင်းတယမ်းယမ်း နေရုံကလွဲ၍ ဘာမျှ မတတ်နိုင်ပါ။ သူ့ဇနီးမှာ ပုံပျက်လုနီးပါး ဝနေသော မိန်းမကြီးတစ်ယောက်ဖြစ်သည်။ ထိုမိန်းမကြီးသည် ညအိပ်လျှင် အသံကျယ်လောင်စွာ ဟောက်တတ်၏။ သွားကြိတ်တတ်၏။ အိမ်နေရင်းဝတ်သည့် ထဘီတစ်ထည်ကို မလျှော်ဖွပ်ဘဲ တစ်ပတ်လောက် ဆက်တိုက် ဝတ်တတ်သေး၏။ လက်သည်းမှန်မှန်မညှပ်ဘဲ လက်သည်းကြားမှာ ချေးတွေဖြင့် ထမင်းဟင်း ချက်တတ်သူ၊ ထမင်းစားတတ်သူဖြစ်၏။ ထမင်းစားလျှင် လက်ခုံအထိ ဟင်းထမင်း ပေကျံအောင် အားရပါးရ နယ်ဖတ်စားတတ်သူ ဖြစ်၏။ အိမ်က ယောကျ်ား အသုံးမကျသည့်အကြောင်းကို ရှေ့ခုနှစ်အိမ် နောက်ခုနှစ်အိမ် လည်ပတ်အတင်းပြောတတ်သူ ဖြစ်၏။ ဟင်းကိုနည်းနည်းနှင့် ကောင်းအောင် မချက်တတ်ဘဲ ဗုံးပေါလအော ချက်ပြီး သွန်ပစ်တတ်သူဖြစ်၏။ တစ်ခွက်ပင် ဖြစ်စေ အရသာရှိရှိ ချက်ဖို့ သူပြောလျှင်တော့ မဖြစ်စလောက် လစာကလေး . . . ဟူသောစကားဖြင့် ရန်တွေ့တတ်သူ ဖြစ်၏။ လခထုတ်ရတိုင်း လခရင်းကို တစ်ပြားမကျန် သူအပ်သည့်အခါ စိတ်မပါ့တပါ၊ မယူချင်ယူချင်ပုံစံဖြင့် သက်ပြင်းချကာ ယူတတ်သည်။ 'ဟိုဘက်အိမ်က လူကတော့ မိန်းမကို တစ်လ သုံးလေးထောင် အပ်တာ' ဟု အောက်ကလိအာသံဖြင့် သူ့ဒေါသကို ဆွပေးတတ်သေး၏။ ဟိုဘက်အိမ်က လူက သူ့လိုပင် အထက်တန်းစာရေး။ စာရေးချင်း အတူတူ သူ့ထက် ဘာကြောင့် ငွေပိုရသနည်း။ တွေးကြည့်လျှင် တစ်နည်းသာရှိ၏။ 'မလုပ်ကောင်းတဲ့ အလုပ်တွေ လုပ်နေလို့ ဖြစ်မှာပေါ့ကွာ' ဟုအေးအေးဆေးဆေးဖြေရှင်းတော့ သူ့မိန်းမက မျက်လုံးပြူး ကြည့်၏။ 'ဒီခေတ်မှာ မလုပ်ကောင်းတဲ့အလုပ်ဆိုတာ မရှိဘူးတော့ အားလုံး လုပ်နေကြတာပဲ' ဟု ရန်တွေ့သည်။ 'ဒါဖြင့်ပဲ မင်းသွားလုပ်ပေါ့ကွာ' ဟု သူပြီးရာပြီးကြောင်း တစ်ခွန်းသာ ပြောမိသည်။ သူမက ဖြုန်းခနဲ ခြေဆောင့်နင်းကာ ထွက်သွား၏။

www.burmeseclassic.com

ညနေတိုင်း အရက်မူးကာ မျက်ထောင့်နီကြီးဖြင့် ပြန်ပြန်လာတတ်သော သားဖြစ်သူကတော့ အိမ်မှာ လူပိုသက်သက်ဖြစ်သည်။ ဘာအလုပ်မျှလည်း မရှိ၊ အလုပ်လည်း မဖြံ။ မပင်ပန်းဘဲ အသက်ရှင်ချင်သည့် အပြင် အရက်သေစာ သောက်စားဖို့အတွက်ပါ အိမ်မှ ပိုက်ဆံကို သုံးဖြုန်းသေး၏။ မှန်မှန်ပေးနေသော ညီထံမှ တစ်ခါတလေ မရလျှင် ညီအစ်ကိုချင်း ထိုးကြိတ်သည်အထိ ရန်ဖြစ်တတ်သေး၏။ ဖအေ၊မအေကိုလည်း ငဲ့ညှာရကောင်းမှန်းမသိချေ။

တောင်းဆိုး ပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်၊ သားသမီးဆိုးကို ပစ်ရိုးထုံးစံမရှိ ဟူသော စကားပုံကို ယခုမှပင် အခြေခံကျကျ နားလည်ခွင့်ရသွား၏။ လက်စသတ်တော့ သားသမီးဆိုးဆိုတာ မွေးပြီးရင် ပစ်လို့မှ မရတော့ဘဲကိုးဟု ယခုမှပင် သူ သဘောပေါက်ရသည်။ သို့သော် သူ့အတွက် အားလုံး လွန်ခဲ့ပြီ။

သူ့ဘဝတွင် အတွယ်တာဆုံးအရာမှာ ငါးမျှားတံဖြစ်၏။

တွန့်လိမ်နေသော တီကောင်ကလေးကို ငါးမျှားချိတ်တွင် ဖောက်ခနဲ ထိုးချိတ်လိုက်ရစဉ် သူအပိုင်ဆုံးအရာမှာ ငါးမျှားခြင်းသာ ဖြစ်ကြောင်း သူ ဝမ်းပမ်းတနည်း သိရသည်။ နိုင်လွန်ကြိုးကို လက်ဖြင့် ဖွဖွ ထိသပ်နေရစဉ် ဤကြိုး၏ ထိတွေ့မှုသည် သူ့အတွက် ကျေနပ်စရာ ဖြစ်၏။ ကြိမ်တံ၏ လက်ကိုင်ကို လျော့ရဲစွာ၊ သို့သော် သတိရှိစွာ ထိန်းကိုင်ရင်း ရေပေါ်မှ ငြိမ်သက်ခြင်းကို စောင့်ကြည့်နေရစဉ်မှာတော့ သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို သူအောင်နိုင်နေသည်။

လောကတွင် သူအောင်နိုင်သော သတ္တဝါမှာ ငါးသာဖြစ်၏။ ဤကန်ထဲတွင် ငါးမျိုးစုံရှိသည်။ သူ့ငါးမျှားချိတ်တွင် ငါးမျိုးစုံ သူမိဖူးသည်။ ယောကျာ်းလက်ဖျံ လောက် တုတ်သော ငါးကြင်းကြီးများမှအစ လက်ညှိုးလုံးလောက်သေးသော ငါးစင်းလုံးကလေးများအထိ သူရသည်။ ငါးမျှားသက် နှစ်ပေါင်းကြာလာသောအခါ သူ့လက်မှာ ကိုင်ထားသော ငါးမျှားတံအဖျားရှိ လှုပ်ရှားမှုကို မှန်ကန်စွာ ကောက်ချက်ချတတ်သွား၏။ ကြိုးကလေး၊ ဖော့တုံးကလေး ငြိမ့်ခနဲ လှုပ်ရှားသွားသည်က အစ သူကျွမ်းကျင်စွာ အကဲဖြတ်တတ်သွားပြီး လျင်မြန်စွာ၊ မှန်ကန်စွာ ဆွဲတင်နိုင်သည်။ ငါးစာကို လာဟပ်သော ငါးမှာ သူ့လက်မှ လွတ်ရသည်ဟု မရှိအောင် ဤလုပ်ငန်းကို ကျွမ်းကျင်လာ၏။

ရေထဲ စိုက်ထားသော ငါးမျှားကြိုးကို စူးစိုက်စွာ ကြည့်ရင်း စိမ်းမှောင်သော ရေပြင်ပေါ်တွင် အတိတ်က အရိပ်များစွာ ထင်ဟတ်လာတတ်သည်။ တစ်ခါတစ်ရံတွင် နုပျိုသော လူငယ်တစ်ယောက်၏ မျက်နှာ (ထိုမျက်နှာပိုင်ရှင်သည် သူဖြစ်၏) တစ်ခါတရံ မိန်းမငယ်တစ်ဦး၏မျက်နှာ (ထိုမျက်နှာပိုင်ရှင်သည် သူ့ချစ်သူ ဖြစ်၏)။

ချစ်သူအကြောင်း ပြန်တွေးရသည်မှာ ခပ်ဝါးဝါးသာ ဖြစ်သော်လည်း ရင်ခုန်စရာ ကောင်းသည်။ လွန်ခဲ့သော နှစ်ပေါင်း၃၀က သူ့ချစ်သူသည် တစ်ပတ်လျှို ဆံထုံးကလေးနှင့် ခရေပန်းကုံးများ ဝေနေအောင် ပန်တတ်သည့် မိန်းကလေးဖြစ်၏။ လက်မောင်း လက်ဖျံများ တောင့်တင်းပြီး ဖျတ်လတ်သော၊ ကျန်းမာသန်စွမ်းသော မိန်းကလေးဖြစ်၏။ သူတို့နှစ်ယောက် ချိန်းတွေ့နေကျ လေးထပ်ဘုန်းကြီးကျောင်းထောင့်က ခရေပင်ကြီးကို သူ မြင်ယောင်လာသောအခါ သူစိတ်မှတ်မထင် ပြုံးမိလေသည်။

သနပ်ခါးနံ့သင်းသင်းကလေးကို မွှေးကြူးရင်း ခရေနံ့ကလေးကိုပါ ရှူရှိုက်မိသော တစ်နံနက်ခင်းက သူ့ရင်တွေ တဖျတ်ဖျတ် ခုန်ခဲ့ရကာ၊ ဘယ်လိုမှ မခွဲနိုင်အောင် ချစ်မြတ်နိုးစိတ်ဖြင့် မချင့်မရဲဖြစ်ခဲ့ရသည်။ ဆောင်းရာသီနံနက်ခင်းတိုင်း၊ မိုးရာသီညနေခင်းတိုင်း ခရေပန်းများက တဖြုတ်ဖြုတ် ကြွေလွင့်နေသည်။ ခရေပွင့်ကလေးများကို အလောတကြီး ကောက်နေသော ကိုယ်လုံးကျစ်ကျစ်ခဲခဲကလေးမှာ ငေးကြည့်၍မဝနိုင်အောင် လှပနေခဲ့၏။ နီးကြိုးကလေးဖြင့် သီကုံးပေးရန်ကတော့ သူ့တာဝန်ဖြစ်သည်။ သူသည် လက်ကိုင်ပုဝါထဲက

www.burmeseclassic.com

www.burmeseclassic.com

ပန်းများကို စိတ်ရှည်လက်ရှည် သီပေးခဲ့ဖူးလေသည်။ သီပြီးသွားသော ပန်းကုံးများကို မိန်းကလေး၏ ဆံထုံးမှာ စိုက်၍ ပန်ပေးရသည့် အရသာမှာ တမ်းတလွမ်းဆွတ်ဖွယ်ရာ ဖြစ်သည်။

သူသည် ခရေပင်ကြီးဆီသို့ မရောက်ဖြစ်တာ ကြာလှပြီ။ ခရေပင်ကြီးရှိရာ ဘုန်းကြီးကျောင်းသို့ပင် မရောက်ဖြစ်တာ ကြာလှပြီ။ တစ်နေ့နေ့မှာ သွားမည်ဟု ကြံရွယ်လျက် ဘယ်တော့မှ မရောက်ဖြစ်ခဲ့ပါ။ တစ်ခါတစ်ရံ ဥပုသ်ယူသော သူ့မိန်းမနှင့်အတူ လေးထပ်ဘုန်းကြီးကျောင်းသို့ လိုက်သွားရန်ကြိုးစားဖူးသည်။ သို့သော် ဘုန်းကြီးထံ သီလမယူမီ ဝိုင်းဖွဲ့စကားပြောကြသည့် အုပ်စုများတွင် သူမပါဝင်ချင်ပါ။ အဖိုးတန် ပါတိတ်အထက်အောက် ဆင်တူဖြင့် ရွှေကြိုးများ၊ ကြယ်သီးများဖြင့် ဥပုသ်လာစောင့်သော မိန်းမကြီးငယ်များ၏ ကဲ့ရဲ့စကားတင်းဆိုဟန်များကို သူရှောင်ချင်သည်။ 'ရှင် အကုသိုလ်တွေချည်း နေ့တိုင်းလုပ်နေတာ တစ်ခါလောက် ကျွန်မနဲ့လိုက်ပြီး ဘုန်းကြီးကျောင်းမှာ ကုသိုလ်ယူပါလား' ဟူသည့် မိန်းမ၏ တိုက်တွန်းချက်ကို ကြားရသည့်အခါမှာတော့ ကုသိုလ်ယူချင်စိတ်ကလေး လုံးဝ ကုန်ဆုံးသွားကာ မလိုက်တော့ဘူးဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

သည်လိုနှင့်ပင် အကုသိုလ်ကို ဆက်လုပ်ဖြစ်နေသည်။

သူသည် ငါးမျှားနေရင်းမှ လူအမျိုးအမျိုး၏ပုံကို ဖော်ကာ အနိုင်ယူလို့ရသည်။ ဥပမာ သမ္မာအာဇီဝကို နည်းနည်းမျှစိတ်မဝင်စားသည့် အရာရှိတစ်ဦး၏ ခပ်ထူထူခပ်လန်လန် နှုတ်ခမ်းများကို သူရွံမုန်းစွာ တွေးတောရင်း သူ ငါးကို စိတ်ပါလက်ပါမျှားသည်။ ရရှိလာသော ငါး၏ ဟစိဟစိပါးစပ်ကို သေသေချာချာကြည့်တော့ ထိုအရာရှိ၏ ပါးစပ်ကိုပင် မြင်တွေ့လိုက်လေသည်။ သူသည် ငါးမျှားချိတ်မှ ငါးကို ပျော်ရွှင်စွာ ဆွဲဖြုတ်ပြီး မြေပြင်ပေါ် ဘုတ်ခနဲ ပစ်ချလိုက်ဖူးသည်။ တစ်ခါတစ်ရံ သူ့မိန်းမ၏ ပွစိပွစိ နှုတ်ခမ်းတို့ကို စိတ်ထဲမှာ မြင်ယောင်လျက် ဒေါသတကြီး ငါးကိုမျှားသည်။ မိလာသော ငါး၏ပါးစပ်ကို သူကြည့်သောအခါ တကယ်ပင် သူ့မိန်းမ၏ ပါးစပ်ဖြစ်နေတတ်သည်။ သူ ရှီခနဲ လေချွန်လျက် ထိုပါးစပ်ကို အရသာခံကြည့်နေတော့သည်။ ငါးကလေးက ဖတ်လပ်ဖတ်လပ်နှင့် အစွမ်းကုန် ရုန်းကန်နေသည့်အခါမှာတော့ စိတ်မကောင်းဟန်ဖြင့် သက်ပြင်းတစ်ချက် ချကာ ငါးမျှားချိတ်မှ ငါးကို ညင်ညင်သာသာကလေး ဆွဲဖြုတ်သည်။ ထို့နောက် ရွှံ့ရွှံ့ကလေးကိုင်ကာ သူနှင့် အဝေးဆုံး နေရာမှာ ချထားလိုက်ဖူးလေသည်။ ငါးမျှားခြင်းဖြင့် သူ ဤနေရာမှာ ကြာကြာထိုင်၍ ငိုင်နေခြင်းအပေါ် မည်သူကမျှ သံသယမဝင်အောင် ဖြေရှင်းပြီးသားဖြစ်၏။ သူသည် ငါးမျှားချင်ယောင်ဆောင်လျက် ရေထဲသို့ ငါးမျှားချိတ်နှစ်ချကာ နာရီဝတ် တစ်နာရီလည်း မလှုပ်မယှက် ထိုင်နေလို့ရသည်။ မိန်းမကို မပြောဖြစ်သည့် စကားများကိုလည်း ခပ်တိုးတိုး ရေရွတ်နေလို့ရသည်။ တစ်ခါတစ်ခါ ကံဆိုးစွာ အဆော့သန်သော ကလေးများ၊ စပ်စုတတ်သော လူကြီးများ ရောက်လာလျှင် 'ရှူး . . . တိုးတိုး၊ ငါးလန့်သွားမယ်' ဟူသော သတိပေးချက်ဖြင့် စကားမပြောအောင်၊ မနှောင့်ယှက်အောင် တားဆီးနိုင်ခွင့်ရှိသည်။ သူ့ကို ကောင်းကောင်းနှောင့်ယှက်တတ်သူမှာ ကန်စောင်းတွင် နေထိုင်သော အဘိုးကြီးတစ်ယောက်ဖြစ်သည်။

အဘိုးကြီးကတော့ ငါးမျှားခြင်းကို အကုသိုလ်အလုပ်ဟု ယူဆကာ သူ့ကို ကဲ့ရဲ့ရှုတ်ချတတ်၏။ အဘိုးကြီးက ရေကန်ကမ်းစပ်ရှိ ကြာဖူးများကို ခဏခဏလာခူးသည်။ 'ဘာလုပ်ဖို့လဲ' ဟုသူမေးတော့ ချက်စားဖို့ဟု ပြော၏။ ကြာဖူးကို ချက်စားရသည်ဟု တစ်ခါမျှ မကြားဖူးပါ။ 'ဦးလေး ဟင်းမရှိရင် ဒီငါးတွေ ယူသွားပါလားဗျ' ဟု သူက စိတ်လိုလက်ရ ပေးဖူးသည်။

သူသည် ဤငါးများကို စားသောက်ရန်၊ ရောင်းချရန် မျှားခြင်းမဟုတ်ပါ။ အစောပိုင်းနှစ်တွေတုန်းကတော့ ငါးများ၏ပါးဟတ်များကို ဖောက်လျက် လျှော်ကြိုးဖြင့် သီကာတန်းလန်းဆွဲပြီး အိမ်သို့ ပြန်ရသည်မှာ ပျော်စရာ။ နောက်ပိုင်းတော့ ထိုငါးများကြောင့်ပင် ဇနီးဖြစ်သူ၏ အပြစ်ရှာခြင်းကို ခံခဲ့ရသည်။ 'ဒီငါးမျိုးဖြင့်တော် . . . တစ်နေကုန်အောင် သွားမျှားနေစရာမလိုပါဘူး၊ ဈေးထဲမှာ တစ်ဆယ်သား နှစ်ကျပ်ရယ်၊ ဗိုက်ရိုက်ပြီး ရောင်းပါလေ့'

www.burmeseclassic.com

ဟူ၍တစ်မျိုး၊ 'ရှင့်ငါးတွေက အင်းစော်နံလှချည်လား၊ ဘယ့်နှယ့်လုပ် စားမှာတုံး' ဟူ၍တစ်မျိုး၊ 'ဒီငါးမျိုးကို မှတ်ထား၊ ငါးမောင်းမလို့ ခေါ်တယ်၊ ငါးထဲမှာ အရသာမရှိဆုံး ငါးပဲ' ဟူ၍တစ်မျိုး၊ 'ငါးခုံးမလို ငါးများ အချိန်ကုန်ခံပြီး မှျားနေသေးလားတော်၊ အဲဒီ ကုန်တဲ့အချိန်မှာ ရေလေးဘာလေး ဆွဲတာကမှ အသုံးကျဦးမယ်' ဟူ၍ တစ်မျိုး၊ အမျိုးမျိုး ရှုတ်ချသောအခါ ငါးများကို အိမ်သို့ အလေးခံ၍ သယ်မသွားတော့ပေ။ နည်းနည်း နွမ်းပါးသည့် ထင်ရသော အသိမိတ်ဆွေများ၏ အိမ်များကို အလှည့်ကျစနစ်ဖြင့် ဟင်းလျာပေးလိုက်ခြင်းအားဖြင့် ဇနီးဖြစ်သူနှင့်လည်း စကားပြောရ သက်သာသွားပြီး ကျေးဇူးလည်း တင်ခံရသည်။

အဘိုးကြီးကတော့ ငါးများကို မယူပါ။ 'ငါက ပံ့သကူသားပဲ စားတာကွ၊ မြင်သား ကြွားသား မစားဘူး' ဟူ၏။

သူဒေါသ ထောင်းခနဲ ထသွားသေးသည်။ ခင်ဗျားတို့အတွက် ဖမ်းပေးသတ်ပေးတဲ့လူတွေ ရောင်းတဲ့သူတွေ ရှိနေလို့ပေါ့ဗျာ၊ မရှိရင် မြင်သားကြွားသားတင် မကဘူး၊ ကိုယ်တိုင်တောင် သတ်ပြီး စားမှာ မဟုတ်လား။ သို့သော် အသက်ကြီးသော လူတစ်ယောက်နှင့် ယှဉ်ပြိုင်ပြီး ရန်ဖြစ်ရတာ မကောင်းပါ။ နောက်ပိုင်းတော့ အဘိုးကြီး ကြာဖူးခူးချိန်နှင့် သူ ငါးမှျားချိန်တို့ တော်တော်များများ တိုက်ဆိုင်နေတော့သည်။ ကြာဖူးသာမက ကြာပွင့်များကိုပါ ခူးတာမြင်တော့ သူအံ့ဩသွား၏။ 'ကြာပွင့်ကရော ချက်စားရသလား' သူမေးတော့ အဘိုးကြီးက လျှို့ဝှက်စွာ ပြုံး၏။ မဖြေချင်သလိုလို တွန့်ဆုတ်နေပြီးမှ နောက်ဆုံးမှာ သူ့အမေးကို ဖြေလိုက်သည်။

'ချက်မစားပါဘူး၊ ဆွဲကြိုးလုပ်ဖို့'

'ဟာ . . . ဆွဲကြိုး၊ ဘာလုပ်ဖို့လဲ'

အဘိုးကြီးတွင် ဇနီး၊ သားသမီး မရှိ၊ မြေးမရှိ၊ တစ်ယောက်တည်းသာ ဖြစ်သည်။ အဘိုးကြီးက သူ့ရှေ့ပင် ကြာပွင့်တစ်ခိုင်ကို ယူလျက် ကြာရိုးဆွဲကြိုး လုပ်နေ၏။ ကြာရိုးဆွဲကြိုးက လုပ်ရတာ အလွယ်ကလေး ဖြစ်သည်။ ငါးမှျားသလို မခက်ပါ။ ကြာရိုးကို လက်တစ်ဆစ်နီးပါး အဆစ်ကလေးများ လုပ်၍ တစ်ဆစ်ချင်း ချိုးသွားရုံသာ ဖြစ်သည်။ ကြာရိုး ကျိုးသွားပြီး အမျှင်စေးများကြောင့် ထိုချိုးပြီးသား အဆစ်ကလေးက တွဲလွဲဖြစ်နေသည်။ နောက်ထပ် တစ်ဆစ်ထပ်ချိုး၊ အမျှင်ကို ဟိုဘက်သည်ဘက် တစ်လှည့်စီ တန်းနေအောင် တစ်ဖကတ်စီ ချိုးချသွားရုံသာ ဖြစ်သည်။ ထိပ်ဆုံးမှာတော့ ကြာပွင့် လောကတ်သီးကလေး . . . ။

'ဟိုတုန်းကတော့ ငါ့မိန်းမကို အဲဒီလို ကြာလည်ဆွဲလုပ်ပေးနေကျကွ၊ ငါ့မိန်းမခမျာ သေသာသွားရော သူ့ဘဝမှာ ပုလဲပုတီးကလေး တစ်ကုံးတောင် ဆွဲမသွားရရှာပါဘူးကွာ၊ ကြာလည်ဆွဲကိုပဲ မညည်းမညူ ဆွဲသွားရရှာတယ်၊ သူ့အသက်အငယ်ကလေးမှာ ကလေးမွေးရင်း ဆုံးသွားတာပဲ'

ထိုစကားကို ပြောပြီးနောက် သူ့အဖြေ ပြည့်စုံသွားသလိုပင် အဘိုးကြီးက သူ့ကို နှုတ်မဆက်ဘဲ ထွက်ခွာသွားသည်။ လက်မှာ တန်းလန်းဆွဲထားသော အနီရောင် ကြာပွင့်နှင့် ဆွဲကြိုးကလေးမှာ လေအဝေ့တွင် လွင့်လူးလျက် ပါသွားသည်ကို သူ ငေးမောကြည့်နေခဲ့၏။

အေးမြသော ဆောင်ဥတု နံနက်ခင်း ဝေလီဝေလင်းအချိန်တစ်ခုတွင် သူသည် ထူးဆန်းစွာပင် နှင်းမှုန်ကြားထဲမှာ လမ်းလျှောက်နေတော့သည်။ သူ့ခြေထောက်များက သူမသိလိုက်မီမှာပင် မြို့၏ ဟိုဘက်အစွန်းက လေးထပ်ဘုန်းကြီးကျောင်းရှိရာသို့ လျှောက်သွားနေကြသည်။ ငါးဆယ့်လေးနှစ်အရွယ်သည် ဘုန်းကြီးကျောင်းဆီသို့ နံနက်လင်းအားကြီး လမ်းလျှောက်သွားလျှင် အသင့်တော်ဆုံး အရွယ်ဖြစ်သည်။ လမ်းခရီးတွင် ဈေးရောင်းရန် ဟင်းရွက်စည်းများဖြင့် ဈေးသို့ သွားကြသော ရွာသူရွာသားများကို မျက်နှာချင်းဆိုင် တွေ့ရသည်။ မိန်းမများသည် ပုဆိုးများထဲတွင် ဟင်းရွက်စည်းများထည့်၍ ထုပ်ပိုးပြီး ခေါင်းပေါ်ရွက်ထား၏။ ယောကျာ်းများကတော့ တောင်းများဖြင့် ထည့်ကာ ထမ်းပိုးဖြင့် သယ်ဆောင်လာသည်။ နေထွက်စအချိန်တွင်

www.burmeseclassic.com

နှင်းများ ပိုမိုသိပ်သည်းလာ၏။ လမ်းဘေးဝဲယာ သစ်ပင်များကိုသာ စိမ်းစိုစွာ မြင်ရပြီး ခပ်ဝေးဝေးက သစ်ပင်များကိုတော့ သဲကွဲစွာ မမြင်ရပေ။ ဤလမ်းတွင် အိမ်ခြေ ကျဲပါးသည်။ မြို့နှင့်မတူဘဲ ရွာနှင့် တူသော ရပ်ကွက်ဖြစ်သည်။ တစ်ချိန်တုန်းက သူ့ချစ်သူသည် ဤရပ်ကွက်တွင် နေထိုင်ခဲ့ဖူးသည်။ အုတ်တံတိုင်း ကာရံထားသော ဘုန်းကြီးကျောင်းသည် ဆောင်နှင်းမှုံများအောက်တွင် အိုမင်းရင့်ရော်စွာ ရပ်တည်နေ၏။ သူ တစ်ခဏတာမျှ ငေးကြည့်နေပြီး ကျောင်း၏ ထောင့်တစ်ဖက်က ခရေပင်အုပ်ရှိရာသို့ လျှောက်သွားလိုက်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ခရေပင်များမှာ ယခုအခါ ပိုမိုမြင့်မားလျက် ရှိသည်။ သစ်ပင်တွေ အနှစ်၃၀ အသက်ရှင်နေတာ အံ့ဩစရာ မဟုတ်သော်လည်း သူတို့ ကောက်ခဲ့သော ခရေပန်းများလိုပင် ယခုအချိန်အထိ ခရေပန်းများ ခြွေချပေးနေသည်မှာ အံ့ဩစရာ။ သူဖြည်းညင်းစွာ လျှောက်သွား၏။ ပန်းများ တဖြုတ်ဖြုတ် လွင့်ကျနေသည်။

ဤခရေပင်ကြီးအောက်တွင် ငယ်ရွယ်သော သူ့ချစ်သူနှင့်အတူ သူ ထိုင်ခဲ့ဖူးသည်။

သူသည် အပင်အောက် တည့်တည့်တွင် ရပ်၍ ဖြူဖွေးသော ခရေပွင့် ကားကားကလေးများ ၊ ညိုဝါသော ခရေပွင့်ခြောက်ကလေးများကို ငေးမောကြည့်နေသည်။ ခရေပန်းများနှင့် လှပခဲ့သော သူ့ချစ်သူကို သတိရစိတ်ဖြင့် ရင်ထဲမှာ နာကျင်လာ၏။ သူ ထိုင်ချကာ လတ်ဆတ်သော ပန်းကလေးများကို ရွေး၍ ကောက်နေမိတော့သည်။ ဟိုတုန်းကတော့ သူ့ချစ်သူကို သူ အမြတ်တနိုး ချစ်ခဲ့သည်။ သူ့ချစ်သူကလည်း သူ့ကို အားကိုးတကြီး ချစ်ခဲ့သည်။ ထိုမိန်းကလေးသည် သူ၏ ပထမဆုံးနှင့် နောက်ဆုံးချစ်သူဖြစ်သည်။ သူသည်လည်း မိန်းကလေး၏ ပထမဆုံးနှင့် နောက်ဆုံးချစ်သူဖြစ်သည်။ သူတို့နှစ်ယောက် လက်ထပ်သောအခါ လောကတစ်ခုလုံး လှပသာယာလျက် ရှိခဲ့ပါသည်။

ချစ်ခြင်းမေတ္တာဆိုသည်မှာ လှည့်စားတတ်သော ကံကြမ္မာအောက်တွင် အရှုံးပေးရတတ်သလား။ သူသည် ဖြစ်ပျက်နေသမျှ အရာရာကို နားမလည်နိုင်အောင် ရှိတော့သည်။ သူ ဝမ်းနည်းနေသည်။ နှစ်ပေါင်း၃၀သည် လူအားလုံး၏ ဘဝကို ပြောင်းလဲစေနိုင်သည်သာမက အချစ်ကိုလည်း ပြောင်းလဲစေနိုင်သည်။ တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် ခြေသံဖွဖွကလေးကို ကြားလိုက်ရသည်။

သူ ငယ်စဉ်က စောင့်နေကျ နေရာတွင် သူငယ်စဉ်က ကြားနေကျခြေသံမျိုး (ဖိနပ်မပါ ဗလာခြေထောက်အစုံ၏ ခြေသံမျိုး)ကို ကြားလိုက်ရသောအခါ လက်ရှိဘဝနှင့် ငယ်စဉ်ဘဝ ရောထွေးကာ ရင်တလှပ်လှပ် ခုန်လျက် နောက်ဘက်သို့ ဖြုန်းခနဲ လှည့်ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် မိန်းကလေးတစ်ယောက် . . .။ ဆံပင်ကုပ်ဝဲကလေးနှင့် အပြာရောင် ဝတ်စုံပွပွကလေးများသည် နံနက်ခင်း လေအောက်မှာ လွင့်လူပ်နေသည်။ အေးချမ်းသော၊ နုငယ်သော မိန်းကလေးတစ်ဦး . . . ။ သူမက သူ့ကို တစ်ချက်သာ အကဲခတ်ကြည့်လျက် ခရေပွင့်ကလေးများကို စတင်ကောက်လေသည်။ သူသည် နာကျင်သော ရင်ဖြင့် မိန်းကလေးကို ငေးမောကြည့်နေမိခဲ့သည်။ ထို့နောက် ဟာလာဟင်းလင်းရင်ဖြင့် ဖြုန်းခနဲ လှည့်ပြန်လာခဲ့တော့သည်။

ရုံးသွားရန် ပြင်ဆင်နေစဉ် သူ့ဇနီးက အခန်းထဲ ဝင်လာသည်။ ဝဖြိုးသော ခန္ဓာကိုယ်ကို သူ့မျက်စိက ခဏကြည့်မိပြီးနောက် မျက်နှာလွှဲလိုက်ရ၏။ ဘယ်လိုမှ မယုံနိုင်စရာကောင်းသော အဖြစ်များပါလား။ သူ နည်းနည်း ရှက်ရွံ့စွာ စကားစလိုက်၏။

'ငါမနက်အစောကြီး လမ်းလျှောက်ရင်း လေးထပ်ကျောင်းဘက် ရောက်ခဲ့သေးတယ်ကွ၊ ခရေပင်ကြီးက အခုအချိန်အထိ ပွင့်နေကြတုန်းပဲ၊ ခရေပန်းတွေကလဲကွာ ဖွေးနေတာပဲ၊ ဟိုတုန်းကထက်တောင် များသေး'

သူ့မိန်းမ မျက်နှာ နူးညံ့မသွားပါ။

www.burmeseclassic.com

www.burmeseclassic.com


'ငါ နည်းနည်းတောင် ကောက်လာခဲ့သေးတယ်၊ စားပွဲပေါ်မှာ'

ထိုစကားကြောင့် သူ့မျက်နှာသာ နည်းနည်းနွေးသွားသော်လည်း သူ့ဇနီးကတော့ စိတ်ဝင်စားဟန် မရှိပါ။

'ခရေပန်း ဘာလုပ်ရမှာလဲ၊ ဈေးထဲ သွားဝယ်ရင် တစ်ကျပ်ဖိုးဆို သုံးလေးကုံး ရတာ'

သူ့ဇနီးကို သူ ငေးကြည့်နေမိသည်။

'ဟိုတစ်နေ့က လာပြောသွားတဲ့ ကိစ္စကို ရှင် ငြင်းမယ် မကြံနဲ့နော်၊ ဒါသူများပစ္စည်း ခိုးတာ မဟုတ်ဘူး'

သူ့ဇနီး၏ မျက်နှာမှာ လောဘ၏ အရေးအကြောင်းများသာ ရှိနေပါသည်။ ထိုကိစ္စကို သူ ခေါင်းထဲက ထုတ်ပစ်ထားသည်မှာ လာပြောချိန်ကတည်းက ဖြစ်သည်။ သူ့ဘဝတွင် ကိုယ်ကျင့်သိက္ခာကို တစ်ချိန်လုံး ထိန်းခဲ့သည်။ သေသည်အထိ ထိန်းသွားမည်။ သို့သော် စကားရှည်မနေချင်သောကြောင့် ခပ်မြန်မြန် ထွက်လာခဲ့ရ၏။

နောက်ရက်များတွင်လည်း ထုံးစံအတိုင်း ငါးမျှားသည့် အလုပ်ကို သူ စိတ်ပါဝင်စားစွာ မပျက်မကွက် လုပ်မြဲဖြစ်လေသည်။ ။

မြားနတ်မောင် မဂ္ဂဇင်း
၁၉၉၂၊ ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

"အဝါရောင် ရထား" ဝတ္ထုတိုနှင့် ပတ်သက်၍ . . . . ကလေးသူငယ်များ ၊ သက်ကြီးရွယ်အိုများ ကုသရန် အလွန်လွယ်ကူသော ရောဂါများဖြင့် (မသေသင့်ပဲ) သေဆုံးနေရချိန်တွင်လူမှုအဖွဲ့အစည်းအတွင်း အတူနေထိုင်သူများ အနေနှင့် တတ်အားသရွေ့ ကူညီ ကယ်ဆယ်နိုင်ပါလျက် နှင့် မကူညီ မကယ်ဆယ်ဖြစ်လိုက်ကြသော အခြေအနေများစွာ ကြုံတွေ့ တတ်ပါသည်။ ဘာသာရေး ၊ လူမှုရေး ၊ ကျန်းမာရေး အလှူဒါန ပြုကြသူများ၏ ခံယူချက်၊ သဘောထားကွဲလွဲမှု အထွေထွေကို မြင်တွေ့သိရှိပြီးနောက် . . . . . အမေရိကန်စာရေးဆရာ **Peter Singer** ၏ **(The New York Times Magazine)** ပါ **The Singer Solution to World Poverty** အက်ဆေးကို ဖတ်မိလိုက်သည့် အခါ "အဝါရောင် ရထား" ဝတ္ထုတိုကို ရေးဖြစ်သွားပါသည်။

www.burmeseclassic.com

## အဝါရောင်ရထား

မူယာနှင့်နောက်ဆုံး ဆုံဖြစ်ခဲ့သည့်နေ့က ကောင်းကင်သည် အချိန်အခါ မတိုင်သေးဘဲ အနီရောင် လွှမ်းနေခဲ့သည်။ ထိုအနီရောင်နောက်ခံပေါ်မှာ အနက်ရောင်ငှက်တစ်အုပ် မြောက်အရပ်မှ တောင်အရပ်သို့ ပြန့်ကျဲစွာ၊ တိတ်ဆိတ်စွာ ပျံသန်းသွားခဲ့သည်။ထိုနေ့ကို ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်ပါ။ ဘာကြောင့်လည်း ဆိုတော့ အနီရောင်ကောင်းကင်နောက်ခံနှင့် အနက်ရောင်ငှက်များသည် ထိတ်လန့်တုန်လှုပ်စွာ ဝေခွဲရခက်သော စိတ်ကူး ကမ္ဘာသစ်တစ်ခု၏ ရှေ့ပြေးနိမိတ်များဟု လက်ခံလိုက်ရသောကြောင့်ဖြစ်ပါသည်။ ထိုညနေက မျက်တောကွင်းပြင်တွင် ပုဇဉ်းတွေလည်း ပျံဝဲနေခဲ့ပါသည်။ သူတို့က တော်တော်နိမ့်နိမ့် ပျံသန်းကြသဖြင့် ကျွန်မတို့ လှမ်းဖမ်းဆုပ်လို့တောင် ရနိုင်ပါသည်။ မြက်ခင်းသည် နှင်းငွေ့ဖြင့် စိုစွတ်နေခဲ့သည်။ မြက်ရွက်များပေါ် နင်းလျှောက်သောအခါ ကျွန်မ၏ ဖိနပ်လွတ်နေသော ခြေချောင်းဖျားကလေးတွေ စိုစွတ်မှုကို အေးစက်စက် ရှတတ အရသာနှင့်အတူ ခံစားနေခဲ့ရသည်။ ကျွန်မတို့၏ဘေးမှ ဘယ်ဆီကို သွားမှန်းမသိသော ရထားသံလမ်းဟောင်းတစ်ခု ရှိသည်။ သံလမ်းဟောင်းဟု ပြောရသည်က ကျွန်မ မကြာခဏလမ်းလျှောက်လေညှင်းခံရင်း ကြုံမိသမျှ ဘယ်တုန်းကမှ ထိုသံလမ်းပေါ်မှာ ရထားတစ်စီး ဖြတ်သွားသည်ကို မတွေ့ခဲ့ရဘူးသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ရထားသံတစ်ခုကို ကျွန်မအာရုံတွင် ခပ်သဲ့သဲ့ ကြားလိုက်ရသောအခါ စိတ်လှုပ်ရှားသွားခဲ့သည်။ ကျွန်မတို့နှင့်မျက်နှာချင်းဆိုင် ကောင်းကင်အပြာရောင်ထဲမှ ရုတ်တရက် ဖောက်ထွက်လာသလိုပဲ ရထားတစ်စီး လာနေခဲ့ပါသည်။

🎗 🎗 🎗

ထိုနေ့ နေ့လည်ခင်းက ကျွန်မအလုပ်လုပ်သော ဆေးရုံသို့ မူယာရောက်လာချိန်တွင် ကျွန်မက ဆေးရုံကြီး အုပ်ချုပ်ရေးဌာနသို့အလှူငွေတွေ သွားအပ်လုဆဲဆဲဖြစ်သည်။ ကျွန်မလက်ထဲတွင် မကြာသေးမီကမှ ရေတွက်ထားသော ငွေတစ်သောင်းခွဲ နှစ်ထုတ်ရှိနေသည်။

“ နီလာ . . .ဘယ်သွားမလို့လဲ”

မူယာက အမောတကော ရောက်လာပြီး မေးသည်။ မူယာသည် ကြော့ရှင်းလှပသော ကိုယ်ခန္ဓာကို အသက် ၄၀ ကျော်သည်အထိ ထိမ်းထားနိုင်ဆဲ ဖြစ်သည်။ တကယ်ဆို မူယာကလည်း သမီးနှစ်ယောက်မအေ၊

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကလည်း သားနှစ်ယောက်မအေ၊ အသက်ချင်း တူတူ၊ အိမ်ထောင်သည်မိခင် ဖြစ်တာချင်းအတူတူ၊ ကိုယ်ခန္ဓာချင်းကျတော့ တော်တော်ကွာလေသည်။ ကျွန်မသည် မူယာအား ပြုံး၍ ကြိုဆိုလိုက်ရင်း ကျွန်မ၏ ခပ်ဖိုင့်ဖိုင့်လုံးလုံး ကိုယ်ခန္ဓာကို မသိမသာငုံကြည့်ကာ ရယ်ချင်သွားပါသည်။

"အလှူငွေ သွားအပ်မလို့ပါဟာ၊ မကြာဘူး . . .ထိုင်ဦး "

ကျွန်မ စားပွဲရှေ့က ကုလားထိုင်တွင် မူယာဝင်ထိုင်လိုက်သည်။ မူယာနားက နားကပ်သည် အလျင်တစ်ခါ လာတုန်းကလို ငါးလုံးတွဲ စိန်ပွင့်ကလေးတွေ မဟုတ်တော့ဘဲ ခပ်သေးသေး တစ်လုံးတည်း စိန်နားကပ် ဖြစ်သွားသည်။ ရှေးတုန်းက စိန်ဖြစ်မှာပါပဲ။ သူ့မျက်နှာလှုပ်ရှားလိုက်သည့် အခါ ထိုစိန်နားကပ်လေးက လက်ခနဲ လက်ခနဲ ဖြစ်သွားပုံက ငြိမ်ငြိမ်သက်သက် လှလှကလေး။

"ဘာ အလှူငွေတွေလဲ"

ကျွန်မသည် ထွက်သွားတော့မည့် ခြေလှမ်းကို ပြန်ရုတ်သိမ်းကာ စားပွဲဘေးမှာ ခဏရပ်မိ၏။ မူယာများ အလှူငွေထည့်ချင်စိတ် ပေါ်မလား ဟူသော မျှော်လင့်ချက်နှင့် ဖြစ်သည်။

"တစ်ခုက ဆေးရုံကြီး နေ့စဉ် လူနာထမင်း စရိတ်ပေါ့ဟာ။ ဆေးရုံမှာ အိမ်ကနေ ထမင်းလာမပို့နိုင်တဲ့ လူနာတွေ အများကြီးဟ။ တချို့က နယ်ကလာတဲ့ ဆင်းရဲသားတွေမို့။ တချို့က ရန်ကုန်ကပဲ၊ ဒါပေမယ့် အစွန်အဖျားက လာတက်တဲ့ ဆင်းရဲသားတွေမို့ပေါ့။ အဲလို လူနာတွေကို နေ့စဉ် ဆေးရုံက ကျွေးရတယ်လေ။ အဟာရပြည့်ရုံ ဟင်းအသင့်အတင့်နဲ့ဆိုရင် တစ်နပ်စာကို ငွေသုံးထောင်ပဲ ကျမယ်။ ငါ့တပည့်မလေးတွေ သူတို့ နီးစပ်ရာ အချင်းချင်း စုလှူထားတာက ဒီဘက်က တစ်သောင်းခွဲ" မူယာအား တစ်သောင်းခွဲ အထုတ်ကိုပြလိုက်လေသည်။

"နောက်တစ်ခုက ဆေးဝယ်ဖို့ လှူလိုက်တဲ့ ပိုက်ဆံ ၊ ဆေးရုံကြီးမှာ စရိတ်မျှပေးကျန်းမာရေးဆိုတဲ့ သက်သာဆေးဆိုင်တစ်ခု ရှိတာနင်သိလား"

မူယာကြားဖူးရုံပဲ ကြားဖူးမှာပါ။ သူတို့သည် ပြည်သူ့ဆေးရုံကြီးတွေထက် ပုဂ္ဂလိက ဆေးရုံတွေနှင့် ပို၍ နီးစပ်သည်။ တလောတုန်းက မူယာ့ခင်ပွန်း အဖျားကြီး၍ ဆေးရုံတင်လိုက်ရသည်မှာ အာရှတော်ဝင် အထူးကုဆေးရုံကြီးမှာ ဖြစ်သည်။

"တချို့ လူနာတွေ ဆင်းရဲလိုက်ပုံများ အဲဒီဆေးတွေတောင် မဝယ်နိုင်ဘူး။ သနားစရာ အကောင်းဆုံးက ကလေးလေးတွေပဲ။ ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်မယ်၊ သွေးလွန်တုတ်ကွေး ဖြစ်မယ်၊ အမေ အဖေက ဆင်းရဲတော့ ဆေးဖိုး ရှာကြံနေရတယ်။ အဲဒီအချိန်မျိုးမှာ ကိုယ်ဆီမှာ ဆေးအဆင်သင့် ရှိနေဖို့ လိုတယ်။ဒီတော့ အလှူခံရတာပေါ့ မူယာရယ်၊ နင်ရော လှူသွားချင်လား" မူယာ တွေသွားသည်။ မူယာသည် သဒ္ဒါတရား တွန့်တိုသူတော့ မဟုတ်ပါ။ တစ်ခါတုန်းက ရွှေတိဂုံဘုရားသို့သွားရင်း ထီးတော်တင်ပွဲအတွက် သူ့ပတ္တမြားလက်စွပ်ကို ချွတ်လှူခဲ့ဖူးသူ ဖြစ်ပါတယ်။

"ကုသလို့ အလွန်လွယ်တဲ့ ရောဂါလေးတွေကို မကုနိုင်လို့ သေသွားရတဲ့ ကလေးလေးတွေ ဘဝဟာ ဘယ်လောက် ရင်နာဖို့ကောင်းသလဲ။ လိုသမျှ ပိုက်ဆံကလည်း သိန်းဂဏန်း မဟုတ်၊ သောင်းဂဏန်း မဟုတ်၊ ထောင်ဂဏန်းလေးပဲ။ ဒီတော့ ချမ်းသာတဲ့လူမှလှူနိုင်တာ မဟုတ်ဘူးလေ၊ သာမန် သူလိုကိုယ်လို လူထဲကပဲ စေတနာရှင်တွေက လှူနိုင်တာပဲ"

မူယာ ရယ်မောပါသည်။

www.burmeseclassic.com

“ဩော် . . . စိတ်ရှုပ်လို့ အိမ်ကထွက်လာပါတယ်။ လူမှုရေးတရားဟောနေပြန်ပြီ၊ နီလာ . . . နင်ဟာလေ သူများအပူ ကိုယ့်အပူ တော်တော်လုပ်နိုင်တဲ့ မိန်းမ”

ကျွန်မ ခေါင်းယမ်း၍ ရယ်မောလိုက်ရပါသည်။ ဒါဖြင့် မူယာ ဤကိစ္စကို စိတ်မဝင်စားဘူးပေါ့။

“ဒါဖြင့် နင်ဒီမှာ ခဏထိုင်ခဲ့ဦး၊ ငါ ဒီငွေတွေ သွားအပ်လိုက်ဦးမယ် ၊ မကြာဘူးနော်”

“ အေး ......”

ကျွန်မ အလှူငွေတွေအပ်ပြီး ပြန်လာသောအခါ မူယာသည် ကျွန်မ၏ စာအုပ်ဗီရိုကို စူးစမ်းလေ့လာခဲ့၏။ ဆေးရုံနှင့် စာအုပ်ဘာဆိုင်သလဲဟု မူယာမေးလာခဲ့လျှင် ကျွန်မရှင်းပြစရာတွေ ရှိပါသည်။ ကျွန်မတို့သည် ဆေးရုံတာဝန် ၊ ဆေးခန်းတာဝန်တွေနှင့် လူတွေကို ကျန်းမာရေး အသိ၊ လူမှုရေးအသိ ရှိအောင် ပညာပေး ဆွဲဆောင်ဖို့ အချိန်မရပါ။ လူတွေကလည်း စားဝတ်နေရေးမှာ အင်အားစိုက်ထုတ်ရ ရုန်းကန်ရ မောပန်းလှပြီဖြစ်လို့ ပညာပေးခံရဖို့ စိတ်မဝင်စားပါ။ သည်တော့ နှစ်ဦးနှစ်ဖက် အချိန်ကုန်စရာမလိုအောင် ဆေးရုံမှာ ရှိနေသော နာလန်ထ လူနာတွေ ဖတ်နိုင်ဖို့ စာအုပ်ဗီရိုတွေ ထားပေးခဲ့ပါသည်။

“ ဒီစာအုပ်တွေက နင်ဖတ်ဖို့တော့ မဟုတ်နိုင်ဘူး ”

ကျွန်မ ပြန်လာသောအခါ မူယာက ကျွန်မအား မျက်ခုံးတွေပင့်ကြည့်လျက် ပြောသည်။

“အေး ဟုတ်တယ်၊ ငါ့အတွက် မဟုတ်ဘူး၊ လူနာတွေ၊ အစောင့်တွေ အတွက်ပဲ”

“သူတို့ စာဖတ်နိုင်လို့လား”

ဝေဒနာတွေနဲ့ နည်းနည်းဝေးသွားတဲ့အခါ၊ ဒါမှမဟုတ် ဝေဒနာတွေကို လမ်းလွှဲပစ်ချင်တဲ့အခါမှာ သူတို့ ဖတ်ကြပါတယ်။ မပျောက်ပျက်အောင်တော့ သတိထားရတာပေါ့ဟာ။ လူတွေ ကျန်းမာရေးအသိရော၊ လူမှုရေး အသိရော တော်တော်လိုနေသေးတယ် မူယာရဲ့ ”

မူယာ ပခုံးတွန့်သည်။

“နင့်ဆီလာတိုင်း ဒါမျိုး တစ်ခုမဟုတ်တစ်ခုတော့ ကြားနေရတာပါပဲ၊ မထူးဆန်းပါဘူး။ ကဲ… ငါတို့ တစ်ခုခု သွားစားကြရအောင်၊ ပြီးမှ နင့်ဆေးခန်းကို သွားပေါ့”

“အေး နင် ကားပါလား”

“မပါဘူး၊ ငါ့ ဒရိုင်ဘာ နယ်ပြန်သွားတယ်၊ ငါလည်း ကားမမောင်းချင်ဘူး၊ ဒါနဲ့ တက္ကစီ စီးလာတာ”

“နင့် ယောက်ျားကရော”

“အို နင်ကလည်း သူ့မှာ တာဝန်တွေက အများကြီး ၊ သူ့ထက်သူ လူစွမ်းကောင်းတွေချည်းပဲ၊ ငါ့ကို လှည့်မကြည့်အားပါဘူး”

“ပြီးရော၊ ဒါဆို ငါ့ကားနဲ့ သွားကြမယ်လေ၊ ပြီးရင် နင့်ကို အိမ်ပြန်ပို့ပေးပြီးမှ ငါ့ဆေးခန်းကို သွားမယ်”

“ကောင်းတယ်၊ လိမ္မာလိုက်တဲ့ သူငယ်ချင်း”

www.burmeseclassic.com

ကျွန်မ နဲ့ မူယာသည် ကိုးတန်းမှာ အတူတူကျောင်းတက်ခဲ့ကြသော ငယ်သူငယ်ချင်းတွေဖြစ်သည်။ တက္ကသိုလ်ချင်းမတူသည့်အတွက် ငါးနှစ်၊ ဆယ်နှစ်တော့ ဝေးသွားကြသေး၏။ နောက်တော့ သူ မင်္ဂလာဆောင်သည့် အချိန်တွင် ကျွန်မတို့ ပြန်ဆက်သွယ်သွားမိလေကြသည်။ ထိုနောက် သူလည်း သမီးတွေရ၊ ကျွန်မလည်း သားတွေရ။ သားရေးသမီးရေး ကလေးတွေ ပညာရေး ပြောဆိုတိုင်ပင်ရင်း ဟိုတုန်းကလိုပင် ပြန်လည်ရင်းနှီး ခင်မင်သွားခဲ့သည်။

ပို၍ပို၍ ဝသော ကျွန်မကိုယ်ခန္ဓာကို သူကလျှော့စေချင်သည်။ အစားအသောက်လည်း စည်းကမ်းတကျ စားစေချင်သည်။ ကျွန်မက ဆရာဝန်ဖြစ်လျက်နှင့် သူ့လို အစားအသောက် မဆင်ချင်နိုင်ပေ။ သူကတော့ သူ့ ကိုယ်ခန္ဓာ အတွက်နေ့စဉ် ကိုယ်အလေးချိန်ချိန်သူ၊ နေ့စဉ်ကယ်လိုရီကို တွက်၍ စားသောက်သူ၊ နေ့စဉ် ကိုယ်လက်လှုပ်ရှား ကစားသူဖြစ်သည်။ ဒါကြောင့်လည်း ယခုလို သွယ်နွဲ့လှပနေခြင်း ဖြစ်ပါသည်။

"ဒီအချိန်က ကော်ဖီသောက်လို့ ကောင်းမယ် မူယာ၊ ငါတို့ ဂျေဒိုးနတ်ကို သွားမလား"

ကျွန်မ ကားဒက်ရှ်ဘုတ်ထဲမှ သီးချင်းတိတ်ခွေတစ်ခုကို ယူကြည့်ရင်း မူယာ နှာခေါင်းရှုံ့ပါသည်။ သူက ကျွန်မ ဒိုးနတ်တွေ စားစားနေတာ သဘောမကျပါ။ ဘာမှမပါသည့် ပလိန်းသက်သက် ဒိုးနတ်ကိုတောင် သူကတော့ မစားပါ။ ဝမှာစိုးလို့တဲ့ ။ ကျွန်မ ချောကလက်ဒိုးနတ် စားတာမြင်လျှင် အလွန်အူယားသူ ဖြစ်ပါသည်။

"မသွားဘူး၊ ဖူဂျီပဲ သွားမယ်၊ ကုန်ကျစရိတ် ငါခံမယ်၊ ဒါပဲ"

တစ်ခါတလေ စိတ်လိုလက်ရလာသူကို စိတ်အနှောင့်အယှက် မဖြစ်စေချင်သောကြောင့် ကျွန်မ သဘောတူလိုက်ပါသည်။ ကျွန်မဆေးခန်းက ညနေ ၆ နာရီမှစမည်။ ကျွန်မတို့ ကော်ဖီဆိုင်မှာ ၁ နာရီလောက်တော့ အချိန် ဖြုန်းနိုင်ပါလိမ့်မည်။

လေအေးစက်ဖြင့်လတ်ဆတ်အေးမြသော အခန်းထဲတွင် ကျွန်မနှင့်မူယာသည် သူ့မိသားစု ၊ ကိုယ့်မိသားစု ပြဿနာများ၊ ဟာသများကို အပြန်အလှန်ပြောရင်း စိတ်လွတ်လပ်မှုကို တစ်ခဏတော့ ရကြသည်။

"ဒါနဲ့ နင့်တိုက်ခန်း ထောင့်ချိုးမှာ အလျင်လို လူတွေ လာလာအိပ်တုန်းလား"

မူယာက သတိတရမေးသည်။

"အင်း .... တစ်ခါတစ်ခါတော့ တွေ့သေးတယ်။ မိုးရွာတဲ့ ညတွေဆို ကလေး သေးသေးလေးတွေနဲ့ အမေနဲ့ပေါ့"

မူယာက ထိုကိစ္စကို သဘောမကျပေ။ သို့သော် ကျွန်မ မတတ်နိုင်ပါ။ ထိုဒုက္ခသည် ကလေးများကို ကျွန်မ နှင်မထုတ်ရက်ပါ။ ကျွန်မတို့ တိုက်ခန်း လှေကားရင်းမှာလည်း တံခါးမရှိပါ၊ ပိတ်ထားလို့ မရပါ။

"နင်တို့ သည်းညည်းခံနိုင်တာ ငါ အံ့သြတယ်၊ ငါသာဆို ရပ်ကွက်လူကြီးတွေ တိုင်ပြီး နှင်ထုတ်ပစ်တာ ကြာလှပြီ"

မူယာကတော့ တန်ဖိုးကြီးရပ်ကွက်မှာ ခြံနှင့်ဝန်းနှင့်၊ အုတ်တံတိုင်းနှင့် လုံခြုံစွာ သီးသန့်နေထိုင်သူမို့ ကျွန်မတို့၏နေရာမှာ စိတ်ကူးဖြင့်တောင် နေကြည့်လို့ရမယ် မထင်ပါ။

"တကယ်တော့ ရေရှည်စဉ်းစားရမယ့် ကိစ္စတွေ အများကြီး မူယာရဲ့၊ ကိုယ်က သိပ်အများကြီး မတတ်နိုင်၊ စည်းရုံးရေးလည်း မလုပ်နိုင်၊ မတည်ငွေလည်း မတတ်နိုင်သေးတဲ့ အချိန်မှာ ဒါ ကိုယ်တတ်နိုင်သလောက် ကူညီတယ်လို့ပဲ သဘောထားရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲကြပ်တည်းမှုတွေ၊ အိုးအိမ်မဲ့ ပြဿနာတွေကြောင့် ကျွန်မတို့ နှစ်ယောက်၏ ကော်ဖီတွေလည်း အရသာတွေပျက်ကုန်၊ အေးစက်ကုန်တော့သည်။ နောက်တော့ ကျွန်မကပဲ ဆေးခန်းနားက မြက်ခင်းပြင် သံလမ်းဘေးမှာ လမ်းလျှောက် လေညင်းခံဖို့ အကြံပြုခဲ့သည်။

ဒ ဒ ဒ

ရထားသံလမ်းတို အပြတ်တစ်ခု၏ အစွန်နားတွင် ကျွန်မ၏ကားကို ရပ်လိုက်သည်။ မူယာက ကားထဲမှာ ချက်ချခဲ့ပြီး အပြင်ဘက်မှနေ၍ တံခါးပိတ်သောအခါ ခလုတ်က ဖိထားသည့်အတိုင်း မနေဘဲ အပေါ်ပြန်တက်လာ၏။

"ခလုတ်ကို နည်းနည်း မထားပြီးမှ မလွှတ်ဘဲ တွန်းပိတ် မူယာ၊ ငါ့ကားက နည်းနည်းစုတ်တယ်"

ထို့နောက် မူယာ ရှိရာသို့ လျှောက်သွားပြီး ကျွန်မ ကိုယ်တိုင် ပိတ်လိုက်ရသည်။

"စုတ်တယ်မပြောပါနဲ့ နီလာရယ်၊ အခုနင့် ကားက သိန်းတစ်ရာလောက်ပေါက်နေပြီ သိလား"

ကျွန်မ ဤကားကိုဝယ်တုန်းက ၅သိန်းခွဲပဲ ပေးရပါသည်။ အဲဒီ ငါးသိန်းခွဲကိုပင် နှစ်နှင့်ချီ၍ ကျွန်မစုဆောင်းရသည်။ မူယာက ကားဝယ်ဖို့ တိုက်တွန်းလို့ ဝယ်ဖြစ်သွားခြင်းဖြစ်သည်။ ကားဈေးတွေက မှန်းဆ၍ မရနိုင်လောက်အောင် ကမောက်ကမတွေ ဖြစ်လာတော့ ကျွန်မ၏ကားသည် ၃ နှစ်အတွင်း ၅သိန်းခွဲမှ သိန်း ၁၀၀ ဖြစ်သွားလေသည်။ ကားဈေးတွေသာ တစ်ရှိန်ထိုးတက်ပေမယ့် ကျွန်မတို့ဆရာဝန်လခ၊ သမားတော် စမ်းသပ်ခတွေက လိုက်တက်လာခြင်း မရှိခဲ့ပေ။ ထို့ကြောင့် အခုလို အချိန်မျိုးကျမှ ကျွန်မ ကားဝယ်ရမည်ဆိုလျှင် ဘယ်လိုနည်းနှင့်မျှ သိန်း ၁၀၀ ကို ရှာလို့ရမှာမဟုတ်။

"ဒီနားက လေက သန့်တယ် မူယာရဲ့၊ ငါစိတ်လိုလက်ရရှိတိုင်း ဒီနေရာကိုလေးကို ရောက်ရောက်လာပြီး လမ်းလျှောက်နေကျ"

မူယာက လက်နှစ်ဖက်ကို ခပ်လွှဲလွှဲထားလျက် အသက်ကို တဝကြီး ရှိုက်ရှူရင်း ပြုံး၏။

"ဘာလဲ၊ ကိုကျော်သက်နဲ့ ရန်ဖြစ်တဲ့ အချိန်တိုင်း ဒီလာနေကျလား"

ကျွန်မဘာမှ မပြောပဲ အသံထွက်ရယ်နေလိုက်ပါသည်။

ကောင်းကင်သည် အချိန်မတိုင်သေးဘဲနှင့် နီနေသည်။ တိမ်အဆုတ်တွေ မရှိဘဲ တိမ်အမျှင်တန်းလေးတွေပဲ ရှိနေ၏။ အနီရောင်သည် အနောက်ဘက်ခြမ်းကောင်းကင်သာမကဘဲ အပေါ်တည့်တည့် ကောင်းကင်ထိ ရောက်နေသည်။ လေထဲတွင် စိမ်းရွှေရွှေ ရနံ့တစ်ခုရသည်။ သစ်ရွက်စိမ်းနံ့လား၊ တောပန်းတစ်ခုခု၏ ရနံ့လား၊ ကျွန်မ မဝေခွဲတတ်ပါ။

ထို့နောက် တောင်ပံခတ်သံတစ်ဖြန်းဖြန်း အစုအဝေးကို သဲ့သဲ့ကြားလိုက်ရပြီး ကောင်းကင်မှာ အနက်ရောင်ငှက်တွေကို မြင်လိုက်ရသည်။ အမြင့်မှာ ပျံသန်းသွားသော ထိုအနက်ရောင်ငှက်များသည် ကျီးကန်းတွေလား၊ ဆက်ရက်တွေလား ကျွန်မ မသဲကွဲပေ။ အရှိန်က လျင်မြန်လှသည်။ အော်သံ၊ ရှူသံလည်း

www.burmeseclassic.com

မကြားရ။ တောင်ပံခတ်သံကိုသာ တစ်ဝက်တစ်ပျက် ကြားလိုက်ရသည်။ အနီရောင် နောက်ခံမှာ ပြန့်ကျဲသွားသော အနက်ရောင်တွေသည် ငှက်တွေဟု သိလိုက်ရချိန်မှာ ငှက်တွေ အဝေးသို့ ရောက်ကုန်ပြီ။

ထို့နောက် ထူးဆန်းသော အရာတစ်ခု ဖြစ်သွားသည်။

ဘယ်တုန်းကမှ ရထားဖြတ်မသွားဘူးခဲ့သော သံလမ်းပေါ်မှာ ရထားတစ်စီးရောက်လာသည်။ ရထားသံကို အလျင်ကြားရပြီးမှ ရထားကို မြင်ရခြင်း ဖြစ်သည်။

အနီရောင် မိုးကောင်းကင်၊ အနက်ရောင်ငှက်များ၊ အစိမ်းရောင် မြက်ခင်း၊ ယခုအခါ အဝါရောင် ရထား။ ဟုတ်ပါရဲ့ ၊ ရထားအရောင်မှာ ကျွန်မတစ်ခါမှ မမြင်ဘူးသော အဝါရောင်တောက်တောက် ဆန္ဒင်းရောင် ဖြစ်နေ၏။ ကျွန်မတို့နှစ်ယောက်သည် ရထားသံလမ်းနှင့် ခပ်ခွာခွာလွတ်လွတ် လျှောက်နေကြသည် ဖြစ်ပါလျက် ရထားလာနေသောအခါ ဘေးသို့ ပို၍ ဝေးအောင် ခွာ၍ လျှောက်လိုက်ကြပါသည်။

"ဒီရထားက ဘယ်သွားမယ့် ရထားလဲ"

ကျွန်မ မသိပါ။

ထို့နောက် ရထားသည် ကျွန်မတို့ဆီသို့ နီးနီးလာသည်။ ရထား၏ တုန်ခါမှုကြောင့် ကျွန်မရပ်နေရာ မြေပြင်သည် တုန်ခါနေသည်။

ရထားသည် ကျွန်မမျှော်လင့်ထားသလို တွဲတွေကအများကြီး မဟုတ်ပေ။ ခေါင်းတွဲနှင့် နောက်က တွဲတစ်တွဲတည်း ဖြစ်သည်။ ကျွန်မတို့ အနားမှ အသံမြည်ဟည်းကာ ဖြတ်သန်းသွားချိန်တွင် ကျွန်မ၏ ထမီအနားတွေပင် တဖျတ်ဖျတ် လှုပ်ခတ်သွား၏။ ပုဇဉ်းလေးတွေရော၊ မြက်ရွက်လေးတွေရော လှုပ်ခတ် ယိမ်းယိုင်သွားကြသည်။

ကျွန်မတစ်ခု သတိထားမိသည် ။

ရထားပေါ်မှာ လူမပါပါ။ မောင်းသူလည်း မပါ၊ စီးသူလည်း မပါ။

ဟင် ..... ဘယ်လိုပါလိမ့်၊ တစ်နေရာရာကနေ လွတ်ထွက်လာသော ရထားကြီးလား။

ကျွန်မ ရထားသွားရာသို့ နောက်ပြန်လှည့်၍ ကြည့်မိသည်။ ထိုအခါ ကျွန်မ ဦးခေါင်းတစ်ခုလုံး ရုတ်တရက် ကြီးမားသွားသလို ခံစားလိုက်ရသည်။

ဟိုး အဝေးက ရထားသံလမ်းပေါ်မှာ ကလေးတစ်ယောက် ထိုင်နေသည်။ ဘေးမှာ ဘယ်သူမှ မရှိ။ ကလေးတစ်ယောက်တည်း။

ကျွန်မ တစ်ကိုယ်လုံး တုန်လှုပ်အံ့သြမှုဖြင့် အေးစက်တောင့်တင်းသွားပါသည်။

"ဟယ် မူယာ .... ကလေးလေးတော့၊ ဘယ်နှယ်လုပ်မလဲ"

လှမ်းအော် သတိပေးဖို့ကလည်း ကျွန်မတို့နှစ်ယောက်နှင့် ကလေးက ဝေးနေသည်။ အပြေးသွားပြီး ကောက်ချီ၊ ဘေးဖယ်ချရအောင်လည်း ကျွန်မတို့သည် ဘယ်လိုနည်းနှင့်မျှ ရထား၏ အရှိန်ကို မီအောင် မပြေးလိုက်နိုင်။ ဘုရား .... ဘုရား၊ ဘာမှမသိသေးသော ကလေးတစ်ယောက်ကတော့ သံလမ်းပေါ်မှာ အေးအေးဆေးဆေး ........ ။

ကျွန်မ ရင်တွေ တဒိန်းဒိန်း ခုန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဘယ့်နှယ်လုပ်မလဲ၊ ဘယ့်နှယ်လုပ်မလဲ"

တစ်ခုရှိတာက ကျွန်မတို့ ခပ်လှမ်းလှမ်းတွင် ရထားသံလမ်းလွှဲ မောင်းတံတစ်ခု ရှိသည်။ လမ်းလွှဲပေးလို့ ရမလား။ ရထားက လမ်းဆုံသို့ ရောက်လုနီးနေပြီ။

"လမ်းလွှဲ ..... လမ်းလွှဲ"

လမ်းလွှဲက ဘယ်ဟာလဲဟု ကမန်းကတန်း ရှာသောအခါ ကျွန်မ တစ်ကိုယ်လုံး အေးစက်သွား၏။ ရထားသံလမ်းနှစ်ခု ခွဲထွက်သွားရာ တစ်ခုက သံလမ်းအရှည်၊ ကလေးရှိသည့်လမ်း။ တစ်ခုက ... တစ်ခုက သံလမ်းတို အပြတ်၊ သံလမ်းသည် တစ်နေရာတွင် တုံးတိစွာ အဆုံးသတ်သွားသည်။ ထိုနေရာတွင် .... ထိုနေရာတွင် ကျွန်မ၏ကားကို ရပ်ထားခဲ့သည်။

လမ်းလွှဲမောင်းတံကို ဆွဲချလိုက်လျှင် လူမပါသော ရထားသည် မူလနေရာမှ လမ်းကြောင်းပြောင်းသွားကာ သံလမ်းအပြတ်ဆီ ဦးတည်သွားနိုင်သည်။ မူလသံလမ်းပေါ်မှာ ရှိနေသော ကလေးလေး အသက်ချမ်းသာရာ ရမည်။ သို့သော် ကျွန်မ၏ ကားကလေး ... ကျွန်မ၏ ချွေးနီးစာဖြင့် အနှစ်နှစ် အလလ စုဆောင်းပြီးမှ ဝယ်ယူခဲ့ရသော ကျွန်မ၏ကားကလေး ရထားကြိတ်မိပြီး စုတ်ပြတ်တွန့်လိမ်သွားတော့မည်။

ဟင့်အင်း ..... မလုပ်နဲ့ ။

သို့သော် ရထားသည် ကလေးရှိရာ သံလမ်းအတိုင်း တစ်ရှိန်ထိုး ပြေးသွားနေပြီ။ ကလေးတစ်ယောက်ရဲ့ အသက် မျက်စိတစ်မှိတ်စာအတွင်း ဆုံးရှုံးသွားလိမ့်မည်။ ကျွန်မရင်ထဲမှာ နာကျင်သွားသည်။ မဖြစ်ဘူး။ ကလေး အသေမခံနိုင်ဘူး။ ကျွန်မသည် မောင်းတံဆီသို့ အားကုန်ပြေးသွားရန် ကိုယ်ကို လှည့်လိုက်၏။ ကျွန်မ၏ အဖြူရောင်ကားကလေးကို ကျွန်မမြင်ရသည်။ ကျွန်မမှာ သည်ကားလေးတစ်စီးပဲရှိသည်။ နောက်ထပ်ကားတစ်စီး ဝယ်ဖို့ဆိုတာ သည်ခေတ်ကာလပေါက်ဈေးဖြင့် အိပ်မက်ပင် မမက်နိုင်ပါ။ ကျွန်မ၏အနာဂတ်၊ ကျွန်မခင်ပွန်းနှင့် သားကလေးနှစ်ယောက်၏အနာဂတ်။

စဉ်းစားစမ်း။ တစ်ခုခုကို အမြန်စဉ်းစား။ ရထားက လမ်းဆုံသို့ ရောက်တော့မည်။ ဘယ်ဟာကို အဆုံးရှုံးခံမလဲ။ ကလေးရဲ့အသက်လား။ ကျွန်မ၏ ကားကလေးလား။ ကျွန်မခြေတွေ လက်တွေတုန်ရင်ကာ ရပ်နေရင်း ဒူးတွေခွေလာသည်။ ကျွန်မမျက်စိအစုံကို မှိတ်ပစ်လိုက်၏။ ရထားသည် သံလမ်းအတိုင်း တဂျုန်းဂျုန်းအော်မြည်လျက် တစ်ရှိန်ထိုး လိမ့်သွားပါသည်။

"နီလာ... "

ကျွန်မ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ကျွန်မအား မယုံကြည်နိုင်သော မျက်လုံးတို့ဖြင့် တအံ့တသြစိုက်ကြည့်နေသော မူယာကို တွေ့ရသည်။

မူယာ့အကြည့်ကို ကျွန်မနားလည်လိုက်ပါသည်။ နင်တော်တော် ရက်စက်ပါလား နီလာ။ ကလေးတစ်ယောက် အသက်ကို နင် မကယ်ချင်ဘူးပေါ့။

"နင် ငါ့ကို အဲသလို မကြည့်နဲ့ မူယာ၊ နင်မကြည့်နဲ့၊ ငါ့မှာ ဒီကားလေးတစ်စီးပဲရှိတာ"

မူယာက ခေါင်းယမ်းနေသည်။ ထို့နောက် သံလမ်းအရှည်ကြီးအတိုင်း လှမ်းငေးကြည့်၏။ ကျွန်မသည် အဝေးမှာ ပျောက်ကွယ်လုနီးပါး သေးသွားပြီဖြစ်သော ရထားကို လှမ်းကြည့်သောအခါ သံလမ်းကို မမြင်ရအောင် ကျော်ပြီးကြည့်ရ၏။ သံလမ်းပေါ်မှာ သွေးအလိမ်းလိမ်းဖြင့် အပိုင်းပိုင်းပြတ်နေမည့် ကလေးလေးအလောင်းကို မမြင်ရဲသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

“တကယ်လို့ အဲဒီလမ်းလွဲမှာရှိနေတာက ငါ့ကားမဟုတ်ဘဲ နင့်ကားဆိုရင် နင် ဒီမောင်းကို ဆွဲမလားမူယာ၊ ငါ့ကို မညာဘဲ အမှန်အတိုင်းဖြေ”

မူယာ တစ်ခဏ တွေသွားသည်။ ထို့နောက် မျက်နှာကိုမော့လျက် ဖြေသည်။

“ဆွဲမယ်”

ကျွန်မသည် ကြားရသောစကားကို မယုံနိုင်ပါ။

“ဆွဲမယ်... ဟုတ်လား၊ နင့်ကားက သိန်း ၃၀၀ တန်တာနော်”

“ဒါပေမယ့်... ကလေးတစ်ယောက်ရဲ့ အသက်က သိန်း ၃၀၀ ဆိုတဲ့ကားထက် ပိုပြီးတန်တယ်လေ”

မဖြစ်နိုင်ပါ။ မူယာ အဲသည်စကားကို တကယ်ပြောတာ မဟုတ်နိုင်ပါ။

သံလမ်းအဆုံးမှာ ရှိနေတာက သူ့ကားမဟုတ်လို့ အလွယ်တကူ ပြောလိုက်တာပါ။ ခက်တာက သူ့ကို နင်ညာနေတာဟု စွပ်စွဲဖို့လည်း မဖြစ်နိုင်ပါ။ တကယ်စမ်းသပ်ကြည့်လို့ရလျှင် ဘယ်လောက်ကောင်းမလဲ၊ အခုတော့ ကျွန်မမှာသာ အညာအတာမရှိသူ၊ ရက်စက်သူ၊ ကိုယ့်ပစ္စည်းကိုယ် နှမြောတွန့်တိုသူ ဖြစ်ရပါသည်။

“အဲ့ဒီစကားကို ပြောရုံပြောဖို့ကလွယ်တယ်မူယာ၊ ပြောလို့လဲ လှပါတယ်။ ဒါပေမယ့် နင်တကယ် အဲလို စွန့်လွှတ်နိုင်မလားဆိုတာ ငါ သိပ်သိချင်တာပဲ”

“ဘာလဲ... နင်မယုံဘူးလား”

“မယုံနိုင်ဘူး”

“ငါလဲ နင် အခုလို ကလေးအသက်ကို စတေးလိုက်လိမ့်မယ်လို့ မယုံချင်ခဲ့ပါဘူး”

“စတေးတယ်လို့ မပြောနဲ့မူယာ၊ ကလေးကို ငါစတေးတာ မဟုတ်ဘူး၊ ကလေးက သူ့ဟာသူ သံလမ်းပေါ်မှာ ရှိနေတာ၊ နင်စကား အသုံးအနှုန်း မှားနေတယ်၊ ကလေးသေသွားတာ ငါ့ အပြစ် မဟုတ်ဘူး”

“ဒါပေမယ့် ကလေးကို နင်ကယ်နိုင်တယ်လေ၊ ရထားမောင်းတံကို ဆွဲချလို့ ရတယ်လေ။ နင် မလုပ်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နင့်စည်းစိမ် အပျက်မခံနိုင်လို့၊ လူ့အသက်ဆိုတာကို နင့်စည်းစိမ်လောက် အရေးမစိုက်လို့”

မူယာအသံက စွပ်စွဲသည့် အသံဖြစ်လာသည်။ ကျွန်မကို လက်ညှိုးထိုးပြီး စွပ်စွဲနေသလိုပဲ။

“ဟုတ်တယ်ပဲထားပါ၊ ငါ့စည်းစိမ်ကို စတေးပြီး ကလေးကို ငါမကယ်ခဲ့ဘူးလို့ စွပ်စွဲပါ၊ ဒါအမှန်ပဲ။ ဒါပေမယ့် အဲဒီနေရာမှာ နင့်ကားဆိုရင် နင် စတေးမယ်လို့ ငါ့မထင်ပါဘူး၊ နင့်မှာ လူမှုရေးစိတ်ဓာတ် ဘယ်တုန်းကမှ မရှိခဲ့ဘဲနဲ့၊ အဲဒါ ငါ အသိဆုံးပဲ၊ နင့်စည်းစိမ်အပျက်ခံပြီး ကယ်ဖို့ကို မပြောပါနဲ့ဦး၊ ဘာစည်းစိမ်မှ ပျက်စရာမလိုဘဲနဲ့တောင် နင် ဘယ်ကလေးရဲ့ အသက်ကို ကယ်ခဲ့ဘူးလို့လဲ” ကျွန်မ လေသံမာမာဖြင့် ပြန်စွပ်စွဲလိုက်မိပါသည်။ ကျွန်မစကားကြောင့် မူယာတစ်ချက် မျက်နှာပျက်သွား၏။ ကျွန်မ ဖိနင်း၍ ပြောပစ်လိုက်ပါသည်။

“ဘယ်သူ့အတွက် ဘယ်လောက် နင် အရေးထားခဲ့ဖူးလို့လဲ၊ ငါဆိုရင် လူတွေရဲ့ အသက်ကို ခဏခဏ ကယ်ခဲ့ဖူးတယ်။ လူ့အသက်တစ်ခုရဲ့ တန်ဖိုးအကြောင်း ငါ့လာမပြောပါနဲ့၊ ငါအသိဆုံးပါ။ လူတစ်ယောက်ရဲ့ အသက်တန်ဖိုး ဘယ်လောက်ကြီးတယ်ဆိုတာ ငါအသိဆုံးပါ။ အဲဒီတန်ဖိုး ဘယ်လောက်ကြီးတယ် ဆိုတဲ့အသက်တွေ ပစ်စလက်ခတ်ဘယ်လို ရှုံးဆုံးနေရတယ် ဆိုတာလည်း ငါအသိဆုံးပါ။ လူတွေ ဖြုတ်ခနဲ ဖြုတ်ခနဲ

www.burmeseclassic.com

သေနေတာကို ငါ့မျက်မြင်သက်သေ စောင့်ကြည့် နေရတာများလှပြီ။ ဟောဒီ သံလမ်းပေါ်က ကလေးလေး ဖျတ်ခနဲ သေသွားသလိုပဲ....။ မသေသင့်တဲ့ ရောဂါကလေးနဲ့ ကုဖို့အလွန်လွယ်တဲ့ ရောဂါလေးတွေနဲ့ မဖြစ်စလောက်ရောဂါလေးတွေနဲ့ ကလေးတွေ ဖျတ်ခနဲသေသေကုန်တာ ငါမြင်နေရတယ်။ ငါကူနိုင်သလောက် ကူတယ်၊ ငါ့ပတ်ဝန်းကျင်က လူတွေကိုပါ အကူအညီတောင်းတယ်။ အဲဒီ လူမှုရေးတွေမှာ နင်ကို ဆွဲခေါ်ဖို့ အမြဲကြိုးစားတယ်။ နင်ဘယ်တုန်းကမှ ငွေတစ်ပြားတစ်ချပ်မှ မလှူခဲ့၊ မကူညီခဲ့ဘူး။ ဒါနဲ့များနင်က နင့် သိန်း၃၀၀တန်ကားကို ပျက်စီးခံပြီး ဟောဟိုကလေး အသက်ကို ကယ်မလို့ ပြောနေတယ်။ အဲဒါကို ငါဘယ်လိုယုံရမလဲ၊ ငါဘယ်လိုလုပ်ပြီး ယုံရမလဲ၊ ကဲ... ပြောပါဦး”

မူယာ ငြိမ်သက်သွား၏။ သို့သော် ဝန်ခံသည့် အဓိပ္ပါယ်ဖြင့် ငြိမ်သက်သွားတာတော့ မဖြစ်နိုင်ပါ။ ကျွန်မကို နိုင်အောင်ပြောဖို့ အားယူနေတာပဲဖြစ်ပါလိမ့်မည်။

တကယ်တော့ ကျွန်မတို့နှစ်ယောက်သည် သံလမ်းပေါ်မှာရှိနေမည့် ကြေကွဲဖွယ်ရာ အနိဋ္ဌာရုံ မြင်ကွင်းတစ်ခုကို ရှောင်ဖယ်ရင်း တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေမိကြခြင်းသာဖြစ်သည်။ ရှေ့မှာက ကျွန်မတို့ မကြည့်ရဲ၊ မမြင်ရဲသော အမှန်တရားတစ်ခု ရှိနေပါသည်။

“ဒါပေမယ့် လောလောဆယ်တော့ နင်ကလေးတစ်ယောက်ရဲ့ အသက်ကို ကယ်နိုင်လျက်သားနဲ့ မကယ်ပဲ အသေခံခဲ့ပြီးပြီလေ။ အဲဒါကတော့ ငါ့မျက်မြင်ပဲ”

မူယာ ခါးသီးစွာ ပြော၏ ။

“ဟုတ်တယ်၊ အဲဒီကလေးကို ငါ အသေခံခဲ့တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ငါကားက ငါ့ချွေးနှီးစာနဲ့ စုဆောင်းထားတဲ့ စည်းစိမ်အကုန်ပဲ၊ အဲဒါကို ငါ အပျက်မခံနိုင်ဘူး။ ဒီကားက လာဘ်ရတဲ့ငွေတွေနဲ့ ဝယ်ထားတာမဟုတ်ဘူး၊ အချောင်ရထားတာ မဟုတ်ဘူး ’

“နင် ဘာစကား ပြောတာလဲ”

ကျွန်မစကားက မူယာ့ကို ထိသွားပုံရသည်။

“ဘာစကားပြောတယ် ထင်လို့လဲ၊ အဲ့ဒီစကားပဲလေ”

မူယာသည် ကျွန်မအား စူးစူးရဲရဲ စိုက်ကြည့်လာ၏။ ကျွန်မလည်း မူယာ့ကို ခပ်စိမ်းစိမ်း ပြန်ကြည့်မိသည်။

ထိုခဏမှာပင် အံ့ဩစရာ အဖြစ်အပျက်တစ်ခု ကျွန်မတို့မြင်ရသည်။

ရထားလမ်းဆုံဆီမှ လူတစ်ယောက်လျှောက်လာနေခြင်း ဖြစ်သည်။

ထိုသူ၏ပခုံးတွင် ကျောပိုးအိတ်တစ်ခု လွယ်ထား၏။ ရထားသံလမ်း၏ ဇလီဖာတုံးများအတိုင်း နင်းလျှောက်လာခြင်း ဖြစ်သည်။ ကျွန်မတို့ကိုမြင်တော့ ထိုလူက လက်လှမ်းပြ၏။ ထိုလူလျှောက်လာသည်မှာ အေးအေးဆေးဆေးပဲ။ လမ်းမှာ ရထားနှင့် မဆုံမိခဲ့သလို၊ ကလေးအလောင်းကိုလည်း မမြင်ခဲ့ရ ၊ မတွေ့ခဲ့ရသလိုလို။

“သံလမ်းပေါ်မှာ ဘာတွေ့ခဲ့လဲဟင်”

ကျွန်မက အမောတကော မေးမိ၏။ ထိုသူထံမှ ကောင်းသော စကားကိုသာ ကြားချင်ပါသည်။ ကျွန်မ စိတ်ကူးယဉ်လွန်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com


"ဘာမှ မတွေ့ခဲ့ပါဘူး"

"ကလေးလေး ......"

"ဘာ ကလေးလေးမှ မရှိပါဘူးဗျ"

"ရထားရော"

ထိုသူက ကျွန်မအား ရူးကြောင်ကြောင် မိန်းမတစ်ယောက်ကို ကြည့်သလို ကြည့်သွား၏။

"ဒီလမ်းက ရထား မသွားတာ နှစ်တွေပဲ ကြာလှပေါ့"

ထိုနောက် ကျွန်မတို့ နှစ်ယောက်အနီးမှ သူ ဝေး၍ဝေး၍ သွားပါသည်။

ကျွန်မသည် သံလမ်းကို ဟိုဘက်သည်ဘက် လှမ်းမျှော်ကြည့် မိသည်။ သံလမ်းသည် ဖြောင့်တန်းလျက်။ မြက်ခင်း စိမ်းစိမ်းပေါ်မှာ ဟိုး မိုးကုတ်စက်ဝိုင်းစပ်အထိ။ သည်ဘက်မှာလည်း မိုးကုတ်စက်ဝိုင်း အစပ်ထိ မြင်နေရသည်။ ရထားလည်းမရှိ၊ ကလေးလည်းမရှိ ။

ကျွန်မနှင့် မူယာသည် တစ်ယောက်ကို တစ်ယောက် ဖျတ်ခနဲ ကြည့်မိကြသည်။ ထို့နောက် မတိုင်ပင်ပဲ သံလမ်ပေါ် တက်လိုက်ကြ၏။ ထို့နောက် ကလေးလေး ထိုင်နေသည်ဟု ကျွန်မတို့ မြင်ခဲ့ရသော နေရာထိအောင် တွန့်ဆုတ်စွာ လျှောက်သွားကြသည်။

သို့သော် ကျွန်မတို့ နှစ်ယောက်စလုံး သိနေခဲ့ကြသည်။ ထိုနေရာတွင် ဘာမှရှိမှာ မဟုတ်။ ကလေးလည်း ရှိမှာမဟုတ်။ သွေးစသွေးနလည်း ရှိမှာမဟုတ်။ ထိုနေရာက သံလမ်းမျက်နှာပြင်သည် အခြားနေရာများက မျက်နှာပြင်တွေလိုပင် တည်ငြိမ်စွာ အေးချမ်းနေပါလိမ့်မည်။

ထိုနေ့ညနေက မူယာ့ကို ကျွန်မအိမ်ပြန်ပို့သည့် လမ်းတစ်လျှောက်လုံး ကျွန်မတို့ နှစ်ယောက် တိတ်ဆိတ်နေခဲ့ကြသည်။ ကျွန်မနှင့် မူယာကြားတွင် တံတိုင်းတစ်ခု ကာဆီးခံထားသလို ခံစားရသည်။ ထိုနေ့က ကျွန်မနှင့်မူယာ နောက်ဆုံး တွေ့ဆုံမိကြခြင်း ဖြစ်သည်။ နောက်ထပ် ကျွန်မတို့ မတွေ့ကြတော့ပါ။

၈ ၈ ၈

ယခုအခါ အနီရောင်ကောင်းကင်နှင့် အနက်ရောင်ငှက်အုပ်ကို ကျွန်မမြင်နေမိ၏။ ထို့နောက် အဝါရောင် မီးရထားတစ်စင်း။ ဘယ်တုန်းကမှ သံလမ်းပေါ် ဖြတ်မောင်းမသွားခဲ့သော အဝါရောင်ရထား ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တကယ်မရှိသော အဝါရောင်ရထားတစ်စင်းကြောင့် သူငယ်ချင်းနှစ်ယောက် ကွဲကွာခဲ့ရတာတော့ အမှန်ပဲ ဖြစ်ပါ၏။

မြနန္ဒာ မဂ္ဂဇင်း ၊ မြန်မာ နိုင်ငံ ဆရာဝန်အသင်း ( မန္တလေး )
အောက်တိုဘာ၊ ၂၀၀၂

www.burmeseclassic.com

# လရောင်ကို ကြောက်သူ

ကျွန်မက လရောင်သည် အလွန်စိတ်ကြည်နူးနှစ်သက်စရာ ကောင်းသည်ဟု ထင်သည်။ ည၏ အရိပ်အရောင်များသည် လရောင်အောက်မှာမှ ပိုမိုပီပြင်ထင်ရှားသည်ဟု ထင်သည်။ နောက်ပြီး လရောင်မှာ လန်းဆန်းစေသော မွှေးရနံ့တစ်မျိုး ပါဝင်နေသည်ဟုပင် ထင်၏။ လ၏ဆွဲငင်အားကိုလည်း ကျွန်မသိထား၊ လက်ခံထားသည်။ လရောင်၏စွမ်းအား အလွန်ကြီးမားလှသည်ဟု ကျွန်မထင်၏။ သို့သော် ထိုမျှအေးချမ်းဆိတ်ငြိမ်သော လရောင်ကိုမှ မုန်းတီးကြောက်ရွံ့သူတစ်ဦးကိုလည်း ကျွန်မသိခဲ့ဖူးပါသည်။ အဖြစ်အပျက်သည် ထူးဆန်းအံ့သြစရာဟုထင်ရသော်လည်း တကယ်တော့ အလွန်ရိုးစင်းသော ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်သည်။ ကာလကတော့ တော်တော်လေးကြာမြင့်ခဲ့ပါပြီ။

ကျွန်မ အလုပ်သင်ဆရာဝန်ဘဝမှာ မန္တလေးပြည်သူ့ဆေးရုံကြီး၏ ဌာနခွဲတစ်ခုဖြစ်သော မန္တလေးစိတ်ရောဂါအထူးကုဆေးရုံသို့ သုံးပတ်ကြာမျှ တာဝန်ထမ်းဆောင်ရန် သွားခဲ့ရဖူးသည်။ ဖျားနာဆောင် (**Medical Ward**) များတွင် တာဝန်ကျသော အလုပ်သင်ဆရာဝန်တိုင်း ကြုံတွေ့ဖြတ်ကျော်ရသည့် တာဝန်များသာဖြစ်ပြီး ကျွန်မတို့၏ အလုပ်တာဝန်များကလည်း သိပ်ထူးထူးဆန်းဆန်းကြီးမဟုတ်ပါ။ နံနက် ( ၈ ) နာရီ မှာ စိတ်ရောဂါကုဆေးရုံသို့သွား၊ လူနာများကို ကိုယ်ရေးရာဇဝင် မေးမြန်း၊ လူနာဆောင်များသို့ ဆရာနှင့် အတူလိုက်ကြည့်ရှုလေ့လာရင်း ဆရာစာသင်သည်ကို နားထောင် ရေးမှတ်။ နေ့လည် ၁၂နာရီမှာ အဆောင်ပြန် နေ့လည်စာကိုစား၊ နေ့လည် ၂ နာရီမှာ ဆေးရုံပြန်ဝင်၊ လူနာသစ်များကို ကိုယ်ရေး ရာဇဝင်မေးမြန်း၊ လူနာမှတ်တမ်းများကို ဆရာထံပို့၊ ရောဂါ ရာဇဝင်နှင့် ကုသမှုများကို ဆရာနှင့် ဆွေးနွေးမေးမြန်း။ အဖြစ်အပျက်များသည် နေ့စဉ်လိုလိုကြုံတွေ့ရသော အဖြစ်အပျက်များသာ ဖြစ်၏။ လူနာများသာ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားသော်လည်း ရောဂါရာဇဝင်များက ဆင်တူရိုးမှားတွေချည်းဖြစ်သည်။ စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်ကျရောဂါ၊ စိတ်ကြွရောဂါ၊ မိမိကိုယ်ကို သေကြောင်းကြံစည်သည့်ရောဂါ၊ ဝက်ရူးပြန်ရောဂါ တို့ဖြစ်သည်။ မိမိကိုယ်ကို သေကြောင်းကြံစည်သူများ ကိစ္စမှာတော့ ရဲနှင့် သက်ဆိုင်သောအမှု (**Police case**) ဖြစ်သဖြင့် ကျွန်မတို့ အလုပ်သင်ဆရာဝန်များ မှတ်ချက်ရေးပြီးတိုင်း ဆရာ့ထံသို့ လွှဲပြောင်းပေးအပ်ရလေ့ရှိသည်။ ဆရာက ထပ်မံစစ်ဆေးမေးမြန်းပြီးမှ စိတ်ရောဂါရှိမရှိ အတည်ပြု သတ်မှတ်ပေးလေ့ရှိသည်။

ကျွန်မကြုံတွေ့ရသော ကျွန်မ မမေ့နိုင်သည့် လရောင်ကြောက်သူတစ်ဦးမှာ မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်မှုဖြင့် ကျွန်မတို့ဆေးရုံသို့ စိတ်အခြေအနေ စစ်ဆေးခံရန် ဖျားနာဆောင်တစ်ခုမှ လွှဲလိုက်သော

www.burmeseclassic.com

www.burmeseclassic.com

လူနာတစ်ဦးဖြစ်သည်။ လူနာသည် အမျိုးသမီးတစ်ဦးဖြစ်သည်။ ထူးဆန်းသည်မှာ ပိုးသတ်ဆေးသောက် မိမိကိုယ်ကို သေကြောင်းကြံစည်သူ တော်တော်များများနှင့် မတူဘဲ အမုန်ကို ဝန်ခံရဲသော သတ္တိရှိသူဖြစ်နေ၏။ ရေနံဆီ၊ ပိုးသတ်ဆေး စသည်တို့ကို သောက်ပြီး ဆေးရုံသို့ရောက်လာသော လူနာ အတော်များများသည် မှားသောက်မိလို့ပါ ဟူသော ဆင်ခြေကို ပေးတတ်ကြ၏။ ဤအမျိုးသမီးကတော့ တည်ငြိမ်သော မျက်ဝန်းများဖြင့် "သေချင်လို့ သောက်တာပါ" ဟုဖြေခဲ့သည်။

"ဘာဖြစ်လို့ သေချင်တာလဲ" ဟု ကျွန်မကထပ်မေးတော့ အမျိုးသမီးမျက်နှာ အနည်းငယ်တင်းသွားပါသည်။ ထိုစဉ်က ကျွန်မ၏ အသက်မှာ ၂၄နှစ်သာရှိသေး၏။ အမျိုးသမီးကတော့ အသက် ၃၅နှစ် ရှိနေပြီ။ ကျွန်မက သိပ်ငယ်ရွယ်နေလို့များ သူမက မလေးမစားဆက်ဆံနေတာလားဟု ထင်ရအောင်ကလည်း သူမ၏ ဟန်ပန်က ရိုကျိုးမှုအပြည့်ဖြစ်၏။ ပထမတော့ လူနာချင်းလွှဲပြောင်းရလျှင် ကောင်းမလားဟု တစ်ဖက်ခန်းရှိ သူငယ်ချင်း အမျိုးသားဆရာဝန်ထံ လှမ်းအကဲခတ်မိသေး၏။ သို့သော် သူက ယောကျ်ားလူနာတစ်ဦးကို မေးမြန်းနေသည်။ တမင်မှုမှုတတဖြစ်အောင် လူနာကို ခွဲဝေပေးထားခြင်းပဲဟု ကျွန်မနားလည်သွားကာ ရင့်ကျက်သော ဟန်အမူအရာဖြစ်အောင် အားတင်းထိန်းချုပ် ဆက်လက်မေးမြန်းရပါသည်။

"ဟုတ်ပါတယ်၊ ဒါကိုတော့ကျွန်မနားလည်ပါတယ် အစ်မရယ် ... ဒါပေမယ့် လူတော်တော်များများက မသေချင်ဘူး၊ သေရမှာကြောက်လို့ နည်းမျိုးစုံနဲ့ ကာကွယ်တားမြစ်နေတယ်၊ အစ်မကတော့ တခြားသူတွေနဲ့ မတူဘူး၊ ဒီတော့ တခြားသူတွေရဲ့ ခံစားချက်နဲ့မတူတဲ့ သီးသန့်ခံစားချက်တစ်ခုခုရှိနေသလားဆိုတာ ကျွန်မသိချင်လို့ပါ၊ ကျွန်မကို ယုံယုံကြည်ကြည်ဖွင့်ပြောပါ"

သူမက မတုန်မလှုပ်။ ချော့မော့ဖျောင်းဖျ မေးမြန်း မရသောအခါ ကျွန်မအနည်းငယ် စိတ်တိုသွား၏။ ကျွန်မနောက်ထပ် ကြည့်ရမည့် လူနာတွေက ရှိသေးသည်။

"အစ်မ ဆေးရုံးကဆင်းတဲ့အခါ ကိုယ့်ကိုကိုယ်သေကြောင်းကြံမှုနဲ့ ထောင်ကျရဦးမယ်ဆိုတာ အစ်မ မသိသေးဘူးထင်တယ်"

အမျိုးသမီး မျက်နှာမှာ တုန်လှုပ်မှုကို သိသိသာသာ တွေ့ရ၏။ ကျွန်မတိတ်တိတ်ကလေး ကျိတ်ပြုံးလိုက်မိပါသည်။

"အစ်မ ထောင်ကျတာ မကျတာဟာ ကျွန်မတို့ ဆေးရုံက မှတ်ချက်အပေါ်မှာ လုံးဝမူတည်နေတယ်"

သူမမျက်လုံးမှာ ကျွန်မကို အားကိုးလိုဟန် အနည်းအကျဉ်း တွေ့ရ၏။

"လူနာတွေ ဒုက္ခရောက်အောင်ကျွန်မတို့ ဘယ်တော့မှ မလုပ်ပါဘူး၊ ပျော်ပျော်ရွှင်ရွှင် အိမ်ပြန်သွားကြတာကို ကျွန်မတို့ မြင်ချင်တယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ အိမ်ပြန်သွားကြတာကို ကျွန်မတို့ မြင်ချင်တယ်၊ အဲဒီအတွက်ပဲ အစ်မတို့ကို စိတ်အခြေအနေ စစ်ဆေးပေးနေရတာပါ၊ အမုန်အတိုင်းဖွင့်ပြောပါ၊ ကျွန်မတို့က လူနာရဲ့ လျှို့ဝှက်ချက်တွေကို ကိုယ်သေတဲ့အထိ သိမ်းသွားမယ့် ဆရာဝန်တွေပါ"

သူမသည် အခန်းပတ်ဝန်းကျင်ကို မသင်္ကာသည့် မျက်လုံးများဖြင့် အကဲခတ်လိုက်ပြီးနောက် " ဒီနားမှာ ကျွန်မယောကျ်ား ရှိနေသလား " ဟုမေး၏။

"မရှိဘူး၊ ဒီအခန်းရဲ့ အပြင်ဘက်မှာ ဆရာမကြီးတစ်ယောက်လာစောင့်ပေးနေတယ်၊ လိုအပ်လို့ မခေါ်မချင်း လူနာရဲ့ အဖေလည်းမဝင်ရဘူး၊ အမေလည်းမဝင်ရဘူး၊ အစ်မယောကျ်ားလည်း မဝင်ရပါဘူး"

ထို့နောက် အမျိုးသမီးက သူ၏ အဖြစ်အပျက်ကို ကျွန်မအား အားလုံးဖွင့်ပြောပြပါသည်။

www.burmeseclassic.com

"ကျွန်မယောကျ်ားနဲ့ ကျွန်မနဲ့က တစ်မြို့တည်းသားတွေ မဟုတ်ဘူး၊ သူက ကျွန်မတို့မြို့နဲ့ မိုင်၁၀၀ လောက်ဝေးတဲ့ မြို့ကြီးတစ်မြို့ကပါ၊ မြို့ကြီးသားစရိုက် အပြည့်ရှိတယ်၊ ဝတ်ပုံစားပုံသေသပ်ကျနတယ်၊ မျက်နှာထားကလည်း ဣန္ဒြေရရ၊ စကားပြောသိမ်မွေ့တယ်၊ ကြင်နာတတ်တယ်၊ ကျွန်မတို့ အိမ်နဲ့နှစ်အိမ်ကျော်လောက်က ဆီစက်တစ်ခုမှာ မန်နေဂျာပေါ့၊ ပညာတတ်ဘွဲ့ရ တစ်ယောက်ပဲ၊ ကျွန်မတို့အိမ်ကတော့ အလတ်စား ဂျုံစက်ရုံကလေးပဲဆိုပါတော့လေ၊ အိမ်မှာတော့ မန်နေဂျာရယ်လို့မရှိပါဘူး၊ အဖေနဲ့ကျွန်မနဲ့ ဂျုံစက်ကို တစ်လှည့်စီစောင့်ကြပ် အုပ်ချုပ်ကြတာပဲ၊ ကျွန်မက ဆယ်တန်းအောင်ရုံပဲ၊ ဒါပေမယ့် အဖေက စာရင်းအင်းပညာ ကျွန်မကို သင်ပေးထားလို့ ကျွန်မကောင်းကောင်း စာရင်းကိုင်တတ်ပါတယ်၊ ကျွန်မနဲ့ သူနဲ့ မျက်မှန်တန်းမိသွားကတည်းက တစ်ယောက်ကို တစ်ယောက် ချစ်ခင်သွားကြတယ်လို့ပြောရမလား မသိဘူး၊ ကျွန်မကတော့ တကယ့်ကို သူ့ကို မြတ်မြတ်နိုးနိုးစုံမက် ခဲ့တာပါ။

" .... ကျွန်မတို့ မြို့က ခပ်သေးသေးဆိုတော့ အဖြစ်အပျက် တစ်ခုဆိုရင် တစ်ရပ်ကွက်လုံး တစ်မြို့လုံး ပျံ့နှံ့သိသွား တတ်ကြတယ်၊ ကျွန်မနဲ့ သူနဲ့ ဘာလိုလိုဖြစ်နေတာကို အဖေတို့သိသွားတာပေါ့၊ အဖေက ကျွန်မကို သတိပေးသလိုလိုနဲ့ တားမြစ်တယ်၊ တစ်မြို့တည်းသားချင်းမဟုတ်လို့ သူ့အကြောင်းကို ကျွန်မတို့ အမှန်အတိုင်း သိဖို့ ခဲယဉ်းတယ်ပေါ့လေ၊ သူမြို့မှာ သူဟာ မယားကြီးတွေ ဘာတွေ ရှိနေနိုင်တယ်၊ ဘာပြဿနာတွေရှိခဲ့မယ်ဆိုတာ ကျွန်မ မသိနိုင်ဘူး ... တဲ့၊ အဖေက တစ်မြို့တည်းသား အတွင်းသိ၊ အစင်းသိ လူငယ်တစ်ယောက်ယောက်ကိုပဲ လက်ထပ်စေချင်တယ်၊ ကျွန်မကတော့ သူကို ယုံတယ်၊ သူ့မှာ ဘာအရှုပ်အထွေးမှ မရှိနိုင်ဘူး၊ သူဟာ ရိုးသားသိမ်မွေ့တယ် ဆိုတာ အလိုလိုသိနေပါတယ်။

" ..... ဒီလိုနဲ့ တစ်နေ့မှာတော့ အင်းလေ ... တစ်ညမှာပေါ့၊ ကျွန်မတို့နှစ်ယောက် တော်တော်ရင်းနှီးတဲ့ အခြေအနေကို ရောက်သွားရောဆိုပါတော့၊ နေဦး .... အဲဒီညအကြောင်းကို ဒေါက်တာသိမှဖြစ်မယ် ထင်တယ်၊ နောက်ပိုင်း သူဆီစက်မှာပဲ ညအိပ်လေ့ရှိတယ်လေ၊ ကျွန်မနဲ့နီးနီးနေချင်လို့တဲ့၊ ညတွေမှာ ရပ်ကွက်ထဲက လူတစ်ချို့နဲ့ သူလမ်းလျှောက်ပြီး ဂစ်တာတီးတတ်တယ်၊ အိုး ... ဂစ်တာတီးလဲ တော်တော်ကို ကောင်းတဲ့လူပဲ၊ သူ့ဂစ်တာသံကြားရင် ကျွန်မအခန်းပြတင်းကိုဖွင့်ပြီး နားထောင်နေမိတတ်တယ်၊ လသာဆောင်ဘက်တော့ မထွက်ရဲပါဘူး၊ ကျွန်မကို သူတို့မြင်သွားမှာပေါ့၊ အဲဒီညကတော့ လကလဲအရမ်းကိုသာနေတယ်၊ လပြည့်ခါနီးည တစ်ညပဲ၊ ကျွန်မတို့အိမ်ကခြံဝိုင်းအကျယ်ကြီး ဒေါက်တာရဲ့၊ ခြံဝိုင်းထောင့်အိမ်နဲ့ တော်တော်ဝေးတဲ့ နေရာမှာ မြတ်လေးပန်းရုံကြီးရှိတယ်၊ အိမ်မကြီးကနေလှမ်းကြည့်ရင် မမြင်ရဘူး၊ ကြားမှာ ဂျုံစက် အဆောက်အဦးက ကွယ်နေတယ်လေ။ .....

" .... အဲဒီညက ကျွန်မမြတ်လေးပန်းသွားခူးမိတယ်၊ ပန်းကို အိမ်ကလူတွေ သိပ်ဂရုစိုက်နိုင်တာ မဟုတ်ပါဘူး၊ ကျွန်မလဲ ခါတိုင်းတော့ မခူးမိပါဘူး၊ အဲဒီညကတော့ နောက်နေ့မနက် ဘုရားပွဲ လှည့်မှာမို့ ပန်းကုံးအကြီးကြီး ရအောင်သီမယ်ဆိုတဲ့ စိတ်နဲ့ ညနှစ်နာရီခွဲလောက်မှာ ပန်းထခူးမိတာ၊ ခြံစည်းရိုးအပြင်ဘက်မှာ သူရောက်လာပြီး ကျွန်မနဲ့ စကားခဏပြောနေသေးတာ၊ နောက်တော့ ကျွန်မတားတဲ့ကြားကနေ သူခြံထဲကို ခွတ်ကျော်ဝင်လာတော့တာပါပဲ၊ မြတ်လေးရုံဘေးက ကုန်းမြင့်တလင်းပြင်ကလေးဟာ လရောင်နဲ့ ဆိုတော့သိပ်လှနေတာပဲ၊ အရောင်တောင်လက်နေတယ်၊ ပြာလဲ့လို့ပေါ့၊ ငှက်တွေလဲ အိပ်ချိန် လူခြေလဲတိတ်ချိန် တစ်လောကလုံး တိတ်ဆိတ်ပြာလဲ့နေတာပဲ၊ ကျွန်မဘဝမှာ အဲဒီညကို ဘယ်တော့မှ မမေ့နိုင်တော့ပါဘူး၊ သူ့ကို ချစ်တဲ့စိတ်၊ သူ့ကို ကြောက်တဲ့စိတ်၊ သူ့ကိုပဲ ရှက်တဲ့စိတ်၊ အိုး .... တော်တော် အံ့သြစရာကောင်းတဲ့ ညပါပဲ၊ နောက်တော့ ရက်ခြားဆိုသလို ကျွန်မပန်းခူးထွက်ရတော့တာပေါ့၊ ချစ်သူ့ မျက်နှာညှိုးမှာကို စိုးရိမ်ရတာလောက် လိုက်လှဲကြေကွဲတဲ့ ခံစားချက်မျိုးရှိမှာတောင် မဟုတ်ဘူးလို့ထင်ခဲ့မိတယ်။

" .... နောက်ဆုံးတော့ ကျွန်မတို့ အကြောင်းကို အမေသိရောဆိုပါတော့၊ အမေက ကျွန်မကို ဆူလိုက်တာ၊ သူ မယူဘဲ ပစ်သွားမှာကို စိုးရိမ်နေမိတဲ့ ကျွန်မတို့ မိသားစုဟာ သူက မိသားဖသားပီပီ တောင်းရမ်းသူတော့ တော်တော်စိတ်အေးသွားရပါတယ်၊ ကျွန်မတို့ နှစ်ယောက် မင်္ဂလာပွဲကို ဘယ်မယားကြီးမှလဲ လာမဖျက်ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com

သူ့မှာလဲ ကျွန်မကလွဲလို့ ဘာအနှောင်အဖွဲ့မှ မရှိပါဘူး၊ ကျွန်မတို့ နှစ်ယောက် နေဖို့အခန်းကို သူကိုယ်တိုင် ရွေးပေးတာပါ၊ ကျွန်မတို့ အိမ်ကြီးက ပျဉ်ထောင်အိမ်အမြင့်ကြီး ဒေါက်တာရဲ့၊ အခန်းတွေအခန်းတွေမှ အများကြီးပဲ၊ တစ်ခန်းတစ်ခန်းကလည်း အကျယ်ကြီးပါပဲ၊ လသာဆောင်နဲ့ကပ်လျက် ဘေးအစွန်ဆုံးအခန်းကို သူရွေးလိုက်တယ်၊ အဲဒီ အခန်းပြတင်းပေါက်နှစ်ခုကလဲ အမြင့်ကြီးတွေ၊ နဂိုကတော့ ပြတင်းအမိုးခုံးတစ်ခုပဲ မှန်ပါတာ၊ တံခါးရွက်တွေက သစ်သားတွေ၊ အဲဒါကို ကျွန်မယောကျ်ားက ပြင်ယူလိုက်တယ်၊ တံခါးရွက်တွေ အားလုံးမှန်တပ်လိုက်တယ်၊ လသာတဲ့ ညတွေမှာဆို လရောင်က တံခါးရွက်မှန်ချပ်တွေကိုဖြတ်ပြီး အခန်းထဲကို ဖြာကျနေတတ်တယ်၊ အခန်းနံရံ၊ စားပွဲ၊ ခုတင်၊ မွေ့ရာ အားလုံးဟာ လရောင်တစ်ဝက်တစ်ပျက်နဲ့ဆိုတော့ အပြာလဲ့လဲ့ကလေးပေါ့၊ သူက ကျွန်မကိုခဏခဏ ပြောလေ့ရှိတယ်၊ ဝေ့မျက်နှာဟာ လရောင်အောက်မှာ သိပ်လှတာပဲတဲ့၊ ဝေ့ ခန္ဓာကိုယ် နွဲ့နွဲ့ကလေးကလဲ လရောင်က အလင်းတင်လိုက်တဲ့အခါ ပိုမိုပီပြင်သွားတယ်တဲ့၊ အလင်းအမှောင်ကို အချိုးညီညီရောပြီး ပြထားတဲ့ ပန်းပုရုပ်လိုပဲတဲ့ ဒေါက်တာရယ် သူပြောတတ်တဲ့ စကားလုံးလေးတွေက သိပ်နားထောင်လို့ ကောင်းတာ၊ ပညာတွေလဲ တော်တော်တတ်ပြီး စာတွေဘာတွေလဲ တော်တော်ဖတ်ခဲ့တဲ့ပုံပဲ ၊ ကျွန်မမှာတော့ သူ့ကို ချစ်တာအပြင် ကျေနပ်တာ၊ လေးစားတာ၊ ဂုဏ်ယူတာတွေ အမျိုးမျိုးစုပေါင်းပြီး သူ့တစ်ယောက်သာ တစ်ကမ္ဘာလို့ ထင်ခဲ့ပါတယ်။

" .... ကျွန်မမှာ ကံဆိုးချင်တော့ သားသမီးလုံးဝ မရခဲ့ဘူး ဒေါက်တာရယ်၊ အိမ်ထောင်သက် ငါးနှစ်အရမှာ အဖေဆုံးသွားတယ်၊ ဂျုံစက်ကို ကျွန်မယောကျ်ားပဲ ဦးစီးခဲ့တာပဲ၊ သူက စီးပွားရေးအမြင်လဲ ရှိပါတယ်၊ လုပ်ငန်းက သူ့လက်ထက်မှာ ပိုပြီးကျယ်ပြန့်လာတယ်၊ သူ့အနေအထိုင် အပြုအမူ၊ အလုပ်သမ ကောင်မလေးတွေ အပေါ်ဆက်ဆံရေး ... အားလုံးဟာ ပုံမှန်ပဲ၊ ဘာမှ ချို့ယွင်းချက်မရှိဘူး၊ ဒါပေမယ့် ကျွန်မမှာ သံသယတစ်ခု ဝင်လာခဲ့ရတယ်၊ ဘေးစကားဆိုတာကို ကျွန်မနဂိုကတည်းက ယုံခဲ့တာ မဟုတ်တော့ သတင်းကြားကြားချင်း စိတ်ဆိုးဒေါသထွက်ဖို့ကို သတိမရဘဲ အံ့ဩတုန်လှုပ်သွားခဲ့တယ်၊ သူနဲ့ အလုပ်သမကလေး တစ်ယောက် တိတ်တိတ်ပုန်း ညားနေကြတယ်ဆိုတဲ့သတင်းပေါ့၊ ကျွန်မတို့ရပ်ကွက် အစွန်က ချောင်းစပ်မှာ သဲသောင်ပြင်အပြန့် ကလေးတစ်ခုရှိတယ်၊ ကြက်သွန်ခင်းတွေနဲ့ ချောင်းရေစပ်စပ်ကလေးနဲ့ ညတွေမှာ ဆည်းဆာနေရောင်အောက်မှာတော့ တော်တော် သာယာတဲ့နေရာကလေးပါ၊ အဲဒီချောင်းစပ်ကလေးမှာ ကျွန်မယောကျ်ားနဲ့ သူ့ကောင်မလေးနဲ့ ညညမှာ ချိန်းတွေ့ကြတယ်ဆိုတဲ့သတင်းက ကျွန်မနားကို ရောက်လာတယ်၊ သူ့ကိုရန်တွေ့ပြီး စွပ်စွဲမေးမြန်းတော့ သူကရယ်လိုက်တာ၊ ကိုယ်ယောကျ်ားကိုယ် ဒီလောက်မှ အကဲမခတ်တတ်ဘူးလား၊ ကိုယ့်ယောကျ်ား ဒီလိုလူစားမျိုး ဟုတ်မဟုတ် ဝေ အသိဆုံး ဖြစ်မှာပေါ့တဲ့၊ သူပြောတော့ ကျွန်မ သူ့ကိုတောင်အားနာသွားရတယ်၊ တကယ်လဲ သူဟာ အိမ်ကို ညကိုးနာရီအရောက်အမြဲပြန်တဲ့လူ၊ ကျွန်မထက်လဲ အရင်အိပ်ပျော်တဲ့လူ၊ မနာလိုတဲ့လူတွေက တမင်နာမည်ဖျက်တာလို့ ကျွန်မယူဆရတော့တာပေါ့လေ၊ ဒါပေမယ့် ကျွန်မသတိရှိပါတယ်၊ ကျွန်မညညတစ်ရေးနိုးရင် သူ့ကို စမ်းသပ်ကြည့်ရတယ်၊ ကျွန်မဘေးနားမှာ သူရှိနေတဲ့အခါ ကျွန်မဘာသာမလုံမလဲ ပြုံးမိပြီး ပြန်အိပ်ပျော်သွားတာပေါ့။

" ..... ဒါပေမယ့် တစ်ညမှာတော့ သံသယက တော်တော်ခိုင်လုံသွားရတယ် ဒေါက်တာရဲ့၊ ကျွန်မတစ်ရေးနိုးလို့ သူ့ကို စမ်းကြည့်တော့ သူ့ကို မတွေ့ဘူး၊ အိမ်သာသွားတက်နေတာဖြစ်နေမလား ဆိုပြီး ကျွန်မခဏစောင့်နေတယ်၊ သူမလာဘူး၊ နာရီပြန်နှစ်ချက်လောက်ရှိပြီ၊ ဒါနဲ့ ကျွန်မတစ်အိမ်လုံး တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ရှာတယ်၊ သူ့ကို မတွေ့ဘူး၊ အောက်ထပ် အခန်းတွေလိုက်ရှာ မီးတွေဖွင့်တော့ အမေနိုးသွားတယ်၊ အမေမေးတော့ ကျွန်မ အမှန်အတိုင်းပဲ ပြောလိုက်တယ်၊ အမေကပြန်အိပ်ခိုင်းတယ်၊ ဘယ့်နှယ်လုပ်ပြီး ကျွန်မအိပ်နိုင်ပါ့မလဲ ... မဟုတ်ဘူးလား၊ လကလဲ လပြည့်လဆိုတော့ တစ်လောကလုံး လရောင်နဲ့ လင်းနေတာ၊ ကျွန်မကြောက်စိတ်လဲ မရှိဘူး၊ ခြံဝန်းတစ်လျှောက် သူ့ကို လိုက်ရှာမိတယ်၊ ဘာဖြစ်လို့မှန်း မသိဘူး၊ သူခြံဝန်းထဲမှာ ရှိမနေနိုင်ဘူးလို့တော့ ထင်သား၊ ဒါနဲ့ ကျွန်မလမ်းဘက်ထွက်ရှာမယ်လုပ်တော့ အမေကဆွဲထားတယ်၊ ကျွန်မကခေါင်းမာတယ်လေ၊ ဒီည ဒီအကြောင်းကိုသိရမှာဖြစ်မယ်၊ အမေ မလိုက်ချင်နေ ကျွန်မသွားရှာမယ် ဆိုတော့မှ အမေက ကျွန်မနဲ့လိုက်လာတယ်၊ ကျွန်မတို့လမ်းတစ်လျှောက်မှာ လူကိုရှိဆိုလို့

www.burmeseclassic.com

ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရဘူး၊ ဒါပေမယ့် ကျွန်မ မကြောက်ဘူး၊ စိုးရိမ်ပူပန်စိတ်နဲ့ နာကြည်းတဲ့ ဒေါသပေါင်းစပ်ပြီး ကျွန်မတစ်ကိုယ်လုံးကို လောင်နေတာလေ၊ နောက်တော့ သိပ်မကြာခင်မှာပဲ ချောင်းစပ်ကို ကျွန်မတို့ ရောက်သွားရော၊ လရောင်ဖွေးနေတဲ့ သောင်ပြင်အစပ်ဆီကို လှမ်းကြည့်လိုက်တဲ့အခါ ကျွန်မတစ်ကိုယ်လုံး ပျော့ခွေသွားတော့တာပါပဲ၊

" ... လရောင်အောက်မှာ လူနှစ်ယောက်မှန်းသိသာတဲ့ အရိပ်သဏ္ဍာန်နှစ်ခု တစ်ခုနဲ့တစ်ခု ပူးကပ်နေတယ်၊ တစ်ခုက မြင့်မြင့်၊ တစ်ခုက နိမ့်နိမ့်၊ သူတို့ လှုပ်ရှားမှုတွေကို မသဲမကွဲမြင်နေရပေမယ့် ဘယ်သူတွေလဲဆိုတာ ကျွန်မ မသိဘူး၊ ဒါပေမယ့် ရှေ့လဲမတိုးရဲဘူး၊ ရှေ့တိုးလို့ တစ်ခုခုကို အတိအကျ လက်ခံသွားရမှာကိုလဲ ကျွန်မကြောက်နေတယ်၊ တစ်ယောက်ကဝတ်ထားတဲ့ အရောင်ဟာ စိမ်းမလိုပြာမလိုလို၊ ကျွန်မယောကျ်ားကလည်း အစိမ်းနုရောင် အင်္ကျီဝတ်ထားတယ်ဆိုတာ ကျွန်မသတိရသွားတယ်၊ ကျွန်မမှာ ကြည့်ရင်းကြည့်ရင်း တစ်ကိုယ်လုံးအေးစက်ပြီး မျက်ရည်တွေ ကျလာတော့တာပဲ၊ အမေက ကျွန်မအရိပ်အကဲ မဟန်မှန်းသိလို့ ဖက်တွဲပြီး အိမ်ပြန်ခေါ်လာတယ်။"

" .... သမီး ပြန်အိပ်၊ အဲဒီကို အမေတစ်ခေါက်သွားကြည့်ပေးမယ်၊ သမီးဦးကြီးကို နှိုးပြီး အမေသွားကြည့်မယ်တဲ့။"

" .... ဦးကြီးဆိုတာ တကယ်တော့ ကျွန်မတို့နဲ့ ဘာမှ မတော်ပါဘူး၊ ခြံစောင့်သဘောမျိုးပေါ့၊ ဂျုံစက်ထဲမှာ စောင့်အိပ်တဲ့ ဂိုဒေါင်စောင့်ဆိုလဲ ဟုတ်တယ်၊ တကယ်လဲ အဲဒီညက အမေနဲ့ ဦးကြီးနဲ့ သွားကြတယ်၊ အမေတို့ပြန်လာတော့ အမေ့မျက်နှာကို ကျွန်မချက်ချင်းမကြည့်ရဲဘူး၊ အမေက ပြုံးရယ်ပြီး ကျွန်မကိုနှစ်သိမ့်တယ်။ ..... မိဝေနယ် အစိုးရိမ်လွန်ရန်ကော၊ အဲဒီကောင်ကလေးက ဟိုဘက်ရပ်ကွက်က မြင်းလှည်းသမားကလေးပါဟယ်၊ ငါတို့မှာ သူတို့မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး ပြန်ပြေးခဲ့ရတယ်၊ ညည်းယောကျ်ား ခြံဝန်းတစ်နေရာရာမှာ ရှိချင်ရှိမှာပေါ့၊ ဒါမှမဟုတ် လသာသာနဲ့ လမ်းထွက်လျှောက်တာ ဖြစ်မှာပေါ့"

"အမေ့အပြုံးက တစ်မျိုးပဲလို့ ထင်ပေမယ့် ကျွန်မယုံလိုက်ပါတယ်၊ အဲဒီညက သူပြန်မလာမချင်း ဧည့်ခန်းထဲမှာ ထိုင်စောင့်နေခဲ့တယ်၊ သိပ်မကြာခင်မှာ သူပြန်လာရော၊ သူ့ဟန်အမူအရာက ကျွန်မယောကျ်ားနဲ့လဲ မတူဘူး၊ လေးလေးကန်ကန်နဲ့၊ ဘေးဘီကိုလည်း မကြည့်ဘူး၊ တံခါးပေါက်တည့်တည့်ကို ဝင်လာတယ်၊ ဧည့်ခန်းမှာ မီးလင်းနေတာ ကျွန်မထိုင်နေတာ အားလုံးကို သူဂရုမစိုက်ဘူး၊ သူ့မျက်နှာကလဲ မျက်နှာသေနဲ့၊ ကျွန်မကို ကျော်ပြီး လှေကားဆီလျှောက်သွားတော့ ကျွန်မငိုချင်လိုက်တာ၊ ဒါနဲ့ သူ့ကိုပြေးဖက်တော့မှ သူက ဖြုန်းဆို လှည့်ကြည့်တယ်။

" .... ဟင် ... ဝေ ... ဘာလုပ်နေတာလဲ" တဲ့၊ သူ့အသံက သိပ်အိပ်ချင်မူးတူးအသံ၊ ကျွန်မ ဒေါသထွက်လွန်းလို့ သူ့တစ်ကိုယ်လုံး ထုနှက် ရိုက်ပုတ်မိတယ်၊ သူက ဘာမှ နားမလည်တဲ့ပုံစံနဲ့ ကျွန်မကိုဆွဲဖယ်တယ်လေ။

" .... 'ကောင်မလေး ဘယ်ကျန်ခဲ့လဲ' ဆိုတော့ သူက မျက်နှာမပျက်ဘူး၊ ကျွန်မကို ဘာတွေလာပြောနေပါလိမ့်ဆိုတဲ့၊ ဇဝေဇဝါအကြည့်မျိုးနဲ့ ကြည့်လို့၊ ဘယ်ကကောင်မလေးလဲတဲ့၊ သူ့အမူအရာဟာ ဟန်ဆောင်နေတဲ့ အမူအရာ မဟုတ်ဘူး ဒေါက်တာရယ်၊ လူတစ်ယောက် အထူးသဖြင့် ကိုယ့်ယောကျ်ား ဟန်ဆောင်နေတာလာ တကယ့်မျက်နှာလားဆိုတာ ကျွန်မသိပါတယ်၊ ဒီလောက်တော့ ကျွန်မသိပါတယ်၊ ဒါနဲ့သူ့ကို သွားနေတာလဲလို့ အသံမာမာနဲ့ပဲ မေးမိတယ်၊ သူက သူ့ဟာသူ လမ်းထလျှောက်မိတာကို အမှတ်မရဘူးနဲ့တူတယ်၊ အိမ်သာသွားတာ ဖြစ်လိမ့်မယ်တဲ့၊ သူ ကောင်းကောင်းမမှတ်မိဘူးတဲ့၊ သူ တကယ်နိုးသွားတဲ့အခါ ကျွန်မက သူ့ဘေးမှာရပ်ပြီး ငိုနေပြီတဲ့၊ ဖြစ်နိုင်ပါ့မလား ဒေါက်တာရယ်၊ လူတစ်ယောက်ဟာ အိပ်ရာက နိုးလို့လမ်းလျှောက်တာတောင် သူ့ဟာသူ မသိဘူးဆိုတာဖြစ်နိုင်ပါ့မလား၊ အိပ်မက်မက်ရင်း လမ်းထလျှောက်တတ်တဲ့လူတို့ဘာတို့ ကျွန်မကြားဖူးပါတယ်၊"

www.burmeseclassic.com

www.burmeseclassic.com

"ညီမဝမ်းကွဲ တစ်ယောက်တောင် အဲဒီအကျင့်ရှိသေးတယ်၊ သူကတော့ အိပ်ရာပေါ်က လိမ့်ကျတတ်တယ်၊ အခန်းထဲက ထွက်သွားတတ်တယ်၊ ဒါပေမယ့် အိမ်ထောင်ပရိဘောဂ တစ်ခုခု ဒါမှမဟုတ် နံရံ တစ်ခုခုနဲ့ တိုက်မိပြီး နိုးသွားတတ်တာပါပဲ၊ ငါးမိနစ်တောင် မကြာဘူးနိုးလာတတ်တာပဲ၊ သူ့အိပ်ရာ သူပြန်ရောက်တတ်တာပဲ၊ ကျွန်မယောကျ်ားအဖြစ်က ဒါမျိုးမှမဟုတ်ဘဲ နောက်ပြီး အိမ်ထောင်သက် ဒီလောက်ကြာခဲ့ပြီပဲ၊ သူသာ အဲဒီအကျင့်ရှိရင် ကျွန်မက အသိဆုံးလူဖြစ်မှာပေါ့။"

" .... ကျွန်မမှာ လက်ခံရအခက်၊ လက်မခံရ အခက်နဲ့၊ မနက်လင်းလို့ ညက ပြဿနာကို မေးကြည့်တော့ သူဘာမှ မမှတ်မိဘူးတဲ့၊ ဒီလိုနဲ့ ကျွန်မ ညညမှာ တစ်ရေးမနိုးမှာ ကြောက်လို့ သတိထားအိပ်လာရတာ အိပ်ရေးတွေလဲ ပျက်လို့၊ သူက အိပ်ရာဘေးမှာ ရှိတတ်ပြန်ရော၊ ကျွန်မ ခဏခဏ ထစမ်းကြည့်လွန်းလို့ သူနိုးလာရင် ကျွန်မကို ငေါက်တတ်သေးတယ်၊ ကျွန်မရဲ့ သံသယတွေက သူ့ကို တစ်နေ့တစ်ခြား စော်ကားနေတာတဲ့၊ ကျွန်မတို့ ခဏခဏ ရန်ဖြစ်ရတယ်၊ အထူးသဖြင့် သူပျောက်ပျောက်သွားတတ်တဲ့ ညတွေမှာပေါ့၊ လေးငါးဆယ်ရက်လောက် မပျောက်ဘဲရှိချင် ရှိတတ်တယ်၊ ပျောက်တဲ့ညကျပြန်တော့ ပျောက်မှန်း ကျွန်မသိလို့ လိုက်ရှာဖို့ ဟန်ပြင်ခြံထဲဆင်း တော့မယ်ဆိုရင် သူပြန်ပြန်ရောက်လာတတ်တယ်၊ နောက်ပိုင်းတွေမှာတော့ သတိထားမိတာ တစ်ခုရှိတယ် ဒေါက်တာရဲ့၊ သူက လသာတဲ့ညတွေဆို ပျောက်ပျောက်သွားတတ်တာကိုး၊ သမန်းကျားတို့ ဘာတို့ ယုံတမ်းစကားတွေလိုမျိုး ဖြစ်နေမလားလို့ ကျွန်မပူပင်လွန်းလို့ အမေနဲ့ တိုင်ပင်ကြည့်တော့ အမေက အဲဒါမျိုး တကယ်မရှိပါဘူးတဲ့၊ မစိုးရိမ်ပါနဲ့တဲ့။

" ... ကျွန်မမှာ စက်ထဲက အလုပ်သမကလေးတွေကို အကဲခတ်ရပါများလို့ သူတို့ကရော၊ ကျွန်မယောကျ်ားကပါ မကြည်မလင်တွေဖြစ်လာတယ်၊ ဒါပေမယ့် ဘာပြဿနာမှ မပေါ်လာဘူး၊ ဥပမာ တစ်ယောက်ယောက် ထွက်သွားတာတို့၊ ကိုယ်ဝန်ပျက်ကျတာတို့၊ ကျွန်မကလဲ ဒီလောက်ပဲ အကဲခတ်တတ်တာကိုး၊ နောက်တော့ စက်ရုံက အလုပ်သမကလေးတွေကို လစာကြိုထုတ်ပေးပြီး အလုပ်ဖြုတ်ပစ်လိုက်တယ်၊ သူတို့နဲ့ ကျွန်မယောကျ်ား နီးစပ်နေမှာကို ကျွန်မကြောက်တယ်လေ၊ နောက်ပြီး ခြံဝင်းတံခါးသော့ကို အခန်းနံရံမှာ မချိတ်ထားတော့ဘဲ ကျွန်မ ညတိုင်းဝှက်ထားတော့တယ်၊ ဝှက်တဲ့နေရာကလည်း တစ်နေရာနဲ့တစ်နေရာ မတူအောင် ထားရတာပေါ့၊ အဲဒီလောက်တော့ ကျွန်မလည်း ညဏ်သွားပါသေးတယ်။"

"ဒီလိုနဲ့ နောက်တစ်နှစ်လောက် သံသယဖြစ်လိုက် မဖြစ်လိုက်နဲ့ အခြေအနေမပျက် အမူအရာမပျက် ရှိခဲ့ရာက ကျွန်မမှာ ကိုယ်ဝန်ရှိလာတယ်၊ ကျွန်မတို့နှစ်ယောက်စလုံး တော်တော်ကြည်နူးခဲ့ရတယ်၊ ကိုယ်ဝန်နဲ့ပက်သက်လို့ သူကျွန်မကို တော်တော်လေးဂရုစိုက်ခဲ့တာကို ကျွန်မဝန်ခံရမှာပဲ၊ ကျွန်မ မပင်ပန်းအောင် ကျွန်မအလုပ် တော်တော်များများကို သူကူပေးခဲ့တယ်၊ ဒါ့အပြင် ကျွန်မတို့နဲ့ ဆွေမျိုးနီးစပ် မကင်းတဲ့ တစ်ယောက်ယောက်ကို ကူဖော်လောင်ဘက်ခေါ်ဖို့ အကြံပေးတယ်၊ ကျွန်မတို့ အမျိုးတွေ အနီးအနားရွာမှာ ရှိတယ်လေ၊ ဒါနဲ့ ကျွန်မ ကလေးမလေးတစ်ယောက်ကို ခေါ်လိုက်တယ်၊ ရုပ်ကတော့ မလှဘူး၊ ကျွန်မက ရုပ်လှတဲ့ မိန်းကလေးငယ်ငယ်တစ်ယောက်ကို ကျွန်မတို့အိမ်မှာ မထားရဲဘူးလေ၊ ဒါပေမယ့် ဒီကိစ္စမျိုးက ရုပ်လှတာမလှတာ နဲ့ မဆိုင်ဘူးဆိုတာ နောက်မှသိရတယ်။"

"ကျွန်မမှာရှိသမျှ မျှော်လင့်ချက်တွေ ပျော်ရွှင်မှုတွေ အားလုံး ပျက်စီးကုန်တဲ့ ညကို ကျွန်မကောင်းကောင်းမှတ်မိနေပါတယ် ဒေါက်တာရယ်၊ အဲဒီရက်က ကျွန်မမီးမဖွားမီ ငါးရက်အလိုမှာပဲ၊ အဲဒီညက လပြည့်ည၊ ကျွန်မနိုးလာတဲ့အခါ ကျွန်မတို့ အခန်းထဲမှာ ကျွန်မယောကျ်ားမရှိဘူး၊ ကျွန်မရဲ့ ကိုယ်ဝန်ကို ဖိမိမှာစိုးလို့ဆိုပြီး သူခွဲအိပ်တာ ကြာပြီလေ၊ နိုးလာတော့ အခန်းထဲကို တစ်ပိုင်းတစ်စ ကျနေတဲ့ လရောင်ကို သတိထားမိတယ်၊ တော်တော်ကို တောက်ပတဲ့ လရောင်ပဲ၊ လရောင်ကို မြင်လိုက်ရတဲ့အခါ ကျွန်မဖြစ်ချိန် စိုးရိမ်သောကနဲ့ ပူပန်သွားတယ်၊ စိတ်ထဲမှာ ထင့်ခနဲလေးသွားတယ်၊ အဲဒီလို တစ်ခါမှ မခံစားရဖူးဘူး၊ တစ်ခုခုကို ကြိုသိနေတဲ့ ခံစားမှုမျိုးပါပဲ၊ ဘယ်လိုပြောရမှာလဲ ... အဖေ မမာနေတုန်းက အဖေသေခါနီး သုံးလေးရက်အလိုမှာ

ကြုံသိနေတဲ့ ကြေကွဲမှုမျိုးနဲ့တူတယ် ဒေါက်တာ၊ ကျွန်မတော်တော်ကို စိတ်တွေ ထိုင်းမှိုင်းသွားတာပါ၊ ဒါပေမယ့် ကျွန်မအခန်းတစ်ခုချင်း လိုက်ရှာမိတယ်၊ မတွေ့နိုင်ဘူးဆိုတာလဲ သိနေပါတယ်၊ တကယ်လဲ မတွေ့ပါဘူး၊ ကောင်မလေးအခန်းကြည့်တော့လဲ ကောင်မလေးကို မတွေ့ရဘူး၊ ဒါနဲ့ပဲ ကျွန်မခြံထဲကို ဆင်းလာခဲ့တော့တယ်၊

အမေနိုးသွားမှာ စိုးလို့တံခါးဖွင့်တာ ပိတ်တာ ခြေလှမ်းလှမ်းတာ အားလုံး သာသာလေးပဲ လုပ်ခဲ့တယ်၊ ထူးဆန်းတာ အဲဒီအချိန်မှာ ဒေါသမရှိဘူး၊ မမြင်အပ်တဲ့ အရာတစ်ခုကို မြင်ရမှာ စိုးရိမ်နေတဲ့ ခံစားမှုပဲရှိတယ်။

“ ... ဂျုံစက်ကို ကွေ့ပတ်ပြီး ခြံထောင့်ဘက်ကို လျှောက်သွားလိုက်တဲ့ အခါမှာတော့ ကာလတော်တော်ကြာအောင်ရှိခဲ့တဲ့ သံသယတစ်ခုဟာ တကယ်ဖြစ်နေတာ တွေ့လိုက်ရတော့တာပါပဲ၊ မြတ်လေးပန်းရုံမှာ ပန်းတွေမှ ဖွေးဖွေးလှုပ်နေတာပဲ၊ ပန်းရုံဘေးက ကုန်းမြင့်ကလေးမှာတော့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်၊ ဘယ်သူတွေလဲဆိုတာ ကျွန်မချက်ချင်းသိလိုက်တယ်၊ အရင်တစ်ခါတုန်းက သောင်စပ်မှာလို အကွာအဝေးမျိုးမှမဟုတ်ဘဲ ဒေါက်တာရဲ့၊ သိပ်ကိုနီးတဲ့ အကွာအဝေးလေးပဲ၊ သူတို့ ခန္ဓာကိုယ်ပေါ်မှာ ဖြာကျနေတဲ့ လရောင်ကြောင့် အားလုံးကို ထင်ထင်ရှားရှားကြီးမြင်ရပါတယ်၊ ထူးဆန်းလိုက်တာ ကျွန်မမှာ ဒေါသမရှိဘူး၊ သူတို့လှုပ်ရှားမှုတွေကို အနီးကပ် ရုပ်ရှင်ပြကွက်လိုပဲ ငေးမောကြည့်ပြီး ရပ်ကြည့်နေမိတယ်၊ ကျွန်မယောကျ်ားရဲ့ ကိုယ်ခန္ဓာကို အဲဒီတစ်ခါလောက် ဘယ်တုန်းကမှ ထင်ထင်ရှားရှား ကွဲကွဲပြားပြား မမြင်ဖူးပါဘူး၊ နောက်ပြီး သူ့မျက်နှာ၊ ကျွန်မ တစ်ခါမှ ဂရုစိုက်မကြည့်ဘူးတဲ့ အဲဒီမျက်နှာထားကို ကျွန်မရွံ့မုန်းလိုက်တာ၊ သူတို့ ကျွန်မကို မမြင်ဘူး၊ ကျွန်မကတော့ သူတို့ကိုသာမက သူတို့အနီးအနားမှာ မှောက်ကျနေတဲ့ ပန်းခူးတဲ့ ပလတ်စတစ်ဆန်ခါ အနီရောင်လေးကိုတောင် မြင်ရပါတယ်၊ ကောင်မလေးပုခုံးအောက်မှာ ပိပြားနေတဲ့ ပန်းပွင့်အစုကလေးကိုတောင် မြင်ရပါသေးတယ်၊ ကျွန်မရင်ထဲမှာ ရောဂါတစ်ခု ကင်းစင်သွားသလို ဟာခနဲ ပေါ့ပါးသွားတယ်၊ တစ်ချိန်တည်းမှာပဲ အလွန်ရွံရှာစရာကောင်းတဲ့ လောက်ကောင်တွေကို မြင်ရသလို၊ ခွေးအန်တာ ကြောင်အန်တာကို စောင့်ကြည့်နေရသလို သန်ကောင်တွေ ရှုစိရှုစိဖြစ်နေတာကို မြင်ရသလို အော်ဂလီဆန်လာတယ်၊ ဒါနဲ့ပဲ အိမ်ဘက်ကို ပြန်လှည့်ခဲ့မိတော့တယ်၊

“ ... အဲဒီညက စပြီး ကျွန်မယောကျ်ားကို ကျွန်မစကားမပြောတော့ဘူး၊ ဘယ်သူ့ကိုမှ စကားမပြောတော့ဘူး၊ ဒါပေမယ့် အခန်းပြတင်းပေါက်တွေကိုတော့ တူနဲ့ထုပြီး ရိုက်ခွဲပစ်လိုက်တယ်၊ မှန်တွေ အစိတ်စိတ် အမွှာမွှာ ကြေကွဲသွားသည်အထိ စိတ်ရှည်လက်ရှည် ခွဲလိုက်တယ်၊ ကျွန်မယောကျ်ားက အလွန်အပြစ်ကင်းတဲ့ မျက်နှာနဲ့ ကျွန်မကို ဆွဲဖက်ပြီး နှစ်သိမ့်တယ်၊ ဆရာဝန်ကို အိမ်ပင့်ပြီး ကျွန်မရုတ်တရက်စိတ်ဖောက်ပြန်သွားတဲ့ ပုံစံမျိုးနဲ့ ဆေးကုပေးတယ်၊ ကျွန်မကို အရူးတစ်ယောက်လို အနားမှာ အရိပ်တစ်ကြည့်ကြည့် စောင့်နေခဲ့တယ်လေ၊ ဘယ်လောက်များရယ်စရာကောင်းလိုက်သလဲနော် ဒေါက်တာ၊ ကျွန်မရူးသလား သူရူးသလား အသိသာကြီးပါ၊ ကျွန်မ စကားတစ်ခွန်းမှ မဟဘဲ ကိုယ်ဝန်ကြီးနဲ့ပဲ ပြတင်းပေါက်ကို သစ်သားချပ်တွေနဲ့ ကိုယ်တိုင်ပြန်ရိုက်ဖို့ ကြိုးစားတယ်၊ အမေက ကမန်းကတန်း ကျွန်မကို ချော့မော့ပြီး မေးတယ်၊

‘ဒီပျဉ်ချပ်တွေနဲ့ပြန်ကာစေချင်သလား သမီး’ တဲ့၊ ကျွန်မက သဘောတူတဲ့ အမူအရာတွေ့သွားတော့ အမေကိုယ်တိုင် လက်သမားဆရာခေါ် ချက်ချင်းပြင်တော့တာပဲ၊ ပြတင်းပေါက်မှာ ဘာလရောင် ဘာအလင်းရောင်မှ ဖြတ်သန်းလို့ မရအောင် ပိတ်ဆီးနေတာကို ကြည့်ပြီးမှ ကျွန်မစိတ်ချမ်းသာသွားတယ်၊ နောက်ညလဲ လသာချင် သာမှာပေါ့၊ ဒါပေမယ့် ကျွန်မမသိဘူး၊ လရောင်ကို ကျွန်မ မမြင်ရဘူးလေ၊ ဒီယောကျ်ားအကြောင်းအမေနဲ့ ရပ်ကွက်လူကြီးတွေကို သက်သေပြုပြီး ကျွန်မကွာရှင်းမယ်လို့ စိတ်ကူးပေမယ့် အကောင်အထည် မဖော်လိုက်ရဘူး၊ ကျွန်မမီးဖွားဖို့ ဝေဒနာကို စပြီး ခံစားလိုက်ရလို့ပေါ့၊ ကျွန်မအိမ်မှာပဲ မီးဖွားဖို့ကို နဂိုက စီစဉ်တယ်၊ ဒါပေမယ့် ကလေးက အပြင်ကို တော်တော်နဲ့ အပြင်ကို ရောက်မလာဘူး၊ ကျွန်မမှာ ရှိသမျှအင်အားတွေလဲ ကုန်ဆုံးခဲ့တာ ကြာပါပြီ၊ နောက်ဆုံးတော့ သတိလစ်လုနီးပါး အခြေအနေအထိ ရောက်သွားတယ်၊ ကျွန်မ ဆေးရုံကို ဘယ်လိုရောက်လာသလဲ မသိပါဘူး၊ ကျွန်မဘာဒုက္ခဝေဒနာ ကြုံခဲ့တယ်ဆိုတာလဲ ကျွန်မမသိတော့ပါဘူး၊

www.burmeseclassic.com

ကျွန်မအာရုံထဲမှာ ပေါ်နေတာ တစ်ခုတည်းပဲ ရှိတယ်၊ လရောင်အောက်က မြတ်လေးပန်းပွင့်တွေနဲ့ ကုန်းမြင့်ပေါ်က လူနှစ်ယောက်ပေါ့။

“ ... ကျွန်မသမီးလေးဟာ အသက်ပါမလာဘူး ဒေါက်တာ၊ သမီးမျက်နှာကို ဖြတ်ခနဲ ကျွန်မမြင်လိုက်ရပါတယ်၊ သိပ်ချစ်စရာကောင်းတဲ့ကလေးပဲ သမီးကို ကျွန်မကိုင်ကြည့်ပါရစေဆိုတာတောင် ဆရာမတွေက ခွင့်မပေးဘူး၊ ဒါပေမယ့် ကျွန်မသိပါတယ်၊ သမီးရဲ့ ပါးပြင်ကလေးတွေ ပြာနှမ်းနေပေမယ့် ပန်းပွင့်ချပ်ကလေးတွေလို နူးညံ့နေမယ်ဆိုတာ ကျွန်မသိပါတယ်။

“ .. သမီးကလေးဟာ ကျွန်မ ရင်ခွင်ထဲကို ရောက်ဖို့ကြိုးစားလျက်သားနဲ့ မရောက်လိုက်ရရှာဘူးလို့ ကျွန်မဝမ်းနည်းနေတယ်၊ ကျွန်မရဲ့ ကြေကွဲမှုတွေကြောင့် ကျွန်မဟာ ကိုယ်ကိုတိုင်ကိုတောင် မေ့လျော့နေခဲ့တယ်၊ ကျွန်မထမင်းစားပြီးပြီလား၊ အိပ်ပြီးပြီလားဆိုတာ ဘာမှမသိဘူး၊ အချိန် ဘယ်လောက်ကြာအောင် ကျွန်မကိုယ်ကျွန်မ မေ့နေမိတယ်ဆိုတာလဲ ကျွန်မမသိပါဘူး ဒေါက်တာရယ်၊ ပထမဆုံးအကြိမ် ကျွန်မရေချိုးခွင့်ရတဲ့နေ့ ခြံထဲဆင်းလမ်းလျှောက်ခွင့်ရတဲ့နေ့မှာပဲ သစ်ပင်က ပိုးတွေကို သတ်တဲ့ ပိုးသတ်ဆေးဘူး တစ်ဘူးတွေ့တာနဲ့ အကုန်သောက်ပစ်လိုက်မိတာပါဘဲ၊ ကျွန်မဘာဖြစ်လို့ သေချင်တာလဲလို့ ဒေါက်တာသိသွားပြီလား ဒေါက်တာ၊ သိရင် ကျွန်မကို ပြောပြပါဦး၊ ကျွန်မဘာဖြစ်လို့ သေချင်ခဲ့တာလဲ၊ သမီးကြောင့်လား၊ ကျွန်မယောကျ်ားကြောင့်လား”

အမျိုးသမီးသည် မနားမနေ တတွတ်တွတ် ပြောနေရာမှ ကျွန်မကို ဖျတ်ခနဲ မော့ကြည့်ကာ မေးခွန်းမေးလိုက်၏။ ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသောကြောင့် အနည်းငယ်ပြုံး၍ နှစ်သိမ့်လိုက်မိပါသည်။

“ သေတယ်ဆိုတာ ကျွန်မတို့ အလုပ်မဟုတ်ဘူး၊ သဘာဝရဲ့အလုပ်ပဲ၊ နောက်ပြီး သေသွားလို့ ဘယ်သူ့ကိုမှ အစ်မ မနိုင်နိုင်ဘူး၊ အစ်မအသက်ရှင်နေမှ နိုင်မှာ၊ နိုင်အောင်ကြိုးစားနိုင်မှာ”

ကျွန်မတတ်သလောက်မှတ်သလောက် အားပေးလိုက်တော့ အမျိုးသမီးက တောက်ပသော မျက်လုံးများဖြင့် ကျွန်မကို ကြည့်က ခေါင်းညိတ်လိုက်၏။ အမျိုးသမီး၏ မျက်လုံးများမှာ စိတ်ဖောက်ပြန်သူ၏ မျက်လုံးမဟုတ်တာ သေချာပါသည်။

“ကျွန်မ ဆေးရုံပေါ်မှာ သတိရရချင်း ကျွန်မကိုယ်ကျွန်မ ဘာဖြစ်သွားတယ်ဆိုတာ သိလိုက်ရင် သိလိုက်ချင်း ပထမဦးဆုံး ခံစားချက်ကတော့ အတိုင်းအဆမရှိ ဝမ်းသာသွားတဲ့ ခံစားချက်ပါပဲ၊ ကျွန်မ မသေဘူးလို့ သိလိုက်ရတဲ့အခါ ကျွန်မ ဆေးရုံကဆရာဝန်တွေအားလုံးကို ကျေးဇူးတင်သွားတယ်၊ နောက် ကျွန်မကို ဆေးရုံပို့ပေးတဲ့ အမေ့ကိုရောပေါ့၊ ကျွန်မသေလို့မှ မဖြစ်ဘဲ ဒေါက်တာရယ်၊ ကျွန်မယောကျ်ားနဲ့ ကျွန်မ မကွာရှင်းရသေးသမျှ ကျွန်မသေလို့ မဖြစ်သေးဘူး၊ ကျွန်မရဲ့ စည်းစိတ်ချမ်းသာပေါ်မှာ သူဆက်လက်ခံစားနေမှာကို ကျွန်မ မမြင်နိုင်ဘူး၊ ဒီအကြောင်းကို ဘာဖြစ်လို့ ကျွန်မ မတွေးမိခဲ့သလဲ ကျွန်မတော်တော်တုံးတဲ့ မိန်းမပဲ၊ ကျွန်မနားမှာ သမီးမရှိပေမယ့် အမေရှိတယ်လေ၊ တော်ပြီပေါ့ .. .ဘာများလိုဦးမှာလဲ။”

“ဒါပေမယ့် ကျွန်မအာရုံထဲမှာ အမြဲလွှမ်းမိုးနေတဲ့ မြင်ကွင်း တစ်ခုတော့ ရှိတယ် ဒေါက်တာ၊ အဲဒီမြင်ကွင်း ပျောက်သွားအောင် ကျွန်မကို ကုပေးပါ၊ လရောင်အောက်က ပြာလဲ့နေတဲ့ ကုန်းမြင့်လွင်ပြင်လေးပေါ်က ပူးကပ်နေတဲ့ ကိုယ်ခန္ဓာနှစ်ခုကို ကျွန်မ ဘယ်လိုမှ မဖျောက်နိုင်ဘူး ဖြစ်နေတယ်၊ အဲဒီလရောင်အောက်က ကျွန်မမြင်လိုက်ရတဲ့ ကျွန်မယောကျ်ားရဲ့ မျက်နှာဟန်ပန်ကို ကျွန်မ အမြဲသတိရနေတယ်၊ မသတီစရာ တစ်ခုခုကို အော်ဂလီဆန်ဆန် သတိရနေတဲ့ ခံစားချက်မျိုးပါ၊ တစ်ချိန်တည်းမှာပဲ အဲဒီ ကိုယ်ခန္ဓာနှစ်ခုတည်းက တစ်ခုဟာ ကျွန်မဖြစ်ဖြစ်သွားတယ်၊ အဲဒီအခါမှာ ကျွန်မသိပ်မုန်းတာပဲ ဒေါက်တာ၊ ကျွန်မ မှားခဲ့တယ်၊ သိပ်ကို မှားခဲ့ပါတယ်၊ အဲဒီညက မြတ်လေးပန်း သွားခူးခဲ့မိတာကိုက ကျွန်မ အမှားပါ၊ အဲဒီတုန်းကသာ ကျွန်မ ပန်းမခူးမိခဲ့ရင် ဒီလို အဖြစ်အပျက်တွေ ဆက်တိုက်ဖြစ်လာမှာ မဟုတ်ဘူး၊ နောက်ပြီး ကျွန်မ ပန်းခူးတဲ့ညမှာ လသာမနေခဲ့ရင်လဲ ဒီအဖြစ်အပျက်တွေဖြစ်လာမှာ မဟုတ်ဘူးလို့ ကျွန်မထင်တယ်။”

www.burmeseclassic.com

www.burmeseclassic.com


"အခုတော့ ကျွန်မ လရောင်ကိုလဲ မမြင်ချင်ပါဘူး၊ လရောင်ကို ကျွန်မ ကြာကြာမြင်ရရင် ရူးမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စမှာ လရောင်က တရားခံ ဖြစ်နေလို့ပဲ"

အမျိုးသမီး၏ မျက်နှာကို ကျွန်မငေးမောကြည့်မိသည်။ ကျွန်မခေါင်းယမ်းလိုက်ချင်သည်။ သို့သော် ကျွန်မငြိမ်သက်စွာ နေခဲ့ပါသည်။

လူတစ်ယောက်၏ ဖောက်ပြန်မှုသည် လရောင်နှင့် မည်သို့မျှ မသက်ဆိုင်ကြောင်း ကျွန်မသိလာလိမ့်မည်။ သို့သော် ထိုကဲ့သို့ သိခွင့်ရသွားမှာကိုလည်း ကျွန်မစိုးရိမ်မိပါသည်။

"တကယ်တမ်းကျတော့ ဒေါက်တာရေ၊ ဒေါက်တာတို့ ဆေးကုပေးရမှာက ကျွန်မ မဟုတ်ဘူး၊ လသာတဲ့ညတိုင်း ဖောက်ပြန်တတ်တဲ့ ကျွန်မယောကျ်ားကိုသာ ဆေးကုပေးရမှာပါ၊ ဒေါက်တာတို့ ကုပေးလို့ရမယ် မဟုတ်ဘူးလား"

သူမမျက်ဝန်းများ ငြိမ်သက်နေပါသည်။ ရူးသွပ်မှုမျိုး မတွေ့ရပါ။ သူမ တကယ်ပင် အကြံညဏ်တောင်းနေခြင်း ဖြစ်ပါသည်။ သူမ၏ယောကျ်ားကို သူမမုန်းတီးစက်ဆုတ်သည်ဆိုခြင်းမှာ တကယ်မှ ဟုတ်ရဲ့လားဟု ကျွန်မသံသယ ဖြစ်မိသည်။ သို့သော် ထိုသံသယ မှန်မမှန်ကိုတော့ ကျွန်မသိခွင့်မရလိုက်ပါ။ သူမကို ကျွန်မနောက် တစ်ကြိမ်ပြန်မတွေ့ရတော့သောကြောင့်ဖြစ်သည်။

ထိုနေ့ညက ဆေးရုံအထွက်တွင် သူမအားကြင်နာစွာဖေးမခေါ်ဆောင်သွားသော သူမ၏ခင်ပွန်းကို သူမကြည့်လိုက်သော မျက်လုံးများကိုတော့ ကျွန်မ မကြာခဏ သတိရနေမိသည်။ ထိုမျက်လုံးများသည် လှောင်အိမ်တစ်ခုကိုကြည့်သော သားကောင်၏ မျက်လုံးမျိုးဖြစ်သည်။

☽☽○☾☾

www.burmeseclassic.com

www.burmeseclassic.com

## ဆရာဝန်တစ်ယောက်

ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းသည့်ဒုက္ခနှင့် ရင်ဆိုင်နေရချိန်တို့တွင် ကျွန်မသည် ဒီဘဝသို့ရောက်အောင် ကျွန်မကို ဆွဲချပစ်လိုက်သူမှာ ကံကြမ္မာသာဖြစ်သည်ဟု ကံကြမ္မာကိုနာကြည်းစွာ ဒေါသထွက်ခဲ့ရသည်။ ကြည်နူးချမ်းမြေ့မှုများ ဂုဏ်ယူအားတက်မှုများနှင့် ရင်ဆိုင်နေရချိန်တို့တွင် ကျွန်မကို သည်ဘဝရောက်အောင် ဆွဲတင်ခဲ့သူမှာ မေမေပါလားဟု ပျော်ရွှင်စွာ ကျေးဇူးတင်ခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် ဆရာဝန်ဘဝသည် ကျွန်မကိုယ်တိုင် မမျှော်လင့်ခဲ့သော ဘဝသာဖြစ်သည်။ ထို့ကြောင့်လည်း ဆရာဝန်တစ်ယောက်ဟာ ဘယ်လိုစိတ်ဓာတ်မျိုး ထားရမှာလဲဟု ကျွန်မကြိုတင် မလေ့ကျင့်ခဲ့မိခြင်းဖြစ်ပါသည်။ ကျွန်မက စိတ်ကူးယဉ်တတ်သူဆိုတော့ သူရဲကောင်းဆရာဝန်ဘဝကို အားကျခဲ့ဖူးသည်။ ဒေါက်တာ ရှိုက်ဇာနှင့် ဒေါက်တာနော်မန်ဗက်သွန်းလိုဖြစ်ချင်သည်။ သို့သော် ကျွန်မ အဲသည်လောက် ဆင်းရဲဒုက္ခခံနိုင်မှာ မဟုတ်သည်ကိုတော့ ကျွန်မသိခဲ့၏။ အဲသည်လောက်လည်း ကျွန်မက မြင့်မြတ်သူ မဟုတ်ပေ။ 'ဒေါက်တာ ဘယ်သူ .. လူနာတွေ့ချိန် ၂၄နာရီ၊ အချိန်မရွေး အိမ်တိုင်ရာရောက် ကုသပေးသည်၊ မှတ်ချက် ... ခြေကြွခ လုံးဝမယူပါ' ဝတ္ထုတစ်ပုဒ်ထဲမှ ဆရာဝန်တစ်ယောက်ကိုလည်း အားကျခဲ့ဖူး၏။ ကျွန်မအဲသည်လောက်တော့ မြင့်မြတ်နိုင်ကောင်းပါရဲ့ဟု ကိုယ့်ကိုယ်ကို ထင်ခဲ့လေသည်။

ကျွန်မဆရာဝန်ဖြစ်လေသောအခါ ဝတ္ထုထဲက ဆရာဝန်လို ဆိုင်းဘုတ်မှာ တရားဝင် ကြေညာအသိပေးခြင်း မရှိပေမယ့် ခြေကြွခ မယူမိအောင် ကျွန်မကြိုးစားအောင်မြင်ခဲ့သည်။ ကျွန်မ၏ ဆေးခန်းသို့ လာရောက်ကုသလျှင်လည်း ဆေးဖိုးက သည်မျှ၊ လူနာအိမ်သို့ သွားရောက်ကုသလျှင်လည်း ဆေးဖိုးက သည်မျှ။

"ဆရာမလေးက သဘောသိပ်ကောင်းတာပဲ" ဟူသည့် မှတ်ချက်ကို ထပ်ကာထပ်ကာ ရခဲ့၏။ ကျွန်မပျော်ရွှင်ခဲ့ရပါသလား၊ သူတို့၏ ချမ်းသာသုခနှင့် ပီတိကို ကြည့်ပြီး ကျွန်မကြည်နူးခဲ့ဖူးပါသည်။ သို့သော် ထိုကြည်နူးမှုကို ကျော်လွန်သွားအောင် ကျွန်မကို ဖိစီးလာသည့် ဆင်းရဲပင်ပန်းခြင်းဒဏ်ကို ကျွန်မခံခဲ့ရသည်။ တချို့လူနာတွေက ကျွန်မထံသို့ မလာချင်တော့ပေ။ အိပ်ရာထဲမှာ သက်သက်သာသာနေရင်း ဆရာဝန်ကို စောင့်လိုသော လူနာ၏ဝေဒနာကို ကိုယ်ချင်းစာပါသည်။ ကျွန်မကိုယ်တိုင်လည်း ဝေဒနာနှင့် ကင်းခဲ့သူမှမဟုတ်ဘဲ။ သို့သော် ကျွန်မကို အိမ်တိုင်ရာရောက် ဆေးကုရန်လာခေါ်တွေက များများလာပြီး ဆေးခန်းသို့လာချင်သူက နည်းနည်းလာသည်။ ကလေးလူနာကလေးကအစ၊ သန်သန်မာမာ လူရွယ် လူလတ်တွေအလယ်၊ အဘိုးကြီးအဘွားကြီးတွေအဆုံး။ ကျွန်မဖြစ်စေချင်သည်က သူတို့သည့်ထက်ပို၍ ဆေးပညာဆိုင်ရာ ဗဟုသုတ ရှိစေလိုသည်။ ဆေးဝါး၏ အကျိုးနှင့်အတူ ဆေးဝါး၏ အပြစ်ကိုပါ သူတို့ သံသယရှိစေချင်သည်။ ဆရာဝန်ကို

အိမ်သို့ပင့် ဆေးကုသသည်ထက် ဆေးခန်းသို့သွားရောက်ကုသသည်က သူတို့အတွက် ပိုလုံခြုံစိတ်ချရကြောင်း သူတို့သိစေချင်သည်။

ဆရာဝန်တစ်ယောက် ဆေးသေတ္တာနှင့် တစ်နိုင်သယ်ဆောင်လာသော ဆေးဝါးများ ဘယ်လောက်အမျိုးစုံလင်ပြီး များပြားနိုင်မှာမို့လဲ။ အသက်ကယ်ဆေးဟု အများကခေါ်သော ဆိုလျူကောတက်ဖ် ဘယ်နှစ်ပုလင်း ပါနိုင်မှာမို့လဲ။ ဆလိုင်းဟု သိကြသော ဂလူးကို့စ် အချိုရည်ပုလင်းနှင့် အချို၊ အငန်ပုလင်း သို့မဟုတ် ဓာတ်ဆားသက်သက် ပါသော အားဖြည့်ဆေးရည် ပုလင်းဘယ်လောက်ပါနိုင်မှာမို့လဲ။ လူနာအိမ်မှာ ဆေးထိုးရင်း အဆင်မသင့်၍ တစ်စုံတစ်ခုဖြစ်ပွားခဲ့လျှင် ကျွန်မတို့ ဘယ်လောက်ဒုက္ခရောက်လိုက်မလဲ။ ပင်နယ်စလင်သာမက စထရက်ပ်မိုင်စင်၊ ဘားပလက်(က်စ်)၊ အနယ်လ်ဂျက်ဆင်၊ အင်ဖရွန် စသည့် ထိုးဆေးများသည်လည်း ရှော့ခ်ဖြစ်တတ်ကြောင်း၊ အသက်အန္တရာယ်ထိပါးနိုင်ကြောင်း၊ တစ်ခါတစ်ရံ အက်ဒရီနလင်၊ ဘာမီတွန်လောက်နှင့်မရဘဲ ချိုင်နန်၊ အငန်အားဖြည့်ဆေးရည်များ အမြန်သွင်းပေးမှ အသက်ကယ်နိုင်ကြောင်း သူတို့ဘာမှ မသိပေ။ မသိသောအခါ သူတို့ မကြောက်တတ်ပေ။

တစ်ခါတုန်းက ကျွန်မ အနယ်လ်ဂျက်ဆင် ထိုးပေးသော လူနာတစ်ယောက် ရှော့ခ်ရသွားခဲ့ဖူးပါသည်။ ကျွန်မ၏ သူငယ်ချင်းတစ်ယောက် အနယ်လ်ဂျက်ဆင်ရှော့ခ်ကြုံဖူးကြောင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သိနေကတည်းက ကျွန်မသည် အနယ်လ်ဂျက်ဆင်နှင့် ပက်သက်လျှင် အလွန်သတိထားခဲ့သည်။ အရင်တုန်းက အနယ်လ်ဂျက်ဆင် ထိုးပေးသည့်အခါ လူနာ နာကျင်မှုမရှိအောင်ဟူသည့် စေတနာက လွန်ကဲနေသဖြင့် (အနယ်လ်ဂျက်ဆင်ကို တင်ပါးမှ အသားဆေးအဖြစ် ထိုးပေးလျှင် အလွန်နာသောကြောင့်) မိုးရေနှင့် ဆတူရောစပ်ကာ သွေးပြန်ကြောထဲသို့ အလွန်နှေးကွေးချိန်ဆစွာ ကျွန်မထိုးပေးခဲ့လေ့ရှိပါသည်။ မိုးရေကို ရောရခြင်းမှာ ဆေး၏ စေးပစ်မှု ကျဲစေရန်၊ ပြင်းအားကို နည်းသွားစေရန် ရည်ရွယ်ချက်ဖြစ်သည်။ နောက်ပိုင်း အနယ်လ်ဂျက်ဆင်၏ အန္တရာယ်ကို သိလာပြီး သည့်နောက်တွင် ထိုးနေကျ လူနာမဟုတ်ဘဲ တစ်ခါတစ်ရံမှ ထိုဆေးကို သုံးရသည့် လူနာများအား အကြောဆေးထိုးဖို့ အလွန်လက်တွန့်ပါသည်။ ထို့ကြောင့် နာကျင်မှုကြောင့် သွေးဆုတ်မည့် အန္တရာယ်ကိုသာ ရွေးချယ်ယူလျက် အကြောထဲသို့ သွင်းရင်းရလာမည့် အလွန်ဖြစ်နိုင်ခြေနည်းပါးသော အသက်ဆုံးပါးမှုကို ဘေးဖယ်ရှောင်ကြဉ် ခဲ့ပါသည်။

ထိုနေ့ကလည်း လူနာသည် အနယ်လ်ဂျက်ဆင် မကြာခဏ ထိုးနေကျ လူနာမဟုတ်။ တစ်ခါတော့ ထိုးပေးဖူးသည်ဟု ကျွန်မထင်နေသည်။ လူတစ်ယောက်ကို ပင်နယ်စလင် ထိုးဆေး တည့်သလားဟု မေးလျှင် တည့်မတည့်ဖြေနိုင်ပြီး မေးခွန်းသည်လည်း အဓိပ္ပါယ်ရှိသော မေးခွန်းဖြစ်သည်။ သို့သော် အနယ်လ်ဂျက်ဆင် တည့်သလားဟု မေးလျှင် မေးခွန်းကို လူနာကလည်း ဖြေတတ်မည် မဟုတ်၊ မေးသည့် ဆရာဝန်ကလည်း ကြောင်တောင်တောင် (ထို့ပြင် ခပ်ချာချာ) ဆရာဝန်အဖြစ် အဓိပ္ပါယ်သက်ရောက်သွားနိုင်လေသည်။ လူနာသည် အဖျားဒီဂရီ တစ်ရာ့လေး ဖြစ်နေသည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ (ထမင်းမစားတာ နှစ်ရက်ရှိပြီ ဟူသော အချက်ကိုတော့ ခပ်ပေါ့ပေါ့ တွေးလိုက်၏။) သွေးဖိအား တိုင်းကြည့်တော့ နှလုံး ညှစ်စဉ် သွေးဖိအား ၁၀၀၊ နှလုံးပြန်လျော့စဉ် သွေးဖိအား ၇၀၊ အိုကေ .... ကျွန်မသည် အနယ်လ်ဂျက်ဆင် ထိုးဆေး ထိုးရန် ရွေးချယ်လိုက်၏။ သို့သော လူနာအမျိုးသမီးက နည်းနည်းပိန်သည်။ ကိုယ်အလေးချိန် ပေါင်ကိုးဆယ်လောက်ပဲ ရှိမည်။ ကော်ဖီနှင့် ဆန်ပြုတ်ကလွဲပြီး အစာမစားတာ နှစ်ရက်ရှိပြီ။ သည်တော့ ဘီပီအိုင် အနယ်လ်ဂျက်ဆင်ကို စွန့်ပယ်ပြီး တရုတ်ပြည်ဖြစ် အနယ်လ်ဂျက်ဆင်ကိုသာ သင့်တော်သည်ဟု ရွေးလိုက်ပြန်၏။ ထို့ပြင် နှစ်ကုဗစင်တီမီတာ ဆိုလျှင် သိပ်များလွန်းမည်။ တစ်ကုဗစင်တီမီတာကို ပဲ ထိုးပေးပြီး ကိုယ်ပူကျ စားဆေးတစ်ခုခု ထပ်ထည့်ပေးမည်။ လူနာကို ရေအေးသို့မဟုတ်ရေနွေးဆွတ် အဝတ်ခပ်ထိုင်းထိုင်းဖြင့် ပွတ်တိုက်ပေးမည်။

ကျွန်မသည် လူနာ၏ တင်ပါးထဲသို့ အနယ်လ်ဂျက်ဆင် တစ်ကုဗစင်တီမီတာ ထိုးသွင်းပေးလိုက်၏။ အပ်ပြန်နုတ်ပြီးသည်ဘက်လှည့် ပြွန်နှင့်အပ်ကို ရေနွေးခွက်ထဲမှာ စိမ်ဆေးနေစဉ် လူနာထံမှ အသံပေါ်သံ့သံ့ ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာမ ... ကျွန်မမျက်လုံးတွေ ပြာလာပြီ"

မြတ်စွာဘုရား ... ၊ ကျွန်မ ရင်ထဲမှာ ဒိန်းခနဲ တုန်လှုပ်သွားကာ တစ်ကိုယ်လုံး ပူထူသွား၏။ သို့သော် ဟန်ဆောင်ထားသည့် အပြုံးဖြင့် လူနာကို လှည့်ကြည့်လိုက်ပါသည်။ လက်ကောက်ဝတ် သွေးတိုးနှုန်းစမ်းကြည့်တော့ ခပ်ပျော့ပျော့ကလေး။

"ဟောတော့ ... ဒီလောက်ကလေး ထိုးရုံနဲ့ မျက်စိပြာရတယ်လို့၊ ရှင်တော်တော် ပျော့တာပါလား၊ မထနဲ့ ခဏလေး လှဲနေဦး၊ ဒါဆေးမတည့်တာ မဟုတ်ဘူး၊ နာလို့ဖြစ်တာ"

သို့သော် ကျွန်မသည် သူ့နဖူးမှ ချွေးများကို တစ်ချက်ကြည့်ရင်း သွေးဖိအားတိုင်း ကိရိယာဖြင့် ခပ်သွက်သွက် တိုင်းကြည့်သည်။ သွေးဖိအားတိုင်းပင်မရပါ။ သုညသို့ရောက်နေပြီ။

"ဆရာမ ... ကျွန်မဘာမှ မမြင်ရတော့ဘူး"

"ဘာမှ မမြင်ရတော့ ဘာမှ မကြည့်နဲ့ပေါ့ ဒေါ်ခင်ဝင်းရဲ့ ၊ မျက်စိပိတ်ထား၊ ကျွန်မလုပ်ပေးမှာပါ"

ကျွန်မ ခပ်ဟဟ ရယ်၍ သူ့အတွက် လိုအပ်သည့် ဆေးများ ခပ်သွက်သွက် သို့သော် ပျာယီးပျာယာ မဖြစ်စေဘဲ တစ်မျိုးပြီးတစ်မျိုး သွင်းပေးရလေသည်။ ဟိုက်ဒရိုကော်တီဇုန်းနှင့် နှစ်ဆယ့်ငါးရာခိုင်နှုန်း ဂလူးကို့စ်ကို သွေးကြောထဲ သွင်းပေးပြီးသောအခါမှာတော့ သွေးဖိအား လေးဆယ်နှင့် နှစ်ဆယ်သို့ရောက်သွားပြီ။ သို့သော် အားရကျေနပ်ဖွယ်မဟုတ်။ ချိုင်နိအားဖြည့်ဆေးရည်ပုလင်းကြီးကိုဖောက် အကြောထဲသို့ ခပ်မြန်မြန်သွင်းပေးလိုက်ရသည်။ တဖြည်းဖြည်း ပြုံးလာသော လူနာကို စိတ်ပေါ့ပါးစွာ ပြုံးရယ် စကားပြောလိုက်ရပါသည်။

"မှတ်ထား ဒေါ်ခင်ဝင်းရေ၊ နောက်တစ်ခါ နေမကောင်းရင် အစားမအစားဘဲ မနေနဲ့၊ ဆေးဒဏ်ခံနိုင်အောင် များများသာ စား .... ကြားလား "

သို့သော် ထိုအဖြစ်သည် အားနည်းသော လူမမာက အနယ်လ်ဂျက်ဆင်ထိုးဆေး၏ နာကျင်မှုကို မခံနိုင်တာလား၊ သို့မဟုတ် တကယ်ကို ထိုလူနာသည် အနယ်လ်ဂျက်ဆင် ထိုးဆေး မတည့်တာလား ကျွန်မမသိခဲ့ပါ။ ထိုနှစ်ခုကို ခွဲခြားသိရန် လူနာအားနောက်တစ်ကြိမ် စမ်းသပ်ကြည့်ဖို့လည်း ကျွန်မသတ္တိမရှိခဲ့ပါ။ တစ်စုံတစ်ခုဖြစ်သွားလျှင် ဆုံးရှုံးရမှာက ငွေကြေးမဟုတ်၊ လူတစ်ယောက်၏ အသက်ဖြစ်သည် မဟုတ်လား။

"ဒေါ်ခင်ဝင်းရေ ... ကျွန်မ မဟုတ်တဲ့ တခြားဆရာဝန် တစ်ယောက်ယောက်ဆီမှာ ဆေးထိုးရတော့မယ်ဆိုရင် ဒီအကြောင်းကလေးကို မမေ့နဲ့နော်၊ ဒေါ်ခင်ဝင်း ဒီဆေးရဲ့ဒဏ်ကို မခံနိုင်ဘူးဆိုတာ ကြိုတင်ပြောထား၊ သိလား၊ သူချင့်ချိန်နိုင်အောင်လို့ "

လူနာအိမ်မှာ ချိုင်နိပုလင်းကြီး တစ်ပုလင်းထက်မက လိုအပ်သောအဖြစ်များ ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း၊ ဦးခေါင်းပိုင်းနိမ့် ခြေရင်းပိုင်း မြှင့်ထားရမည့် အဖြစ်မျိုးတွင် ခုတင်မရှိခဲ့လျှင်သော်လည်းကောင်း ကျွန်မတို့ တော်တော်ဦးနှောက်ခြောက်ရလိမ့်မည်။ ဤအဖြစ်များသည် လူနာအိမ်သို့ လာရောက်ကုသရသည့် အတွက် လူနာများမှာ တိုက်ရိုက်ကြုံတွေ့ရသည့် ဒုက္ခနှင့် အန္တရာယ် ဖြစ်သည်။

ထို့ပြင် ဆရာဝန်မှာ ကြုံတွေ့ရသည့် ဒုက္ခရှိသေး၏။ ကိုယ်ခန္ဓာပင်ပန်းဆင်းရဲခြင်း၊ စိတ်ပူပန်စရာများအဖြစ် ကြုံရလျှင် မိမိဆေးခန်းမှာထက်ပို စိတ်သောက ဖြစ်ရခြင်း၊ စိတ်မလုံခြုံခြင်း၊ ကုသရန် ခက်ခဲခြင်း။ ထို့ပြင် အချိန်ကုန်ခြင်းလည်း ထိရောက်သော ဒုက္ခတစ်မျိုးဖြစ်သည်။ လူနာအိမ်သို့တစ်ခါသွားလျှင် အဝေးအနီးကိုလိုက် မိနစ် ၄၀ မှ တစ်နာရီခွဲလောက်အထိ ကြာတတ်သည်။ ထိုအချိန်သည် လူနာ ၅ ယောက်မှ ၁၀

www.burmeseclassic.com

www.burmeseclassic.com

ယောက်အထိ ကုသပြီးစီးရန် လုံလောက်၏။ တကယ်တော့ ဆရာဝန်၏ အချိန်ဆိုသည်မှာလည်း ဆေးခန်းချိန်တော့ လူနာ၏ အချိန်ပင် ဖြစ်လေသည်။ လူနာတိုင်းသည် မိမိဝေဒနာကမှ ပိုဆိုးဝါးသည်ဟု ထင်ကြမြဲဖြစ်၏။ မိမိတို့ တန်းစီထိုင်စောင့်နေချိန်မှာ ဆရာဝန်က ဆေးအိတ်ကလေးကိုင် ထွက်သွားမည်ဆိုလျှင် သူတို့မကျေနပ်ကြပေ။ မပြောသာ အောင့်အည်းမျိုသိပ်နေခဲ့ကြသူများ လည်းရှိသည်။

"ဆရာမနော် ... ကျွန်မတို့ စောင့်နေရတာ ကြာလှပြီ၊ ဖျားလွန်းလို့ သေတော့မယ်၊ ကျွန်မတို့ကို အရင်လုပ်ပေးခဲ့ဦး "ဟု ဖွင့်ပြောသူက ပြောသည်။

အရေးတကြီးလူနာဆိုလျှင် ဆေးခန်းက လူနာများ၏ စိတ်တိုမှုငြူစူမှုနှင့် သူတို့ ခံစားရသော ဝေဒနာများကို ပစ်ပယ်ထားခဲ့ရတာအတွက် လိပ်ပြာသန့်နိုင်သေး၏။ ဘာမှပြင်းထန်သော ဝေဒနာမဟုတ်ပါဘဲ ဆရာဝန်ကို အိမ်ခေါ်ပြီး ဆေးထိုးစေသောအဖြစ်များ ဆိုလျှင်တော့ ကျွန်မပစ်ပယ်ထားခဲ့ရသော လူနာများ၏ခံစားမှုနှင့်လဲရန် မထိုက်တန်ဘူးဟုထင်ပါသည်။ ထိုအခါမျိုးတွင် ကျွန်မသည် လူနာရှင်ကို မငြူစူအောင် တော်တော်ထိန်းချုပ်ရ၏။

အိမ်ပင့်ပြီး ဆေးကုသမှု ခံယူလိုသည့် လူနာများ များပြားနေခြင်းမှာ ဘာကြောင့်လဲ။ ကျွန်မ၏ စေတနာကို မှားယွင်းစွာ ကောက်ချက်ချ ခံလိုက်ရပြီလား။ ဆရာဝန်တစ်ယောက် ခြေကြွခယူခြင်းသည် ဖြစ်သင့်ဖြစ်ထိုက်သော ထုံးစံဖြစ်သလား။ မေးခွန်းများနှင့် ချာချာလည်နေသော ကျွန်မသည် တစ်ရက်မှာတော့ ကျွန်မ၏ အတန်းဖော် သူငယ်ချင်းရှိရာ တောမြို့ကလေးသို့ ခဏရောက်သွားပါသည်။

ကံကြမ္မာက ပစ်ချ၍ မှားယွင်းစွာ ဆရာဝန်ဘဝကို ရောက်လာသူတွေ ဘယ်လောက်များသလဲ ကျွန်မမသိပါ။ သို့သော် ကျွန်မ သူငယ်ချင်းသည်လည်း ကျွန်မလိုပင် မရည်ရွယ်ဘဲ ဘဝတစ်ဆစ်ချိုးအဖြစ် ဆရာဝန်ဖြစ်ခဲ့ရသူဟု ကျွန်မသိသည်။ သူလည်း ကျွန်မ ဘဝလိုပင် ချာလည်ချာလည် မျောပါလျက်ရှိမည်ဟု ကျွန်မထင်ခဲ့ပါသည်။ သို့သော် ကျွန်မလုံးဝမသိလိုက်သည်မှာ သူသည် ပစ်ချခံရသော ဘဝကို ကျေနပ်မြတ်နိုးတတ်အောင် ဘဝနှင့် လိုက်လျောညီထွေဖြစ်မည့် ဝတ်ရုံတစ်ခုခြုံလိုက်ပြီဟူသည့် အချက်ဖြစ်၏။ သူခြုံလိုက်သော ဝတ်ရုံမှာ ရိုးစင်းစွာပင် ဆရာဝန်စိတ်ဓာတ်နှင့် ဆရာဝန်အကျင့်ဟူသော ဝတ်ရုံပင်ဖြစ်ပါသည်။ ကျွန်မ သူ့ဆီရောက်သွားသော ကာလသည် ဒီဇင်ဘာလဖြစ်၍ လူနာနည်းသော ကာလဟု ကျွန်မတို့ဘဝပေး အသိဖြင့် သိထားသောကာလဖြစ်သည်။ သို့သော် သူ့ဆေးခန်းမှာ လူနာတွေပုံနေလေသည်။ ခြေကြွခနှင့် ပက်သက်၍ ကျွန်မ သူ့အား ရင်ဖွင့်ဆွေးနွေးတော့ သူရယ်မောပါသည်။

"တင်တင်ဝင်းရဲ့၊ နင်တို့ ငါတို့က ဘဝမှာ အနုပညာကိုပဲ တွယ်တာတယ် ဘာညာနဲ့ ကြွေးကြော်ခဲ့ပြီး အနုပညာသည်စိတ်ဓာတ်နဲ့ ဆရာဝန်ဖြစ်လာတဲ့ကောင်တွေမဟုတ်လား။ ဘာကိုကြည့်ကြည့် ရင်နဲ့ကြည့်တဲ့ အကျင့်ကစွဲနေပြီ၊ ဦးနှောက်နဲ့ကြည့်ဖို့ ဆင်ခြင်ဉာဏ်နဲ့ကြည့်ဖို့ အကျင့်မရခဲ့ဘူးပေါ့။ ဒါပေမယ့် နင်နဲ့စာရင်တော့ ငါက ဦးနှောက်နဲ့ ဆင်ခြင်ဉာဏ်နဲ့ ကြည့်တတ်စပြုနေပြီလို့ ပြောရမယ် "

သူဖော့၍ ပြောနေခြင်းသာ ဖြစ်နေသည်။ တကယ်တော့ သူသည် ကျွန်မလို ယောင်တောင်တောင် မဟုတ်၊ စိတ်နှလုံး နူးညံ့သလိုလို၊ ကိုယ်ချင်းစာစိတ်ဖြင့် တွန့်ဆုတ်တတ်သလိုလို၊ ပြည်သူလူထုနှင့် ကိုယ့်ကိုယ်ကို တစ်တန်းတစ်စားတည်း ညှိယူ၍ပဲ ရတော့သလိုလို ဘာလိုလို အတွေးများဖြင့် ဆရာဝန်မပီသသူမျိုး မဟုတ်ပေ။

"လူနာတွေကို ရင်နဲ့ မကြည့်ဘဲ ဆင်ခြင်တိုင်းထွာမှုနဲ့ ကြည့်တတ်အောင် နင့်ကို ငါသင်ပေးမယ်"

သူလူနာရှင်းချိန်တွင် ကျွန်မဆက်လက်ရပ်တည်ရမည့် ဘဝအတွက် အပြတ် လက်ချာပေးတော့မည်ဟု မျှော်လင့်ခဲ့သော်လည်း ဤသို့မဟုတ်။ ထိုစဉ်က သူ့ဇနီး (ကျွန်မသူငယ်ချင်း ဆရာဝန်မကလေးက သူ့ထံ လိုက်မလာနိုင်သေးသော အချိန်ကာလဖြစ်၍ သူ့အိမ်မှာ ကျွန်မတည်းခိုရန် မသင့်တော်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ဆုံးဖြတ်လိုက်ကြပြီး သူ့မြို့ကလေးမှာ ကျောင်းဆရာမအဖြစ် လာရောက်နေထိုင်သော ရေနံချောင်းမှ ကျွန်မ၏ မိတ်ဆွေမကလေး၏ အိမ်မှာ တည်းခိုရပါသည်။ ညဆယ်နာရီကျမှ သူ့လူနာတွေရှင်းသွား၏။ လက်ဖက်ရည်ဆိုင်မှာ ခဏထိုင်စကားပြောသည့် အကြောင်းအရာထဲမှာ ဘာလက်ချာမှမပါ။

"ငါအခု ကဗျာတစ်ပုဒ်မှကို မရေးတော့ဘူး၊ နင်ယုံလား "ဟု သူမေးတော့ ကျွန်မခေါင်းညိတ်ပြလိုက်၏။ သူ့မှာ ရင်ဖြင့်ခံစားချိန်ဘယ်မှာ ရှိနိုင်ပါ့မလဲလေ။

"အဲဒီအတွက် နင်ဝမ်းမနည်းဘူး မဟုတ်လား" ကျွန်မ မေးတော့ သူရယ်သည်။

"နင် ငါ့အပေါ် နားလည်မယ်လို့ ထင်ခဲ့တာ အခုမှ သွက်သွက်ခါအောင် မှားမှန်းသိတော့တယ်"

သို့သော် သူဘယ်မျှ စိတ်မကောင်းကြောင်း၊ ဝမ်းမနည်းကြောင်း သူမပြောခဲ့ပါ။ နောက်တစ်နေ့ နံနက်အစောကြီး ကျွန်မတို့ အိမ်ရှေ့တံခါးကို တဒုန်းဒုန်းထု၍ သူလာနှိုးပါသည်။

" တင်တင်ဝင်း ... ဟေ့ တင်တင်ဝင်း ... ဖိမ်ယူလှချည်လားဟ၊ ရိုးတဲ့မှပဲ ငါ့ကိုလဲ လာကူစမ်းပါဦးဟာ၊ နင်တို့က နေပဲ နေနိုင်လွန်းတယ်"

ကျွန်မအိပ်ချင်မူးတူးဖြင့် သူ့ကို အော်ဟစ်မိသည်။

"ခဏနေဦးဟေ့ ငါအိပ်လိုက်ဦးမယ်၊ နင့်လူနာတွေ နင့်ဟာနင် ရှင်းပါလား "

သို့သော် မရပါ။ ကျွန်မ အိပ်ရာမှ ထကာ မျက်နှာ ကပျာကယာသစ်ပြီး သူ့နောက်လိုက်သွားရပါသည်။

"ငါမရှိတုန်းက နင့်ကို ဘယ်သူကူလို့တုံး" ဟု ကျွန်မစိတ်တိုတိုနှင့်မေးတော့ သူက ခပ်စူစူမျက်နှာပုပ်ဖြင့် "ဘယ်သူမှ မကူဘူးပေါ့" တဲ့။

"အေးလေ၊ ဒါဖြင့် ငါမရှိသလိုပဲ သဘောထားလိုက်ပေါ့ဟာ၊ နင်က မနာလိုဖြစ်နေတာ၊ ငါသိတယ်၊ စိတ်ပုပ်စိတ်ယုတ်နဲ့ လာနှိုးတာ ... ငါသိတယ်"

သို့သော် သူ့အိမ်ရှေ့ရောက်တော့ ကျွန်မ ရုတ်တရက် မောပန်းက ရင်စို့သွား၏။ အိမ်ရှေ့မှာ ချွတ်ထားသော လှည်းတွေ မနည်းလှပါလား။ သူ့ဆေးခန်းဘေးက ဧည့်ခန်းမှာ မဆံ့၍ လူနာများသည် အိမ်ရှေ့က မန်ကျည်းပင်အောက်မှာ ရပ်သူရပ် ထိုင်သူထိုင် စုပြုံနေကြပြီဖြစ်သည်။ ထိခိုက်ဒဏ်ရာရသူများ၊ အရိုးကျိုးသူများလည်း ပါဝင်လေသည်။ မြွေကိုက်ခံရသည့် လူနာကိုလည်း သူကပဲ တာဝန်ယူကုသပေးရသည်။ မြို့မှာလို ဆေးရုံနီးသည်မှ မဟုတ်ဘဲ။ သူနှင့်ကျွန်မ တစ်လှည့်စီ မီးဖိုထဲဝင်၍ ကော်ဖီနှင့် နံနက်စာစားပြီး လူနာတွေ ကုသလိုက်သည်မှာ နေ့ခင်း၁နာရီကျမှ နည်းနည်းရှင်းသွား၏။ ထိုအချိန်များအတွင်း သူ့ကို လူနာရှင်တစ်ယောက်က အိမ်လိုက်၍ ကုသရန် လာပင့်လေသည်။

"ဒီမှာ လူနာတွေ မကုန်သေးတာ ခင်ဗျားတို့လည်း အမြင်ပဲဗျာ၊ လူနာကုန်မှ ကျုပ်တို့ ထမင်းစားရမှာ၊ ထမင်းစားပြီးရင် အရေးတကြီးလူနာ ရောက်မလာရင် ကျုပ်လိုက်ခဲ့မယ်၊ ဟုတ်ပလား"

"ဆရာရယ် ... လူနာက ဗိုက်မတရားနာပြီး အန်နေလို့ပါ၊ သူ လမ်းမလျှောက်နိုင်ဘူး"

"ဘယ်အရွယ်လဲ"

သူက ဆေးထိုးပိုက်ထဲသို့ ဆေးစုပ်ယူရင်းမေးသည်။

"ဆယ့်ငါးနှစ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

" ပွေ့ခေါ်ခဲ့၊ ဟောဟိုမှာ မြင်လား၊ မနေ့ညကတည်းက ကွဲပြဲထားတဲ့ ဒဏ်ရာကြီး၊ အဲဒီလူနာကို ကျုပ် အမြန်ဆုံး ချုပ်ပေးရဦးမယ်၊ အဲဒါက ဒီအထဲမှာအရေးကြီးဆုံး လူနာကို ပြောတာနော်၊ ဗိုက်နာပြီးအန်နေတဲ့လူနာတစ်ယောက် ဟောဟိုခုတင်ပေါ်မှာ မိုန်းနေတယ်၊ ကျုပ်ခဏ စမ်းကြည့်ပြီးပြီ၊ အစာအိမ်ပေါက်တာ မဟုတ်ဘူး၊ အူအတက်ရောင်တာ မဟုတ်ဘူး၊ အစာအိမ်ရောင်တာ၊ အေးအေးဆေးဆေး ထားလို့ရတယ်ဆိုပြီး ခဏစောင့်ခိုင်းထားရတယ်၊ ခင်ဗျားကလေးကို ဒီမြန်မြန်ခေါ်ခဲ့၊ စိုးရိမ်ရရင် မြန်မြန်ကုသပေးလို့ရတယ်၊ မစိုးရိမ်ရရင် သူသက်သာအောင် ဆေးထိုးပေးပြီး ခဏ စောင့်ခိုင်းလို့ ရတယ်"

ထို့နောက် သူက ကျွန်မလက်ထဲသို့ ဆေးထိုးပြွန်ကို ထည့်ပေးလိုက်ပြီး ဆေးထိုးခိုင်းပါသည်။ ကဲ .. ကဲ အရက်ဖန်ခွက်ပေါ် မှောက်လျက်လဲတဲ့ လူနာ ... လာဗျို့၊ ခင်ဗျားဒဏ်ရာ ဆေးမယ်၊ ကဲ ဒီတော့ ခေါ်ခဲ့မယ် မဟုတ်လား၊ ကျုပ်ပြောနေတာ ကျုပ်ရဲ့ အချိန်အတွက် ပြောနေတာ မဟုတ်ဘူးနော်၊ ဟောဒီက လူနာတွေအတွက်၊ ကိုင်း ... ပြောစမ်းပါဦး၊ ကိုယ့်ဆရာ အရက်ခွက်ပေါ် မျက်နှာ မှောက်လဲရအောင် ဘယ်နှစ်ခွက် သောက်ခဲ့တာလဲဗျ "

နေ့လယ် နှစ်နာရီလောက်ကျတော့ ကျွန်မအား လူနာအိမ်နှစ်အိမ်သို့ သွားကြည့်ရမည်ဟု ခေါ်ပါသည်။ ကျွန်မစိတ်ပါဝင်စားစွာ လိုက်သွားမိသည်။

သူမြို့ကလေးသည် ကျဉ်းမြောင်းသော်လည်း ကျွန်မတို့မြို့၏ ရပ်ကွက်တစ်ခုစာမက ရှိသည်ဟု ဆိုနိုင်ပါသည်။ သူထီးမဆောင်းပါ။

ပထမလူနာမှာပေါင်ကျိုးနေသောကာလ တော်တော်ကြာပြီဖြစ်သော အဘိုးကြီးတစ်ယောက်ဖြစ်သည်။ ဝမ်းလျှော၊ပြီး ဖျားနေသည်။ သူက သာမိုမီတာကလေးကို လူနာလျှာအောက်တွင် ထားရင်း သာမိုမီတာနှင့် ပက်သက်သည့် သူ၏ ရယ်စရာအဖြစ်တစ်ခုကို ပြောပြနေသည်။

"အဲဒီမနက်က ငါတအားအိပ်ချင်တာဟ၊ လူနာတွေ ခဏခဏ လာနှိုးလို့ တစ်ညလုံး အိပ်ရေးပျက်ထားတဲ့ မနက်ပေါ့၊ အဲဒါ ငါအခု လိုပဲ သာမိုမီတာလေး လူနာပါးစပ်ထဲ ထည့်ခဲ့ပြီး အိမ်သာသွားတက်ရင်း အိမ်သာထဲမှာ အိပ်ငိုက်နေခဲ့တာ"

ကျွန်မ နှာခေါင်းရှုံ့ပြီး မျက်စောင်းထိုးတော့ သူရယ်၏။

"တော်တော်ကြီးကြာမှ ငါထွက်လာတော့ လူနာရှင်က ငါ့ကို လာစောင့်လို့၊ ဆရာတဲ့ လူနာပါးစပ်ထဲက အချောင်းကလေး ထုတ်ရမှာလားတဲ့၊ ဒါနဲ့ ငါအူကြောင်ကြောင်ဖြစ်သွားတာပေါ့ဟာ၊ ဘယ်အချောင်းတုံးလို့ မေးတော့ ဆရာတပ်ပေးခဲ့တာလေးလေတဲ့၊ ငါ ကမန်းကတန်း သွားကြည့်တော့ လူနာပါးစပ်မှာ သာမိုမီတာလေး တပ်လျက်ဗျာ၊ ပါးစပ်ကလည်း လှုပ်စိလှုပ်စိနဲ့ သွားရည်တွေတောင် ကျချင်နေပြီ"

သူ တဟားဟားရယ်တော့ ကျွန်မပါ ရောပြီးရယ်မိသည်။

"ငါတို့ဆီက လူနာတွေက ဘယ်လောက်ရိုးပြီး ဘယ်လောက် ချစ်စရာကောင်းတုံးနော်၊ သာမိုမီတာကို ဘာမှန်းမသိကြဘူးဟ"

ကျွန်မကို ပြောရင်း လူနာအဘိုးကြီးဘက် လှည့်ကြည့်သည်။

"အဘကတော့ ဒါကို သာမိုမီတာမှန်း သိပါတယ်နော်၊ ခေတ်မီတယ် မဟုတ်လား၊ ကိုက်လဲမပစ်ဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးက သူ့ကို ချစ်ခင်စွာ ကြည့်၍ ရယ်နေ၏။ အဘိုးကြီးကို သူက ကော့တေးလ်အကြောဆေးအစုံ ထိုးသွင်းပေး၏။ ဂျင်တာမိုင်စင်ကို တင်ပါးမှာ ထိုးပေး၏။ တက်ထရာဆိုက်ကလင်းနှင့် ဖြူရာဇိုလာဒုန်း စားဆေးများပေး၏။ ဆေးဖိုး ဘယ်လောက်ကျပါသလဲဆရာဟု မေးတော့ သူက မပေးပါနဲ့ဗျာ ဟုငြင်းလေသည်။

သူဘာကြောင့် ပိုက်ဆံမယူသည်ကို ကျွန်မရိပ်မိပါသည်။ အဘိုးကြီးသည် ပေါင်ရိုးကျိုးသည့် ဒဏ်ရာဖြင့် အိပ်ရာထဲမှာ တစ်သက်လုံး နေထိုင်ရတော့မည့် လူနာဖြစ်သည်။ ငွေသို့မဟုတ် ဆင်စွယ်တစ်ခုခုဖြင့် ပေါင်ရိုးထဲသို့ ထိုးသွင်းကာ ခွဲစိတ်ကုသမှု ခံနိုင်ရန် လုံလောက်သော ပိုက်ဆံမရှိ။ နွမ်းပါးလှသော တဲသာသာ အိမ်ကလေး၏ အဆင်အပြင်နှင့် အဘိုးကြီးအိပ်နေသော (နွမ်းဖတ်နေသည့်) အိပ်ရာခင်း၊ စောင်တို့ကိုလည်းကောင်း၊ စားပွဲဝိုင်းပုလေးပေါ်က ထမင်းဟင်းပန်းကန်များကိုသော်လည်းကောင်း၊ အကဲခတ်ရလျှင် နေ့စဉ်ထမင်း စားနေရသည်မှာပင် သူတို့အတွက် ကံကြီးပေလို့ဟု ယူဆရတော့မည်ဖြစ်သည်။

နောက်လူနာတစ်ယောက်မှာ နှစ်လမ်းကျော် အိမ်ကြီးတစ်အိမ်မှ ခပ်ဝဝအမျိုးသမီးကြီးတစ်ယောက်ဖြစ်၏။ ဖြစ်သောရောဂါမှာ အဘိုးကြီးနှင့် အတူတူပဲဖြစ်သည်။

"အမယ်လေးဒေါ်ဘုတ်ဆုံရေ ... ဗိမ်ကျလှချည်လားဗျ၊ အဖျားကလေး တစ်ရာလောက်နဲ့ ကျုပ်ကို ခေါ်ရသလား၊ ကျုပ်လူနာဘယ်နှစ်ယောက် ပစ်ထားခဲ့ရတယ်ထင်လဲ"

သူက သာမိုမီတာကို မြှောက်ကြည့်ပြီး ခါပစ်ရင်း ရယ်မော၍ အပြစ်ဆိုသည်။

"ဆရာရယ် ကျေးဇူးကြီးလှပါတယ်၊ ကျွန်မမူးလွန်းလို့ပါဆရာ၊ ဟိုဘက်သည်ဘက်ကို မစောင်းနိုင်ဘူး ဆရာရဲ့"

သူက သွေးဖိအားတိုင်းရင်းက ပြုံးနေသည်။

"အေးပေါ့ဗျာ၊ ဝက်ဖြစ်မှတော့ ဘာကိုမှ မကြောက်သင့်ဘူးဆိုလား စကားပုံရှိတယ် မဟုတ်လားဗျ၊ ကျုပ်လဲ ဆရာဝန်ဖြစ်မှတော့ ဘယ်ငြင်းရက်ပါမလဲဗျာ နော်၊ အင်း .... ဒါတွေနဲ့ပဲ ခံနေရတဲ့ဘဝပဲဗျို့"

"မမေက တအားပျော့တာပဲ ဆရာရဲ့၊ ခြေကြွခ များများယူပစ်လိုက်"

လူပျိုပေါက်အရွယ် သားက သူ့ကို ဝင်ပြောတော့ အမျိုးသမီးကြီးက မျက်နှာရှုံ့မဲ့၍ ရယ်နေလေသည်။

"အမယ်လေး ... ကျေးဇူးရှင် ... တယ်တော်ပါလား၊ မအေ့ဘက်က လိုက်ပြောဖော်တော့ မရဘူးတော် "

"အင်း ... မင်းအမေချမ်းသာလို့သာ ငါခြေကြွခ ယူလိုက်မယ်ဆိုရင် မင်းအမေ နောက်ထပ်ငါ့ကို ခေါ်မှာတောင် မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား အန်တီဘုတ်၊ မလုပ်ပါနဲ့ ဖော်ဖော်ရာ၊ ဒီလိုလာရတာက ငါ့အတွက် အညောင်းအညာလဲပြေတယ်ကွ၊ ဆေးခန်းမှာ တနေကုန် တမတ်တတ်တတ်နဲ့၊ လူနာတွေ ဝိုင်းခံနေရတဲ့ဘဝ၊ အခုလို လူနာအိမ် လိုက်ရတော့ အပြောင်းအလဲဖြစ်တာပေါ့"

သူက လူနာကို နှစ်သိမ့်စကားများပြောပြီး ရယ်မောရင်း ဆေးကုလေသည်။ ကော့တေးလ် အကြောဆေးမျိုးစုံနှင့် ဂျင်တာမိုင်စင်ကိုပဲ သူထိုးပေးသည်။ ကျသင့်သည့် ဆေးဖိုးကိုတော့ တိကျပြတ်သားစွာ ယူခဲ့လေသည်။ လူနာကလည်း သူ့ကို ကျေးဇူးတင်၍ မဆုံးတော့ပေ။

အပြန်လမ်းမှာ ကျွန်မသူ့ကို မေးမိ၏။

www.burmeseclassic.com

www.burmeseclassic.com

"တရားသူကြီးတွေရဲ့ ကိုယ်ကျင့်တရားနဲ့ ပက်သက်လို့ ကျောသားရင်သားဆိုတဲ့ စကားလုံးတွေ တီထွင်ထားတယ်နော်၊ တို့ဆရာဝန်တွေရဲ့ ကရုဏာနဲ့ ပက်သက်လို့ရော အဲဒီကျောသားရင်သားဆိုတာ ရှိသလား မသိဘူး"

သူက ပြတ်သားစွာ ဖြေ၏။

"မရှိဘူး၊ တို့ဆရာဝန်တွေရဲ့ အလုပ်က လူနာကို သက်သာအောင်ကုသပေးတဲ့ အမျိုးအစားတစ်ခုတည်း ရှိတာကိုး၊ ထောင်ချတာတို့ လွှတ်တာတို့ဆိုတဲ့ ကွဲပြားခြားနားချက်မှ မရှိတာ"

အိမ်ပြန်ရောက်ခါနီးတော့မှ သူ စကားထပ်ဆက်ပါသည်။

"ငါ သဘောပေါက်သလောက် ပြောရရင်တော့ တရားသူကြီးတစ်ယောက်မှာ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ ဆရာဝန်တစ်ယောက်မှာ လိုတဲ့ အရည်အချင်းကတော့ အတူတူပဲဟ၊ သူတို့ကိုင်တွယ်ရတဲ့ လူတွေရဲ့ အနေအထားကသာ ကွာသွားတာ၊ အဲဒီအနေအထားအရ တို့ရဲ့ ဦးစားပေးတွေမှာသာ ကွာသွားတာဖြစ်ရမယ်၊ တရားသူကြီးအလုပ်မှာက သာတူညီမျှဆိုတဲ့ တန်းညှိမှုက ပထမဆုံးလိုအပ်ချက်၊ ကရုဏာက ဒုတိယလိုအပ်ချက် ဖြစ်လိမ့်မယ်၊ တို့အလုပ်က ကရုဏာက ပထမလိုအပ်ချက်ဖြစ်မယ်၊ သာတူညီမျှတန်းညှိမှုကတော့ ဒုတိယဖြစ်လိမ့်မယ်"

သူသည် ကျွန်မနားလည်အောင် ရှင်းပြဖို့ အကြာကြီး ကြိုးစားနေပြီးနောက် ရယ်စရာပြောကာ လက်လျှော့လိုက်၏။

"သွားပြီ၊ ငါဘယ်လိုရှင်းပြရမလဲ မသိတော့ဘူး၊ တရားသူကြီးမျက်စိနဲ့ ဆရာဝန်မျက်စိနဲ့တော့ တူဖို့ မလိုဘူးထင်တယ်ဟ"

ထို့နောက် သူခေါင်းတစ်ချက် ကုတ်လိုက်သည်။

"ဒါနဲ့ နင့်ဆေးခန်းကို ဘုန်းကြီးတွေ ဆေးလာကုတဲ့အခါ နင်ဘယ်လိုလုပ်လဲ" သူကမေး၏။

"ငါ ဘုန်းကြီးတွေနဲ့ သီလရှင်တွေကို ဆေးဖိုးမယူပဲ လှူတယ်လေ၊ အခွင့်သာ်လဲ ပြုထားတယ်"
"အေး ... ဟုတ်ပြီ၊ ဒါဖြင့် အဲဒါ ဘာပြုလို့လဲ၊ ကုသိုလ်ရအောင်လို့ လို့မဖြေနဲ့နော်၊ တင်တင်ဝင်း ... ကုသိုလ်ဆိုတဲ့ စကားရဲ့ အတိမ်အနက်ကို နင်က ငါ့ထက်ပိုသိပါတယ်"

သူက ကျွန်မကို မယုံသင်္ကာဖြင့် စောင့်ကြည့်ရင်း မေးတော့ ကျွန်မရယ်မောရင်း အမှန်အတိုင်း ဖြေရန် ဆုံးဖြတ်လိုက်သည်။

"အေးပါဟာ .. ကုသိုလ်တို့ ကြည်ညိုမှုတို့ ဆိုတဲ့ စကားတွေက ပြောရတာ လွယ်သလောက် လိုက်လိုက်လှဲလှဲ ခံစားဖို့ တော်တော်မဖြစ်နိုင်တာဟ၊ ဒီလိုထင်တယ် ... ဘုန်းကြီးတွေ မယ်သီလရှင်တွေက စီးပွားရှာတဲ့ လူသားတွေ မဟုတ်ဘူး၊ လာလှူသမျှကိုပဲ ရောင့်ရဲဖို့ ကြိုးစားနေတဲ့ လူအမျိုးအစားလေ၊ နောက်ပြီး ဘုန်းကြီးဝိနည်းတွေထဲမှာ ငွေကိုင်တာဟာ အပြစ်တစ်ခုပဲဆိုတာလဲ ငါသိထားတယ်၊ ဒီတော့ အဲ ... ဒါတွေကြောင့်ပေါ့ဟာ၊ ရောင့်ရဲဖို့ကြိုးစားနေတဲ့ လူအမျိုးအစားကို ဒါထက်ပိုပြီးရောင့်ရဲစိတ်ရှိစေချင်လို့၊ ဘာအတွက်မှ သောကတွေ လောဘတွေ မတွယ်ငြိစေချင်လို့ .. အဲဒါကြောင့်ပဲပေါ့၊ သူတို့ဆီက ငွေကို မယူသင့်ဘူးလို့ ငါထင်တယ်လေ"

www.burmeseclassic.com

သူ ရယ်မောမည်ဟုထင်သော်လည်း မရယ်ပါ။ သူ့အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ထဲမှာ နောက်ထပ်လူနာနှစ်ယောက် စောင့်နေသည်ကို မြင်ရ၏။ သူက ကျွန်မကို ကြည့်ရာမှ မျက်နှာလွှဲ၍ ခပ်တိုးတိုးမေးသည်။

“အဲဒီဆုံးဖြတ်ချက်ကို နင့်ရင်နဲ့ ဆုံးဖြတ်တာလား၊ ဦးနှောက်ဉာဏ်နဲ့ ဆုံးဖြတ်တာလား”

မထင်မှတ်သော မေးခွန်းကြောင့် ကျွန်မ ဇဝေဇဝါဖြစ်သွား၏။

“မသိဘူး၊ အဲ … ဦးနှောက် ဆင်ခြင်ဉာဏ်နဲ့ပေါ့ဟဲ့”

သူက လေတစ်ချက်ချွန်ပြီး ခေါင်းဆတ်သည်။

“အေး … အဲဒါ လိုရင်းပဲ၊ နင်မနေ့က မေးတဲ့ ခြေကြွခ ဆိုတာကို အဲဒီ ဆင်ခြင်ဉာဏ်နဲ့ပဲ ဖြေရှင်းလိုက်ပေါ့ကွာ”

သူက အိမ်ထဲ မဝင်မီ စကားတစ်ခွန်းပြောသေး၏။

“တန်ဖိုးဆိုတာလဲ အမျိုးမျိုးဟ၊ အချိန်ရဲ့တန်ဖိုး၊ လူရဲ့တန်ဖိုး၊ ဆေးဝါးရဲ့တန်ဖိုး၊ ပညာရဲ့တန်ဖိုး၊ အဲဒါတွေပေါ့၊ တချို့အရာတွေကျတော့ တန်ဖိုးသတ်မှတ်လို့ ခက်တယ်ကွ၊ ဦးနှောက်နဲ့ ဆင်ခြင်ဉာဏ်လိုတယ်၊ အဲဒီလိုပဲ တန်ဖိုးရှိပြီး အဲဒီတန်ဖိုးကို မသိနားမလည်တဲ့လူတွေကိုလဲ ဆင်ခြင်ဉာဏ်နဲ့ ခွဲခြားသိတတ်လာအောင် လိမ်လိမ်မာမာလေး သင်ပေးဖို့လိုတယ်၊ ငါစကားပြော တော်တော်ညံ့တယ်နော်၊ ငါဆိုလိုချင်တာကို နင်သဘောမပေါက်ဘူး မဟုတ်လား”

ကျွန်မ စိတ်လက်ပေါ့ပါးစွာ ရယ်မောရင်း ခေါင်းခါယမ်းလိုက်ပါသည်။ ကျွန်မ ဖြေရှင်းရန် ခက်ခဲနေသော ပြဿနာတစ်ရပ်ကို အလွယ်တကူ သူဖြေရှင်းပြခဲ့ပြီးပြီဟု သူကိုယ်တိုင်လည်း ရိပ်မိပါလိမ့်မည်။

နှင်းဆီ မဂ္ဂဇင်း
အတွဲ၂၊ အမှတ်၄၊ ၁၉၉၆ ဇန်နဝါရီ၊

www.burmeseclassic.com